ငါးနှစ်မြှည့် အမှတ်တရ

အပ္ပဟာ

ဘုရားရှင်သည် မိခင်ကိုပင် သတ်ရန်ကြံသူ အင်္ဂုလိမာလ တောတွင်းလူဆိုးကို
တန်ခိုးတော်ဖြင့် တရားပြ၍ ခေါ်ချွတ်အောင်မြင်တော်မူပုံ



အပ္ပမာဒေမဂ္ဂဝတ္ထုတင်း၏ ပေါ်ပါန်
ပန်းချီကို ဇေယျာသိုက်၏ အသွေးသက်ရောင်



ကိုးကွယ်အားထားရာအမှန် ပါဠိတော်မြန်မာပြန်

သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသူဖြစ်ရာ၏

အခါတစ်ပါးဌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းဌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၍ ဤတရားဒေသနာကို မိန့်တော်မူ၏။

ရဟန်းတို့၊ သီလနှင့်ပြည့်စုံသည်ဖြစ်၍ နေကြကုန်လော့။ ပါတိမောက္ခသံဝရသီလကို စောင့်စည်းကြသော အကျင့် 'အာစာရ'၊ ကျက်စားရာ'ဂေါစရ' တို့နှင့် ပြည့်စုံကုန်လျက် နေကြကုန်လော့။ အနည်းငယ်မျှသော အပြစ်တို့ဌ သော်လည်း ကြောက်မက်ဖွယ်ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့ဌ ကောင်းစွာဆောက်တည်လျက် ကျင့်ကြကုန်လော့။

ရဟန်းတို့၊ ရဟန်းသည် "သီတင်းသုံးဖော်တို့ ချစ်ခင်အပ်သူ၊ နှလုံးကို ပွားစေတတ်သူ၊ လေးစားအပ်သူ၊ ချီးမွမ်းအပ်သူ ဖြစ်လို၏"ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ဌ ဖြည့်ကျင့်သူ၊ မိမိ၏သန္တာန်ဌ စိတ်ငြိမ်သက်အောင် ကြိုးစားသူ၊ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ၊ ဝိပဿနာနှင့် ပြည့်စုံသူ၊ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွားစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့၊ ရဟန်းသည် "သက်နှံ၊ ဆွမ်း၊ ကျောင်း အိပ်ရာနေရာ၊ သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရသူဖြစ်လို၏"ဟု အကယ်၍ တောင့်တခဲ့ပါမူ-

ရဟန်းသည် "အကြင်ပုဂ္ဂိုလ်တို့၏ သက်နှံ၊ ဆွမ်း၊ ကျောင်းအိပ်ရာ နေရာ၊ သူနာ၏ အထောက်အပံ့ဆေး၊ အသုံးအဆောင်ကို ငါသုံးဆောင်၏။ ထိုပုဂ္ဂိုလ်တို့၏ ထိုဒါနပြုခြင်းတို့သည် ကြီးမြတ်သော အကျိုးအာနိသင်ရှိကြပါစေ"ဟု အကယ်၍ တောင့်တခဲ့ပါမူ-

ရဟန်းသည် "သေ၍ ပြိတ္တာဖြစ်နေကြသော ငါ၏ အကြင်ဆွေမျိုးသားချင်းတို့သည် ငါ့ကို ကြည်ညိုစိတ်ဖြင့် အောက်မေ့မိကြကုန်၏။ ထိုဆွေမျိုးသားချင်းတို့၏ ထိုကြည်ညိုစိတ်ဖြင့် အောက်မေ့မှုသည် ကြီးမြတ်သောအကျိုးအာနိသင်ရှိပါစေ"ဟု အကယ်၍ တောင့်တခဲ့ပါမူ-

ရဟန်းသည် "ရတတ်သမျှသော သက်နှံ၊ ဆွမ်း၊ ကျောင်းအိပ်ရာ နေရာ၊ သူနာ၏အထောက်အပံ့ဆေး၊ အသုံးအဆောင်ဖြင့် ရောင့်ရဲလွယ်သူ ဖြစ်ရလို၏"ဟု အကယ်၍ တောင့်တခဲ့ပါမူ-



ရဟန်းသည် "အချမ်းအပူ၊ ဆာလောင်မွတ်သိပ်မှု၊ မှက်၊ ခြင်၊လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့တို့ကိုလည်းကောင်း၊ မကောင်းသဖြင့် ဆိုအပ်သော၊ မကောင်းသဖြင့် ရောက်လာအပ်သော စကားတို့ကိုလည်းကောင်း၊ ကိုယ်၌ဖြစ်ဆဲဖြစ်သော ပြင်းထန်၊ ကြမ်းကြုတ်၊ ခါးစပ်၊ နာကျင်၊ မသာယာ ဖွယ်၊ မနှစ်သက်ဖွယ်ဖြစ်သော၊ သေလောက်သောဆင်းရဲဝေဒနာတို့ကိုလည်း ကောင်း သည်းခံနိုင်သော သဘောရှိသူဖြစ်လို၏"ဟု အကယ်၍တောင့်တ ခဲ့ပါမူ-

ရဟန်းသည် "မမ္မေ့လျော်မှု၊ မ္မေ့လျော်မှုတို့ကို နှိမ်နင်းသူဖြစ်ရလို၏။ ငါ့ကို မမ္မေ့လျော်မှု၊ မ္မေ့လျော်မှုသည် မနှိမ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် မမ္မေ့လျော်မှု၊ မ္မေ့လျော်မှုကို ဖိနှိပ်၍ ဖိနှိပ်၍နေလို၏"ဟု အကယ်၍ တောင့်တ ခဲ့ပါမူ-

ရဟန်းသည် "ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံကို နှိမ်နင်းသူ ဖြစ်ရလို၏။ ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံသည် ငါ့ကိုမနှိမ်နင်း စေရာ၊ ဖြစ်ပေါ်လာသည့် ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံကို ဖိနှိပ်၍ ဖိနှိပ်၍ နေလိုပါ၏"ဟု အကယ်၍တောင့်တခဲ့ပါမူ-

ရဟန်းသည် "အထူးစင်ကြယ်သောစိတ်ကြောင့် ဖြစ်ကုန်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရကြောင်း ဖြစ်ကုန်သော ရူပါဝစရစျာန် လေးပါးတို့ကို အလိုရှိတိုင်းရသူ၊ မငြိုမငြင်ရသူ၊ မပင်မပန်းရသူ ဖြစ်ရလို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ-

ရဟန်းသည် "အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော၊ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေလို၏"ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလ တို့၌ ဖြည့်ကျင့်သူ၊ မိမိသန္တာန်၌ စိတ်ငြိမ်သက်အောင် ကြိုးစားသူ၊ ကမ္မဋ္ဌာန်း ရှုမှုကို ပစ်ပယ်မထားသူ၊ ဝိပဿနာနှင့်ပြည့်စုံသူ၊ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွားစေသူသာလျှင် ဖြစ်ရာ၏"ဟု မိန့်တော်မူ၏။

(အင်္ဂုတ္တိရ်ပါဠိတော်မြန်မာပြန်၊ အာဂမ်ဝဂ်၊ အာဂမ်သုတ်မှ ကောက်နုတ်ရေးသားပါသည်)

အယ်ဒီတာတစ်ဦး

ပန်းချီကိုကျော်သိုက်

အပွမ်းသာ

ဓမ္မရသမဂ္ဂဇင်း

အပွမ်းသာ ဒေါ် အမတ် ပဒံ
ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

အတွဲ (၅)၊ အမှတ် (၁၂)၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ လ

ကိုးကွယ်အားထားရာအမှန်
ပါဠိတော်မြန်မာပြန်
အင်္ဂုတ္တိုရ်ပါဠိတော်၊ အာကာသ၀ဂ်၊
အာကာသုတ် ၂

ပြန်လည်ပူဇော်ခြင်း
မဟာစည်သာရာတော်
ဒေါက်တာ၀ါသတရားတော် ၈

ဟောစဉ်တရားတော်
မဟာဟေမိပြိုင်သာရာတော်
မြတ်ရတနာသုံးစုံ သရဏဏဝုံ ၁၄
တိပိဋကဝရ(ယော)သာရာတော်
ပညာသုံးဆင့် ဂုဏ်ရည်မြင့် ၂၅
ချမ်းမြေ့သာရာတော်
နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏
ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ ၃၀

ဓမ္မဆိုင်ရာအမေးအဖြေ
အဂ္ဂမဟာပဏ္ဍိတသာရာတော်
ဘဒ္ဒန္တသြဘာသာဘိ၀ံသ ၄၄

ဓမ္မရသအပ်ုပ်
ပင်းနန် (ဟော်ကျွန်း)
သြ၀ါဒအလင်းမှင့် (၁၀) ၂၇
အရှင်ပါရမီ
သက်သတ်လွတ် စားချင်မှစား ၃၃
ဒေါ်ရေထရီ B.A(Eco),B.A(B.Dh)
အုံ့ဖွယ်သာသနာ့အိယကာကြီးနှင့်
စိတ်ဝင်စားဖွယ်ကောင်းသော ကျွန်းကုန်ရိပ်သာကြီး ၃၆
ဝန်ဝါသီ-အရှင်ဝါသေဋ္ဌာဘိ၀ံသ
စိတ်ကောင်း စာတတ် ပုဂ္ဂိုလ်မြတ် ၄၇
မြင့်လွင် (ဟသ်ာတ)
ဗုဒ္ဓရုပ်ပွားတော်ပုထိုးများ ကြွေလာတော်မူခြင်း ၅၀
ဝင်ရီ (ပေါင်)
တက္ကသိုလ လူရည်မွန်ရွေးပွဲ ၅၂
တင်အောင်သွင်
သီတာ၀ကြေယ်တစ်ပွင့် ထည့်ဝင်ခဲ့ပြီ ၅၉

အရှင်ပဏ္ဍိတ (ဝေဒါရိုဂူတောရ)
ဝဲလုင်ပြည်စံ သရဏဆုံ ၆၃

ဝမ္မယောဂီ (ဟင်းပနား)
ရေတံခွန်တောင်ခြေ ဆင်ဖမ်းခြင်း(သို့မဟုတ်)
ဝမ္မဟဘာလမှာ ဆယ်ရက်ကြာ ၆၆

ပိုးနှာ (ခန္ဓီးမြေ)
ဝမ္မနယ်ပယ်မှ မြစ်ရေပ်ဆန်ကြယ် အံ့သြဖွယ်များ ၆၈

မြင်း (ဒဿန)
မေတ္တာခံယူခြင်းနှင့် စင်လျှင်း၍ ၇၆

ဟောင်သန္ဓာ
ရှင်မြမာလာ (၂) ၇၈

ဝမ္ဘာစရိယ ဦးဌေးလှိုင်
ရွှန်းလွန်းဆရာတော် ဦးကဝိ (၁၂၃၉-၁၃၁၄) ၈၁

မြသန်းစံ
အချစ်ပိုခြင်း အမြစ်ဆိုခြင်း အလျှင်းကင်းရပါလိုမည် ၈၆

ကိုရင်တန်
ဂုရကြီး ဦးဂိုအင်ကာ၏ မေတ္တာတာဝနာ ၉၂

အရှင်သီလာနန္ဒ
လူမြင်မရှုံးစေဖို့ သစ်တုံးကို
ပမာမြရောဂလေသလား ၉၆

အရှင်ဥာဏောဘာသ (အေးစေတီမင်းဘွား)
ဝနဝါသီတောရပ်ဝိသော် (အာရည်ကာဂုတင်) ၁၀၁

ရွှေလယင်း
နေ့စဉ်မှန်ကြည်ပြီး အလုပ်ပါ ၁၀၆

ဒဿိန်
အခြောင့်ကာ အနေမြင့်စေဖို့ ၁၀၉

ဦးတင်ဦး (မြောင်)
ဥာဏ်မှန်နယ်ပယ် မြောင်းကြတယ် ၁၁၃

အောင်နိုင်ဟောင် (မုံရွာ)
သိလာဂုဟာယ လယ်တီလိုဏ်ဂူမြတ်နှင့်
နိုင်ငံခြားသား ရဟန်းတော် ၁၁၆

ကျော်နန္ဒအောင်
စက်မဝန်တော် အစုံကို ဦးခိုက်၍ ၁၂၀

အပွဟာဒဝမ္ဘပုံပြင်

တော်ဝင်နွယ်
သူဌေးကြီးနဲ့ သားသုံးယောက် ၂၀

ထွက်ခဲ့သမျှ စာစမ္ဘ

သန်းထိုက်သူ ၁၂၄

APAMADA
E-mail:mts@mptmail.net.mm
အပ္ပမာဒ

အယ်ဒီတာချုပ်
မြသန်းစံ
တာဝန်ခံအယ်ဒီတာ
လွင်ငြိမ်း၊သန်းထိုက်သူ
အဖွဲ့ဝင်အယ်ဒီတာ
ဦးအောင်သန်း
ဒီဇိုင်းဖွဲ့စည်းမှု
ပန်းစာန်
အုပ်ချုပ်ရေးမှူး
ဒေါ်သိဂ်ီမိုး
မျက်နှာဖုံးပန်းချီ
ကိုကျော်မင်းမောင်
အတွင်းပန်းချီ
ကိုမောင်မောင်သိုက်၊ ဆရာကျော်၊ဇော်မင်း၊
ကိုကျော်သိုက်၊ ပန်းစာန်၊ ပန်းချီရွှေစိုးဟန်
ပြင်ပဆက်သွယ်ရေး
မျိုးဇော်အောင်၊ဇော်မင်း
ကွန်ပျူတာစာစီ
နန်းစန်းမာချိုကခိုင်မင်းမင်းထွန်း
စီစဉ်ထုတ်လုပ်နှင့် ဖြန့်ချိရေး(ပင်ရင်း)
အပ္ပမာဒစာစဉ်
(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
တစ်ပြည်လုံးဖြန့်ချိရေး
ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ) ၄၁၊
၂၉လမ်း(အောက်)၊ရန်ကုန်မြို့။ဖုန်း-၃စ၁စ၃၃
ထုတ်ဝေသူ
ဦးမြသန်းစံ (မြ-၀၃၈၈၁)
(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
ပုံနှိပ်သူ
ဦးမောင်မောင်လှ (၀၅၇၄၅) ရွှေနိုင်ငံပုံနှိပ်တိုက်၊
အမှတ်-၉၀(စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။
ဖလင်
Best Color ဇေမ္ဘူတလူ၊Stars
အုပ်ရေ-၁၀၀၀၊ တန်ဖိုး-(၄၅၀)ကျပ်

စာမူခွင့်ပြုချက် - ၇၀၈/၂၀၀၄ (၁၀)
မျက်နှာဖုံးခွင့်ပြုချက် - ၆၅၆/၂၀၀၄ (၁၀)

အပ္ပမာဒဓမ္မရသမဂ္ဂဇင်း (၅)နှစ်ပြည့် အယ်ဒီတာချုပ် စကားဦး

အပ္ပမာဒဓမ္မရသမဂ္ဂဇင်း (၅)နှစ်ပြည့်ခဲ့ပြန်ပါပြီ။

တစ်နှစ်လျှင် (၁၂)အုပ်ကျနှင့် (၅)နှစ်အတွက် စာအုပ်ပေါင်း (၆၀) ထုတ်ဝေ ဖြစ်ခဲ့ပြီဟု ဆိုနိုင်ပါသည်။

(၅)နှစ်တာ ခရီးအတွက် ကျေးဇူးတင်ထိုက်သူများကို မမေ့မလျော့ စတမ်း ကျေးဇူးစကားဆိုရပါလျှင် ဤမဂ္ဂဇင်းကိုမှ လစဉ်မပျက်မကွက် စောင့်ဖတ်နေသူ"ဓမ္မရသစာချစ်သူ"များကို ဦးစွာ ကျေးဇူးစကားဆိုပါရစေ။

စာဖတ်သူတို့ မရှိဘဲနှင့်၊ စာဖတ်သူတို့ လက်ခံအားမပေးပါဘဲနှင့် မဂ္ဂဇင်းစာစောင်တစ်ခုသည် ကျယ်ပြန့်လှသော စာပေသမုဒ္ဒရာ ပင်လယ်ကြီးထဲတွင် အရှည်ရပ်တည်နိုင်လိမ့်မည် မဟုတ်ပါ။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၏ ရှေ့မှာရော၊ဘေးမှာရော၊နောက်မှာရော တစ်နည်းအားဖြင့် နောင်တော်၊ ညီတော် မဂ္ဂဇင်းစာစောင်များစွာတို့သည် စာပေသမုဒ္ဒရာပင်လယ်ကြီးထဲတွင် ပေါ်သူတို့ ပေါ်ဆဲဖြစ်၍ မြုပ်သူတို့လည်း စုံးစုံးမြုပ်သွားခဲ့ချေပြီ။

ပေါ်နေသူတို့ကား မဂ္ဂဇင်းစီစဉ်ဆောင်ရွက်နေသူတို့၏ သဘောထားနှင့် စာဖတ်ပရိသတ်တို့၏ သဘောထားများ သဟဇာတဖြစ်နေ၍ဟု ဆိုသော် ရနိုင်ကောင်းပါ၏။ သို့သော် မဂ္ဂဇင်းနှင့်ပရိသတ် သဟဇာတဖြစ်နေသည့် အကြားမှ နောက်ခံအကြောင်း အမျိုးမျိုးကြောင့် မမျှော်လင့်ပါဘဲ စုံးစုံးမြုပ်သွားခဲ့ရသော မဂ္ဂဇင်းစာစောင်တွေလည်း ရှိနေပါလိမ့်မည်။ ဤသည်ကိုပင် အကြောင်းအကျိုး ဆက်စပ်နေသော 'ကံ' ဟု ပြောရမည်လား မသိပါ။

ထုတ်ဝေသူက သပ်သပ်၊ မဂ္ဂဇင်းဖန်တီးရှင်တို့က သပ်သပ်ဖြစ်ခဲ့လျှင် မဂ္ဂဇင်း စီစဉ်မှုအတွင်း၌ပင် သဟဇာတဖြစ်ခဲလှစွာ၏။ မဂ္ဂဇင်းဖန်တီးရှင်တို့က ပရိသတ် သဘောထား၊ ပရိသတ်အလိုနှင့် ညှိ၍ မဂ္ဂဇင်း၌ ပေးဆပ်ရမည့် ပုံစံတွေကို စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးလို၏။ ထုတ်ဝေသူဘက်က သူ့အလို ဆန္ဒတွေကို သူပိုင် မဂ္ဂဇင်း၌ တစ်နည်းတစ်ဖုံပါဝင်စေချင်၏။ ဤတွင် မဂ္ဂဇင်းဖန်တီးသူနှင့် ထုတ်ဝေသူတို့အကြား သဟဇာတသည် အဟ-ကွာလေတော့သည်။ ဤသို့ဖြင့် ညှိမရသည့်အဆုံး 'လှေလှော်ရင်း တက်ကျိုး'ခဲ့ရသည့် မဂ္ဂဇင်းစာစောင်တွေမှာလည်း မနည်းလှပေ။

အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၏ ကံကောင်းချက်မှာ ထုတ်ဝေသူကလည်း ဦးစီး စိမံဆောင်ရွက်သူဖြစ်နေပြီး၊ ဦးစီးစိမံဆောင်ရွက်သူကိုယ်တိုင်ကလည်း ထုတ်ဝေသူ ဖြစ်နေခြင်းပင်။ တစ်ဖန် မဂ္ဂဇင်း၏ ပဲ့ကိုင်ကိုယ်တိုင်က စာရေးဆရာဖြစ်နေပြန်။ ရေးနေသည့်စာတွေကလည်း မမေ့မလျော့ သတိတရားများဖြင့် ကုသိုလ်ကောင်းမှု ပွားစေဖို့ရာ နှိုးဆော်စာတွေ ဖြစ်နေလေတော့ မှုနှင့်လူ၊ လူနှင့်မှု၊ မှုနှင့်စာ၊ စာနှင့်မှု တစ်ထပ်တည်းကျနေသဖြင့် ပရိသတ် မျက်ကွယ်ဖြစ်သော မဂ္ဂဇင်းဖန်တီးမှုနယ်ပယ် အတွင်း၌ သဟဇာတ အဟ-ကွာမှု ဟူ၍ တစ်ခုမျှ မရှိတော့ပေ။

ထို့ပြင် အတွဲ(၁)၊အမှတ်(၁) စထုတ်ဝေကတည်းက ခြစ်ခြွတ်စုဆောင်းထားသော ဓနအင်အားကလေး ခံနိုင်ရည်ရှိသလောက် ရပ်တည်ကြည့်မည်။ စာဖတ် ပရိသတ်ဘက်က အားပေးတုံ့ပြန်မှု မရခဲ့သော် ဓမ္မဒါနပဲပေါ့ဟု နှလုံးသွင်းကာ စတင်ဆောင်ရွက်ခဲ့သဖြင့် စိတ်ကိုက နောက်ကြောင်းရှင်းခဲ့သည်။ တစ်ဖန် အနုပညာရှင်မျိုးစုံတို့၏ သတင်းများကို အလေးကဲ၍ ဖော်ပြသော မဂ္ဂဇင်းစာစောင်တို့သည်ပင်လျှင် အကောင်းစားစာရွက်၊ အဆင့်မြင့်ပုံနှိပ်မင် ရိုက်ချက်တို့ဖြင့် အရောင်အသွေး ဝေဝေဆာဆာနှင့် ထုတ်ဝေနေကြသေးလျှင် ရတနာသုံးပါးကို ပူဇော်ဂါရဝပြုသည့် စာအုပ်စာစောင်ဟူသည် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း၊ အရည်အသွေးအဆင့်မီမီ ရှိသင့်သည်ဟု ခံယူသိမြင်ခဲ့သဖြင့် ဖြစ်ချင်ရာဖြစ် စိတ်ကိုနှစ်ကာ အပ္ပမာဒကန့်လန့်ကာကို စတင်ဖွင့်လှစ်မိခဲ့ခြင်း ဖြစ်ပါသည်။

'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ' ’ဆိုသော ဘုရားရှင်၏ အဆုံးအမကား သွေးထွက်အောင်မှန်ပေစ။ တရားကို စောင့်ရှောက်တဲ့သူကို တရားက ပြန်စောင့်တယ်ဆိုတဲ့ စကားသည်ကား လက်တွေ့ဘဝဝယ် ထင်ရှားပေါ်လွင်ပေပြီ။ အပ္ပမာဒသည် အတွဲ(၁)၊ အမှတ်(၁)ကတည်းက တာထွက်ကောင်းခဲ့ပေပြီ။ “စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ'ဆိုသည့်အတိုင်း ထားခဲ့သော စေတနာကောင်းသည် ကောင်းကံအဖြစ် ပြန်အကျိုးပေးလေပြီ။ အဓိကမှာ အပ္ပမာဒတည်းဟူသော ပျိုးပင်ကလေးသည် ကန္တာရဆူးပင်၊ ဆူးခက်တို့ အလယ်မှာ ရှင်သန်ကြီးထွားလာဖို့ပဲ ဖြစ်ပါသည်။ 'ပျိုးပင်' ဘဝမှာကတည်းက 'ကျိုးချင်ချင်' ဆိုရင်ဖြင့် . . . . ။

ထို့ကြောင့် စာဖတ်သူတို့၏ လက်ခံအားပေးမှုတည်းဟူသော ကျေးဇူးတရားကား ဆပ်၍ မကုန်နိုင်အောင်ပါတည်း။

ဒုတိယကျေးဇူးတင်ထိုက်သူတို့ကား မဂ္ဂဇင်းတွင် ပါဝင်ရေးသားခြီးမြှင့်ကြသည့် ရဟန်း၊ ရှင်၊ လူ၊ ပုဂ္ဂိုလ်အသီးသီးတို့ပင်တည်း။ အကြောင်းကြောင်းကြောင့် စာရေးသူတို့၏ စာမူအချို့ ဤမဂ္ဂဇင်းစာမျက်နှာပေါ်တွင် မပါနိုင်ခဲ့သော်ငြား၊ ဤမဂ္ဂဇင်းဖန်တီးစီစဉ်နေသူတို့အတွက် လိုအပ်နေသေးသော ဓမ္မအသိအမြင် ကွက်လပ်ကိုကား ထိုစာမူများက ဖြည့်ပေးခဲ့သဖြင့်၊ ကြီးစွာသော အကျိုးတရားများရခဲ့သည်ဟု ဆိုချင်ပါသည်။ မဂ္ဂဇင်းစီစဉ်ဆောင်ရွက်သူတို့မှလည်း အနှီစာရေးသူတို့၏ ကျေးဇူးတရားများကို မမေ့မလျော့သတိရနေမည်သာတည်း။

အပ္ပမာဒမဂ္ဂဇင်း စထွက်ကတည်းကိုက လူကြိုက်နည်းနိုင်သော အကြောင်းအရာများကိုသာ စုဖွဲ့ထားလေသဖြင့် စာမျက်နှာကိုလည်း ယခုထက်မတိုးရဲပါ။ စာမျက်နှာများလျှင် များသလောက် ကျွဲကူးရေပါဆိုသကဲ့သို့ ထုတ်လုပ်မှုစရိတ်မြင့်လာဦးမည်။ ထိုအခါ စာအုပ်တန်ဖိုး မြင့်တက်လာဦးမည်။အချို့က စာရွက်ခပ်ညံ့ညံ့နှင့် အများဝယ်ဖတ်နိုင်အောင် များများရိုက်ထုတ်ပါလားဟုလည်း ဆိုကြပြန်ပါသည်။ ဤသည်ကတော့ စီစဉ်သူ၏ မူလစေတနာနှင့် အဟ-ကွာနေသဖြင့် ငြိမ်းချမ်းစွာ သဘောကွဲလွဲရပါတော့မည်။

များတိုင်းလည်း မကောင်းပါ။ ထို့အတူ ကောင်းတိုင်းလည်း မများနိုင်ပါ။ မည်သို့ဆိုစေ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့အောင် အပ္ပမာဒသတိတရားကို ဦးထိပ်ထားသည့် အပ္ပမာဒဓမ္မရသမဂ္ဂဇင်းအား (၅)နှစ်ခရီးတိုင်အောင် ဝိုင်းဝန်းစောင့်ရှောက်အားပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူအားလုံးတို့၏ ကျေးဇူးတရားများအား ဘုရားရှင်၏ အပ္ပမာဒသတိတရားများ ဆက်လက်ပြန့်ပွားအောင် ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြင့် တုံ့ပြန်ကျေးဇူးဆပ်သွားမည်ဖြစ်ပါကြောင်းဟူ၍ . . . ။

အရိယာဝါသတရားတော်ကြီး

မဟာစည်ဆရာတော်

(ယခင်လမှအဆက်)

ကာမဂုဏ်ဆိုတာ သားတစ်ပမာ

ဒီကာမဂုဏ်ကို အပြစ်ပြတဲ့ ဥပမာကတော့ သားတစ်နဲ့ တူပါတယ်တဲ့၊ သားတစ် တစ်ခုကို စွန်တစ်ကောင်က ချီသွားတယ်ဆိုရင် အဲဒီစွန်ကို အခြားစွန်တွေက ဝိုင်းပြီး ထိုးကြ၊ ဆိတ်ကြတယ်။ တခြားစွန်တွေက သူတို့လည်း သားတစ်ကို စားချင်ကြလို့ လိုက်ပြီး ထိုးကြ၊ဆိတ်ကြတာပေါ့။ အထိုး၊ အဆိတ်ခံရ ပေါင်းများလို့ သည်းမခံနိုင်တဲ့အခါမှာ အဲဒီစွန်က သားတစ်ကို လွှတ်ချ လိုက်ပါရောတဲ့၊ ဒီတော့ တခြားစွန် တစ်ကောင်က အဲဒီ သားတစ်ကို ကောက်ယူပြီး ချီသွားပြန်တယ်။အဲဒီ စွန်ကိုလည်း တခြားစွန်တွေက နည်းတူပဲ ဝိုင်းပြီး ထိုးကြဆိတ်ကြပြန်တယ်။ မခံနိုင်တော့ အဲဒီ ဒုတိယ စွန်ကလည်း သားတစ်ကို လွှတ်ချ လိုက်ရပြန်တယ်။ ဒီနည်းဖြင့် သားတစ်ကို ကောက်ယူတဲ့ စွန်တိုင်း အထိုး၊ အဆိတ်ခံရတယ်။ သားတစ်

ကို လွှတ်ချလိုက်မှ သက်သာရာရ ပါသတဲ့။ အဲဒါဟာ ဘာကြောင့်တုံး ဆိုတော့ သားတစ်ဆို စွန်တိုင်းက နှစ်သက်လိုချင်နေကြလို့ပါပဲ။ ကာမဂုဏ်တွေ ဆိုတာကလည်း ဒါလိုပါပဲ၊ လူတိုင်း၊ လူတိုင်းက လိုချင်နေကြတာနဲ့ အဲဒီ ကာမဂုဏ်ဝတ္ထုပစ္စည်းတွေ သိမ်းပိုက်ထားတဲ့လူကို ဘေးက လူတွေက ထိုးဆိတ်ပြီး လုယူဖို့ အားထုတ်နေကြတယ်။

ဟုတ်တယ်၊ ယခုလောကမှာ လူတွေဟာ ဒီလိုအလုပ်တွေကို လုပ်နေကြတာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ကြတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ခိုက်ကြတယ်။ တစ်ပါတီနဲ့ တစ်ပါတီ တိုက်ခိုက်ကြတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တိုက်ခိုက်ကြတယ် ဆိုတာတွေဟာ ဒီကာမဂုဏ်အတွက်ချည်းပါပဲ။ ဒါကြောင့် ဒီကာမဂုဏ်ကို ပညာရှိသူတော်ကောင်းတွေက ကဲ့ရဲ့ရှုတ်ချပြီးတော့ စွန့်ပယ်ကြပါတယ်။ဒါပေမယ့် ကာမဂုဏ်ရဲ့ အပြစ်ကို မမြင်နိုင်တဲ့သူတွေကတော့ ဒီကာမဂုဏ်ကိုပဲ အမြတ်တနိုးကြီးလုပ်ပြီး ရှာနေကြပါတယ်။ ယခုခေတ် လူတွေဟာဖြင့် အတော်ကို လွန်လွန်ကဲကဲမက်မောနေကြပါတယ်။ ဒီကာမဂုဏ်တွေနဲ့ ပြည့်စုံရင် လောကနိဗ္ဗာန်လို့ ထင်ပြီးတော့ ကုသိုလ်၊အကုသိုလ်ကိုတောင် နှလုံးမသွင်းနိုင်တော့ဘဲ ရရာနည်းနဲ့ ရှာနေကြပါတယ်။ ဒီလို လိုချင်စရာ၊ မက်မောစရာတွေဖြစ်တဲ့ အတွက် အဲဒါတွေကို ကာမဂုဏ်လို့ခေါ်ပါတယ်။ ဒီအထဲမှာ အဆင်းအာရုံ ဆိုတာက မျက်စိနဲ့ မြင်ရတဲ့ အဆင်းရုပ်ကလေး သက်သက်ကိုသာ ဆိုတာမဟုတ်ပါဘူး။ အဲဒီလုပတဲ့အဆင်းရဲ့ တည်ရာ ဖြစ်တဲ့ မိန်းမ၊ ယောကျ်ား၊ သက်ရှိ လူပုဂ္ဂိုလ်တွေရော၊ အဝတ်အထည် အစရှိတဲ့ အသုံးအဆောင် သက်မဲ့ ဝတ္ထုပစ္စည်းတွေရော အကုန်ပါပါတယ်။ အသံအာရုံ ဆိုရာမှာလည်း ထို့အတူပါပဲ။ ချိုချိုသာသာပြောဆိုတဲ့ ပုဂ္ဂိုလ်တွေရော၊ အတီး၊ အမှုတ်၊ တူရိယာ ဝတ္ထု ပစ္စည်းတွေရော အကုန်ပါပါတယ်။ အနံ့ဆိုရာမှာလည်း အမွှေးအကြိုင်နံ့သာတွေရော၊ အဲဒီနံ့သာလူးလိမ်းထားတဲ့လူတွေရော အကုန်ပါပဲ။ အရသာ ကျတော့ စားကောင်းသောက်ဖွယ်တွေရော၊ အဲဒီ စားဖွယ်ကို ချက်ပြုတ်ပြုပြင်ပေးတဲ့ သူတွေရော အကုန်ပါပဲ၊အတွေ့အထိ ဆိုရာမှာလည်း တွေ့ထိနိုင်တဲ့ အိပ်ရာ၊ နေရာ၊ အဝတ် အထည်၊ အသုံးအဆောင်တွေမှအစ မိန်းမ၊ယောကျ်ား၊ လူပုဂ္ဂိုလ်တွေရော အကုန်ပါပဲ၊အတိုချုပ်ပြောရရင် လိုချင်နှစ်သက်စရာတွေ ဟူသမျှကို ကာမဂုဏ်လို့ ခေါ်ပါတယ်။ အဲဒီ ကာမဂုဏ်ရရေး၊သုံးဆောင်ခံစားရေးနဲ့ စပ်ပြီး ကြံစည်နေတာ၊ လိုချင်နှစ်သက်နေတာကို ကာမစ္ဆန္ဒနီဝရဏလို့ ခေါ်ပါတယ်။

ကြွေးမြီနဲ့တူတဲ့ ကာမစ္ဆန္ဒ

အဲဒီကာမစ္ဆန္ဒကို ကြွေးမြီနဲ့ တူတယ်လို့ မြတ်စွာဘုရားကဟောထားပါတယ်။နှစ်သက်လိုချင်မှု ကာမစ္ဆန္ဒ ရှိနေတဲ့ သူကိုလည်း ကြွေးမြီတင်နေတဲ့သူနဲ့ တူတယ်လို့ ဟောထားပါတယ်။ ဒါကြောင့် ကြွေးတင်နေရင် ကြွေးကို မြန်မြန်ဆပ်ရသလို ဒီကာမစ္ဆန္ဒအကြွေးကိုလည်း မြန်မြန်ပယ်ရမယ်လို့လည်း မြတ်စွာဘုရားက ညွှန်ကြားထားခဲ့ပါတယ်။ အဲဒါကို ဘုန်းကြီးက အတို ချုံးပြီးတော့ **"နှစ်သက်လိုချင်၊ကြွေးမြီတင်၊အလျင်ပယ်ဖျောက်လေ"**လို့ ဆောင်ပုဒ်ကလေး စီထားပါတယ်။ရှေးခေတ်ကာလ တုန်းက ကြွေးမြီတင်နေတဲ့သူဟာ ကြွေးရှင်ကို ရှိသေရတယ်၊ ဘယ်လ ဘယ်ရက်ကျရင် ပြန်ဆပ်ပါမယ်လို့ ကတိစာချုပ်ထားတဲ့အချိန်ရောက်လို့ မဆပ်နိုင်ရင် ခခယယနဲ့ တောင်းပန်ရတယ်၊ကြွေးရှင်ကလည်း သူ့ပစ္စည်းကို ရချိန်တန်ပါလျက်နဲ့ မရတော့ စိတ်ဆိုးပေလိမ့်မယ်၊အဲဒီလို စိတ်ဆိုးပြီး မာန်မဲပြောဆိုပေမယ့် ကြွေးတင်နေတဲ့သူက ပြန်လှန်ပြီး မပြောဝံ့ဘူး၊ ငုံ့ပြီးခံနေရပါသတဲ့၊ ဒါက ရှေးခေတ်တုန်းက ဖြစ်ပုံပါပဲ၊ ယခုခေတ်မှာတော့ ပြုပြင်ပြောင်းလဲရေးတွေက များနေလို့ ကြွေးရှင်ကို ရှိသေရသေးသလား၊ မရှိသေရတော့ဘူးလားဆိုတာ မပြောတတ်ဘူး၊ ဘုန်းကြီးတို့ ကလောကရေးတော့ တယ်-မကျွမ်းကျင်ဘူး၊ အဲဒါ ယခုခေတ်မှာ ရှိသေရသည်ဖြစ်စေ၊ မရှိသေရသည်ဖြစ်စေ ထားပါတော့၊ဘုန်းကြီး ယခုပြောနေတဲ့ ဥပမာကတော့ ဘုရားလက်ထက်တော်က စပြီး ရှေးခေတ်ကအကြောင်းတွေပါပဲ။

အဲဒီရှေးခေတ်တုန်းကတော့ ကြွေးတင်နေတဲ့သူဟာ ကြွေးရှင်ကို အမြဲတမ်း ခယရှိသေရပါတယ်။နောက်ထပ် လိုချင်ရင်လည်း အလွယ်တကူနဲ့ ရအောင် ရှိသေလေးစားနေရပါတယ်။ကြွေးလည်းဆပ်ပြီးပြီ၊ နောက်ထပ်လည်း ယူဖို့မလိုဘူးဆိုရင်တော့ ကြွေးရှင်ကို ခယရှိသေဖို့ မလိုတော့ပါဘူး။ကာမစ္ဆန္ဒဆိုတဲ့ နီဝရဏတရားကလည်း အဲဒီကြွေးနဲ့ တူပါတယ်တဲ့၊ ကာမစ္ဆန္ဒနဲ့ လိုချင်နှစ်သက်နေရင် ကြွေးတင်နေတာနဲ့ တူပါတယ်တဲ့၊

ဘယ်လိုလဲဆိုတော့ ကြွေးတင်နေတဲ့ လူက ကြွေးရှင်ကို ခယရိုသေရသလို ပဲ၊လိုချင်နှစ်သက်နေတဲ့လူက လိုချင်နှစ်သက်တဲ့ အာရုံဝတ္ထုကို ရိုသေနေရပါတယ်၊ မျှားမျှားကြီး နှစ်သက်ချစ်ခင်လေလေ မျှားမျှားကြီး ရိုသေရလေလေပဲ၊ အလွန်မြတ်နိုးနေတဲ့ ပန်းကန်ကလေးဆိုပါတော့၊ အဲဒါကလေး မကွဲမပျက်အောင် အင်မတန်ရိုသေရတယ်၊ ရွှေ၊ ငွေ လက်ဝတ်လက်စား အဖိုးတန်ပစ္စည်းဆိုရင်သာပြီးတော့ ရိုသေရသေးတယ်၊ အင်မတန်လုံခြုံတဲ့ သေတ္တာထဲထည့်ပြီးတော့၊ သော့တွေအထပ်ထပ်ခတ်ပြီးတော့ တရိုတသေ သိမ်းထားရတယ်၊ ပွဲနေပွဲထိုင် ကိစ္စရှိလို့ အဖိုးတန်အဝတ်ကလေး ဝတ်သွားတယ်ဆိုရင် ဟိုကျတော့ သန့်ပြန့်တဲ့ နေရာကောင်းကို ရွှေးပြီး ထိုင်ရတယ်၊နေရာကောင်းကလည်း မရှိဘူးဆိုရင် ထိုင်ဖို့ရာတောင် ခက်ပြီးနေတတ်တယ်၊ အဲဒါ ဘာကြောင့်လဲဆိုရင် ကိုယ်က အဖိုးတန်အဝတ်ကို မြတ်နိုးနေလို့ ရိုသေနေရတာပါပဲ။

ဖြစ်တိုင်းမှတ်ရှု

ယခုပြောခဲ့တာတွေကတော့ အသုံးအဆောင် သက်မဲ့ဝတ္ထုပစ္စည်းတွေပဲ ရှိသေးတယ်။သက်ရှိ လူပုဂ္ဂိုလ်တွေကျမှ သာပြီး ရိုသေရတာ၊ သက်ရှိလူပုဂ္ဂိုလ်တွေဆိုတာ တခြားလူတွေ မဟုတ်ပါဘူး၊ မိမိတို့အိမ်မှာ အသီးသီးရှိနေကြတဲ့ အိမ်သူရယ်၊ အိမ်သားရယ်၊ အဲဒါတွေပါပဲ။ သမီး၊ ခင်ပွန်းအချင်းချင်းဟာတစ်ဦးနဲ့တစ်ဦး ချစ်မြတ်နိုးနေကြတဲ့ အတွက် တစ်ဦးကိုတစ်ဦး အင်မတန်အလေးပြုနေကြရတယ်၊ အပြောအဆိုပေမယ့် အင်မတန် ဂရုစိုက်ကြရတယ်၊ တစ်ဖက်သား ဖြစ်တဲ့သူက စိတ်ခုသွားမှာကို အင်မတန်စိုးရိမ်ကြရတယ်၊ လင်နဲ့မယား တစ်ယောက်ယောက်က ပိုပြီး ချစ်တယ်ဆိုရင်၊ အဲဒီအချစ်ကြီးတဲ့သူက ပိုပြီးတော့ ရိုသေနေရတယ်၊ ဒါကတော့ ဘုန်းကြီးတို့က စာတွေ့သဘောနဲ့ တွေးဆပြီး ပြောရတာပါပဲ၊ လူ့လောကမှာ နေထိုင်ကြတဲ့ ဒကာ၊ ဒကာမတွေက ပိုပြီး သိမှာပါ၊အဲဒီလို နှစ်သက်မြတ်နိုးအပ်တဲ့ သက်ရှိသက်မဲ့ အာရုံတွေကို ရိုသေနေကြရတာဟာ ကြွေးရှင်ကို ရိုသေနေရတာနဲ့ တူပါတယ်တဲ့၊ ဘယ်သူ့ကိုမျှ ဘယ်ဟာကိုမျှ နှစ်သက်ခင်မင်မှု မရှိဘူးဆိုရင်တော့ ဘယ်သူ့ကိုမျှ၊ ဘယ်ဟာကိုမျှ ရိုသေဖို့ မလိုတော့ဘူး၊ အဲဒါဟာ ကြွေးဆပ်ပြီးတဲ့အခါ ကြွေးရှင်ကို မရိုသေရတော့သလို လွတ်လပ်သွားတာပါပဲ။ ဒါကြောင့် တရားအားထုတ်နေခိုက်မှာ တစ်စုံတစ်ရာကို နှစ်သက်လိုချင်မှု ဖြစ်လာလျှင် အဲဒါကို နှစ်သက်တယ်၊ လိုချင်တယ် စသည်ဖြင့် ရှုမှတ်ပြီး ပယ်လိုက်ရမယ်၊ ဘုန်းကြီး ယခုပြောနေတာက တရားအားထုတ်ခိုက်မှာ ရှုမှတ်ဖို့ ပြောနေတာနော်၊ အိမ်မှာ လောကီကိစ္စတွေနဲ့ ကြောင့်ကြစိုက်နေရတဲ့ အခါမျိုးမှာ ရှုမှတ်ဖို့ ပြောတာ မဟုတ်ဘူး၊ တရားအားမထုတ်ဘဲ အလွတ်နေတဲ့အခါတွေမှာတော့ နှစ်သက်လိုချင်မှုတွေကို လိုက်မှတ်နေရမယ်ဆိုရင် ဘယ်မှာ ဖြစ်လိမ့်မတုံး၊ အဲဒါကတော့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် တရားနှလုံးသွင်းအားထုတ်နေတဲ့ အချိန်ကိုသာ ပြောနေပါတယ်။

ဒါကြောင့် "ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှုအစဉ်ထား"ဆိုတဲ့ အရိယာဝါသ လုပ်ငန်းစဉ်အရ ဒွါရခြောက်ပါးက ပေါ်လာသမျှကို မပြတ်လိုက်ပြီး ရှုမှတ်နေရင်း နှစ်သက်လိုချင်မှု၊ တောင့်တမှု၊ ကြံစည်မှု ဖြစ်ပေါ်လာရင် အဲဒါကို နှစ်သက်တယ်၊ နှစ်သက်တယ်စသည်ဖြင့် ရှုမှတ်ပြီး ပယ်လိုက်ရမယ်၊ အဲဒီလို ရှုမှတ်လိုက်ရင် နှစ်သက်မှုက ပျောက်သွားပါလိမ့်မယ်၊ ဒါပေမယ့် သမာဓိက အားမရှိသေးရင်တော့ တစ်ချက်နှစ်ချက်လောက် ရှုမှတ်ရုံနဲ့ မပျောက်တာလည်း ရှိတတ်ပါတယ်၊တစ်ချက်နှစ်ချက်နဲ့ မပျောက်သေးရင် သုံးချက်၊ လေးချက် မှတ်ပေါ့။ ဒါနဲ့မှ မပျောက်သေးရင်လည်း ငါးချက်၊ ဆယ်ချက် မှတ်ပေါ့၊ အဲဒါလည်း မပျောက်သေးရင် အချက်နှစ်ဆယ်၊ သုံးဆယ် စသည်ဖြင့် မပျောက်မချင်း မှတ်ပေါ့၊ တရားအားထုတ်တယ်ဆိုတာဟာ ကိလေသာတွေနဲ့ စစ်တိုက်ရတာပဲ၊ စစ်တိုက်ရသလို သဘောထားပြီး မလျှော့ဘဲ အတင်းမှတ်နေရင် နောက်ဆုံးကျတော့ ပျောက်သွားပါလိမ့်မယ်၊ ဒါဟာ ဘုန်းကြီးတို့က အတွေးနဲ့ ပြောနေတာ မဟုတ်ပါဘူး၊ လက်တွေ့စမ်းသပ်ဖူးလို့ ပြောနေတာပါ၊ မပျောက်မချင်း မှတ်မယ်လို့ စိတ်ထားတင်းပြီးတော့ မပြတ်မှတ်နေရင် နောက်ဆုံးကျတော့ ပျောက်သွားပါတယ်၊အဲဒီလို ပျောက်သွားတဲ့အခါကျတော့ အစပထမက နှစ်သက်သာယာမှုကလေး ဖြစ်ပေါ်လာခဲ့တဲ့ လမ်းစကလေးအတိုင်း ပြန်ပြီးဆင်ခြင်ကြည့်တာတောင် နှစ်သက်သာယာမှုဟာပြန်မပေါ်လာဘဲ ငြိမ်နေတတ်ပါတယ်၊ ကိလေသာကို ပယ်တဲ့နည်းမှာတော့ အကောင်းဆုံး

ပါပဲ၊ ဒါကြောင့် "နှစ်သက်လိုချင်၊ ကြွေးမြီတင်၊ အလျင်ပယ်ဖျောက်လေ"လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။ နှစ်သက်လိုချင်တဲ့ ကြွေးမြီတင်နေရင် အဲဒါကလေးကို ပယ်ဖျောက်လိုက်ပါတဲ့၊ မပယ်ဖျောက်ရင် ဘာဖြစ်သလဲလို့ဆိုတော့ အရိယာတို့၏ နေအိမ်ထဲ မနေရတာပေါ့။ပယ်ဖျောက်လိုက်ရင်တော့ အရိယာတို့၏ နေအိမ်ထဲ ရောက်နေသည် မည်ပါတယ်၊ ဒါကြောင့် အဲဒီနှစ်သက်လိုချင်တဲ့ ကြွေးမြီစိတ်ကလေးကို ရှုပြီး ပယ်နိုင်တဲ့အချိန်မှာ သေသွားမယ်ဆိုရင် အပါယ်လေးပါးကို မကျရောက်နိုင်ဘူး၊ အပယ်ဘေးက လုံခြုံသွားပါတယ်၊ အဲဒီနှစ်သက်လိုချင်တဲ့ ကြွေးမြီတန်းလန်းနဲ့ သေသွားရင်တော့ အပါယ်လေးပါးကို ကျရောက်သွားတတ်တယ်၊ အဲဒါ ဘာကြောင့် တုံးလို့ဆိုရင် ပုထုဇဉ်နေအိမ်မှာ နေနေလို့၊ ပုထုဇဉ်နေအိမ်က မလုံခြုံလို့ပါပဲ၊ အမိုးအကာ မလုံခြုံတဲ့ အိမ်မှာဖြစ်စေ၊ အမိုးအကာ မရှိတဲ့ ကွင်းပြင်မှာဖြစ်စေ၊ နေတဲ့သူမှာ မိုးရွာရင်လည်း စိုရွှဲမယ်၊ နေပူရင်လည်း ပူလောင်မယ်၊လေလာရင်လည်း လေထိမယ်၊ တစ်စုံတစ်ယောက်က ခဲတို့ တုတ်တို့ကို အရမ်းပစ်လိုက်ရင်လည်း မတော်တဆထိမှန်မယ်၊မြွေတို့ ကင်းတို့လည်း ကိုက်သွားမယ်၊ အဲဒီလိုဘေးအမျိုးမျိုးတွေ ရောက်နိုင်ပါတယ်၊ ဒါလိုပဲ၊ ပုထုဇဉ်နေအိမ်မှာ နေရင် အပါယ်ဘေးတွေနဲ့ တွေ့ရတတ်ပါတယ်။

ရဟန်းနှင့် သန်းဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက အရှင်တိသ ဆိုတဲ့ ရဟန်းတော်တစ်ပါးဟာ အဝတ်အထည် သင်္ကန်းတစ်ခုကို မရစဖူး အထူးရတဲ့အတွက် အဲဒီသင်္ကန်းကို အလွန်နှစ်သက်မြတ်နိုးနေပါသတဲ့၊နှစ်သက်မြတ်နိုးနေတယ်ဆိုတာ ကာမစ္ဆန္ဒပဲ၊ အဲဒီရဟန်းက အဲဒီသင်္ကန်းကို နက်ဖြန်ခါ ဝတ်မယ်လို့ ရည်ရွယ်ပြီး သင်္ကန်းတန်းပေါ်မှာ တင်ထားပြီးတော့ စိတ်ထဲ အလွန်

အမှန်ကတော့ စိတ်ဆိုတာဟာ သဒ္ဓါ၊ သတိ အစရှိသော တရားကောင်းတွေနဲ့ ပွားများထုံပေးလျှင် တိုးတက်ရင့်သန်လာပါတယ်။ ဒါကြောင့် သေခါနီးမှာ သဒ္ဓါ၊ သတိ အစရှိသော တရားကောင်းတွေနဲ့ အထုံရလာလျှင် သေသည်၏ အခြားမဲ့မှာ စင်ကြယ်မြင့်မြတ်တဲ့ စိတ်ဝိညာဉ်ကလေး ဖြစ်ပေါ်လာပါတယ်၊

နှစ်သက်မြတ်နိုးနေသတဲ့၊ အဲဒီလိုနှစ်သက်မြတ်နိုးနေတုန်း ညဉ့်အချိန်မှာ ရုတ်တရက် ရောဂါဖြစ်ပြီးတော့ ပျံလွန်တော်မူသွားရှာပါသတဲ့၊ ဒီကိုယ်တော်မြတ်မှာ သီလဘက်ကတော့ ဘာမျှ ချွတ်ယွင်းချက်မရှိဘူး၊ ကောင်းကောင်းစင်ကြယ်နေပါတယ်၊ ဒါကြောင့် သီလအလိုအားဖြင့်ဆိုရင် သေသည်၏ အခြားမဲ့မှာ နတ်ပြည်ကို ရောက်ဖို့ပါပဲ၊ ဒါပေမယ့် သူမှာ သင်္ကန်းကို နှစ်သက်မြတ်နိုးနေတဲ့ ကာမစ္ဆန္ဒနီဝရဏက ရှိနေတဲ့အတွက် သူ့သင်္ကန်းမှာပဲ သန်းကြီးဖြစ်သွားတယ်၊ လူက သန်းဖြစ်သွားတယ်ဆိုတော့ အံ့ဩြစရာပဲ။

ဘုန်းကြီးတို့ ရွှေဘိုမှာ ကတ်သီးကတ်သတ်ပြောတတ်တဲ့ ဒကာကြီး တစ်ယောက်ရှိတယ်၊သူက ရှာရှာဖွေဖွေ စဉ်းစားကြံစည်ပြီးပြောတတ်တယ်၊ ဗဟုသုတမရှိတဲ့ ထူထူနန လူတွေစုဝေးနေရာမှာ သူက ဝင်ရောက်ပြီး ဇဝေဇဝါဖြစ်အောင် အင်မတန်ပြောတတ်တယ်၊ သူပြောပုံက ဟေ့-ကြည့်ကြကွဆိုပြီး မြေပြင်မှာ အကြောင်းကလေးတွေရေးပြတယ်၊ဟောဒီ အကြောင်းရှည်ကြီးက ဆင်ကြီးကွ၊ ဒီအကြောင်းလတ်ကတော့ လူကွ၊ ဒီအကြောင်းတိုတိုကလေးကတော့ ကမျည်းနီကောင်ကွလို့ ပြောတယ်၊ ကမျည်းနီကောင်ဆိုတာ ဒီအောက်အရပ်မှာ ရှိပုံမရပါဘူး၊ အထက်အရပ်မှာ ရှိပါတယ်၊သူတို့ကမြက်ထဲမှာ ကပ်ပြီးနေတယ်၊အပ်ဖျားလောက်ပဲ ရှိပါတယ်၊ အင်မတန်သေးငယ်တဲ့ အကောင်ကလေးပါပဲ၊ မျက်စိကောင်းတဲ့ လူမှ ဒီအကောင်ကို မြင်နိုင်ပါတယ်။ လူ့အသားထဲ ဒီအကောင် ဝင်တွယ်နေရင် မြက်မြက် မြက်မြက်နဲ့ အင်မတန်နာပါတယ်၊ဒါကြောင့် ဒကာကြီးက ကြည့်ကွ၊ဆင်ကြီးသေရင် ကမျည်းနီကောင်ကလေး ဖြစ်နိုင်ပါ့မလား၊ ကမျည်းနီကောင်ကလေးက သေရင်ရော ဆင်ကောင်ကြီး ဖြစ်နိုင်ပါ့မလားလို့ မေးသတဲ့၊ သူဆိုလိုတာကတော့ ဆင်ကောင်ကြီး၏ အသက်လိပ်ပြာကကြီးနေလို့ ကမျည်းနီကောင်ရဲ့ ကိုယ်ကလေးထဲမှာ ဆံ့ပါ့မလား၊ ကမျည်းနီကောင်ရဲ့ အသက် လိပ်ပြာကလေးငယ်နေလို့ ဆင်ကောင်ကြီး ကိုယ်ထဲ

မှာ ဝင်ဖြစ်ရင် ပျံ့နှံ့ပျံ့မလားလို့ ဆိုလိုပါတယ်၊ ဒီလိုမေးခွန်းတွေဟာ သုတမရှိတဲ့ သူများကို ထင်ယောင်ထင်မှား ဝိစိကိစ္ဆာဖြစ်စေတတ်ပါတယ်၊ ယခုနေအခါမှာ ရုပ်ဝါဒကို သဘောကျပြီးတော့ တမလွန်ဘဝ မရှိဘူးလို့ ယူတဲ့ပုဂ္ဂိုလ်တစ်ဦးက ဘုရားဟော တရားလိုလို၊ ဘာလိုလို နဲ့ လူတွေ ယောင်ဝါးဝါးဖြစ်ကုန်အောင် ကျမ်းစာတွေရေးထုတ်ပြီး ဒီလိုအပြောမျိုးတွေကို ပြောနေတယ်လို့ ကြားရတယ်၊သူပြောပုံက သက်ရှိသတ္တဝါတွေထဲမှာ လူဟာ အမြင့်ဆုံး၊ အရင့်ဆုံး အဆင့်အတန်းရောက်နေတဲ့အတွက် လူသေရင် တစ်ဖန်ဖြစ်တောင်မှ လူသာဖြစ်နိုင်တယ်၊ လူထက်ညံ့တဲ့ ဘဝမျိုး မဖြစ်နိုင်တော့ဘူးတဲ့၊ သူပြတဲ့ အကြောင်းယုတ္တိကတော့ မန်ကျည်းစေ့က မန်ကျည်းပင်သာ ပေါက်နိုင်တယ်၊ တမာပင် မပေါက်နိုင်ဘူး၊မြေဓာတ်က ပြောင်းလဲလာခဲ့တဲ့ ရွှေဓာတ်ဟာ တစ်ဖန်ပြန်ပြီး မြေဓာတ်မဖြစ်နိုင်တော့ဘူး၊အဲဒါမျိုးလိုပါပဲတဲ့၊ ဒီလိုအပြောမျိုးတွေကတော့ ဗုဒ္ဓဘာသာဝင်တွေကို ရုပ်ဝါဒဘက် ညွှတ်သွားအောင်လို့ ဗုဒ္ဓမြတ်စွာ၏ တရားစစ်၊ တရားမှန်တွေလည်း ရုပ်ပျက်၊ ဆင်းပျက်နဲ့ ပျက်ကုန်အောင်လို့ ပြောဆိုချက်တွေပါပဲ။ ဒီလို ပြောတဲ့သူတွေကိုတော့ မာရပက္ခိက-မာရ်နတ်၏ ဘက်တော်သားတွေလို့သာ မှတ်ကြပေတော့။

မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း တရားအစစ်အမှန်ကတော့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ အကောင်အထည်ဆိုတာ မရှိပါဘူး၊ ဒါကြောင့် အကြီး၊အငယ် ပုံသဏ္ဌာန်လည်း မရှိပါဘူး၊ ရုပ်နာမ် အစဉ်မျှသာ ရှိပါတယ်၊ အဲဒီ ရုပ်နာမ်နှစ်ပါးထဲမှာလည်း နာမ်အစဉ်က ပြဋ္ဌာန်းပါတယ်၊ ဒါကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ မသိမှု အဝိဇ္ဇာ-ကြောင့် ပြုလုပ်မှု သခ်ၢရဖြစ်တယ်၊ သခ်ၢရကြောင့် ဘဝသစ် စိတ်ဝိညာဏ်ဖြစ်တယ် စသည်ဖြင့် ဟောထားပါတယ်၊ ဒီတော့ ဘဝသစ်ဖြစ်ရာမှာ ဘဝဟောင်းက ရုပ်တွေရော၊ အဲဒီ ရုပ်တွေရဲ့ အစွမ်းသတ္တိရော ဘာမျှ လိုက်ပါမလာပါဘူး၊ စိတ် နာမ်ရဲ့ အရှိန်အဝါမျှသာ လိုက်ပါလာပါတယ်၊ စိတ်ဆိုတာကလည်း ငယ်တယ်၊ကြီးတယ်လို့ ထူးခြားခြင်း မရှိပါဘူး။ ဒါကြောင့် ဆင်ကြီးရဲ့ စိတ်နဲ့ ကမျည်းနီကောင်ကလေးရဲ့ စိတ်ဟာ အတူတူပါပဲ၊ ဘယ်ဟာကမှ ပိုပြီးတော့ ကြီးလည်း မကြီးဘူး၊ ငယ်လည်း မငယ်ဘူး၊ ပြီးတော့ သာမန်ပုထုဇဉ်ရဲ့ စိတ်နဲ့ နွား၊ ခွေးအစရှိတဲ့ တိရစ္ဆာန်တို့ရဲ့ စိတ်ဟာလည်း မထူးခြားလှပါဘူး၊ ရင့်နေလို့ ပြန်မလျှော့နိုင်တဲ့ စိတ်ရယ်လို့ မရှိပါဘူး၊ ဒါကြောင့် တချို့လူတွေဟာ မူလက စိတ်နေစိတ်ထားကောင်းတဲ့ လူကြီးတစ်ယောက်ဖြစ်ပါလျက်နဲ့ အကြောင်းတစ်မျိုးမျိုးကြောင့် စိတ်ဖောက်ပြန်ရူးသွပ်သွားကြတာတွေလည်း ရှိနေပါတယ်၊ ပြီးတော့ ခွေးရူးကိုက်လို့ ခွေးရူးပြန်သွားတဲ့ လူတွေမှာ ခွေးစိတ်ပေါက်နေတာကိုလည်း ထင်ရှားတွေ့ရပါတယ်။ဒါကြောင့် လူကသေပြီးနောက် လူထက်ညံ့တဲ့ဘဝ မဖြစ်နိုင်ဘူးဆိုတာဟာ အသင့် ယုတ္တိလည်း မရှိပါဘူး၊ ဗုဒ္ဓဘာသာတရားတော်နဲ့လည်း ဆန့်ကျင်ပါတယ်။

စိတ်နဲ့ရုပ် ကွာခြားပုံ

အမှန်ကတော့ စိတ်ဆိုတာဟာ သဒ္ဓါ၊ သတိ အစရှိသောတရားကောင်းတွေနဲ့ ပွားများထုံပေးလျှင် . အစရှိသော တရားကောင်းတွေနဲ့ အထုံရလာလျှင် သေသည်၏ အခြားမဲ့မှာ စင်ကြယ်မြင့်မြတ်တဲ့ စိတ်ဝိညာဏ်ကလေး ဖြစ်ပေါ်လာပါတယ်၊ အဲဒီလို စိတ်က ဘယ်မှာဖြစ်သလဲ ဆိုရင် လူဘဝ၊နတ်ဘဝ၊ ဗြဟ္မာဘဝ ဆိုတဲ့ သုဂတိဘဝတွေမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီစိတ်ကို လောဘ၊ ဒေါသအစရှိသော တရားဆိုးတွေနဲ့ ပူးတွဲထားရင် ဆိုးညစ်တဲ့စိတ်တွေ ဖြစ်လာပြီးတော့ အဆင့်အတန်း လျှောကျသွားပါတယ်။ ဒါကြောင့် သေခါနီးမှာ လောဘ၊ ဒေါသ အစရှိသော တရားဆိုးတွေနဲ့ ညစ်နွမ်းလာခဲ့လျှင် သေသည်၏ အခြားမဲ့မှာ ယုတ်ညံ့တဲ့ စိတ်ဝိညာဏ်ကလေးဖြစ်ပေါ်သွားပါတယ်၊ အဲဒီလို စိတ်ကဘယ်မှာ ဖြစ်သလဲဆိုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ခေါ်တဲ့ အပါယ်ဘဝတွေမှာ ဖြစ်ပါတယ်၊ ဒီနေရာမှာ စိတ်က ငရဲဘုံ၊ နတ်ဘုံ စသည် အဝေးကြီးကို ဘယ်လိုလုပ်ပြီး သွားရောက်နိုင်သလဲလို့ စဉ်းစားစရာ ရှိပါတယ်၊ စိတ်ဆိုတာက အထည်ဒြပ်ရှိတာ မဟုတ်ဘူး၊ဒါကြောင့် စိတ်မှာ နီးတာ၊ ဝေးတာရယ်လို့ ဘာမျှ မထူးခြားပါဘူး၊ ယခုလက်တွေ့ စဉ်းစားကြည့်ပါ၊ ပထမကိုယ့်ကျောကို ဆင်ခြင်ကြည့်ပါ၊ ပြီးပြီးနော်။ကဲ-ဒုတိယ ရွှေတိဂုံစေတီတော်ကြီးကို အာရုံပြုကြည့်ပါ၊ ဘယ်ဟာ

က ပိုကြာသလဲ၊ ဘယ်ဟာကမှ ပိုပြီး မကြာပါဘူး၊ အတူတူပါပဲ၊ ဒါ ဘာကြောင့်လဲဆိုရင် စိတ်မှာ အထည် ဒြပ်မရှိလို့ အဆီးအတားမရှိဘူး၊အလို ရှိရာကို အာရုံပြုလိုက်ရုံနဲ့ ရောက် သွားနိုင်တယ်၊ ဒါကြောင့်ပါပဲ၊ ရုပ် ကိုယ်ကြီးအနေနဲ့ဆိုရင်တော့ ဒီ သန်လျင်မြို့ကနေပြီး သဘော်ဆိပ် ရောက်အောင် ကားငှားပြီး သွားရ လိမ့်မယ်၊ သဘော်နဲ့လည်းတစ်တန် သွားရလိမ့်မယ်။ရန်ကုန်ဘက် ရောက် တော့လည်း ကားအတန်တန်စီးပြီး သွားရလိမ့်မယ်၊ရွှေတိဂုံဘုရားခြေရင်း ရောက်တော့လည်း ကုန်းတော်ပေါ် ရောက်အောင် တက်နေရတာ တော် တော်ကြာဦးမယ်၊ အဲဒီက ပြန်လာ တော့လည်း အသွားကလိုပဲ အဆင့် ဆင့်နဲ့ အချိန်တော်တော်ကြာကြာ ပြန်လာရလိမ့်မယ်၊ အဲဒါ စိတ်နဲ့ရုပ် ကွာခြားပုံပါပဲ။

ခုနက စိတ်နဲ့ ရွှေတိဂုံသွား လိုက်တာ ဘာမျှ မကြာဘူး၊တစ်ခဏ ကလေးနဲ့ ပြန်ရောက်လာတယ်၊ခရီး စရိတ်လည်း မကုန်ဘူး၊ ဒါတွင်မက သေးဘူး နိုင်ငံခြားကိုလည်း စိတ်နဲ့ သွားလိုက်ရင် ဘာမျှ မကြာဘူး၊ ပတ်စပို့လက်မှတ်တို့၊ ဒီဖောင်းလက် မှတ်တို့ ဘာလက်မှတ်မျှလည်း မယူ ရဘူး။ ဘယ်သူကမျှလည်း မတား မြစ်နိုင်ဘူး၊ သွားချင်သွားလိုက်၊ ပြန် ချင်ပြန်လိုက်နဲ့ စိတ်က အလိုရှိတိုင်း လုပ်နိုင်ပါတယ်။ ငရဲပြည်၊ နတ်ပြည် တွေကို သွားချင်ရင် သွားနိုင်တာပဲ၊ ဘာမျှ အဆီးအတားကို မရှိဘူး။ နှောင့်နှေးခြင်းလည်း မရှိဘူး၊လွယ် လွယ်ပါပဲ၊ ဒါကြောင့် သတ္တဝါတွေ မှာ သေခါနီးက စွဲလမ်းခဲ့တဲ့အတိုင်း ဘဝကောင်း၊ဘဝဆိုးတွေမှာ ဖြစ်ကြ ရပါတယ်၊ သေခါနီးက စင်ကြယ်တဲ့ ကုသိုလ်စိတ်နဲ့ စွဲလမ်းပြီး သေလာ ခဲ့ရင် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝ ကောင်းတွေမှာ စင်ကြယ်တဲ့ ပဋ္ဌိသန္ဓေ စိတ် ဝိညာဏ်ကလေးဖြစ်ပေါ်လာပါ တယ်၊ အဲဒါကို လူဖြစ်တယ်၊ နတ် ဖြစ်တယ်လို့ ခေါ်ရပါတယ်။သေခါနီး ညစ်နွမ်းလို့ အကုသိုလ်စိတ်နဲ့ စွဲလမ်းပြီး သေလာခဲ့ရင် အပါယ် ဘဝတွေမှာ ညစ်နွမ်းတဲ့ ပဋ္ဌိသန္ဓေ စိတ် ဝိညာဏ်ကလေး ဖြစ်ပေါ်သွားပါ တယ်။ အဲဒါကို ငရဲကျသွားတယ်၊ တိရစ္ဆာန်ဖြစ်သွားတယ်၊ နွားဖြစ်သွား တယ်၊ ခွေးဖြစ်သွားတယ် စသည် ဖြင့် ခေါ်ရပါတယ်။ ခုနကပြောခဲ့တဲ့ အရှင်တိသ ရဟန်းတော်ကတော့ သေခါနီးမှာ သက်နံ့ကို နှစ်သက်တဲ့ လောဘ-ကာမစ္ဆန္ဒနဲ့ စွဲလမ်းပြီး သေ ခဲ့တယ်၊သေ ဆိုတာကလည်း နောက် ဆုံး စိတ်ကလေး ချုပ်ပျောက်သွား တာကို ခေါ်တာပါပဲ။ အဲဒီလို ညစ် နွမ်းတဲ့ အကုသိုလ်စိတ်နဲ့ စွဲလမ်းပြီး သေခဲ့တဲ့အတွက် အဲဒီနောက်ဆုံး စိတ်ကလေးလည်း ပျောက်သွားရော၊ သန်းဘဝ ရုပ်ခန္ဓာထဲမှာ ညစ်နွမ်းတဲ့ ပဋ္ဌိသန္ဓေ စိတ်ဝိညာဏ်ကလေးလည်း ဖြစ်ပေါ်သွားရော၊ အဲဒီလို ဖြစ်ပေါ် သွားတာကိုပဲ ရဟန်းက သန်းဖြစ် သွားတယ်လို့ ပြောရတာပဲ၊ တကယ် စင်စစ်ကတော့ ရဟန်းဘဝက ရုပ် တွေ ဘာမျှ မလိုက်ပါလာပါဘူး။ သေခါနီးက စွဲလမ်းခဲ့တဲ့ ညစ်နွမ်းတဲ့ ကာမစ္ဆန္ဒစိတ်ရဲ့ အရှိန်အဝါလောက် သာ လိုက်ပါလာပါတယ်။

■ ဆက်လက်ဖော်ပြပါမည်

သုတရတနာ ဆုံးမစာ

- မေတ္တာကောင်းမှာ၊ရန်တကာ၊ ပယ်ကွာ ရေချမ်းအိုး။
- သဒ္ဓါကောင်းမှာ၊နောင်ဖို့ပါ၊ ချမ်းသာဆင့်ဆင့်တိုး။
- မေထုန်အိပ်စား၊ဤသုံးပါး၊ လူနွားရှိသည်ပင်။
- နွားထက်ပညာ၊လူကသာ၊ မှတ်ပါပုံပြထင်။
- ပညာမဲ့က၊ လူဗာလ၊တမျှ နွားအသွင်။
- နွားနှင့်တမူ၊ တမျှလူ၊လူဖြစ် တက်တက်စင်။
- တက်တက်စင်ပြုန်း၊ လူဖြစ် ရှုံး၊ လူသုံးဖော်မဝင်။
- ကိုယ်နှုတ်နှလုံး၊ သုံးပါး မကောင်း၊ ဤအကြောင်း၊ ဉာဏ်လောင်းရှုဆင်ခြင်။
- လူယုတ်၊ လူမိုက်၊ ဒုစရိုက်၊ နှစ်ခြိုက် စုံမက်ခင်။
- ပမာပုံထုတ်၊ တူစွာဟုတ်၊ အပုပ်ယင်မဲခင်။

ညောင်ပင်သာ ဦးပုည

မြတ်ရတနာသုံးစုံ သရဏာဂုံ

မဟာဗောဓိမြိုင်ဆရာတော်

(ယခင်လမှအဆက်)

"အဲဒီအဆင့်ကို သွားဖို့ရာအတွက် ဒီကနေ့ ရှစ်ပါးပေးတာ၊ အဲဒီတော့ ဒီကနေ့ ရှစ်ပါးပေးတဲ့အတွက်တို့ နေ့တိုင်း ငါးပါးသိက္ခာပုဒ်ထဲမှာ နံပါတ်သုံးလေး အပြောင်းအလဲလုပ်တာထင်တယ်။ဒါလေး အပြောင်းအလဲလုပ်လိုက်တာ၊ ကာမေသုမိစ္ဆာစာရနဲ့ အဗြဟ္မဆိုတာ သိက္ခာပုဒ်ထင်တယ်။ ဒါလေး အပြောင်းအလဲလုပ်တာ၊ ကျန်တာတော့ သဘောပေါက်လောက်ကြပါပြီ။ ပါဏာတိပါတာဆိုတာ သူ့အသက်မသတ်ပါဘူးလို့ သတိပေးတာ၊ အဒိန္နာဒါနဆိုတာ ပိုင်ရှင်က ကိုယ်နဲ့ နှုတ်နဲ့မပေးတဲ့ သူတစ်ပါးပစ္စည်းကို မယူတာ၊ ဟုတ်ရဲ့လားဟေ့"

"မှန်ပါ့ဘုရား"

"နေ့တိုင်းတော့ ကာမေသုမိစ္ဆာစာရာ ကာမဂုဏ်မှုပေါ်မှာ မိုက်မှားသော အကျင့်ကို မကျင့်ပါဘူးလို့ ပြောတာ၊ အဲဒီတော့ ကာမဂုဏ်မိုက်မှားမှုဆိုတာ ဘာတွေတုံး၊ ခုနက ကာမပိုင်လေ၊ ကာမပိုင်မယားကလွဲလို့ တစ်ပါးသော သူတို့နဲ့ ကျူးလွန်တာကို ပြောတာ၊ အဲဒါတွေကတော့ တိရစ္ဆာန်အကျင့်သည် မိုက်မှားသော အကျင့်ထင်တယ်ဟေ့"

"မှန်ပါ့ဘုရား"

"သူတို့ကြိုက် ကြိုက်သလိုပဲ၊ ခွေးလောကမှာ တစ်လင်တစ်မယားစနစ်ဆိုတာ မရှိ၊ တိရစ္ဆာန်လောကမှာ တစ်လင်တစ်မယားစနစ်ဆိုတာမရှိ၊ တစ်ဖက်က ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ၊ သူကြိုက် ကြိုက်သလိုဟေ့၊တစ်ခါတလေ ကြက်မကြီးအော် ဘယ်လောက်ပြေးနေနေ၊ ကြက်ဖကြီးက လိုက်တာပဲဟေ့၊ သစ်ပင်ပေါ်တက်ပြေး၊ သစ်ပင်ပေါ်လိုက်တာဟေ့၊ အိမ်ခေါင်မိုးတက်ပြေး၊ အိမ်ခေါင်မိုးလိုက်တာဟေ့၊ တစ်ခါတည်းကို အဲဒီတိရစ္ဆာန်လောကက အဲလိုဟာမျိုး၊ အဲဒါ ကာမဂုဏ်မှာ ဓားပြတိုက်မှုလို့ခေါ်တာ၊ ကာမအနုကြမ်းစီးမှု၊ ကာမဓားပြတိုက်မှု၊ အဲဒါ မိုက်မှားသောအမှုလို့ ခေါ်တယ်။ အဲဒီတော့ ဒီကနေ့ တို့လူ့ဘဝရောက်လာတဲ့အချိန်မှာ ဒါမျိုးမရှိဘူးဆိုပြီးတော့၊ အဲဒီတော့ နှစ်ဖက်မိဘများက ကြည်ဖြူသဘောတူ ပေးစားထားတဲ့ ကာမပိုင်လင်၊ ကာမပိုင်မယားကလွဲလို့ တစ်ပါးသော၊ တခြားသော သူများနဲ့ ကျူးလွန်တာမှန်သမျှကို ကာမေသုမိစ္ဆာစာရသွင်းတယ်။ အမိစောင့်ရှောက်ခြင်း၊ အဘစောင့်ရှောက်ခြင်းလည်း တွဲပါသဗျာ။ အုပ်ထိန်းသူတွေ မကင်းတာတွေလေ၊ ယုတ်စွအဆုံး ပြည့်တန်ဆာမ ဖြစ်ပါစေ၊ ပြည့်တန်ဆာမ ပေါင်းခွင့်မပြုဘဲ မကျူးလွန်ရဘူး။ ကာမေသုမိစ္ဆာစာရ၊ ဒီအထိ ကန့်သတ်ထားတာ ဟုတ်ရဲ့လားဟေ့"

"မှန်ပါ့ဘုရား"

"အဲဒါက နေ့တိုင်းနေ့တိုင်း၊ အဲဒါ တိရစ္ဆာန်အကျင့်နဲ့ လူအကျင့်ကို ခွဲတာ၊ ဒီကနေ့တော့ မဟုတ်တော့ဘူး။ တို့ မြတ်သောအကျင့်ဖြစ်တဲ့ မဂ္ဂင်လမ်းကို သွားတော့မှာဖြစ်တဲ့အတွက် မိဘများက သဘောတူ

ကြည်ဖြူပေးစားထားတဲ့ ကိုယ့်လင် ကိုယ့်မယား ပုဆိုးတန်းတင် အကြင်လင်မယားသည်ပင်လျှင် မပေါင်းရဘူး။ အဲဒါကို အဗြဟ္မလို့ပဲထင်တယ်ဟေ့၊ ဟုတ်ရဲ့လား။ ကိုယ့်လင် ကိုယ့်မယား မပေါင်းနဲ့တော့၊ ဘာလို့ လူကို အဗြဟ္မလို့ဆိုသလဲ။ ဒီအကျင့်သည် ခွေးလည်းဖြစ်၊ လူလည်း ဖြစ်၊ တိရစ္ဆာန်မှန်သမျှ အကုန်လုံးဖြစ်တဲ့အတွက် အောက်တန်းစားအကျင့်ဖြစ်လို့ မမြတ်ဘူးလို့ပြော၊ ဒီအကျင့်နဲ့ ဒီအစွဲရှိရင် တို့အောက်ကိုပဲ ပြန်သွားမှာဖြစ်တဲ့အတွက် ဒီအကျင့်ကို မမြတ်ဘူးလို့ ပြောတာ၊ လင်စွဲသေ၊ လင်နား မကျွတ်မလွတ်၊ မယားစွဲသေ၊ မယားနား မကျွတ်မလွတ်၊ သားစွဲ၊ သမီးစွဲ၊ ပစ္စည်းစွဲ အစွဲတွေ မှန်သမျှ လင်မယားရပြီးမှ ပိုများတယ်။ လူလွတ်တုန်းက ဒီလောက်မများပါဘူး။အဲဒီတော့ မမြတ်တာ သူ့ကြောင့်၊ တို့စိတ်တွေ ယုတ်ညံ့လာတာလည်း သူ့ကြောင့်၊ တို့မိသားစု စားစရာမရှိရင် ညစ်သင့်ညစ်ရမယ်၊ လိမ်သင့်လိမ်ရမယ်၊ အမျိုးမျိုးအဖုံဖုံ လုပ်ရမယ်။ ကိုယ်စားဖို့ရာအတွက်ကို ထွက်ပေါက်တော့ ရှာရတော့မှာပဲ။ တကယ်လို့ မိဘနှစ်ပါးလက်အောက်မှာရှိတဲ့ သားသမီးဆိုရင် အဲလောက်ထိ မညစ်သေးပါဘူး။ ကိုယ်ကိုယ်တိုင်က အိမ်ထောင်ဦးစီးဖြစ်လာရင် ရှာကျွေးရမှာ ကိုယ့်တာဝန်၊ အဲဒီတော့ ညစ်ရမှာပဲ ခင်ဗျားတို့၊ ပိုက်ဆံမရှိလို့ သားလေးငါးလေး သူများဆီက ဝယ်မစားနိုင်ရင် ကိုယ်ကိုယ်တိုင်ပဲ ရှာရတော့မှာပဲ။ အဲသည်တော့ သည်လင် သည်မယားရယ်လို့ တစ်ခုတည်းသော ဒါ ငါ့လင်၊ ဒါ ငါ့မယားရယ်လို့ '၀' ကွက်လိုက်တဲ့ အချိန်ကစပြီး တို့စိတ်တွေ အကုန်ယုတ်တာ၊ စိတ်ထားတွေ ယုတ်ညံ့လာတယ်။ ဒါကြောင့်မို့လည်း အဗြဟ္မလို့ ပြောတာ၊ ဒီစိတ်ထားယုတ်ကြီးနဲ့သွားမယ်ဆိုရင် သေလည်း အယုတ်ဆိသွားမယ်၊ အမြတ်ဆိ မတက်နိုင်ဘူး။ ဒီတော့ ဘုရားသားသမီးပြောပြီး အထက်ကို မတက်ဘူး၊ အောက်ချည်းပဲဆင်းကုန်မှာ၊ဘုရားနဲ့အရိယာက အထက်တက်တဲ့ ဥစ္စာ၊ အောက်ဆင်းတာမှ မဟုတ်ဘဲနဲ့၊ ဟုတ်ရဲ့လားဟေ့"

"မှန်လှပါဘုရား"

"အဲဒီတော့ ဒီကနေ့အတွက်ကို သူ အစွဲကြီးလို့ ငါတို့တစ်တွေ ဒီလောက်ဒုက္ခရောက်တာ၊ အဲဒီတော့ လင်ကိုတော့ ပေါင်းကြပါ၊ မယားကိုတော့ ပေါင်းကြပါ၊ အစွဲလေးတော့ လျှော့ကြပါ၊ ဒါလေးအတွက်ကို ဒီကနေ့ အစွဲလျှော့ဆေးလေး လာသောက်တာ၊ အဆီများသွားလို့ အဆီလျှော့ဆေးတို့၊ ဝလွန်းတော့လည်း ပိန်ဆေးသောက်ရသလိုပေါ့၊ အခုလည်း အစွဲကြီးဝနေလို့ ခင်ဗျားတို့ ပိန်ဆေးသောက်ရမှာ၊ အဲဒီတော့ အစွဲပြတ်အောင်လို့ အဗြဟ္မစရိယသိက္ခာပုဒ်ကို ယူရတယ်။ ဘာဖြစ်လို့တုံး။ ဒီကနေ့ ဥပုသ်တော်သီလဗျ၊ နေ့တိုင်းလို မဟုတ်ဘူး။ ဘာဖြစ်လို့တုံး။ ဥပုသ်တော်က တို့တစ်နေ့က ပြောခဲ့ပြီးပြီ။ အာရုံလွတ်ရမယ်။ ဆိုလိုတာတော့ ဒီကနေ့အတွက်ကို ကာမအာရုံတွေမှန်သမျှ အကုန်လုံးပစ်ပယ်လိုက်ရမှာ၊ ရှိသမျှအာရုံက အကုန်အလွတ်ဖြစ်ရမှာ၊ အာရုံက ဆိတ်သုဉ်းနေတာကို ဥပုသ်၊ ခင်ဗျားတို့ ညနေထမင်းစားမှ မဟုတ်ဘူး၊ ရေတောင် အာရုံခံသောက်ရင် သွားမယ်။ ထမင်းစားရတာက နည်းနည်းတော်သေး၊ ဒီကနေ့ အတွက်ကို ရေသောက်တာတောင် အာရုံနောက်ကို လိုက် မသောက်ရဘူး။ မသောက်နဲ့၊ ဆာရင်သောက်လိုက်၊ တို့မနက်စားရင် လှည်းစာထိုးတဲ့ ဥပမာနဲ့ စားရမယ်။ ဘာကြောင့်လဲ၊ လှည်းမျှားအစာမထိုးရင် တအီအီ တကျွီကျွီမြည်တာ မဟုတ်ဘူးလားဟေ့၊ တို့ဗိုက်ကြီးရောအစာမထည့်ရင်၊ အဲဒီတော့ ဗိုက်ကိုပဲ အာရုံပြုစား၊ ဟင်းကိုသွားပြီး အာရုံပြု မစားရဘူး၊ အာရုံနောက်ကို လိုက်ကို မလိုက်ဘူး၊ မလိုက်ရဘူး၊ အာရုံနောက်မလိုက်ရဘူး၊ အာရုံကြီးက ကိုယ့်လျှာပေါ်တိုက်နေတဲ့ဥစ္စာ ဘယ်လိုလုပ်မတုံး။ အဲဒီတော့ သရဏဂုံနဲ့ အာရုံပြောင်းခိုင်းတာ၊ သရဏဂုံနဲ့ အာရုံပြောင်းခိုင်းတာကိုး၊ အိပ်ပျော်နေတုန်းကို ခြင်ကိုက်ခံရသလို ဖြစ်အောင်လုပ်ခိုင်းတာ၊ အိပ်ပျော်နေတုန်း ခြင်ကိုက်ခံရတော့ ဘယ်လိုနေတုံး။ ခြင်နောက်လိုက်သေးလား"

"မလိုက်ပါဘုရား"

"ငါ့နှယ်လိုက်သေးလား၊ 'ဘတ်'ခနဲရော"

"မပါ,ပါဘုရား"

"မပါဘူး။ အဲလိုဖြစ်အောင်ကို လုပ်ရမှာ၊ အဲဒီတော့ တို့ ဒီနေ့ဘယ်လောက်ပဲ ဟင်းတွေ၊ ထမင်းတွေ စားနေနေ သူ့ဆီ စိတ်မရောက်ရဘူး။ ဗိုက်တကွီကွီ တရီရီမြည်နေတဲ့ အဲဒီဗိုက်မှာ ဖြစ်နေတဲ့ ဝေဒနာသော်လည်းကောင်း၊ သို့မဟုတ် ဘုရားဂုဏ်တော်တစ်ခုခုသော်လည်းကောင်း တွက်ထားရမယ်။ အဲဒီအာရုံနောက်ကို မလိုက်ရဘူး။အာရုံသစ်ကလေးတွေအတွက်ကို ဆိတ်သုဉ်းရမယ်။ အာရုံလွတ်ရမှာကိုး။ သီလက တခြားနော်၊ ဥပုသ်ကတခြား၊ သီလက ကိုယ်နဲ့နှုတ်နဲ့ တာဝန်ယူတယ်။

ဥပုသ်က စိတ်ကို တာဝန်ယူရမှာ၊ ဒါကြောင့် သီလရဖို့ အလွန်လွယ်လှပါတယ်။ ဥပုသ်ရဖို့ တော်တော်လေးကို ကြိုးစားရပါလိမ့်မယ်။ စိတ်ကလေး အာရုံနောက် ပါမသွားအောင်၊ အမြင်အာရုံနောက် ပါမသွားရအောင် မျက်စိရှိမြင်လိမ့်မယ်၊ ဘာလဲ မစုံစမ်းနဲ့။ နားရှိ ကြားလိမ့်မယ်၊ ဘာလဲ မစုံစမ်းနဲ့။ နှာခေါင်းရှိ နံလိမ့်မယ်၊ ဘာလဲ မစုံစမ်းနဲ့။ စားစရာရှိ စားလိမ့်မယ်။ ထိမိတွေ့မိလိမ့်မယ်၊ ဘာလဲ မစုံစမ်းနဲ့။ အဲလောက်ကို သတိလေးနဲ့ဆိုင်ရာ တံခါးပေါက်က စောင့်တာ၊ ဥပုသ်စောင့်တာထင်တယ်။ မိမိစိတ်ကလေး အာရုံနောက် ပါမသွားအောင်လေ၊ အာရုံနောက်က ဘယ်သူဘယ်ဝါကောင်း၏ သိမ်းထားသလား၊ မှန်လှပါတဲ့။ ဘယ်နားသွား မှန်နေပါလိမ့်မတုံး။ ဆိုင်ရာတံခါးပေါက် သတိလေးနဲ့စောင့်တာ၊ မိမိအတွင်းက စိတ်ကလေး အာရုံနောက်ကို ပါမသွားအောင်၊ အာရုံနောက်က ကပ်ပါတဲ့ ဘယ်သူဘယ်ဝါကောင်း၏၊ ဆိုး၏၊ ကြိုက်၏၊ မကြိုက်ဘူး၊ အဲဒါဝင်ခွင့်မရအောင် စိတ်ကလေးကို မကပ်အောင် ဆိုင်ရာတံခါးပေါက်က သတိလေးနဲ့အစောင့်ချထားတာ၊ အဲဒါ ဥပုသ်စောင့်တာ၊ အဲဒီတော့ ဒီသတိလေးက ဘာနဲ့စောင့်ရမှာတုံး။ သရဏာဂုံတစ်ခုခုနဲ့ စောင့်ရမှာထင်တယ်။ သတိချည်းပဲ ရမလား”

“ဥပမာမယ် ဆိုကြပါစို့ဗျာ၊ ရဲစခန်းတွေ၊ တပ်စခန်းတွေမှာ တွေ့ဖူးလားအစောင့်၊ လူချည်းပဲစောင့်တာလား၊ လက်နက်ကြီးနဲ့ ကိုင်စောင့်တာလား”

“လက်နက်နဲ့ ကိုင်စောင့်တာပါဘုရား”

“အေး . . . လက်နက်နဲ့ကိုင်စောင့်မှ ကြောက်မှာပေါ့၊ လူချည်းပဲစောင့်လို့ ကိုယ်စောင်းတိုက်သွားမှာပေါ့၊ အဲလိုပဲဗျာ၊ အပ္ပမာဒသတိကလည်း သရဏာဂုံတစ်ခုခုကို ကိုင်ပြီးတော့ ပွားပြီးတော့စောင့်တာ၊ ဒါကြောင့်မို့ ခင်ဗျားတို့ လက်နက်ပေးထားတာဗျ။ အာရုံလွတ်ရမှာ၊ ညနေမျိုးတကယ်လို့ ရေသောက်လို့ဖြစ်စေ၊ ဥပုသ်သည်များဖြစ်ခဲ့ရင် အဖတ်ကို မသုံးရဘူးလို့ ဆိုပါသလားဗျား။ထန်းလျက်ကို အခဲလိုက် မစားရဘူး။ သကြားကို၊ သကြားလုံးကို အခဲလိုက် မသွင်းရဘူး။ သကြားဖြစ်ခဲ့သော် သံပရာရည်လေး အရည်ဖြစ်အောင်လုပ်၊ ဖန်တီးရတာ။ အခဲမြင်ရင် ခန္ဓာကိုယ်မှာ တောင့်တင်းခိုင်မာမှုဆိုတဲ့ တဏှာမာန် ဝင်မှာစိုးလို့လေ၊ အရည်လေးသောက်ရမှာ၊ ထန်းလျက်ဖြစ်ခဲ့ရင် မန်ကျည်းရည်လေးပေါ့။ အဲဒါ မကျည်းနှစ်တောင်မပါရဘူး။ တို့ အဲဒါလေးကို အနာဆီလူးတဲ့ ဥပမာနဲ့သွားရမှာ၊ အနာများ ဆီမလူးရင် တဖျင်းဖျင်းမနေဘူးလား၊ တို့လည်း စားနေကျကိုး၊ အဆာခံထားရင် အစာအိမ်က တဖျင်းဖျင်းနေလိမ့်မယ်၊ အဲဒီ တဖျင်းဖျင်းသော်လည်း ကောင်း၊ အာရုံကို ချိုတဲ့နောက်ကို မလိုက်နဲ့၊ ဖျော်ရည်လာလိမ့်မယ်၊ဟိုက အတွေးက၊အရင်တုန်းက အတွေးကပြောလိမ့်မယ်၊ ဖျော်ရည်သည်က အော်လာလိမ့်မယ်၊ ဖျော်ရည်တော်တော်လေး ကောင်းတယ်နဲ့၊အတွေးကလေး၊ ဖျော်ရည်သည် ဝင်လာလိမ့်မယ်။ အဲ . . . ဖျော်ရည်သည် ဝင်မလာအောင် ခင်ဗျားတို့မှတ်ရမှာဗျ။ အရင်ကသောက်ခဲ့တဲ့ ဖျော်ရည်တွေက အတွေးနဲ့ ဝင်မလာဘူးလား။အဲဒါ ဖျော်ရည်သည်ကြီး ဝင်လာတာဗျ။ သံပရာရည်သည် ဝင်လာလိမ့်မယ်ဗျ၊ ထန်းလျက်သည်တွေ ဝင်လာလိမ့်မယ်ဗျ။ အဲဒါဝင်မလာရအောင် မှတ်ရမှာ၊ သံပရာရည်ဆိုတဲ့ အတွေးကို ဝင်ခွင့်မရအောင် မှတ်ရမှာဗျ။ အဲဒီတော့ ဒီအစာအိမ်လေးရဲ့ တဖျင်းဖျင်းဖြစ်နေတာလေးကို အာရုံပြု၍ဖြစ်စေ၊ သို့မဟုတ် သရဏာဂုံလက်နက်တစ်ခုခုနဲ့ သုံးလိုက်လို့ရှိရင်တော့ လျှာထိပ်၊ အံထိပ်ထင်တယ်ဟေ့၊ ဖျော်ရည်ကို သောက်လိုက်တဲ့အချိန်လေ။ လျှာနဲ့အရသာခံမှာ မဟုတ်ဘူးလား။ အဲဒီနေရာ သတိလေးနဲ့ အစောင့်ချထားရမယ်။သောက်ရင် သောက်တယ်၊ သောက်တယ်၊ သောက်တယ်ပေါ့။ မျိုရင်၊ မျိုတယ်၊ မျိုတယ်ပေါ့။ သို့မဟုတ် သရဏာဂုံ တစ်ခုခုပွားပေါ့၊ အဲဒီဖျော်ရည်ရဲ့ အရသာနောက်က မန်ကျည်းဖျော်ရည်၊ သံပရာဖျော်ရည် ဘယ်လောက် ကောင်းတယ်၊ ဘယ်၍ကောင်းတယ်၊ ကြိုက်တယ်၊ မကြိုက်ဘူး၊ ဒီတစ်ခါ နည်းနည်းပေါ့သွားတယ်။ဒီတစ်ခါ နည်းနည်းငန်လာတယ်၊ အချိုက ဘယ်လိုလေးနဲ့၊ အဲဒါဝင်ခွင့်မရအောင် မှတ်ရမှာ၊ အရသာမခံဘူး၊ အာရုံနောက် မလိုက်ရဘူး၊ အဲလိုလေးကို သတိလေးကို အစောင့်ချထားတာကို ဥပုသ်လို့ခေါ်တယ်။ ဟုတ်ရဲ့လားဟေ့”

“မှန်ပါ့ဘုရား”

“အဲဒီ ဥပုသ်ရဖို့ရာအတွက်၊ အာရုံဆိတ်ငြိမ်အောင်အတွက်၊ အာရုံဆိတ်သုဉ်းအောင်အတွက် ဒီကနေ့ အတွက်ကို လင်ခန်း၊ မယားခန်း ဖြတ်လိုက်ရတာ၊ လင်ခန်း မယားခန်း မဖြတ်လို့ရှိရင် ဒီအာရုံက မီးပွားတွေရော အကုန်သွားတော့မှာပေါ့။ အဲဒီတော့ ဒီနေ့ လင်ခန်း၊ မယားခန်း ဖြတ်လိုက်ရတယ်။ ဖြတ်လိုက်ပြီ။ ဖြတ်လိုက်တဲ့အတွက် ဒီကနေ့ နံပါတ်ခြောက် တိုးယူရတယ်ဗျ။

နေ့တိုင်းထက် ဝိကာလဘောဇနာ၊ ဒီနေ့ ညစာမစားနဲ့၊ ဖြတ်လေးဖြတ်ဗျ။ ညစာစား ဘာဖြစ်သလဲမေးမှာ၊တဏှာ ထကြွလာမှာပေါ့။ အိမ်စားနေကျ စားရရင်လေ၊ ရဟန်းများက ဘာလို့ ညစာ မစားရတုံး။နေ့စာက နေ့အတွက်ကို ဖူလုံတယ်။ တစ်နေ့တာ ခိုင်းဖို့ရာအတွက်ကို မနက်စာ၊ နေ့စာက တာဝန်ယူပါတယ်။ ညစာက သူက ဘိန်းမည်းက ဘိန်းဖြူချက်သလို တစ်ညလုံး အိပ်ပျော်ပြီးတော့ ဒီအဆီလေးကို သုတ်သွေးအဖြစ်ကို ရောက်အောင် သူက ပို့ပေးရတယ်။ ချက်ရတာ၊ တစ်ညလုံး ညစာစားပြီးရင် အဲဒီညစာက သုတ်သွေးအဖြစ် သိုလှောင်တဲ့အစာ၊နေ့စာက ခင်ဗျားတို့ တစ်နေ့တာ အလုပ်လုပ်ဖို့စား၊ အစာနှစ်မျိုးခွဲရတယ်။ အဲဒီတော့ ရဟန်းများမှာ သုတ်သွေးဖြုန်းတီးမှု မရှိရအောင်၊ သုတ်သွေးလွန်မှု မရှိရအောင် ညစာ ရဟန်းများက ပယ်ပစ်တာ၊ သင်းသတ်တာ၊ သင်းသတ်တာ၊ ဟုတ်တယ်ထင်တယ်”

“မှန်လှပါဘုရား”

“နွားသိုးသင်းသတ်တာဗျ၊ အဲ. . ညစာစားရင် ညစာက နှပ်တာမဟုတ်ဘူးလား။ တစ်ညလုံးအိပ်ပြီးတော့ အဲဒါ အဆီထုတ်တာ၊ အဆီထုတ်တာ၊ ညအိပ်တာ၊အဲဒါ အဆီထုတ်တာဗျ။ နေ့စာက ခင်ဗျားတို့ နွားနဲ့ရှုန်းဖို့ဗျ။ တစ်နေ့စာအတွက်က တစ်နေ့နဲ့လုံတယ်။ ညစာက အဲဒီ အတွက်၊ ဒါကြောင့် ရဟန်းများက နေ့စာစားရင် သူ့အားထုတ်ဖို့ရာအတွက် လုံလောက်တယ်။ဟိုဟာအတွက် မပါရအောင်လို့၊ ရဟန်းများက ဟိုဟာအတွက်ကို ပယ်ရတာ။ သဘောပေါက်ပြီလား။ မှတ်ထားဗျ။ အဲဒီတော့ တို့ဥပုသ်သည်တွေကျတော့ ဘုန်းကြီးတွေလိုမှ နေ့တိုင်းမှ မဟုတ်တာ။ တစ်ရက်ဘုန်းကြီးလေးလား၊ ခင်ဗျားတို့ က တစ်သက်ဘုန်းကြီးမှ မဟုတ်တာ၊ အဲဒီတော့ ညကျရင် ညစာစားရင် ဟိုလိုဖြစ်သွားမှာပါ။ အဲဒီတော့ ဟိုလို မဖြစ်အောင် ဒီလိုလုပ်ထားရတာပေါ့။ အဲဒီတော့ ညစာ မစားရတာ အဗြဟ္မစရိယသိက္ခာပုဒ်ရဲ့ ကြားခံဗျ။ ဒီ အဗြဟ္မစရိယ သိက္ခာပုဒ်ယူလို့ ညစာကို မစားရတာဗျ။ ဒါ အဗြဟ္မစရိယ သိက္ခာပုဒ်ရဲ့ ကြားခံမဟုတ်ဘူးလား။ သဘောပေါက်ပြီလား”

“ပေါက်ပါပြီဘုရား”

“ညစာမစားတာ တဏှာမကြီးအောင်လို့၊ ဒီ အဖြေ၊ တဏှာကြီးတာက ဘာဖြစ်မှာတုံး။ ကိုယ့်အကြင်လင်မယားဗျ။ ထပြီး ကျူးလွန်လိုက်လို့လည်း ဘယ်သူမှ မအော်ဘူး ခင်ဗျားတို့၊ မြန်မြန်လေးနဲ့ ဥပုသ်ထွက်သွားမှာ ခင်ဗျားတို့၊ ဘေးလူဆိုတာတော့ ထအော်ချင်အော်မှာကိုး။ ကိုယ့်လင်နဲ့ ကိုယ်မယား မအော်ဘူးဗျ။ လွယ်လွန်လွန်းလို့ကို။ ဒါကြောင့်မို့ ညစာကို နုတ်ထားလိုက်တာ၊ ဒါဖြင့် ညစာနုတ်ထားလိုက်ရ၊ အဲဒီတော့ အစာပြတ်နေရင် ရှိသမျှတဏှာတက္ခ တဏှာထဲမှာ ရသတဏှာ အဆိုးဆုံးလေ။ ရသတဏှာက ဓာတ်ခဲနဲ့တူတယ်။ ကျန်တဲ့တဏှာတွေက မီးစာနဲ့တူတယ်။ ဓာတ်ခဲအားမှ မရှိဘဲ၊ ကျန်တဲ့မီး ဘယ်ဟာမှ မပွင့်ဘူး။ ဒါကြောင့်မို့ ဓာတ်ခဲတွေ ထုတ်ထားရတာ၊ မပွင့်တော့ဘူး၊ အဲဒီတော့ အဲဒီတဏှာက အထောက်အပံ့ဖြစ်မှာစိုးလို့၊ ဒီအဗြဟ္မစရိယသိက္ခာပုဒ်ကြီး စိတ်က ကြံစည်မိရင် ညှိုးသွားတော့မယ်။ နှုတ်ဖွင့် ကိုယ်လုံ့ဆိုရင် ကျိုးတော့မယ်။ အဲဒီတော့ မကျိုးအောင်၊ မညှိုးအောင်လို့ ဒီကနေ့အတွက်လေ။ ဒီ ညစာကို မစားရတာ။ အဲဒီတော့ ညစာစား ဘာဖြစ်သလဲ မေးတတ်ပါဗျ။ မေးရင် ဖြေတတ်ရမယ်။ ကိုယ်ကိုယ်တိုင် ကလည်း ညစာမစားရခြင်းရဲ့ အကြောင်းကို သိထားမှ၊ စေတနာပါမှ မျိုးစေ့ဖြစ်မှာ မဟုတ်ဘူးလား။ စေတနာ ကလည်း သဘောပေါက်မှ စေတနာပါမှာ မဟုတ်ဘူးလား။ အဓိပ္ပါယ်သိလို့ သဘောပေါက်မှ စေတနာပါမှာပေါ့။ စေတနာပါမှ တစ်ရက်စောင့်ရင် တစ်ရက်စောင့် သလောက် စေတနာရဲ့တန်ဖိုး၊ ဥပုသ်ရဲ့တန်ဖိုး တို့ရမှာပေါ့။ အဲဒီတော့ ညစာဘာလို့ မစားတုံးဆို၊ အဗြဟ္မစရိယ သိက္ခာပုဒ် ညှိုးမှာစိုးလို့၊ ကျိုးမှာစိုးလို့၊ မကျိုးတောင် ညှိုးနိုင်တယ်။ အဲဒီအတွက်ကို ညစာမစားရတာ။ နံပါတ် ‘တစ်’လေ။ နံပါတ် ‘နှစ်’က ဝိကာလ ဝိဆိုတာထို၊ ကာလ ဆိုတာအချိန်၊ အဲဒီတော့ မနက် ၅-နာရီက နေ့ ၁၂-နာရီအတွင်းက စားမှု၊ သောက်မှု၊ ချက်မှု၊ ပြုတ်မှု ဗာဟိရ ကိစ္စနဲ့ သာမန်အချိန် အမှတ်မလွတ်အောင်လုပ်၊ သာမန် အမှတ်မလွတ်ရုံလုပ်၊ ဟော နေ့ ၁၂-နာရီက မနက် ၅-နာရီ၊ ၁၇-နာရီလုံးလုံး၊ တစ်ပတ်လုံးလုံး တင်းထားတဲ့ တဏှာတွေ၊ တစ်ပတ်လုံး တင်းထားတဲ့ဒေါသတွေ၊ တစ်ပတ်လုံးလုံး မေ့တိမေ့လျော့ နေခဲ့တဲ့မောဟတွေ၊ အဲဒါတွေကို အကုန်လုံးဖယ်ထုတ်ရမယ်။ အထူးချိန်၊ စစ်တပ်နဲ့ဆို ရှေ့တန်းကိုသွားတာ၊ ဒီကနေ့မနက် ၅-နာရီမှ ၁၂-နာရီထိပေါ့လေ။ အဲဒီအချိန်ထိတော့ ကိုယ့်တပ်တွင်းရောက်နေတဲ့ အချိန်မှာ အစောင့်လေးဘာလေး ရှိရုံပေါ့၊ သတိမလွတ်ရုံ၊ ဟုတ်ရဲ့လား”

"မှန်ပါ့ဘုရား"

"ဟိုဘက်ကတော့ အထူးအထူး၊ ကိုယ့်စိတ်မှာ ရှိနေတဲ့ အစွဲလွတ်နေတဲ့ဟာတွေ ဖြစ်ခဲ့ရင် ပွားရာကပါး၊ ပါးရာကနည်း၊ နည်းရာက စဲသွားတဲ့အထိ ပယ်ရမှာ၊ မပယ်နိုင်ရင် ခင်ဗျားတို့ နောက်လ ဒီထက်စုမိမယ်။ နောက်နှစ် ဒီထက် စုမိမယ်။ အဲ. . သေခါနီးကို ဒီလောက် စုမိနေရင် စွဲရာစွဲရာ ပါသွားမှာပေါ့။ ခင်ဗျားတို့ စွဲရာမပါ ရအောင်လို့၊ အားနည်းအောင်လို့ ဟိုက ဖြတ်တောက်ခိုင်းနေတာ။ အဲဒီတော့ တစ်ပတ်လုံးလုံး တို့ ဒီကနေ့ စ-ရက် ဟုတ်လား၊ လဆန်း၊ လကွယ်နေ့တုန်းက ဥပုသ်စောင့်ပြီးပြီလေ၊ အဲဒီတော့ လဆန်း ၁-ရက်နေ့က စနေပြီးတော့ ကာမဂုဏ်နဲ့ ကာမကိစ္စကို စာရင်းလုပ်ရတာ မဟုတ်ဘူးလား။ အဲဒီတော့ ၇-ရက်ထိ လုပ်ခဲ့ထားတာကို ဒီကနေ့ တစ်ရက်တည်းနဲ့ ကြေအောင်ခြေရမှာ။ ကြေအောင် ခြေ ခင်ဗျား"

"မှန်ပါ့ဘုရား"

"အဲဒီတော့ သာသာလေးနဲ့ ရမလား၊ ခွေအိပ်နေရုံလေးနဲ့ ရမလား၊ မရဘူး။ အဲဒါ အထူးကို အားထုတ်ရမှာဖြစ်တဲ့အတွက် အထူးချိန်၊ အဲဒီအချိန်လေးကို ညနေစာချက်ဖို့၊ ပြုတ်ဖို့ လုပ်ရမယ်။ ရေခပ်ဦးဟဲ့၊ ထင်းသယ်ဦးဟဲ့၊ ဆန်ရွေးဦးဟဲ့၊ ဆန်ဆေးဖို့နဲ့ ကိစ္စတွေမများဘူးလား"

"များပါတယ်ဘုရား"

"ကိစ္စများမှာစိုးလို့ ညစာကို ရှောင်လိုက်ရတယ်။ တစ်ထပ်မစားရလည်း ဘာမျှမဖြစ်ဘူး။ လုပ်ဖို့ ကိုင်ဖို့ကတော့ စီးပွားရေးလုပ်ဖို့ရာတော့ မနက်တစ်ထပ်နဲ့ပြီးတယ်။ ညတစ်ထပ်က ခုနက သုတ်သွေးကို သိုလှောင်တာ။ အဲဒီတော့ သိုလှောင်တာကို ပယ်လိုက်တော့၊မသေနိုင်ဘူးဆို ရှောင်ရတာ။ ကိစ္စများမှာစိုးလို့ထင်တယ်။ ညစာ ဘာကြောင့် မစားသလဲလို့မေးရင် ကိစ္စများမှာစိုးလို့၊ ကိစ္စနည်းအောင်လို့၊ ဒီတော့ တို့ နေ့ ၁၂-နာရီက နောက်နေ့မနက် အရုဏ်တက်ထိဆိုရင် ၁၇-နာရီလား၊ အေး-၁၇-နာရီက အထူးချိန်၊ မအိပ်မနေ တိုက်ရမှာ ဟုတ်ရဲ့လား"

"မှန်လှပါဘုရား"

"အိပ်ချိန်ဆိုတာ ဥပုသ်သည် မရှိစေရဘူး။ အိပ်ခါမှသာအိပ်၊ တတ်နိုင်သလောက်၊ ဥပမာမယ်၊ အိပ်ချင်တာလေး သမ်းလာတာတောင် ၅-မိနစ်လောက်တော့ တိုးပြီး ခိုင်းစမ်းပါ။ ကိုယ့်စိတ်ကို၊ စိတ်က အိပ်ချင်တယ်ပြောတိုင်း ခွေပစ်လဲ့၊ မအိပ်လိုက်ပါနဲ့၊ ဒီလောက်ကလေးတော့ လုပ်လိုက်စမ်းပါဦး၊ ခိုင်းပေး၊ နည်းနည်းလေးပေမယ့် အဆစ်တောင်း၊ ဒီကနေ့လေ။ နိုင်သလောက်ကလေး၊ မှတ်ခဲ့။ ဒီကနေ့ ဟုတ်ရဲ့လားဟေ့"

"မှန်လှပါဘုရား"

"အဲလောက် လုပ်ရမယ်။ အဲဒီတော့ တို့အထူးချိန် ၁၇-နာရီအတွင်းကို အအိပ်များမှာစိုးလို့၊ ညစာစားရင် ညကျ ဗိုက်လေးပြီး မအိပ်ချင်ဘူးလား။ ပြီးတော့ ရသာရဲ့ အဆီအဆိမ့်တွေ တက်လာပြီး မအိပ်ချင်ဘူးလား"

"အိပ်ချင်ပါတယ်ဘုရား"

"အေး . . အိပ်ချင်မှာစိုးလို့ ညစာရှောင်ရတာ၊ အဲဒီတော့ ညစာဘာကြောင့် ရှောင်ရသလဲဆိုရင် တဏှာနည်းအောင်လို့၊ ကိစ္စနည်းအောင်လို့၊ အအိပ်နည်းအောင်လို့၊ အဲဒီသုံးခုကြောင့် ညစာလျှော့လိုက်တာ။ အဲဒီတော့ တို့ ဥပုသ်စောင့်တယ်ဆို၊ ဥပုသ်စောင့် ဘာလုပ်ရလဲမေးလိမ့်မယ်။ သားသမီးတွေက၊ ညစာမစားရတာပေါ့၊ အဲဒီတော့ ညစာစားတော့ ဘာဖြစ်တုံး။ ငရဲကြီးတာပေါ့။ အဲဒီတော့ စပ်စုတဲ့ ကလေးတွေက မနက်စာတော့ ငရဲမကြီးဘူးလားဆိုတော့ ဘယ်လိုဖြေရမှာတုံး။ မဖြေတတ်တော့ နင့်အရာလား၊ နေရာတကာစပ်စုတဲ့ ကလေးနဲ့၊ ကိုယ်မဖြေတတ်တော့ မဖြေဘူး၊ သူများမာန်တော့မှာ၊ ဟုတ်ထင်တယ်။

အေး . . အဲဒါအတွက်ဗျ၊ ညစာ မစားရတာလေ။ အဲဒီတော့ ရည်ရွယ်ချက်သိတော့၊ဩော်. . ညစာ ဒါကြောင့် ရှောင်ရတာပဲလို့ သိရင် ရှောင်တတ်သွား၊ သို့မဟုတ်ရင် ဝိကာလဘောဇနာဆိုပြီး နောက်က လိုက်လာတာ၊ဘာမှန်းမှ မသိဘဲနဲ့။ အဲဒီတော့ ဘယ်လိုလုပ်လို့ လုပ်ရမယ်မှန်း မသိဘူး။ ညစာလည်း မစားဘူး။ ညကျတော့ ခွေအိပ်တယ်။ အဲဒီတော့ ညစာမစားရတဲ့ ရည်ရွယ်ချက်အောင်ပါ့မလား"

"မအောင်ပါဘုရား"

"မအောင်ဘူး၊ညစာလည်း မစားဘူး။ အဲဒီတော့ ကြပ်ကြပ်ဆာလေ ခွေအိပ်လေပဲ၊ ပိုဆိုးသေး။ ကြပ်ကြပ်ဆာလို့များ သရဏဂုံပွားမလား အောက်မေ့တာ၊ ခွေအိပ်ပစ်တာ၊ ဗိုက်ပဲသွားသွားပြီး သတိရနေလွန်းလို့လေ။ သတိမရအောင် မေ့အောင် ခွေအိပ်ပစ်လိုက်တာ၊

သရဏာဂုံနဲ့ ညစာကို ဆာနေတာကြီး ကျော်မလား အောက်မေ့တော့ ခွေအိပ်ပြီး ကျော်ပစ်လိုက်တာထင်တယ်။ ဟုတ်လားဗျ ခင်ဗျား၊ ညကျတော့ ကြပ်ကြပ်ကို ဆာလာပြီ။ ရေထသောက်လေ ပိုဆာလေပဲ၊ ညစာ ဆာလို့မျှား ထန်းလျက်မစားနဲ့ဗျာ။ ပိုရင်ပူလာသေး၊ အဲဒါ သရဏာဂုံနဲ့မှ မကျော်ရင် မရဘူးဗျ။ အဲဒီတော့ သရဏာဂုံနဲ့ မကျော်ပါဘဲနဲ့ ဘာလုပ်တုံးဗျ။ ခွေပစ်လဲအိပ်လိုက်တာ၊ အဲဒီတော့ မေ့သွား၊ ဟော-ပျောက်သွားရော၊ မဟုတ်ဘူး။ ရည်ရွယ်ချက်ကတော့ အအိပ်နည်းအောင်လုပ်တာ၊ ညစာ မစားရတဲ့ ရည်ရွယ်ချက်”

“တို့ ရန်ကုန်မှာ ရှေးခေတ်ပေါ့၊ အခုတော့ မဟုတ်ဘူးပေါ့၊ ဒရဝမ်အစောင့်တွေ၊ ညကျရင် ဘာမျှ မစားလို့ နို့လေးတစ်ခွက်နဲ့ ပေါင်မုန့်၊ ဘာဖြစ်လို့ဆိုတော့ အိပ်ပျော်သွားမှာစိုးလို့၊ နောက်ရက်မနက်ကျမှ ကျကျနန စားတယ်။ နေ့ကျအိပ်တယ်။ အဲလိုလုပ်တယ်။ အဲဒီတော့ ညစာစားခြင်းသည် အအိပ်ကို ကြီးစေနိုင်တယ်။တဏှာကို ကြီးစေနိုင်တယ်။ ကိစ္စလည်း မျှားစေနိုင်တဲ့အတွက် အဲဒီ ညစာလေးတစ်ထပ်လွှတ်လိုက်ပါ။ ဒါ အပြဟ္မစရိယ နံပါတ် ‘၃’ကြောင့် နံပါတ် ‘၆’ပိုယူရတာထင်တယ်။ ဟုတ်ရဲ့လားဗျ”

“မှန်လှပါဘုရား”

“ပြီးတော့ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းလည်း နောက်ဆုံးကျတော့ ဝိဘူသနဌာနာဆိုတာ ပါပြီးသားပါ။ ကခြင်း၊ တီးခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဒါ ကိုယ်ကိုယ်တိုင် လုပ်တာ၊ ကြည့်ရှုခြင်း၊ နားထောင်ခြင်း၊ မင်းသမီး၊ မင်းသားကြည့်မှ မဟုတ်ဘူးနော်။ ကိုယ့်သမီး ကိုယ့်သားကြည့်ရင်လည်း တဏှာထကြွသွားနိုင်တာပဲ။ ကိုယ့်သား ကိုယ့်သမီး အဆင်ပြေရင် သောမနဿဖြစ်မှာပဲ။ အဆင်မပြေတာတွေ့တော့ ဒေါမနဿဖြစ်မှာပဲ။ အဲဒီတော့ မင်းသမီး၊ မင်းသား ကြည့်မှ မဟုတ်ဘူး။ ကိုယ့်သမီး ကိုယ့်သားကြည့်မှ ဖြစ်မှာ၊ ဒီနေ့အတွက်တော့ ဖြစ်နိုင်ရင် မျက်လုံးပိတ်ထားတာ အကောင်းဆုံးပဲ။ အာရုံနောက်မလိုက်တာ အကောင်းဆုံးပဲ။ အဲဒီတော့ ကခြင်း၊တီးခြင်း၊ သီဆိုခြင်း၊ ကြည့်ရှုခြင်း၊ နားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊အထူးထူးခြယ်လှယ်ခြင်း၊ ဓာရဏာ ဆောင်ခြင်းတို့ဟာ ရေမွှေးတွေဘာတွေ ဆောင်ခြင်းပေါ့။နောက် ဝတ်ကောင်းစားလှတွေ ဝတ်ခြင်း၊ ဒါတွေ မလုပ်ရဘူးတဲ့။ လုပ်ရင် ဘာဖြစ်တုံး။ဝိဘူသနဌာနာ ကခြင်းရဲ့ အကြောင်းဖြစ်လို့ ကိုယ်ကိုယ်တိုင်ကလည်း ဒီအမွှေးနံ့သာကို ခြယ်ကတည်းက ကိုယ်ကြိုက်လို့ခြယ်တာ၊ ဒီလိုခြယ်ပြီး ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို သာယာနေတတ်တယ်။ ဘေးတွေကရော ကိုယ့်ကို ကြည့်ပြီးတော့ ပြင်ဆင်ထားလို့ရှိရင် သွားပြီး သာယာတပ်မက်ပြစ်မှားနိုင်တယ်။ အဲဒီတော့ မိမိပြင်ဆင်ထားတဲ့အတွက် သူတစ်ပါးရော ကိုယ့်ကြောင့် အကုသိုလ်မဖြစ်နိုင်ဘူးလား။ သူတစ်ပါးက မိမိစော်ကားရင် မိမိရော မိမိသီလမည်းနိုင်ဘူးလား။ နှုတ်နဲ့ စော်ကားလည်း ညှိုးမှာပဲ။ ဒေါသဖြစ်ရင်ဖြစ်၊ မဖြစ်ရင် လောဘဖြစ်မှာပဲ။ အဲဒီတော့ ဒီကနေ့အတွက်ကို အဲဒါတွေကို စီမံလိုက်လို့ရှိရင် ဝိဘူသနဌာနာ တပ်မက်ခြင်းရဲ့ အကြောင်းဖြစ်တယ်။ တပ်မက်စိတ်တွေပေါ်လာရင် နံပါတ် ‘၃’ သိက္ခာပုဒ်မည်းနိုင်ဘူးလား။ ဒီထက်မျှား အားကြီးလာလို့ရှိရင် ကျိုးနိုင်တယ်။ နှုတ်ပွင့်လာခဲ့ရင်ကို ကျိုးပြီ။ ကိုယ်ထိလက်ရောက်ဖြစ်ရင် ပို၍ ကျိုးပြီ။ ဟုတ်ရဲ့လားဟေ့။ နံပါတ် ‘ခုနစ်’ကရော နံပါတ် ‘သုံး’ကြားခံ မဟုတ်ဘူးလား။ နံပါတ် ‘သုံး’ယူလို့ ဒီကနေ့ကြား၊ သူလည်း တဏှာကြီးမှာစိုးလို့ ထင်တယ်ဟေ့။ သဘောပေါက်ပြီလားဗျာ”

“ပေါက်ပါပြီဘုရား”

“နံပါတ် ‘ရှစ်’ကတော့ ဥစ္စာသယန မဟာသယနာ၊ ဥစ္စာသယနဆိုတာ ဥစ္စာနဲ့ သယနက နှစ်ခု၊ မဟာသယန မဟာတစ်ခု၊ သယနကတစ်ခု၊ ဥစ္စာဆိုတာ မြင့်တာ၊ သယနက အိပ်ရာနေရာ၊ မဟာက မြတ်တာ၊ သယနက အိပ်ရာနေရာ၊ မြင့်တဲ့ အိပ်ရာနေရာ၊ မြတ်တဲ့ အိပ်ရာနေရာ မနေရဘူး။ တို့ ဒီလိုဘုရားဟောတာ၊ဘုရားကိုယ်စားဖြစ်တဲ့အတွက် ဘယ်လောက်မြင့်မြင့် မိုးထိုးနေနေ၊ ကိုယ်ကိုယ်တိုင် နေလို့ရှိရင် ရဟန်းတစ်ပါးရဲ့ နေရမယ့် အမြင့်သည် ရှစ်လက်မထက်မပိုရ၊ ရှစ်လက်မပဲရှိရမယ်။ ဥပုသ်သည်တစ်ယောက်လည်း နေမယ်ဆိုအောက်ရှစ်လက်မပဲ ရှိရမယ်။ သလွန်ဖြစ်ခဲ့ရင်လေ။ ဟိုသရက်ပင်အောက်ထားတဲ့ ဒုန်းတုတ်လို့ ခေါ်တဲ့ဟာကျတော့ ဘူမိဝိဘာဂနဲ့ မြေနဲ့အလားတူတဲ့အတွက် မြေနဲ့ ဘယ်လောက်မြင့်မြင့်တဲ့။ ကျောင်းအထက်ကလည်း မြင့်တာပါပဲ။ သို့သော် မြေအရာကို တည်တဲ့အတွက် သူ့ကို ဘယ်လောက်မြင့်မြင့်၊ ကိုယ်နေမယ့်သလွန်ဖြစ်ခဲ့ရင် ရှစ်လက်မထက် မပိုရဘူး။ ဟုတ်ရဲ့လားဗျာ”

“မှန်ပါ့ဘုရား”

"ကိုယ်နေဖို့ကျတော့လေ၊ တို့စာကတော့ လက်ရှစ်သစ်လို့ ပြောသဗျား၊ အဲဒီတော့ ဥပုသ်သည်မှန်သမျှ ဒီကနေ့ မြင့်တဲ့နေရာ မနေရဘူး။ နေဘာဖြစ်တုံး။ မာနတက်မှာပေါ့။ ကြည့်စမ်း၊ ဒင်းတို့ ငါနဲ့တူသလား။ ဘုရင်ဖြစ်ပါစေ၊ အဲဒီဘုရင်ဟာ ဒီကနေ့အတွက်ကို ပလ္လင်တို့ သလွန်တို့ မသုံးတော့ဘူး။ ရာဇမာန်ဆိုတာ ဝင်လာမှာစိုးလို့၊ ရာဇမာန်ဝင်လာရင်ရော အာရုံ လုံပါဦးမလား"

"မလုံပါဘုရား"

"မလုံတော့ဘူး။ အာရုံက ပါတော့မှာလေ၊ ဒီကနေ့အတွက်ကို ရာဇာမာန်ဝင်မှာစိုးလို့ သလွန်ညောင်စောင်းတွေကို အကုန်ပယ်ရတယ်။ပလ္လင်တွေ အကုန်ပယ်ရတယ်။ သူ့ဥပုသ်ဆောင်လို့ သတ်မှတ်ထားတဲ့ နန်းကြမ်းပြင်ပေါ်မှာ ဝတ်ကောင်းစားလှ မရှိပါဘူးဗျာ။ ရေလဲလေးဝတ်ပြီး ရေလဲပုဆိုး၊ ဝတ်လဲတော် ပုဆိုးလေ၊ကြမ်းခင်းပြီးတော့ကို ရာဇမာန်ချပြီး အဲလိုနေရတယ်။ ဒီကနေ့အတွက်၊ မိဖုရားတွေနဲ့ အဆက်ဖြတ်၊ အာရုံနောက်ကို ပါမှာစိုးလို့လေ။ အဲလိုကျင့်ရတယ်။ မြင့်တဲ့နေရာနေရင် မာန်တက်မှာလေ။ မြတ်တဲ့နေရာဆိုတာ ရှေးခေတ်ကသားမွေးကော်ဇောကြီးတွေ အိခန် ငြိမ့်ခနဲဇိမ်ခံတွေပြောတာပေါ့ဗျာ။ အခုခေတ်တော့ မ္ဍိတွေနဲ့၊ စပရိန်တွေနဲ့ တပ်ထားတဲ့မွေ့ရာ၊ ကော်ဇောတွေ မရှိဘူးလားဗျာ"

"ရှိပါတယ်ဘုရား"

"အဲလို အိခန် ငြိမ့်ခနဲ ဇိမ်ခံပစ္စည်းမသုံးနဲ့၊ ဟုတ်ရဲ့လား။ ဘာဖြစ်လို့တုံး။ ဒီလိုမြတ်တဲ့နေရာနေတော့ တဏှာထကြွမလာနိုင်ဘူးလား"

"လာနိုင်ပါတယ်ဘုရား"

"တဏှာထကြွရင် နံပါတ် 'သုံး'သိက္ခာပုဒ်မည်းနိုင်ဘူးလား၊ အားမရရင်တော့ ကျိုးကိုကျိုးမယ်။ အဲဒီတော့ နံပါတ် 'သုံး'သိက္ခာပုဒ်ကြောင့် နံပါတ်'ရှစ်'လည်းထပ်ကူးယူရတယ်ထင်တယ်ဟေ့။ အဲဒီတော့ နံပါတ် 'ခြောက်'၊ နံပါတ် 'ခုနစ်'၊ နံပါတ် 'ရှစ်'ဒီသိက္ခာပုဒ်သုံးပုဒ်သည် နံပါတ် 'သုံး'ရဲ့ ကြားခံမဟုတ်ဘူးလား။ အဲဒီတော့ ဒီကနေ့အတွက်ကို အဘိုးအိုတွေ၊ အဘွားအိုတွေ ပျဉ်ချပ်နဲ့ တိုက်မိလို့ရှိရင် မခံသာလို့ရှိရင် အဝတ်အစားထည့်တဲ့မွေ့ရာ၊ အုန်းဆံဖတ်ထည့်တဲ့ မွေ့ရာတော့ သုံးကောင်းတယ်။ ပြီးတော့ သစ်ရွက်ထည့်တဲ့ မွေ့ရာ သုံးကောင်းတယ်။ မ္ဍိတို့၊ လဲတို့ အိခန်၊ ငြိမ့်ခနဲဖြစ်တာ မသုံးရဘူး။ ပြီးတော့ လူမမာတွေ၊ ဂိလာနတွေ ငယ်သူဖြစ်ပေမယ့်လေ ကြမ်းပြင်ပေါ်မှာနေရင် သူတို့ မခံနိုင်လို့ရှိရင် သုံးကောင်းပါတယ်။ အဝတ်စအဆာထည့်တဲ့ မွေ့ရာ၊ အုန်းဆံဖတ် အဆာထည့်တဲ့မွေ့ရာ၊ သစ်ရွက်နဲ့ လုပ်ထားတဲ့မွေ့ရာ၊ ဒါတွေက အိခန်၊ ငြိမ့်ခနဲ မဖြစ်ဘူးလေ။ မှတ်မိကြပြီလား။ အဲဒီတော့ ဘယ်သိက္ခာပုဒ် ဘာကြောင့် ယူရတာလဲဆိုတာ သဘောပေါက်ဦး၊ ဒါမှတစ်ရက်ဆို ဆိုသလောက် ဒီသိက္ခာပုဒ်တွေ ယူရကျိုးနပ်မှာပေါ့။ သဘောပေါက်ကြပြီ။ သဘောပေါက်ရင် ဆုတောင်းစို့။ ဒီကနေ့ စေတနာပါပါ၊ အဓိပ္ပါယ်သိသိနဲ့ ယူထားတဲ့ သီလကုသိုလ်၊ စောင့်လို ထိန်းလိုတဲ့ သီလ စေတနာထင်တယ်ဟေ့။ ဒီစေတနာလေးသည် မဂ်ဖိုလ်ရဲ့ အထောက်အပံ့ဖြစ်ပါစေသားဆိုတာ၊ ဒီဟာလေးသာ ဆုတောင်းရမှာ၊ ကျန်တာတွေတော့ တောင်းမနေနဲ့၊ ရလိမ့်မယ်။ ပစ္စည်းလျှုလို့ ဘာရမလဲ။ တောင်းမနေနဲ့၊ မဂ်ဖိုလ်ရဲ့ အထောက်အပံ့သာ တောင်း။ ဒီသီလကြောင့် လူဖြစ်ဖို့၊ နတ်ဖြစ်ဖို့ မတောင်းနဲ့၊ တို့ ညနေစာ စားသလိုပေါ့။ တို့ ဒီကနေ့ ညနေစာ စားမယ်ထင်တယ်ဟေ့။ အရည်တွေရော အဖတ်တွေရော နေ့တိုင်း ညနေစာ မစားဘူးလားဟေ့။ အရည်တွေရော မသောက်ဘူးလား"

"သောက်ပါတယ်ဘုရား"

"အဖတ်တွေရော မစားဘူးလား"

"စားပါတယ်ဘုရား"

"အိပ်ရာဝင်တော့ ဘုရားတပည့်တော်၊ တပည့်တော်မတို့ ဤကဲ့သို့ ထမင်းတွေစား၊ ဟင်းတွေသောက်၊ အရည်တွေသောက်ရခြင်းကြောင့် နက်ဖြန်ခါ နောက်ဖေးပါရပါလို၏ ဆုတောင်းမလား"

"မတောင်းပါဘုရား"

"အချိန်ကျတော့၊ အချိန်ကျတော့ ဘယ့်နှယ် တုံး။ ပါတာပဲဗျာ။ တောင်းမနေနဲ့၊ ဆွမ်းလျှုလို့ ဘာ ဘာ ဘာ နောက်ဖေးပါ ဆုတွေတောင်းမနေနဲ့၊ ဒီသီလ ကြောင့် ဘာ ဘာ ဘာ နောက်ဖေးပါ ဆုတောင်းမနေနဲ့။ အဲဒီအချိန်ကျ သွားလိမ့်မယ်။ ဟုတ်ထင်တယ်။ တောင်းသေးလား၊ မတောင်းနဲ့ဗျာ။ အဲဒါ မဂ်ဖိုလ်ရဲ့ အထောက်အပံ့၊ ဒါနစေတနာ၊ သီလစေတနာလေ။ မဂ်ဖိုလ်ရဲ့ အထောက်အပံ့ဖြစ်ပါစေသား။ ဒါသာတောင်း"

"သာဓု. . . သာဓု. . . သာဓု"

■

အပ္ပမာဒ ဓမ္မပုံပြင်

အမှတ်စဉ်(၄၇)

တော်ဝင်နွယ်

ဘဝသံသရာ အမှောင်ထုထဲမှာ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ ဦးစွာကိုယ်တော်တိုင် နိုးထလာပြီး ဝေနေယျသတ္တဝါတွေကိုလည်း အလားတူ နိုးထလာစေ နိုင်သူ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင်ကို "ဗုဒ္ဓ"လို့ ရှိခိုးဦးတင်ကြပါတယ်၊ ဗုဒ္ဓဆိုတာ စိတ်ဓာတ်၊

အသိဉာဏ်၊ ကိုယ်ကျင့်တရားနဲ့ အရာအားလုံးအတွက် တစ်လောကလုံးက အတုမဲ့စံပြုရမယ့် အနှိုင်းမဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက ကမ္ဘာလောကရဲ့ အကြောင်းအကျိုးနိယာမ အမှန်တရားနဲ့ လူ့လုံ့လစွမ်းရည်ကို ရှင်းလင်းစွာ သင်ပြပေးပြီး လူ့ဘဝအရေးအခင်းမှာ မိမိကိုယ်ကို မိမိအားကိုးဖို့ သွန်သင်တော်မူပါတယ်၊လူသားဟာ အတိတ်ဘဝ ဖြစ်ရပ်မှန်တွေကို နားလည်လက်ခံကာ ပစ္စုပ္ပန်မှာ မှန်ကန်လွတ်လပ်တဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နည်းကို ကျင့်သုံးဆောက်တည်ပြီး အနာဂတ် ဆင်းရဲဒုက္ခမျိုးစေ့အားလုံးကို ချေမှုန်းဖျက်ဆီးပစ်ရမယ်-လို့ မိန့်ကြားတော်မူပါတယ်။ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတော်မှန်သမျှဟာ ကရုဏာရနံ့သင်းပျံ့တဲ့ နှလုံးသားပညာပေး ငြိမ်းချမ်းရေးလမ်းစဉ်တွေပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမတော်တွေဟာ မြင့်မြတ်မှန်ကန်ပြီး အဖိုးတန်တဲ့ဝါဒ၊ (ဒါမှမဟုတ်)စာပေယဉ်ကျေးမှုတစ်ခုအဖြစ် စာအုပ်ဗီရိုထဲမှာသာ သက်သက်ထိန်းသိမ်းစောင့်ရှောက်ထားဖို့ မဟုတ်သလို သမိုင်းရှုထောင့်ကကြည့်ပြီး ရှေးကျတဲ့ ဘိုးဘွားအမွေအနှစ်တစ်ခု၊ သိပ္ပံနည်းကျတဲ့ ဘာသာရေးတစ်ရပ်အဖြစ် လေ့လာသုတေသနပြုဖို့လည်း မဟုတ်ပါဘူး။ အမှန်ကမြတ်စွာဘုရား ဆိုဆုံးမတော်မူတဲ့ အတိုင်း မိမိတို့ရဲ့ နေ့စဉ်ဘဝမှာ လက်တွေ့ကျင့်သုံးကြဖို့ပဲ ဖြစ်ပါတယ်။

တကယ့်ဘဝအရည်အသွေးဆိုတာ အတွေးမဟုတ်ဘဲ လက်တွေ့လုပ်ခြင်းကို ခေါ်ဆိုတာပါ၊ ဗုဒ္ဓဘာသာဝင်တစ်ဦးဟာ ဗုဒ္ဓတရားတော်တွေနဲ့အညီ ကျင့်သုံးနေထိုင်နိုင်မယ်ဆိုရင် သတ္တိ၊ အသိဉာဏ်၊ စိတ်ငြိမ်းချမ်းမှုတွေနဲ့အတူ မိမိဘဝခရီးကို ပျော်ရွှင်ကျေနပ်ရောင့်ရဲစွာ ကျော်ဖြတ်နိုင်မှာ ဖြစ်သလို၊ မလွဲသာ မရှောင်သာ တွေ့ကြုံလာရမယ့် ခန္ဓာဒုက္ခ၊ ကံကြမ္မာဒုက္ခ၊ သံသရာ ဒုက္ခတွေကိုလည်း မှန်ကန်ရဲရင့်စွာ ရင်ဆိုင်ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ဗုဒ္ဓအဆုံးအမနဲ့အညီ နေထိုင်သူ မှန်သမျှဟာ ဘဝမှာ မျှော်လင့်ချက်ဆိတ်သုဉ်းခြင်းနဲ့ ဆုံးရှုံးကြေကွဲရခြင်းတွေ ဖြစ်ပေါ်လာစရာ အကြောင်းမရှိပါဘူး။ ဗုဒ္ဓသာသနာတော်ဟာ အောင်မြင်စွာ ပန်းဝင်လာသူတိုင်းကို လွတ်လပ်ရေး လမ်းမကြီးပေါ်မှာ ပျော်ရွှင်ချမ်းမြေ့ခြင်း ပန်းတွေခင်းပြီး ထာဝစဉ်နွေးထွေးစွာ ကြိုဆိုတတ်ပါတယ်။

ဒါပေမယ့် လေးကျွန်းလုံးကို ရောင်ခြည်တစ်ထောင်နဲ့ အလင်းဆောင်နိုင်တဲ့ ရှင်နေမင်းဟာ ကန်းနေသူတွေနဲ့ အလုံပိတ်အမှောင်ခန်းမှာ ရောက်နေသူတွေကို ကျေးဇူးမပြုနိုင်သလို ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကလည်း သူတော်ကောင်းတွေရဲ့ ပါရမီအစုံ မြကြာင့်ကို ဖူးပွင့်လန်းဆန်းလာစေနိုင်စွမ်းပေမယ့် ကာမဂုဏ်အာရုံလမ်းမကြီးပေါ်မှာ အစွန်းရောက်နေသူတွေကိုတော့ ကယ်တင်နိုင်စွမ်း မရှိပါဘူး။

အခု အဲဒီအကြောင်းနဲ့ ပတ်သက်တဲ့ ဓမ္မပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ကလေးဟာ ဆရာနန္ဒာသိန်းဇံ ပြောပြခဲ့ဖူးတဲ့ ပုံပြင်ကလေးတစ်ခုကို အခြေခံထားတာပါ။

သူဌေးကြီးနဲ့ သားသုံးယောက်

တစ်ခါတုန်းက မြို့တစ်မြို့မှာ အင်မတန်ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ အဲဒီသူဌေးကြီးဟာ ငယ်စဉ်ကတော့ အလွန်ဆင်းရဲသတဲ့၊ နှစ်ပေါင်း(၄၀)ကျော် လုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်ခဲ့တာမို့ ယခုလို အသက်(၆၅)နှစ်ကျော်အရွယ်မှာ ဘဏ္ဍာတိုက်ကြီး(၃)ခုနဲ့အပြည့် ရွှေဒင်္ဂါးပေါင်း (၈၄)ကုဋေတောင်ရှိသတဲ့။

သူဌေးကြီးမှာ သား(၃)ယောက်ရှိပြီး ငယ်စဉ်ကတည်းက တက္ကသိုလ်ပြည် ဒီသာပါမောက္ခ ဆရာကြီးထံမှာ အပ်နှံထားခဲ့တယ်၊ အခုဆိုရင် သား(၃)ယောက်စလုံး အတတ်ပညာတွေ သင်ယူပြီးလို့ သူဌေးကြီးအိမ်တော်မှာ ပြန်ရောက်နေကြပြီ၊ ဒါပေမယ့် သူဌေးကြီးက သား(၃)ယောက်ကို လုပ်ငန်းခွင် အဝင်မခိုင်းသေးသလို ငွေကြေးဥစ္စာ ခွဲဝေပေးတာလည်း မရှိသေးဘူးတဲ့။

တစ်နေ့တော့ သူဌေးကတော်ကြီးက "သူဌေးကြီး၊ရှင်ဟာ ငယ်စဉ်တုန်းကတော့ ကြီးလာရင် ငါ့သားတွေအတွက်ဆိုပြီး ကြိုးစားခဲ့တယ်၊အခု သားတွေကြီးလာတော့ ရှင့်ရဲ့ရည်ရွယ်ချက်တွေ ပြောင်းကုန်ပြီလား၊ သားတွေအတွက် တစ်ခုခု စီစဉ်ပေးပါ"လို့ ပြောတဲ့အခါ သူဌေးကြီးက "အေး-သူဌေးကတော်ကြီး ပြောမယ်ဆိုလည်း ပြောစရာပေါ့၊

ဒါပေမယ့် သားတော်မောင်တွေက အဖေကြီးလို ပင်ပင်ပန်းပန်း ကြိုးစား ရုန်းကန်ကြရတဲ့သူတွေမဟုတ်တော့ အဖေကြီး ရှာထားတဲ့ ဒီငွေကြေး တွေရဲ့ တန်ဖိုးကို သိမှသိနိုင်ပါ့မလား လို့ စဉ်းစားတွေးတောနေမိလို့ပါ၊ မပူပါနဲ့။ သားတော်တွေအတွက် တစ်ခုခုစီစဉ်မှာပါ"လို့ ပြန်ပြောပါတယ်။

သူဌေးကြီးဟာ တစ်ချိန်မှာ သား(၃)ယောက်စလုံးကို ရှေ့တော်မှောက် ခေါ်ယူပြီး၊ တစ်ယောက်ကို ရွှေဒင်္ဂါး နှစ်ရာစီပေးသတဲ့။ ပြီးတော့ "အေး-ဒီမှာ သားတို့အတွက် ရွှေဒင်္ဂါးနှစ်ရာစီ လာယူကြ၊ ဒီရွှေဒင်္ဂါး တွေကို မင်းတို့ ဉာဏ်ရှိသလို သုံးဆောင်ကြ"လို့လည်း မှာကြားလိုက်သေးတယ်။

ညီအစ်ကို(၃)ယောက်စလုံး ရွှေဒင်္ဂါး(၂၀၀)စီယူလာကြကာ၊အစ်ကို အကြီးဆုံးက "ဟေ့ကောင်တွေ၊ တို့ အဖေဟာ သူဌေးကြီးလုပ်နေပြီး တယ်ကပ်စေးနဲ့တာပဲကွာ၊ အခုမှပဲ သူဌေးသားပီပီ ကောင်းကောင်းသုံးရ တော့မယ်၊ငါတော့ သောက်သောက် စားစား လူမင်းသား လုပ်လိုက်ဦး မယ်ကွာ"ဆိုပြီး ပျော်ပွဲရွှင်ပွဲတွေမှာ စားသောက်သုံးဖြုန်းပစ်လိုက်တာ မကြာခင်မှာပဲ ရွှေဒင်္ဂါးအပြားနှစ်ရာ ကုန်သွားသတဲ့။

အစ်ကိုလတ်ကတော့ "တို့ အဖေဟာ အစ်ကိုကြီးပြောသလို ကပ်စေးနဲ့တာ မဟုတ်ဘူး၊ ခြိုးခြံ ချွေတာတာပဲ၊ ဒီတော့ အဖေပေး ထားတဲ့ ဒီရွှေဒင်္ဂါးတွေကို အရမ်းသုံး ဖြုန်းပစ်လို့ မတော်ဘူး၊ တစ်ချိန်မှာ အဖေကြီးမေးရင် ပြနိုင်အောင် လုံခြုံ တဲ့နေရာမှာ သိမ်းထားမယ်"ဆိုပြီး လုံခြုံရာအရပ်မှာ မြှုပ်ထားလိုက် သတဲ့။

ညီအငယ်ဆုံးကတော့ "အစ်ကိုကြီးသွားတဲ့လမ်းက မကောင်း သလို၊ အစ်ကိုလတ် လုပ်ပုံကလည်း မဟုတ်သေးပါဘူး၊ ငါကတော့ သူတို့ နှစ်ယောက်သွားတဲ့လမ်းကို မလိုက်ဘဲ၊ အဖေရဲ့ လမ်းစဉ်ကိုပဲ လိုက်မယ်၊ အဖေဟာ အစ်ကိုကြီးပြော သလို ကပ်စေးနဲ့တာ မဟုတ်သလို အစ်ကိုလတ်ပြောသလို ခြိုးခြံချွေတာ တာလည်း မဟုတ်ပါဘူး။ စည်းကမ်း နဲ့ သုံးစွဲတာပါ၊ တိုးပွားအောင်လုပ် တာပါ"ဆိုပြီး စီးပွားရေးမှာ ရင်းနှီး မြှုပ်နှံပါတယ်၊ စည်းကမ်းထားပြီး သုံးစွဲသလို၊ တိုးပွားအောင်လည်း ကြိုးစားတဲ့အခါ ရွှေဒင်္ဂါးနှစ်ရာကနေ နှစ်ထောင်၊ နှစ်ထောင်ကနေ နှစ် သောင်းအထိ ရလာသတဲ့။

ဒါနဲ့ တစ်နေ့မှာ သူဌေးကြီး က သား(၃)ယောက်စလုံးကိုခေါ်ပြီး "ရွှေဒင်္ဂါးနှစ်ရာကို ဘယ်လိုသုံးစွဲကြ သလဲ"လို့ မေးမြန်းပါတယ်၊ သား အကြီးဆုံးက "သူကောင်းကောင်း ဝတ်၊ ကောင်းကောင်းစား၊ ကောင်း ကောင်းသုံးကြောင်း"ဖြေကြားပါတယ်၊ အဲဒီအခါ သူဌေးကြီးက "အခု-မင်း လက်ထဲမှာ ရွှေဒင်္ဂါးဘယ်လောက် ရှိသေးသလဲ" လို့ ထပ်ပြီးမေးပါ တယ်၊ သားကြီးက "ကုန်သွားပြီ၊ မကျန်တော့ဘူး"လို့ ဖြေတဲ့အခါ၊ သူဌေးကြီးက "မင်းဟာက တစ် လမ်းသွားပဲ"လို့ ပြောပြီး ပြုံးနေပါ တယ်။

သားလတ်ကတော့"ကျွန်တော် ကတော့ ဘာမျှ သုံးမပစ်ဘဲ ကျစ် ကျစ်လျစ်လျစ် စုထားပါတယ်"လို့ ဖြေပြီး ရွှေဒင်္ဂါးနှစ်ရာကို ဝမ်းသာ

"မဇ္ဈိမပဋိပဒါ"အကျင့်ပေါ်မှာ ခိုင်မြဲစွာ ရပ်တည်ပြီး၊ ရုပ်နာမ်နှစ်ပါး (ကိုယ်စိတ်စွမ်းအားတွေ)ကို ကိုယ်ကျင့်တရား၊ စိတ်ဓာတ်တည်ကြည်မှုနဲ့ ဉာဏ်အမြော်အမြင်ရှိမှုတွေမှာ ရင်းနှီးမြှုပ်နှံပြီး၊ စနစ်တကျ အသုံးချတတ်တာမို့ အရင်းရောအမြတ်ပါတိုးများကာ ကြီးပွားချမ်းသာကြရပါတယ်။

အယ်လဲ ထုတ်ပြပါတယ်၊ အဲဒီအခါမှာ သူဌေးကြီးက"မင်းဟာကလည်း တစ်လမ်းသွားပဲ"လို့ ပြောပြီး ပြုံးနေပါတယ်။

သားငယ်ကတော့ "အဖေ၊ ကျွန်တော်ကတော့ စည်းနဲ့ကမ်းနဲ့ သုံးလည်းသုံးပါတယ်၊ တိုးလည်း တိုးပွားအောင် လုပ်ပါတယ်၊ အခုကျွန်တော့်လက်ထဲမှာ ရွှေဒင်္ဂါး နှစ်သောင်းရှိပါတယ်လို့" ဖြေတဲ့အခါ သူဌေးကြီးက "အေး-မင်းဟာကမှ နှစ်လမ်းသွားကွ၊ စီးပွားဆိုတာ တစ်လမ်းသွားနည်းနဲ့ ဘယ်တော့မှ မအောင်မြင်နိုင်ဘူး"လို့ ဂုဏ်ပြုပြောဆိုကာ သားကြီးနဲ့ သားလတ်တို့ကိုလည်း သားငယ်ရဲ့ လမ်းစဉ်အတိုင်း စည်းကမ်းရှိရှိတိုးပွားအောင် ကြိုးစားကြဖို့ ဆုံးမပြီး၊ သားကြီးကို ရွှေဒင်္ဂါး နှစ်ကုဋေ၊ သားလတ်ကို ရွှေဒင်္ဂါး နှစ်ကုဋေနဲ့ သားငယ်ကိုတော့ ဘဏ္ဍာတိုက်(၃)ခုနဲ့အတူ ရွှေဒင်္ဂါး ကုဋေ ရှစ်ဆယ်ကို အမွေအဖြစ် လွှဲအပ်ပေးလိုက်ပါသတဲ့။

သူဌေးကြီးဟာ အမွေအားလုံး ခွဲဝေပေးပြီး မကြာခင်မှာပဲ ရဟန်းဝတ်ကာ တောထွက်သွားပါတော့တယ်။

ဒီပုံပြင်ကလေးဟာ သင်္ကေတတွေ သုံးထားတဲ့ နိမိတ်ပြပုံပြင်တစ်ခုဖြစ်ပါတယ်။ ပုံပြင်ထဲမှာပါတဲ့ သား(၃)ဦးဟာ ပုထုဇဉ်လောကီလူသားအားလုံးကို ရည်ညွှန်းထားတာဖြစ်သလို ရွှေဒင်္ဂါးနှစ်ရာ ဆိုတာဟာ လည်း ရုပ်နာမ်နှစ်ပါးကို ကိုယ်စားပြုဖော်ညွှန်းထားတာ ဖြစ်ပါတယ်။ ပုံပြင်ထဲက သား(၃)ဦးဟာ ဖခင်သူဌေးကြီးထံက ရွှေဒင်္ဂါးနှစ်ရာ ရရှိခဲ့သလို ပုထုဇဉ်လူသားတွေဟာ လည်း ကံတရားဖခင်ကြီးထံက ရုပ်နာမ်နှစ်ပါးဆိုတဲ့ ရွှေဒင်္ဂါးတွေ ညီတူညီမျှ ရရှိခဲ့ကြတာပါ။

ဒါပေမယ့် ပုံပြင်ထဲက ညီအစ်ကို (၃)ယောက်လိုပဲ ပုထုဇဉ်လူသားတွေဟာလည်း ရုပ်နာမ်နှစ်ပါး(ခန္ဓာငါးပါး)ရထားတာချင်းအတူတူ သုံးစွဲပုံ မတူညီတာကြောင့် အကျိုးကျေးဇူး ခံစားရပုံချင်းလည်း လွန်စွာမှ ကွဲပြားခြားနားကြပါတယ်။ပုထုဇဉ်လူသားတချို့ဟာ ကာမဂုဏ်အာရုံလမ်းမကြီးပေါ်မှာ အစွမ်းကုန် လိုက်စား၊ ပျော်ပါးရေး အစွန်းဘက်ကို ရောက်သွားတတ်ကြပါတယ်၊အဲဒါကို ပိဋ္ဌကစာပေမှာ "ကာမသုခလွှိကာနုယောဂ"အကျင့်လို့ ခေါ်ပါတယ်၊ ဒီလိုလက်ယာစွန်းရောက်တဲ့သူတွေဟာ လောဘ၊ အတ္တကြီးမားပြီး၊ ယုတ်ညံ့တတ်ပါတယ်။ မိမိရဲ့ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို ရာဂမီးပုံထဲ လောင်းထည့်ပြီး ကာမနတ်ကို ယဇ်ပူဇော်ရတာမျိုးဖြစ်လို့ အရင်းရော အမြတ်ပါ အကုန်ရှုံးတဲ့ သုညလုံးလုံး ဖြစ်တတ်ပါတယ်။ ဒီလူတွေဟာ ပုံပြင်ထဲက အစ်ကိုအကြီးဆုံးနဲ့ ဥပမာတူပါတယ်။

တချို့ ပုထုဇဉ်လူတွေကတော့ ကာမဂုဏ်အာရုံလမ်းမကြီးပေါ်မှာ အစွမ်းကုန် ချုပ်ထိန်းရေး အစွန်းဘက် ရောက်သွားတတ်ပါတယ်။ ဒါကိုတော့ ပိဋ္ဌကစာပေမှာ "အတ္တကိလမထာနုယောဂ"အကျင့်လို့ ခေါ်ပါတယ်၊ ဒီလို လက်ဝဲစွန်းရောက်သူတွေဟာ မာနကြီးပြီး အမြင်ကျဉ်းမြောင်းပါတယ်၊ လူ့အရင်းအမြစ်တွေ ဆုတ်ယုတ်ပျက်စီးကာ တိုးတက်ကြီးပွားမှုတွေ ရပ်တန့်သွားတတ်ပါတယ်။ ဒီလူတွေဟာ ပုံပြင်ထဲက အစ်ကိုလတ်နဲ့ ဥပမာတူပါတယ်။

ကလျာဏပုထုဇဉ်တွေဟာ ကာမဂုဏ်အာရုံလမ်းမကြီးပေါ်မှာ အစွမ်းကုန် လိုက်စားရေးနဲ့ အစွမ်းကုန် ချုပ်ထိန်းရေးဆိုတဲ့ အစွန်းနှစ်ဖက်ကို လုံးဝ မရောက်ရှိစေဘဲ၊ သင့်တင့်လျောက်ပတ်စွာ ခံစားခြင်းဆိုတဲ့ အလယ်အလတ်လမ်းစဉ် "မဇ္ဈိမပဋိပဒါ"အကျင့်ပေါ်မှာ ခိုင်မြဲစွာ ရပ်တည်ပြီး၊ ရုပ်နာမ်နှစ်ပါး(ကိုယ်စိတ်စွမ်းအားတွေ)ကို ကိုယ်ကျင့်တရား၊စိတ်ဓာတ်တည်ကြည်မှုနဲ့ ဉာဏ်အမြော်အမြင်ရှိမှုတွေမှာရင်းနှီးမြှုပ်နှံပြီး၊ စနစ်တကျ အသုံးချတတ်တာမို့ အရင်းရော အမြတ်ပါ တိုးများကာ ကြီးပွားချမ်းသာကြရပါတယ်။ ဒီလူတွေကတော့ ပုံပြင်ထဲက ညီအငယ်ဆုံးနဲ့ ဥပမာတူပါတယ်။

လူတိုင်းသာ ကာမဂုဏ်အာရုံလမ်းမကြီးပေါ်မှာ "မဇ္ဈိမပဋိပဒါ"လို့ခေါ်တဲ့ အလယ်အလတ်လမ်းစဉ်နဲ့ လျှောက်သွားနိုင်ကြရင် ပုံပြင်ထဲက ညီအငယ်ဆုံးလိုပဲ နောက်ဆုံးမှာ မဂ်လေးပါး၊ ဖိုလ်လေးပါး-ရှစ်ပါးသော လောကုတ္တရာတရားတွေနဲ့တကွ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ဘဏ္ဍာတိုက်ကြီးကိုပါ ဗုဒ္ဓမြတ်စွာရဲ့ လောကုတ္တရာအမွေအနှစ်အဖြစ် ရရှိပိုင်ဆိုင်ကာ မုချချမ်းသာကြွယ်ဝလာနိုင်ကြမှာပါ။

တကယ်တော့ ဗုဒ္ဓမြတ်စွာ သာသနာဆိုတာ လူသားတိုင်း အစွန်းနှစ်ဖက်ကို ရှောင်ရှားပြီး၊ အလယ်အလတ်လမ်းက လျှောက်သွားတတ်ဖို့ ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

■တော်ဝင်နွယ်

ပညာသုံးဆင့် ဂုဏ်ရည်မြင့်

တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်

လောကမှာ အမှောင်ကြောက်သူ၊ အလင်းရလိုသူတို့အတွက် အမှောင်ကို ဖြိုခွင်းပေးနိုင်တဲ့ အလင်းရောင်လေးမျိုး ရှိပါတယ်။ နေရောင်၊ လရောင်၊ မီးရောင်၊ပညာရောင်တို့ပါပဲ။ ဒါပေမယ့် နေဆိုတာ နေ့အခါမှာပဲ လင်းပြီး၊ ညအခါမလင်းနိုင်ပါဘူး။ လကလည်း လဆန်းပိုင်း ညအခါမှာပဲ လင်းပြီး နေ့အခါ မလင်းနိုင်တော့ပါဘူး။ မီးဆိုတာလည်း ထွန်းတဲ့နေရာမှာပဲ ထွန်းထားတုန်းသာ လင်းနိုင်ပါတယ်။ ဒါကြောင့် နေ၊ လ၊ မီးရောင်တို့ဟာ ကာလ၊ ဒေသ အနေနဲ့ ကန့်သတ်ထားပြီး တော့သာ အလင်းရောင်ပေးနိုင်ကြပါတယ်။ ဒါ့အပြင် အဲဒီအရောင်တွေကြောင့် သံသရာကို ခြယ်လှယ်နေတဲ့ သတ္တဝါတွေရဲ့ ရင်တွင်းအမှောင် အဝိဇ္ဇာကိုတော့ နည်းနည်းလေးမျှ ပါးသွားအောင်၊ အလင်းရအောင် မစွမ်းဆောင်နိုင်ကြပါဘူး။ မြတ်စွာဘုရားရှင်ရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ နှစ်ဖက်မြင် ပညာအလင်းရောင်ကသာ နေရာမရွေး၊ အချိန်မရွေး ထွန်းလင်းနိုင်ပါတယ်။ အဝိဇ္ဇာကင်းပြီး စိတ်အလင်းရအောင် ဆောင်ရွက်ပေးနိုင်ပါတယ်။ စိတ်ရဲ့ အပူအခိုးအငွေ့ ကင်းစင်ပြီး အမှန်အတိုင်းမြင်ရအောင် စွမ်းဆောင်ပေးပါတယ်။

ဒါကြောင့် သံသရာခရီး သည်ဘဝနဲ့ အဝိဇ္ဇာမှောင်တွင်း ချဉ်းနင်းသွားလာရတဲ့အခါ နေ၊ လ၊မီးရောင်တွေ ရှိရုံမျှနဲ့ မလုံလောက်သေးပါဘူး၊ ဘဝရပ်တည်ရေး တစ်ဖက်မြင်ပညာ တတ်ရုံမျှနဲ့လည်း မပြည့်စုံသေးပါဘူး။ သာသနာ့လမ်းညွှန်ချက်နှစ်ဖက်မြင် ပညာကို ရအောင်ယူနိုင်မှသာ ဖြစ်ပါလိမ့်မယ်။ အာရုံနဲ့ စိတ်စွမ်းအားများကို အရှိအတိုင်းသိနိုင်တာကို ပညာလို့ ခေါ်ပါတယ်။ အဲဒီပညာက တရားစွမ်းအင် ထုတ်လုပ်ရေးဆိုင်ရာမှာ အကျဉ်းချုပ်သုံးဆင့် ရှိပါတယ်။

(၁) 'ကံသာ ကိုယ်ပိုင်ဥစ္စာ'လို့ ကြောင်းကျိုးဆက်သွယ်သိတတ်တဲ့ မူလတန်းပညာ။ ကံအရှိကို သိတတ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိပေါ့။

(၂) ရုပ်နာမ် သခ်ါရတို့ရဲ့ မခိုင်မြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောကို အမှန်အတိုင်းသိတတ်တဲ့ အလယ်တန်းပညာ။ ခန္ဓာအရှိကို သိတတ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိပေါ့။

(၃) လွတ်ငြိမ်းချမ်းသာမှု အစစ်ဖြစ်တဲ့ နိဗ္ဗာန်ရဲ့သဘောကို တိုက်ရိုက်သိမြင်တတ်တဲ့ အထက်တန်းပညာ။ နိဗ္ဗာန်အရှိကို သိတတ်တဲ့ မဂ်ဖိုလ်၊ စတုသစ္စသမ္မာဒိဋ္ဌိပေါ့။ အဲဒီလို သုံးဆင့်ရှိပေမယ့် အလုပ်ပိုင်းဆိုင်ရာမှာတော့ မူလတန်းပညာနဲ့ အလယ်တန်းပညာကသာ လိုရင်းပါ။ အဲဒီပညာနှစ်မျိုးကို 'မျက်မှန်နှစ်လက်'လို့ ခေါ်နိုင်တယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာက ကိုယ်လုပ်ထားတဲ့ အကောင်းအဆိုး ကံနှစ်မျိုးကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကြောင်းကျိုးဆက်သွယ်ကာ အရှည်မြော်မြင်ပြီး ကြည့်ရတာမို့ 'အဝေးကြည့်မျက်မှန်'နဲ့ တူပါတယ်။ လုပ်ထိုက်တဲ့ ကံ၊ မလုပ်ထိုက်တဲ့ကံ၊ ရှောင်သင့်တဲ့ ကံ၊ ဆောင်သင့်တဲ့ ကံလို့ အမှန်အတိုင်းသိအောင် စဉ်းစားနိုင်းချိန် သေချာစွာ ဓာတ်ခွဲပြီး ကြည့်ရှုပေးတတ်ပါတယ်။

ရုပ်နာမ်ခန္ဓာအရှိကို တကယ်မြင်အောင် ကြည့်နိုင်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိပညာက ဖြစ်တိုင်း ပျက်တိုင်းမြင်အောင်အနီးကပ်ရှုမှတ်သုံးသပ်၍ ကြည့်ရတာမို့ 'အနီးကြည့်မျက်မှန်'နဲ့ တူပါတယ်။ ဒီမျက်မှန်နှစ်လက် တပ်ထားမှ တရားအသိ၊ လူ့မျက်စိကို ရပြီး အကွက်စေ့အောင် လမ်းမှန်ကြည့်တတ်မှာပါ။လမ်းမှန်သိမှလည်း နည်းမှန်အောင် အားထုတ်တတ်မှာ ဖြစ်ပါတယ်။ ပြီးတော့ ကိုယ့်ကံ ကိုယ်ပိုင်ရုံမျှမက နိုင်လည်းနိုင်အောင် ထိန်းချုပ်ကိုင်တွယ်ကာ လမ်းရှင်းပေးတာမို့ 'ကံထိန်းခလုတ်' အစစ်လည်း ဖြစ်ပါတယ်။

တရားအသိ၊ လူ့မျက်စိရှိတာမို့ ကုသိုလ်ကံကြောင့် နောက်ထပ် ရရှိလာမယ့် လောကီကောင်းကျိုးများကို အနှစ်အစိုင် အခိုင်အမာ ပန်းတိုင်အဖြစ် လက်မခံဘဲ အသုံးချစရာ အသုံးအဆောင်အဖြစ်၊အချိန်တန်ကလက်လွှတ်လိုက်ရမယ့် ယာယီအဌားပစ္စည်းတွေအဖြစ်ပဲ လက်ခံတော့တယ်။ အချိန်တန်က ဖျက်ချခံရမယ့် အပေါ်ကို တက်နိုင်ရုံအတွက် ခဏဆောက်လုပ်ပေးထားတဲ့'ငြမ်း'အဖြစ်လည်း မြင်လာတယ်။ အကြောင်းရှိနေသမျှ ဖြစ်ပေါ်နေပြီး အချိန်တန်က ပျက်စီးပျောက်ကွယ်သွားရတာဟာ ရုပ်နာမ်သခ်ါရတို့ရဲ့ အလုပ်သာ ဖြစ်တယ်၊ ကိုယ့်အလုပ် မဟုတ်သေးဘူး။ ကိုယ့်အလုပ်မထည့်ဘဲ သူ့အလုပ်ကိုသာ လက်ပိုက်ကြည့်နေရင် မူးလဲမတတ် မောဟိုက်ပင်ပန်းရုံပဲ ရှိမယ်။ သူ့အလုပ်ထဲမှာ ကိုယ့်အလုပ် ထည့်ပေးမှသာ ငြိမ်းအေးချမ်းသာမယ်ဆိုတာလည်း အမြင်ရှင်းလာတယ်။

အဲဒီလို အသိပညာ တိုးပွားလာတာနဲ့အမျှ လူဟာလည်း ဂုဏ်ရည်မြင့်မားလာပါတယ်။ ဘဝခန္ဓာနဲ့ ပတ်သက်လို့လည်း နောက်ထပ် အပူမီးမပွားစေဘဲ စွမ်းအားကို တိုးတက်လာစေပါတယ်။ အသိစွမ်းအားတွေလည်း ငြိမ်းအေးကြည်လင်သန့်စင်သွားရပါတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာက ရလဒ်ပန်းတိုင်အထက်တန်းပညာပဲ ဖြစ်ပါတယ်။

အကျဉ်းချုပ်

- အသိပညာ၊ ရှိမှသာ၊ မှန်စွာ အဆင့်ဆင့်။
- ကြောင်းကျိုးဆက်ကာ၊ ကြည့်တတ်ပါ။ပညာအလင်းဖြင့်။
- ကိုယ်တိုင်ပြုထား၊ ကံတရား၊ သင်ခြား မူလဆင့်။
- ဝိပဿနာ၊ မြတ်ပညာ၊ မှတ်ပါ အလယ်ဆင့်။
- မဂ်ဉာဏ်'ဖိုလ်ဉာဏ်၊ အသိမှန်၊ မှတ်ရန် အထက်ဆင့်။
- အသိ(၃)ဖြာ၊ တိုးပွားလာ၊ လူမှာ ဂုဏ်ရည်မြင့်။

■

အဖြစ် ရရှိပုံချင်းတူပါလျက်၊ အချို့က အများအကျိုး၊ မိမိအကျိုး နှစ်မျိုးစလုံးကို ဆောင်ရွက်နိုင်၏။ မိမိအကျိုး စီးပွားကို ဆောင်ရွက်ရင်း လူသာဓုခေါ်၊ နတ်သာဓုခေါ် အလုပ်များကိုလည်း ဆောင်ရွက်နိုင်၏။ အချို့ကမူ မိမိ အကျိုးကိုသာ ဆောင်ရွက်နိုင်၏။ အများအကျိုးကို မဆောင်ရွက်နိုင်။ အချို့ကား မိမိအကျိုးလည်းကောင်းစွာ မဆောင်ရွက်နိုင်၊ အများအကျိုးလည်း မဆောင်ရွက်နိုင်။ သို့သော် အပြစ်ကင်းအောင်မူနေ၏။ သူတစ်ပါးတို့ကို ဒုက္ခမပေး။အချို့မူကား အများအကျိုးလည်း မဆောင်ရွက်၊ မိမိအကျိုးလည်း မဆောင်ရွက်၊ အပြစ်ကင်းအောင်လည်း မနေနိုင်။ သူတို့ကို အကြောင်းပြုလျက် မိဘဆွေမျိုး မိတ်သင်္ဂဟနှင့် ပတ်ဝန်းကျင်တို့ နှလုံးစိတ်ဝမ်းမချမ်းမြေ့။ ထိုသို့ လူအမျိုးမျိုးကွဲပြားကြောင်း ကျေးဇူးရှင် ရှေ့ဟသ်ာ တောရဆရာတော်ကြီး ဘဒ္ဒန္တဝိမလက ဤသို့ မိန့်တော်မူခဲ့ပါ၏။

သြဝါဒအလင်းပွင့်

အမှတ်စဉ် (၁၀)

ဃင်းနန်(ဖော်ကျွန်း)

လူလေးမျိုး

လူသားတစ်ဦးနှင့်တစ်ဦး ဘဝသံသရာအဆက်ဆက်က သယ်ဆောင်လာခဲ့သော ဗီဇ၊ ဉာဉ်၊ အကျင့်စရိုက်များ ကွဲပြားခြားနားကြပါသည်။ ပစ္စုပ္ပန်ဘဝတွင်လည်း ဘဝအဆင့်အတန်း၊ ကျင်လည်ရာနေရာဒေသ၊ ပတ်ဝန်းကျင် အသိုက်အဝန်းများ မတူခြားနား ကွဲပြား၏။ ယင်းသို့ 'အတိတ်'ရော၊ 'ပစ္စုပ္ပန်'တွင်ပါ လူသားတစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားသောကြောင့် သူတို့၏ ရုပ်နာမ်ခန္ဓာအပေါ် အသုံးချပုံချင်း၊ ဘဝတန်ဖိုးကိုဖော်ကျူးပုံချင်း မတူညီကြချင်း ဖြစ်ပါ၏။

ဘဝအပေါ် တန်ဖိုးထားပုံချင်း၊ဘဝအပေါ် ရှုမြင်ပုံချင်း၊ မိမိ၏ လူသားအဖြစ်ကို ခံယူပုံချင်း မတူညီမှုကြောင့် လူအမျိုးမျိုး ကွဲပြားသွားလေတော့သည်။ လူသား

"စွမ်းနိုင်ခဲ့လို့ရှိရင် မိမိအကျိုး၊ သူတစ်ပါးအကျိုး နှစ်မျိုးလုံးကျင့်ပါ။ ပထမတန်းစား ပုဂ္ဂိုလ်။ ဒီလိုနှစ်မျိုးလုံး မဖြည့်စွမ်းနိုင်လို့ရှိရင် ကိုယ့်အကျိုးတစ်မျိုးတည်း ကျင့်ပါ။ ဒုတိယတန်းစားပုဂ္ဂိုလ်။ သူ့အကျိုး၊ ကိုယ့်အကျိုး နှစ်မျိုးလုံးလည်း မကျင့်၊ ကိုယ့်အကျိုးတစ်မျိုးတည်း လည်း မကျင့်နိုင်ရင်ဖြင့် အပြစ်ကင်းအောင်နေပါ။တတိယတန်းစားပုဂ္ဂိုလ်။ ထပ်ပြီးခွဲမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သုံးမျိုးအပြင် စတုတ္ထမြောက်ပုဂ္ဂိုလ်ထွက် လာနိုင်တယ်။အဲဒါ ကစတုတ္ထမြောက်ပုဂ္ဂိုလ်။ ကိုယ့်အကျိုး၊ သူ့အကျိုးနှစ်မျိုးစလုံး စွမ်းနိုင်သူလည်းမဟုတ်။ ကိုယ့်အကျိုးတစ်မျိုးတည်း ကျင့်နိုင်တဲ့ ပုဂ္ဂိုလ်လည်း မဟုတ်ဘူး။ အပြစ်ကင်းအောင်နေတဲ့ တတိယအမျိုးအစားထဲမှာလည်း သူမပါဘူး။ အဲဒီ အုပ်စုသုံးမျိုးလုံးမှာ သူမပါဘူး။ ဘယ်သူ့အကျိုးမှ မကျင့်နိုင်ရုံမက အပြစ်ကင်းအောင်တောင် မနေနိုင်

ဘူးဆိုရင် စတုတ္ထတန်းစား ဓားမနောက်ပိတ်ခွေးဖြစ်နေ ရောပေါ့၊ ဘယ်ကောင်းတော့မလဲ။”

ဒါနက သံသရာ မရှည်စေပါ

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး အခွန့်ရှည်ကြာ သန့်ရှင်းတည်တံ့ပြန့်ပွားအောင် သာသနာ့သမိုင်းတစ်လျှောက် “သံဃအဖွဲ့အစည်းကြီး”က တာဝန်ယူ ဆောင်ရွက်တော်မူခဲ့ပါ၏။ သံဃာတော်အရှင်မြတ်ကြီးများ၊ သာသနာတော်ကြီး စည်ပင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် မင်းနှင့်ပြည်သူတို့က ပစ္စည်းလေးပါးအစရှိသည်တို့ဖြင့် လှူဒါန်းကြရပါသည်။ မင်းနှင့်ပြည်သူတို့ကသာ လှူဒါန်းပူဇော်မှု မပြုကြလျှင် သံဃာတော် အရှင်မြတ်များအနေဖြင့် သာသနာ့တာဝန်ကို ချမ်းချမ်းသာသာ ထမ်းဆောင်နိုင်ကြမည် မဟုတ်ပါ။ ငြင်းပယ်၍မရသော ဤအမှန်တရားကို ရှုမြင်နိုင်လျှင် “ဒါနကောင်းမှု”သည် သာသနာတော်အတွက် မည်မျှ ပဓာနကျကြောင်း၊ မည်မျှအရေးကြီးကြောင်း ကြည်ကြည်လင်လင် သိမြင်လာပါလိမ့်မည်။

သာသနာတော်အပေါ် ကြည်ညိုသဒ္ဓါစိတ်ထက်သန်သူတို့၏ ဒါနကောင်းမှုများကြောင့် နိုင်ငံနှင့် အဝန်း ဘုရား၊ ပုထိုး၊ စေတီများ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ တည်ရှိနေခြင်း ဖြစ်ပါ၏။ပရိယတ္တိစာသင်တိုက်ကြီးများ၊ ဝိပဿနာရိပ်သာကြီးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဇရပ်များ၊ ခဲ့ခဲ့ညားညား တည်ရှိနေခြင်းဖြစ်ပါ၏။ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထမ်းဆောင်တော်မူနေသော သံဃာတော်အရှင်သူမြတ်များ ဆွမ်း၊ ဆေး၊ သင်္ကန်း စသည်များ ပြည့်စုံနေကြခြင်းဖြစ်ပါ၏။

သာသနာတော်ကြီး တည်တံ့ပြန့်ပွားရေးတွင်၊ ဒါန၏ အခန်းကဏ္ဍသည် ဤမျှအရေးပါသည်ကို မသိမြင်သူများက “ဒါနကြောင့် သံသရာရှည်သည်”ဟူ၍ ဆိုတတ်ကြပါ၏။ ယောဂီအတော်များများ၏ နှုတ်မှ ဤစကားသံမျိုး ထွက်လေ့ရှိပါ၏။ ထိုသူတို့၏ စကားကို ယုံမှတ်ပြီး၊ “ဒါနပြုခြင်း”ကိုသာ ရပ်တန့်လိုက်လျှင် သာသနာတော်၏ အခြေအနေသည်၊ တွေးဝံ့ဖွယ်ရာပင် မရှိတော့။ “ဒါနကြောင့် သံသရာရှည်သည်”ဟုဆိုခြင်းသည် မရည်ရွယ်သော်ငြား သာသနာတော်စည်ပင်ထွန်းကားမှုကို အဟန့်အတားဖြစ်စေပါ၏။

စင်စစ် ဒါနကြောင့်မှု၊ ဒါနပြုသူအဖို့ သံသရာ မရှည်ပါ။ ဒါနပြုစဉ် အလှူရှင်၏ နှလုံးသွင်းကသာ အဓိကကျပါ၏။ ပစ္စုပ္ပန်ဘဝတွင် လူအများကို အထင်ကြီးစေလိုမှု၊ ကျော်စောထင်ရှားလိုမှု၊ နောင်ဘဝတွင် ချမ်းသာလိုမှုတို့ကို ဦးတည်ရည်ရွယ်ပြီး လှူဒါန်းလျှင်မူ ထိုသူ၏ နှလုံးသွင်းမှုအရပင် သံသရာရှည်ပေလိမ့်မည်။ လောကီအမျှော်လောဘများ လုံးဝမပါဝင်မူလျက်၊ သာသနာတော်ကြီး တိုးတက်စည်ပင်စေလိုသော သဒ္ဓါတရား သက်သက်ဖြင့် လှူဒါန်းမှုပြုသော် သံသရာမရှည်စေသည့်အပြင် နိဗ္ဗာန်အတွက်ပင် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ စင်ကြယ်မွန်မြတ်သော သဒ္ဓါတရားအရင်းခံလျက်၊ လွတ်လွတ်စွန့်လွှတ်ခြင်းသည် သံသရာတိုစေကြောင်းအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

ဒါနမှု၊ သီလမှုတို့သည် သံသရာရှည်စေသော အလုပ်ဟူ၍ ပြောဆိုခြင်းသည် မသိသောကြောင့် ပြောခြင်းဖြစ်ကြောင်း၊ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီးက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

“ဒကာ၊ ဒကာမတို့၊ မသိလို့ လှူတော့ ဒုက္ခရတယ်။ သိလို့လှူတော့ နိဗ္ဗာန်ရတယ်။ လှူတာချင်းကတော့ အတူတူပဲ။ ဘာကွာနေသလဲ။ အသိဉာဏ်ကွာနေတယ်။ သစ္စာသိတဲ့ ဉာဏ်ပါတာနဲ့ မပါတာ ကွာနေတယ်။ ဒီတော့ အကျိုးရမှာလည်း ကွာခြားသွားတာပေါ့။

အလှူဒါနဟာ သံသရာမရှည်ဘူး။အချို့က ဒါန၊ သီလတွေဟာ သံသရာရှည်တယ်။ သံသရာရှည်တဲ့ အလုပ်တွေလို့ ပြောတတ်ကြတယ်။ အဲဒီလို ပြောတာဟာ မသိလို့ပြောကြတာ၊ မသိပြော ပြောတာပဲလို့ မှတ်လိုက်ကြ။

မသိလှူတာ . . . သမုဒယသစ္စာ၊
ရတာက . . . ဒုက္ခသစ္စာ၊
သိလို့လှူတာ . . . မဂ္ဂသစ္စာ၊
ရတာက . . . နိရောဓသစ္စာ၊
မြဲမြဲမှတ်ထားကြ . . .”

သူတစ်ပါး၏ အမှားအပေါ်မှာ

လောကဌ် လူအမျိုးမျိုး၊ စိတ်အထွေထွေရှိသည်။ လူသားတစ်ဦးနှင့်တစ်ဦး အယူအဆချင်းမတူ။ စိတ်နေစိတ်ထားချင်းမတူ။ လူမှုဆက်ဆံရေး နယ်ပယ်၌ သိမ်မွေ့သူတွေ ရှိသလို ခက်ထန်သူတွေ ရှိသည်။ ယဉ်ကျေးသူ

တွေ ရှိသလို ရိုင်းပျသူတွေလည်း ရှိသည်။ စိတ်စေတနာ ကောင်း ထွန်းပသူတွေ ရှိသလို၊ စေတနာဆိုး ကိန်းဝပ်သူ တွေလည်း ရှိသည်။ မုဒိတာရနံ့ သင်းပျံ့သူတွေ ရှိသလို၊ ဣဿာမစ္ဆရိယ အနံ့ဆိုးထွက်နေသူတွေလည်း ရှိသည်။ နှလုံးသွင်းကောင်းမွန်သူ ရှိသလို၊ နှလုံးသွင်းဆိုးသူတွေ လည်း ရှိသည်။

ကာယကံမှု၊ ဝစီကံမှု ကောင်းမွန်သူတို့နှင့် ဆက်ဆံရသောအခါ နှလုံးစိတ်ဝမ်း ချမ်းမြေ့ရသည်။ စိတ် နှလုံးကြည်နူးရွှင်ပျရသည်။ ကာယကံမှု၊ ဝစီကံမှု ဆိုးသူ တို့နှင့် ဆက်ဆံရသောအခါ နှလုံးစိတ်ဝမ်း မချမ်းမြေ့ တော့။ ထိုသူတို့၏ ညံ့ဖျင်းမှု၊ သေးသိမ်မှု၊ အောက်တန်း ကျမှုအပေါ် ဘဝင်မကျခြင်း၊ အထင်သေးခြင်း၊ ဒေါသ ဖြစ်ခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းများ ဖြစ်ပေါ်ခံစားရတတ်ပါ သည်။ မကောင်းသော ကာယကံမှု၊ ဝစီကံမှုတို့၌ အကု သိုလ်ဓာတ် ထွန်းပပါ၏။ ယင်းတို့အပေါ် မကောင်းသော ခံစားမှုများ ဖြစ်ပေါ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့သည် အကုသိုလ် မီး ကူးစက်လောင်ကျွမ်းခြင်း ဖြစ်ပါ၏။ အခြားသူတစ်ပါး တို့၏ ဆိုးသော ကာယကံမှု၊ မနောကံမှုတို့မှ ထွက်ပေါ် လာသော အကုသိုလ်မီးများ မိမိ၏ အတွင်းသန္တာန်ထဲသို့ ကူးစက်မလာစေသင့်ပါ။ ထိုသို့ ကာယကံမှု၊ ဝစီကံမှု ညံ့ဖျင်းသေးသိမ်သူတို့နှင့် ဆက်ဆံမိစဉ်တွင် ထိုသူတို့ အပေါ် အထင်သေးခြင်း၊ ဒေါသဖြစ်ခြင်း၊အမြင်ကတ်ခြင်း များ မဖြစ်စေဘဲ၊ မိမိသည် ထိုလူစားမျိုး မဖြစ်အောင် ကြိုးစားနေထိုင်သွားမည်ဟု ဆုံးဖြတ်နေထိုင်သွားသင့် ကြောင်း ကျေးဇူးရှင် တောင်တန်းသာသနာပြုဆရာတော် ကြီး ဦးဥတ္တမသာရက ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

"သူတစ်ပါး၏ အဆင်မပြေပုံ၊ ဘုကျပုံ၊ စိတ် ပျက်ဖွယ်ရာ ဆက်ဆံပုံ၊ အမှုအရာရိုင်းပုံ၊ အပြောအဆို ကြမ်းတမ်းပုံ၊ စိတ်ထား နှလုံးထား မဖြောင့်ပုံမျိုးကို မြင်ရ ကြုံရ၊ တွေ့ရလေတိုင်း ထိုသူ့အပေါ် အမြင်ကတ်ခြင်း၊ ဒေါသထားမိခြင်းထက် 'ငါတော့ ယနေ့ကစ၍ ထိုလူစား မျိုးလို မနေမိအောင် ကြိုးစားသွားမယ်ဟူ၍ အတွင်း ကြိတ် ဆုံးဖြတ်ထားခြင်းသည် အကောင်းဆုံးဖြစ်သည်"

မဟာယာန အယူကို ပယ်ပါ

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကိုးကွယ်သော ဗုဒ္ဓဘာသာသည် "ထေရဝါဒဗုဒ္ဓဘာသာ"ဖြစ်ပါသည်။ ကမ္ဘာတွင် "ထေရဝါဒ"နှင့် "မဟာယာန"ဟူ၍ ဗုဒ္ဓဘာ သာဂိုဏ်းကြီး နှစ်ဂိုဏ်းရှိပါ၏။ ဗုဒ္ဓဘာသာဟူ၍ အမည်ခံ ပုံချင်း တူကြလင့်ကစား "ထေရဝါဒ"နှင့် "မဟာယာန"မှာ အစစကွာခြားလှပါ၏။ ခြားနားလှပါ၏။ ဗုဒ္ဓအပေါ်၊ ဓမ္မအပေါ်၊ ရဟန္တာအပေါ် သဘောထားချင်း၊ အမြင်ချင်း မတူညီကြပါ။

မဟာယာနတို့၏ အတွင်းဝင်ပူးသတ်မှုကြောင့် မြန်မာဗုဒ္ဓဘာသာဝင်များအကြားတွင်ထေရဝါဒနှင့်ဖီလာ ဆန့်ကျင်သော မဟာယာနအယူအမှု၊ အလေ့အကျင့်တို့ ရှင်သန်ပျံ့နှံ့လျက်ရှိပါ၏။ နှုတ်ကမူ "ထေရဝါဒ"ဟုဆို သော်လည်း မဟာယာနအယူများ၏ လွှမ်းမိုးမှုကို ခံနေ ရသူများ ရှိနေပါ၏။ ဤသို့ဖြစ်ရသည်မှာ မိရိုးဖလာအရ၊ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူထားသော်လည်း မိမိကိုးကွယ် သော ဘာသာ၊ သာသနာကို သိရှိအောင် လေ့လာမှု မပြုသောကြောင့် ဖြစ်ပါ၏။ ဤသို့ မိမိကိုးကွယ်ရာ ဘာသာ၊ သာသနာအပေါ် လေ့လာရကောင်းမှန်း မသိသူ များပြားလေ၊ မဟာယာနစသော ပြင်ပဝါဒများကအတွင်းဝင် ပူးသတ်၍ကောင်းလေ ဖြစ်ခဲ့ပါ၏။ သို့ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် မှန်သမျှ၊ မိမိတို့၏ထေရဝါဒဗုဒ္ဓဘာသာကို အခြေခံမျှပင်ဖြစ်စေ သိရှိသင့်ပါ၏။ ဤကား ထေရဝါဒ၊ ဤကား မဟာယာနဝါဒ၊ဤကား တန္တရဝါဒ . . . စသည် ဖြင့် ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြား သိရှိအောင် အားထုတ် ကြိုးပမ်းအပ်ပါ၏။ မိမိတို့သည် မဟာယာနအယူ ရှိနေ သလားဟူ၍ စိစစ်ပြီး၊ ရှိနေလျှင် မဟာယာနဆန်သော အယူတွေကို စွန့်ပယ်ဖို့လိုအပ်ကြောင်း ကျေးဇူးရှင် သီတဂူ အရှင်ဉာဏိဿရ ဆရာတော်ကြီးက ဤသို့ လမ်းညွှန် တော်မူခဲ့ပါ၏။

"အမှားတွေ တွေးတာဟာ မိစ္ဆာသက်ပွပဲ။ အတွေးမှားသွားရင် အယူပါ မှားသွားတယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိဆိုတာ တွေးရင်း၊ တွေးရင်းနဲ့ ဖြစ်လာကြတာ။ အဲဒါ ဗြဟ္မဇာလသုတ္တန်ကို လေ့လာဖို့ကောင်းတယ်။ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးထဲမှာ တိတ္ထိဝါဒဆိုတာ ရှိတယ်။

ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လိုတဲ့ လူတွေ ဟာ ကိုယ့်ကိုယ်ကို မဟာယာနအယူရှိနေသလားဆိုတာ စိစစ်ဖို့လိုတယ်။ မဟာယာနဆန်တဲ့ အယူအဆတွေ ပယ်ဖို့လိုတယ်။"

■မင်းနန်(မော်ကျွန်း)

နိုင်ငံခြားသားဘုန်းတော်ကြီးတစ်ပါး၏

ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ

ချမ်းမြေ့ဆရာတော်

(ယခင်လမှအဆက်)

၆။ ကရုဏာနှင့် ပညာ

မေး။ ကရုဏာနှင့် ပညာအကြောင်းကို ဗုဒ္ဓဘာသာဝင်တွေ ပြောကြတာ မကြာခဏ ကြားရပါတယ်။ ဒီစကားလုံးတွေက ဘာအဓိပ္ပါယ်ရှိပါသလဲ။

ဖြေ။ တခြားဘာသာတရားတွေက (အဓိပ္ပါယ်အလွန်နီးစပ်တဲ့ နှစ်ခုဖြစ်တဲ့) ကရုဏာ၊ သို့မဟုတ် မေတ္တာဟာ အရေးအကြီးဆုံး ဘာသာရေးဆိုင်ရာ အရည်အသွေးဖြစ်ကြောင်း ယုံကြည်ကြပါတယ်။ သို့သော်လည်း သူတို့ဟာ အသိပညာ တိုးပွားအောင် မလုပ်ကြပါဘူး။ အဲဒါကြောင့် ရတဲ့အကျိုးကတော့ အလွန်စိတ်သဘောထား ပြည့်ဝတဲ့လူအ၊ အသိပညာမရှိတဲ့ သနားကြင်နာတတ်သူအဖြစ် အဆုံးသတ်ခြင်းဆိုတဲ့ အကျိုးပါပဲ။

သိပ္ပံပညာလို တခြားတွေးခေါ်ရေး စနစ်တွေကျတော့လည်း အသိပညာကို အကောင်းဆုံး တိုးပွားအောင် ကြိုးစားရမယ်၊ ကရုဏာ အပါအဝင် စိတ်လှုပ်ရှားခံစားမှုအားလုံးကိုတော့ ဘေးဖယ်ထားရမယ်လို့ ယုံကြည်ကြပါတယ်။ ဒီတော့ သိပ္ပံပညာဟာ သို့မဟုတ် သိပ္ပံပညာရှင်များဟာ (သိပ္ပံပညာမှ ရရှိမည့်)ရလဒ်ကိုသာ အာရုံစိုက် စိတ်စောနေကြတယ်ဆိုတဲ့ အကျိုးနှင့် သိပ္ပံပညာဟာ လူသားကို အလုပ်အကျွေးပြုဖို့သာ ဖြစ်တယ်။ ချုပ်ကိုင်ဖို့ လွှမ်းမိုးဖို့ မဟုတ်ဘူးဆိုတာကို မေ့ထားတဲ့ အကျိုးများ ဖြစ်ပေါ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ သိပ္ပံပညာရှင်များဟာ အဏုမြူဗုံး ပြုလုပ်ခြင်း၊ ရောဂါပိုးမွှား တိုက်ဖျက်ခြင်းနှင့်အလားတူ လုပ်ငန်းများကို

တိုးတက်အောင် ပြုလုပ်ဖို့ သူတို့၏ ကျွမ်းကျင်မှု ပညာများကို အသုံးချခဲ့ကြလို့ပါပဲ။

တချို့ ဘာသာတရားတွေက ကြောင်းကျိုးဆင်ခြင်တုံတရားနှင့် အသိပညာကို ချစ်ခင်မှုနှင့် ယုံကြည်မှုကဲ့သို့သော စိတ်လှုပ်ရှားခံစားမှုရဲ့ ရန်သူအဖြစ် အမြဲတမ်း မြင်ကြတယ်။ သိပ္ပံပညာက ချစ်ခင်မှုနှင့် ယုံကြည်မှုကဲ့သို့သော စိတ်လှုပ်ရှားခံစားမှုများကို ကြောင်းကျိုးဆင်ခြင်တုံပညာနှင့် လက်တွေ့ကျခြင်းရဲ့ ရန်သူများအဖြစ် အမြဲတမ်း မြင်ကြတယ်။

ဗုဒ္ဓဘာသာကတော့ (ကရုဏာနှင့် ပညာ)ချိန်ညီပြီး ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ဖို့ သင်ကြားပေးတဲ့အတွက် သင်ဟာ ကရုဏာနှင့်ပညာ တိုးတက်အောင် ကြိုးစားရပါမယ်။ ပြီးတော့ ဗုဒ္ဓဘာသာဟာ တစ်ယူသန်ဝါဒမဟုတ်ဘဲ အတွေ့အကြုံပေါ်မှာ အခြေခံတာဖြစ်လို့ သိပ္ပံပညာကိုလည်း ကြောက်စရာ မရှိပါဘူး။

မေး။ ဒါဖြင့် ဗုဒ္ဓတရားတော်အရ ပညာဆိုတာ ဘာပါလဲ။

ဖြေ။ အမြင့်ဆုံးပညာက သဘာဝတရားအားလုံးဟာ မရမတ္ထသဘောအားဖြင့် မမြဲဘူး၊ မပြည့်စုံဘူး။ အတ္တမဟုတ်ဘူးလို့ မြင်ပါတယ်။ ဒီအသိအမြင်ပညာဟာ လုံးဝ လွတ်လပ်ပြီးတော့ နိဗ္ဗာန်လို့ခေါ်တဲ့ ကြီးမြတ်တဲ့ လုံခြုံမှုနှင့် ချမ်းသာမှုကို ရစေပါတယ်။ သို့သော်လည်း ဗုဒ္ဓမြတ်စွာက ဒီပညာအဆင့်ကို အလွန်များများကြီး မမိန့်ကြားပါဘူး။

တစ်စုံတစ်ယောက်က ပြောတာကို မဆင်ခြင်မစဉ်းစားဘဲ ယုံကြည်ရင် စစ်မှန်တဲ့ ပညာမဟုတ်ပါဘူး။ စစ်မှန်တဲ့ပညာက ကျွန်ုပ်တို့ကိုယ်တိုင် တိုက်ရိုက်သိမြင်တဲ့ ပညာပါ။ ဒီပညာအဆင့် ရဖို့ရာ အသိစိတ်ဓာတ်ကို ပိတ်မထားရပါဘူး။ ဖွင့်ထားရပါတယ်။ တခြားသူများရဲ့ အမြင် ကို တစ်ယူသန်စိတ်ထားနှင့် ဖယ်မထားရပါဘူး၊ ဂရုစိုက် နားထောင်ရပါတယ်။ ကျွန်ုပ်တို့ အယူအဆနဲ့ ဆန့်ကျင်တဲ့ အချက်တွေကို မစဉ်းစားဘဲ မနေရပါဘူး။ သေသေချာချာ စစ်ဆေးရပါတယ်။ မစဉ်းစားဘဲ စိတ်အထင်မျှနဲ့ တစ် ဖက်သတ် မဆုံးဖြတ်ရပါဘူး၊ လက်တွေ့ကျကျ ဆင်ခြင် စဉ်းစားရပါတယ်။

ကျွန်ုပ်တို့ထံ ကမ်းလှမ်းလာတဲ့ စိတ်လှုပ်ရှားခံစားမှုနဲ့ ပတ်သက်တဲ့ အရာများကို မစဉ်းစားဘဲ လက်

ဗုဒ္ဓဘာသာဝင်များက ဗုဒ္ဓဘာသာ အသိအမြင်များကို တခြားပုဂ္ဂိုလ်များအား ခွဲဝေပေးဖို့ရန် သိမ်မွေ့ တိတ်ဆိတ်စွာ ကြိုးစားနေကြတာပါ။ ဗုဒ္ဓမြတ်စွာဟာ ကျွန်ုပ်တို့ကို မဟာကရုဏာတရားနှင့် ဟောကြားဆုံးမတော်မူပါတယ်။ ကျွန်ုပ်တို့ကလည်း အခြားသူများကို ကရုဏာတရားနှင့် သင်ကြားပေးနေကြပါတယ်။

မခံရပါဘူး၊ အချိန်ယူ စဉ်းစားပြီးမှ ယုံကြည်ရပါတယ်။ ကျွန်ုပ်တို့ ယုံကြည်မှုနဲ့ ဆန့်ကျင်တဲ့ အချက်အလက်မှန်များကို တင်ပြလာတဲ့အခါမှာ ကျွန်ုပ်တို့ရဲ့ ယုံကြည်မှု ပြောင်းလဲဖို့ အဆင်သင့်ဖြစ်ရပါတယ်။ ဒီအချက်များ အတိုင်း လိုက်နာလုပ်ဆောင်သူဟာ ပညာနှင့် ပြည့်စုံသူ ဖြစ်တာ သေချာပါတယ်။ နောက်ဆုံးမှာ ပညာစစ်၊ ပညာမှန်ကို ရဖို့သေချာပါတယ်။

ပြောတဲ့အတိုင်း လက်ခံယုံကြည်တဲ့လမ်းစဉ်က လွယ်ကူလှပါတယ်။ ဗုဒ္ဓဘာသာ လမ်းစဉ်ကတော့ သတ္တိရှိမှု၊ သည်းခံနိုင်မှု၊ အလျှော့ အတိုးရမှုနှင့် အသိဉာဏ်ကို လိုအပ်ပါတယ်။

မေး။ မဆိုစလောက်တဲ့ လူနည်းစုသာ ဒီအတိုင်းလုပ်နိုင်မှာပါ။ ဒီတော့ အနည်းငယ်မျှသာ ဒါကို လက်တွေ့လုပ်နိုင်တယ်ဆိုရင် ဗုဒ္ဓဘာသာ အနေနဲ့ ဘယ်လိုလဲ။

ဖြေ။ လူတိုင်း ဗုဒ္ဓဘာသာအတွက် အဆင်သင့်မဖြစ်သေးဘူးဆိုတာ မှန်ပါတယ်။ သို့သော်လည်း

မှားယွင်းပြီး လူတိုင်းလိုက်နာ ကျင့်သုံးနိုင်လောက်အောင် လွယ်လွယ်ကူကူနားလည်နိုင်တဲ့ ဘာသာတရားကို သင်ကြားပေးသင့်တယ်ဆိုရင် ဒါဟာ ရယ်စရာဖြစ်နေမှာပဲ။ဗုဒ္ဓဘာသာဟာ အမှန်တရားကိုဦးတည်ပါတယ်။ သို့သော်လည်း လူတိုင်းဟာ ဗုဒ္ဓဘာသာတရားကို နားလည်ဖို့ စွမ်းရည်မရှိသေးရင် သူတို့ဟာ နောက်ဘဝမှာ နားလည်ဖို့ အဆင်သင့်ဖြစ်ပါလိမ့်မယ်။ သို့သော်လည်း နားလည်မှု တိုးပွားအောင် ကြိုးစားနိုင်သူတွေ ရှိကြပါသေးတယ်။ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်များက ဗုဒ္ဓဘာသာ အသိအမြင်များကို တခြားပုဂ္ဂိုလ်များအား ခွဲဝေပေးဖို့ရန် သိမ်မွေ့ တိတ်ဆိတ်စွာ ကြိုးစားနေကြတာပါ။ ဗုဒ္ဓမြတ်စွာဟာ ကျွန်ုပ်တို့ကို မဟာကရုဏာတရားနှင့် ဟောကြားဆုံးမတော်မူပါတယ်။ ကျွန်ုပ်တို့ကလည်း အခြားသူများကို ကရုဏာတရားနှင့် သင်ကြားပေးနေကြပါတယ်။

မေး။ ဒီလိုဆိုတော့ ကျွန်ုပ်တို့ ကရုဏာအလှည့်ရောက်လာပြီ။ ဗုဒ္ဓဘာသာတရားအရ ကရုဏာဆိုတာ ဘာပါလဲ။

ဖြေ။ ပညာက ကျွန်ုပ်တို့ရဲ့ ဉာဏ်ပညာနှင့်ဆိုင်တဲ့ အပိုင်း သို့မဟုတ် အလုံးစုံ ခြုံငုံသိမြင်ခြင်းနှင့် ဆိုင်တဲ့အပိုင်းကို လွှမ်းခြုံမိသလို ကရုဏာကလည်း ကျွန်ုပ်တို့ရဲ့ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ အပိုင်းကို လွှမ်းခြုံမိပါတယ်။ ပညာလိုပဲ ကရုဏာဟာလည်း လူသားရဲ့ အတုမဲ့ အရည်အသွေးပါ။

Compassion=ကရုဏာဟာ "အတူတကွ" လို့ အဓိပ္ပါယ်ရှိတဲ့ 'Co'ဆိုတဲ့ စကားလုံးနဲ့ "ပြင်းထန်စွာ ခံစားခြင်း"လို့ အဓိပ္ပါယ်ရတဲ့ 'Passion'ဆိုတဲ့ စကားလုံးနှစ်လုံးကို တွဲစပ်ထားတာပါ။ ဒါကြောင့် "အတူတကွ ပြင်းထန်စွာ ခံစားခြင်း"ဟာ Compassion(ကရုဏာ)ရဲ့ အဓိပ္ပါယ်ပါ။ ကျွန်ုပ်တို့ဟာ တစ်စုံတစ်ယောက် ဒုက္ခရောက်နေတာတွေ့ရင် ကျွန်ုပ်တို့ ကိုယ်တိုင် ဒုက္ခရောက်နေသလို ခံစားရပါတယ်။ အဲဒီအခါမှာ ကျွန်ုပ်တို့ဟာ သူတို့ရဲ့ ဒုက္ခကို ဖယ်ရှားပေးဖို့၊ သို့မဟုတ် သက်သာအောင် လုပ်ပေးဖို့ ကြိုးစားကြပါတယ်။ ဒါဟာ ကရုဏာပါပဲ။ ဒါကြောင့် ဆင်းရဲဒုက္ခကို ခွဲဝေခံစားခြင်း၊ သက်သာအောင်လုပ်ပေးဖို့ အဆင်သင့်ဖြစ်ခြင်း၊ ကိုယ်ချင်းစာခြင်း၊ ကြောင့်ကြခြင်း၊ ဂရုစိုက်ခြင်းကဲ့သို့သော လူသားမှာရှိတဲ့ ဗုဒ္ဓနှင့်တူတဲ့ အရည်အသွေး အားလုံးဟာ ကရုဏာရဲ့ သဘော လက္ခဏာတွေပါပဲ။

ကရုဏာရှင် ပုဂ္ဂိုလ်မှာရှိတဲ့ သူတစ်ပါးကို ဂရုစိုက်ခြင်း၊ ချစ်ခင်ခြင်းများဟာ မိမိကိုယ်ကို ဂရုစိုက်ခြင်း၊ ချစ်ခင်ခြင်းမှာ အခြေခံကြောင်းသင်သတိပြုမိပါလိမ့်မယ်။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ကိုယ်ကို တကယ်နားလည်ရင် သူတစ်ပါးကိုလည်း တကယ်နားလည်ပါလိမ့်မယ်။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့အတွက် ဘာဟာ အကောင်းဆုံးဆိုတာကို နားလည်ရင် သူတစ်ပါးအတွက်လည်း ဘာဟာ အကောင်းဆုံးဖြစ်တယ်ဆိုတာ နားလည်ပါလိမ့်မယ်။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့အတွက် ခံစားတတ်တဲ့အခါမှာ သူတစ်ပါးအတွက်လည်း ခံစားနိုင်ပါလိမ့်မယ်။ ဒါကြောင့် ဗုဒ္ဓဘာသာမှာ မိမိအတွက် စိတ်ဓာတ်ရေးရာ တိုးတက်မှုဟာ တခြားပုဂ္ဂိုလ်များရဲ့ ကောင်းကျိုးချမ်းသာအတွက် ကြောင့်ကြပြုမှုအဖြစ်သို့ အလွန်သဘာဝကျစွာ တိုးတက်ပွင့်လင်းလာပါတယ်။ ဒီအချက်ကို ဗုဒ္ဓမြတ်စွာရဲ့ ဘဝက ကောင်းကောင်းကြီး နမူနာပြပါတယ်။ ဗုဒ္ဓမြတ်စွာဟာ ကိုယ်တော်မြတ်ရဲ့ ကောင်းကျိုးချမ်းသာအတွက် ခြောက်နှစ်ပတ်လုံး ကြိုးစားခဲ့ပါတယ်။ နောက်ခါကျမှ တစ်လောကလုံးအတွက် အကျိုးများအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ ဒီတော့ သင်က ကိုယ့်ကိုယ်ကို ကူညီပြီးရင် သူတစ်ပါးကိုလည်း အကောင်းဆုံးကူညီနိုင်တယ်လို့ ဆိုပါတယ်။အဲဒါ တဆိတ် တစ်ကိုယ်ကောင်း မဆန်ပေဘူးလား။

ဖြေ။ ကျွန်ုပ်တို့ဟာ သူတစ်ပါးရဲ့အရင် မိမိအတွက် ကြောင့်ကြစိုက်မှုကို တစ်ကိုယ်ကောင်းဆန်တယ်လို့ မြင်လေ့ရှိကြပြီး မိမိရဲ့အရင် သူတစ်ပါးကို ကြောင့်ကြစိုက်မှုကိုတော့ တစ်ကိုယ်ကောင်းဆန်ခြင်းရဲ့ ဆန့်ကျင်ဘက်လို့ မြင်လေ့ ရှိကြတယ်။

ဗုဒ္ဓဘာသာကတော့ နှစ်မျိုးလုံးကို အဲဒီလို မမြင်ပါဘူး။ အဲဒီနှစ်မျိုးကို ပေါင်းစပ်ပြီးတော့ မြင်ပါတယ်။ ကိုယ့်ကိုယ်ကို တကယ်ကြောင့်ကြစိုက်မှသာ မိမိနှင့် သူတစ်ပါး တစ်သားတည်းမြင်လာတဲ့ အခါမှာ သူတစ်ပါးအတွက် ကြောင့်ကြစိုက်မှုအဖြစ်သို့ တိုးတက်ရင့်ကျက်သွားပါတယ်။ ဒါဟာ စစ်မှန်တဲ့ ကရုဏာတရားပါပဲ။

ကရုဏာဟာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တည်းဟူသော သရဖူမှာ အလှအပဆုံး ရတနာဖြစ်ပါတယ်။

■ဆက်လက်ဖော်ပြပါမည်

သက်သတ်လွတ်စားချင်မှစား

အရှင်ပါရမီ

သက်သတ်လွတ်စားသူများ မြန်မာပြည်မှာ အတန်အသင့်များပြားလာသည်ကို ရိပ်စားမိသည်မှာ ဤအရှင်သက်သတ်လွတ်စားနေသောကြောင့်ဖြစ်သည်။ ဤအရှင်သည် ကျန်းမာရေးမကောင်း၍ ရွှေဂုံတိုင်အထူးကုဆေးခန်းမှာ (Medical check) ဆေးစစ်ဆေးမှုခံယူကြည့်ရာ (cholesterol)အဆီဓာတ် များနေကြောင်း အဖြေထွက်လာသည်။ သို့ဖြင့် အဆီအဆိမ့်၊ အသားဓာတ်၊အငန်စသည့် ရှောင်ကြဉ်ဖွယ်ရာ စာရင်းဇယားကို ကြည့်ရှုပြီး သက်သတ်လွတ်စားလျှင် ပို၍သင့်တော်မည် ထင်သည်ဟုဆုံးဖြတ်ချက်ချလျက် ၂၀၀၂-ခုနှစ်၊ နှစ်ဦးပိုင်းမှ စတင်ကာ သက်သတ်လွတ်စားလာခဲ့သည်။ ယင်းသို့စားခြင်းဖြင့် ယခင်က အိပ်ပျော်နေစဉ် ရုတ်တရက် လန့်လန့်နိုးပြီး နှလုံးခုန် မြန်နေသည့် ဖြစ်ရပ်ဆိုးတစ်ခု ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။ မောလွယ်ပန်း လွယ်သည့် ရောဂါလည်း ပျောက်ကင်းသွားသည်။ စင်စစ်မှာ သက်သတ်လွတ်စားခြင်းသည် လွယ်သယောင်နှင့် ခက်သောအလုပ်တစ်ခုဖြစ်၏။ရဟန်းတော်တစ်ပါးအနေဖြင့် လူတို့ ကပ်လျှုသမ္ပန္နနှင့် ဘုဉ်းပေးကြရသည်ဖြစ်ရာ ဆွမ်းကပ်ပွဲများတွင် သက်သတ်လွတ်ဟင်းမပါသည်ကများလေ့ရှိသဖြင့် ဆွမ်းကပ်သူတို့အတွက် သက်သတ်လွတ်ဟင်းကို ချက်ချင်းဖန်တီးရသည်မှာ ရံခါ အခက်အခဲရှိတတ်လေသည်။ အလုပ်ပိုတတ်လေသည်။ မိမိအနေဖြင့်မူ လက်ဖက်တစ်ပွဲဖြင့်ပင် ဆွမ်းဘုဉ်းပေး၍ရသော်လည်း ဒကာများဘက်မှ ဟင်းလျှာများများ ကပ်လိုကြသဖြင့် ဗျာများကြရလေ့ရှိသည်။

လောကတွင် ဟင်းကောင်းမကြိုက်သူဟူ၍မူ မရှိတန်ရာ။ သို့သော် သက်သတ်လွတ်စားမည် အမိဋ္ဌာန်ပြုပြီးသည်မှစ၍ဟင်းကောင်းတကာတို့ကို မျက်နှာလွှဲခဲ့သည်။ ဟင်းမရှိလျှင် ဆီဆမ်း ဆားဖြူးစားသည်။ ဟင်းတစ်မျိုးနှင့်လည်း စားနိုင်လာသည်။ စားနေကျလာလျှင်မူ ခက်သယောင်နှင့် လွယ်ကူလာပါလိမ့်မည်။ သို့သော် ကုသိုလ်ကောင်းသည်ဟု ဆိုရမည်လားမသိပါ။ ဤအရှင်အတွက် သက်သတ်လွတ်ဟင်းလျှာများကို ဤအရှင်၏ကံထပ်ရဟန်းဒကာ၊ ရဟန်းဒကာမများဖြစ်ကြသော ဦးသိန်းဝေ၊ ဒေါ်ခင်လှကြည် မိသားစုတို့က တတ်နိုင်သမျှ ပို့လှူနေသည့်အတွက် အခက်အခဲသိပ်မရှိလှပါ။ သူတို့သည် စေတနာသဒ္ဓါတရား အလွန်ကောင်းမွန်သူများ ဖြစ်သဖြင့် နေ့စဉ်ချက်ပြုတ် ပို့လှူနေရသည်ကိုပင် ဂုဏ်ယူနေကြပေသည်။နတ်လူသာခုခေါ်စရာပင်။

မည်သို့ရှိစေ ဗုဒ္ဓဘာသာတွင် သက်သတ်လွတ်စားနေသူများမှာ ခေတ်အဆက်ဆက်၌ ရှိနေမည်သာ ဖြစ်သည်။ ယင်းသို့စားခြင်း၌လည်း အပြစ်တစ်စုံတစ်ရာမရှိပေ။ ကဲ့ရဲ့ဖွယ်ရာ အမူအကျင့်လည်း

မဟုတ်ပေ။သို့ဖြစ်၍ရဟန်းတော်များ သာမက အချို့သော လူဝတ်ကြောင် အတော်များများပင် ယင်းသို့ စားသောက်နေထိုင်လေ့ရှိကြသည်ကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါသည်။ ဤအရှင်အား သာသနာ့ဘောင်သို့ ပို့ဆောင်မြေတောင်မြှောက်ပေးခဲ့သော ကျေးဇူးရှင်(မူလရဟန်းဒကာ)တောင် တန်းသာသနာပြု ဆရာတော်ဘုရားကြီးသည် ငယ်စဉ်တောင်ကျေးကလေး ဘဝမှစ၍ သားငါးကို လုံးဝရှောင်ကြဉ်ကာ သက်သတ်လွတ်ဘုဉ်းပေးတော်မူခဲ့ပါသည်။ သာမည်ဆရာတော်ဘုရားကြီး၊ ကုံလုံဆရာတော်ဘုရားကြီး၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အစရှိသော အထင်ကရဆရာတော်ဘုရားကြီးများပင် သက်သတ်လွတ်အစီစဉ်ဖြင့် ရာသက်ပန်ဘုဉ်းပေးတော်မူသွားကြပါသည်။တိပိဋကတ(ယော)ဆရာတော်သည်လည်း ယင်းသို့ ဘုဉ်းပေးလေ့ရှိကြောင်း သိရသည်။ အခြားအခြားများစွာသော ဆရာတော်တို့လည်း ယင်းသို့ ဘုဉ်းပေးလေ့ရှိကြသည်ကို စာတွေ့အရရော ကိုယ်တွေ့အရပါ သိရှိထားပါသည်။ သို့သော် သက်သတ်လွတ်ဟူ၍လည်းကောင်း၊ မီးလွတ်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲလျက် ဂုဏ်သတင်းကျော်စောအောင် ဖန်တီးခြင်းကိုမူ ဗုဒ္ဓအလိုကျသည်ဟု မဆိုသာပါ။ သက်သတ်လွတ်စားခြင်းသည် ကျင့်စဉ်တစ်ခုမဟုတ်ပါ။ သမထကမ္မဋ္ဌာန်း လေးဆယ်တွင် မပါဝင်ပါ။ ဝိပဿနာ အကျင့်လည်း မဟုတ်ပါ။ သို့သော် သုသာနိက ဓုတင်ဆောင် ရဟန်းတော်များအတွက်မူ သက်သတ်လွတ်စား၍ ကျင့်ဆောင်နိုင်လျှင် ပို၍သင့်မြတ်ကြောင်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် တစ်ပိုင်းတစ်စ ဖော်ပြထားသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ နန္ဒာရွှေဘုံကျောင်းတိုက်တွင် 'ဥပ္ပါတသန္တိ' ရွတ်ဆိုပူဇော်ပွဲ၌ (၂၅-၃-၂၀၀၄) နေ့က ဒကာများအစီအစဉ်ဖြင့် ဘာဏကသံဃာများအား သက်သတ်လွတ်ဆွမ်း ဆက်ကပ်ရာ ဆရာတော်တစ်ပါးက 'စားလေ့စားထမရှိ၍ မျိုမကျဘူး၊ ဒီလိုမှန်းကြိုသိထားရင် ကိုယ့်ကျောင်းမှာတွင် ဘုဉ်းပေးတာပေါ့'ဟု ပြောရှာသည်။ ထိုအခါ ဓမ္မပါရဂူကျောင်းဆရာတော်ဘုရားကြီးက 'တို့ဟာ ကျားတွေ မဟုတ်ပါဘူး။ သူတို့ကပ်တာနဲ့ စားနိုင်အောင် စားရမှာပေါ့။တို့လည်း အသားငါးအလွန်ကြိုက်ပါတယ်။ ဒါပေမယ့် အခုလိုမျိုး သက်သတ်လွတ်ကပ်တော့လည်း စားလို့ကောင်းတာပါပဲ'ဟု မိန့်တော်မူလိုက်သည်မှာ မှတ်သားထိုက်လှပါသည်။ ကိုယ်တော်တစ်ပါးကမူ 'ယနေ့ သက်သတ်လွတ်ကအရှင်ဘုရားရဲ့ အစီစဉ်လား'ဟု အမေးခံခဲ့ရသည်။ဒကာများစိတ်တိုင်းကျ စီစဉ်ခြင်းဖြစ်ကြောင်း၊ ယင်းအစီအစဉ်ကို ဤအရှင်အနေဖြင့် ကောင်းသည်၊ ဆိုးသည် ဘာတစ်ခုမျှ မမိန့်ကြားခဲ့ကြောင်း ဖြေရှင်းပြခဲ့ရသည်။

ဗုဒ္ဓကမူ ရဟန်းတော်များ သက်သတ်လွတ်စား၍ ကျင့်ရမည်ဟု ဥပဒေထုတ်ပေးပါရန် ဒေဝဒတ်၏ လျှောက်ထားချက်ကို ပယ်မြစ်တော်မူခဲ့ပါသည်။ ထို့ကြောင့် သက်သတ်လွတ်စားသူများကို ဒေဝဒတ်၏ ဂိုဏ်းသားများဖြစ်သည်ဟု အပြစ်တင်တတ်ကြသည်။ ဗုဒ္ဓအလိုကျမှာ ရဟန်းတော်များအား ယင်းသို့ ဥပဒေထုတ်ထားလျှင် သက်သတ်လွတ်မစားနိုင်သောကြောင့် သာသနာ့ဘောင် ဝင်ရောက်လိုသူနည်းပါးပြီး သာသနာ လျင်မြန်စွာကွယ်ပျောက်နိုင်သည့် အပြင် ဒကာ၊ ဒကာမများဘက်မှ လည်း ရဟန်းတော်များအား ဆွမ်းလောင်းလှူရန် သီးသန့် သက်သတ်လွတ်ဟင်း ချက်ပြုတ်နေရလျှင် သာသနာအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်။ ဒကာ၊ ဒကာမများစားသမျှ ဟင်းကိုပင် ဘုဉ်းပေးကြမှ ဆွမ်းလောင်းလှူရာ၊ ဆွမ်းခံရာတို့တွင် အဆင်ပြေမည်။ သို့ဖြစ်၍ ယင်းသို့ ပယ်မြစ်တော်မူရခြင်း ဖြစ်သည်။ ထို့ကြောင့် ရဟန်းတော်များအားလုံး သက်သတ်လွတ်စားစေဟု သိက္ခာပုဒ် ပညတ်မထားသကဲ့သို့ သက်သတ်လွတ်မစားရဟုလည်း ဥပဒေ သီးသန့်မထုတ်ပြန်ပါ။ စားလိုက စားနိုင်သည်သာ ဖြစ်သည်။

လူသား၊ခွေးသား၊မြင်းသား၊ ဆင်သား၊သစ်သား၊ကျားသား၊ခြသေ့သား၊ ဝံသား၊ အောင်းသား၊မြွေသား ဟူသော အသားကြီးဆယ်မျိုးကိုသာ ရဟန်းတော်များ မစားရဟု သီးသန့်တားမြစ်တော်မူထားသည့် အတွက် ထိုဆယ်မျိုးမှကြွင်းသော အသားတို့မှာ ရဟန်းတော်တို့အတွက် အပ်စပ်သည်ဖြစ်သည်။ သို့သော်ဒိဋ္ဌ= မြင်သား၊သုတ=ကြားသား၊ပရိသင်္ကိတ = သံသယသားတို့ကိုမူ ရှောင်ကြဉ်ကြရပါမည်။ မိမိအားလှူဖို့ သားငါးသတ်နေသည်ကိုမြင်လျှင် ဖြစ်စေ၊ မိမိအားလှူဖို့ သားငါးသတ် နေသည့် အသံကို ကြားသည်ဖြစ်စေ၊ မိမိအားလှူဖို့တမင် သတ်လာတာများဖြစ်နေမည်လားဟု သံသယရှိသည် ဖြစ်စေ ထိုသားငါးဟင်းမျိုးကို မစားကောင်း

ဟု ဗုဒ္ဓက တားမြစ်တော်မူထားခဲ့ပါသည်။ ထို့ကြောင့် ယင်းတို့မှလွတ်သော အသားငါးကို ဘုဉ်းပေး သုံးဆောင်သောရဟန်းများ အတွက်လည်း အပြစ်ကင်းလွတ်သည်သာဖြစ်သည်။ ဒကာ၊ဒကာမများအနေဖြင့် သက်သတ်လွတ်ဘုဉ်းပေးသော ရဟန်းတော်များကို ကြည့်၍ သက်သတ်လွတ် မဘုဉ်းပေးသော ရဟန်းတော်များကိုလည်း အပြစ်မတင်သင့်ပေ။အားလုံးသည် သူ့ခံယူချက်နှင့်သူ မှန်ကန်နေကြသည်သာဖြစ်သည်။

သက်သတ်လွတ်စားခြင်းဖြင့် မဂ်ဖိုလ်တရားထူးရနိုင်သည် မဟုတ်ပါ။ ယင်းသို့ဆိုသဖြင့် သားငါးစားမှ မဂ်ဖိုလ်ရနိုင်သည်ဟု ထင်စရာရှိသည်။ သားငါးစားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ မဂ်ဖိုလ်ရရေးလမ်းစဉ်ကို ကျင့်ကြံမှသာလျှင် တရားထူးရနိုင်ကြသည်ကို သတိရှိရပါမည်။ သီလ၊ သမာဓိ၊ ပညာ အဆင့်တွင် ယင်းတို့မပါဝင်သေးသည်ကို သတိထားလျက် အငြင်းပွားမှုများဖြင့် အချိန်ကုန်နေမည့်အစား ဗုဒ္ဓမိန့်ကြားတော်မူထားသည့် 'မောဃကာလ နခေပယေ= အချိန်ကို အချည်းအနှီးမကုန်ပါစေနှင့်'ဟူသော စကားတော်နှင့်အညီ အချိန်ရှိခိုက် လုံ့လစိုက်လျက် တရားဘာဝနာ အလုပ်ဘက်သို့ ဦးလှည့်ကြစေချင်ပါသည်။ သက်သတ်လွတ်ကို စားလိုက စားကြပါ။ မစားလိုက မစားဘဲ နေနိုင်သည်။ သက်သတ်လွတ် မစားချင်သူကို စားရန် အတင်းမတိုက်တွန်းသင့်သကဲ့သို့ စားနေသူတို့ကိုလည်း တားမြစ်ပိတ်ပင် အပြစ်တင်နေရန် အချိန်ပိုမရှိပါ။

■ **အရှင်ပါရမီ**

ရန်ကုန်မြို့ ၊ ပုဇွန်တောင်မြို့နယ်
ရွှေကျင်ကျောင်းတိုက်

သပြေကန်ဆရာတော်ကြီး၏ အဆိုအမိန့်များ

အသက်ကို အရက်နှင့် လဲသည်

တချို့က အရက်ကို တော်ရုံသောက်လျှင် ဆေးဖြစ်သည်ဟု ဆင်ခြေပေးကြ၏၊ သို့သော် တော်ရုံဖြင့် အားရသူ ရှားလှ၏၊ ဘေးမမြင်ရအောင် စွဲသည့်အခါ အားရတင်းတိမ်သည်ဟု မရှိဘဲ အလွန်အကျွံဖြစ်လာမြဲတည်း။

အချို့ ရောဂါအခြေမလှ၍ ဆေးဆရာက ဖြတ်ရန် ပြောသော်လည်း မဖြတ်နိုင်ဘဲ အသက်နှင့်လဲ၍ သေသည့်အထိ စွဲသွားသည်။

Just a Little Drink

Some people excuse a little drink (of alcohol) as being good for one's health, but rare is that person who rests content with just a little. Once hooked, a person no longer sees the dangers but drinks to excess.

When alcohol has caused disease and debilitation, and brought one death, such a person cannot stop his craving, and heedless of the doctor's warning, will give his life for "just another drink".

■

အုံ့ဖွယ်သာသနာ့ ဒါယကာကြီးနှင့် စိတ်ဝင်စားဖွယ်ကောင်းသော ကျွန်းကုန်းရိပ်သာကြီး

ဒေါ်ဝရထေရီ
B.A (Eco), B.A (B.Dh)

အုံ့ဖွယ်သာသနာ့ဒါယကာကြီး

မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း (၂၀၀)ကျော်ခန့်တွင် အိန္ဒိယ၌ သာသနာပြုမင်းကြီးတစ်ပါးဖြစ်သော သီရိဓမ္မာသောကမင်းကြီး ပေါ်ပေါက်ခဲ့ပါသည်။ သီရိဓမ္မာသောကမင်းကြီးသည် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်အစရှိသော ထူးကဲများပြားလှသော လှူဒါန်းမှုအစုစုတို့ကို လှူဒါန်းတော်မူခဲ့ပါသည်။ ထို့ပြင် သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းပြီးလျှင် ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာတော် နှစ်ရပ်ကို ကြိုးစားပွားများ အားထုတ်စေခဲ့ပါသည်။ သားတော်နှင့် သမီးတော်တို့သည် ကိလေသာကင်းစင်သော ရဟန္တာအရှင်မြတ်များဖြစ်သည်အထိ ကျင့်ကြံအားထုတ်နိုင်ခဲ့ကြပါသည်။ ထို့နောက် မင်းကြီးသည် သားတော်၊ သမီးတော်တို့ အပါအဝင် အခြားရဟန္တာအရှင် သူမြတ်များအား ကိုးတိုင်း၊ကိုးဌာနသို့ သာသနာပြုခရီးစေလွှတ်ကာ သာသနာပြုလုပ်ငန်းများစွာကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် သီရိဓမ္မာသောကမင်းကြီးသည် သာသနာပြုလုပ်ငန်းများစွာကို ဆောင်ရွက်ခဲ့ပြီး သာသနာ့ဒါယကာအဖြစ် သာသနာ့အမွေကို ခံယူခဲ့ပါသည်။

ယခုအခါတွင် သီရိဓမ္မာသောကမင်းကြီးကဲ့သို့ သာသနာပြုလုပ်ငန်းများစွာကို ပြုလုပ်ဆောင်ရွက်ပြီး ကိုယ်တိုင်လည်း ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာတော် နှစ်ရပ်ကို ကျင့်ကြံပွားများအားထုတ်ကာ သူတစ်ပါးတို့၏ရင်၌ဖြစ်သော သားသမီးရတနာများကိုလည်း သာသနာ့ဘောင်သို့ သွတ်သွင်းပြီးလျှင် ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာတော်နှစ်ရပ်ကိုကျင့်ကြံပွားများအားထုတ်စေနိုင်ခဲ့သော သာသနာ့ဒါယကာကြီးတစ်ဦးကို အုံ့ဩဖွယ်ရာတွေ့မြင်ခဲ့ရပါသည်။ ထိုသာသနာ့ဒါယကာကြီးမှာ အုတ်ဖိုမြို့နယ်ရှိ ကျွန်းကုန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးကို တည်ထောင်ဖွင့်လှစ်နေသော မိုးကုတ်နယ်လှည့်ဓမ္မကထိက သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ ဆရာကြီးဦးမြင့်ဆွေပင် ဖြစ်ပါသည်။

ဆရာကြီး ဦးမြင့်ဆွေသည် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် အဘဦးဝ၊ အမိ ဒေါ်ယဉ်ရွှေတို့မှ ၁၉၄၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ပါသည်။မွေးချင်း ငါးယောက်ရှိသည့် အနက် အကြီးဆုံးသားဦး ရတနာ



ကျွန်းကုန်းဓမ္မရိပ်သာကြီး၌ သံယာတော်အရှင်သူမြတ်များ တရားအားထုတ်နေပုံ

ကျွန်းကုန်းဓမ္မရိပ်သာကြီး၌ ယောဂီများ တရားအားထုတ်နေပုံ

ကျွန်းကုန်းဓမ္မရိပ်သာကြီး၏အဝင် မုခ်ဦးကြီး

ဖြစ်ပါသည်။ ၁၉၆၈-ခုနှစ်တွင် အုတ်ဖိုမြို့နယ်မှ အခြေခံပညာ အထက်တန်းအောင်မြင်ပြီး ကလောစက်မှုလက်မှုသိပ္ပံသို့ တက်ရောက်ပညာသင်ကြားခဲ့ရပြီး၊ ၁၉၇၁-ခုနှစ်တွင် အင်ဂျင်နီယာမြို့ပြ ဒီပလိုမာဘွဲ့ကို အောင်မြင်ရရှိခဲ့ပါသည်။ ၁၉၇၂-ခုနှစ်တွင် ရန်ကုန်တိုင်း၊ ပြည့်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် အင်ဂျင်နီယာ(မြို့ပြ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုနှစ်တွင်ပင် သမဝါယမဦးစီးဌာနမှ ဌာနမှူး ဒေါ်ယဉ်မြင့်နှင့် လက်ထပ်ခဲ့ပါသည်။ သားနှစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (၄၁)တွင် အခြေချနေထိုင်လျက်ရှိပါသည်။

၁၉၈၈-ခုနှစ်တွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးပီပီ ဘာသာရေး လုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ အတိတ်ကုသိုလ်ကံ အကြောင်းတရားများကြောင့်အောင်ဆန်းမိုးကုတ်ရိပ်သာ (ရန်ကုန်)တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်များနှင့် စတင်တွေ့ရှိပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဆုံးအမများဖြစ်သည့် သစ္စာ(၄)ပါးတရားတော်များကို မိုးကုတ်ဆရာတော်ဘုရားကြီးမှတစ်ဆင့်ဟောဖော်ညွှန်ပြဆုံးမခဲ့သည်ကို နာယူမှတ်သားခဲ့ရပါသည်။ နာယူမှတ်သားခဲ့ရသည့် အတိုင်းလည်း ကြိုးစားပွားများအားထုတ်နိုင်ခဲ့ပါသည်။ ဆရာကြီးသည် ၁၉၈၈-ခုနှစ်မှစ၍ မိုးကုတ်ဝိပဿနာပြန့်ပွားရေးလုပ်ငန်းများကို စတင်သာသနာပြု ဆောင်ရွက်ခဲ့ပါသည်။

ပထမဦးစွာ အောင်ဆန်းမိုးကုတ်ရိပ်သာတွင် အောင်မြင်စွာ သာသနာပြုနိုင်ခဲ့ပြီး၊ မိမိ၏ဇာတိချက်မြှုပ်ဖြစ်သည့် အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာ၊ဘုရားကြီးကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာရာသက်ပန်အမြဲတမ်းတရားစခန်းရိပ်သာကြီးကို ၁၉၉၂-ခုနှစ်၊ ဇန်နဝါရီလမှစတင်ဖွင့်လှစ်ခဲ့ပြီး၊ အုတ်ဖိုမြို့နယ်သူ၊ မြို့နယ်သားအားလုံးတို့အား တရားဓမ္မဖြင့် ကျေးဇူးဆပ်နိုင်ခဲ့ပါသည်။ ၁၉၉၅-ခုနှစ်တွင် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ မိုးကုတ်ဝိပဿနာရိပ်သာအမှတ် (၂၁၉)ကို တည်ထောင်ဖွင့်လှစ် သာသနာပြုနိုင်ခဲ့ပါသည်။ ၁၉၉၆-ခုနှစ်တွင် ပြည်မြို့၊ သုခရာမကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာရိပ်သာအမှတ်(၂၂၆)

မိုးကုတ်နယ်လှည့်ဓမ္မကထိက သဒ္ဓမ္မဇောတိကဓေ၊ သီဟသုဓမ္မမဏိဇောတရေ ဆရာကြီးဦးမြင့်ဆွေ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဥာဏ်ရောက်တရားဟောကြားနေစဉ်

ကို တည်ထောင်ဖွင့်လှစ် သာသနာ ပြုနိုင်ခဲ့ပါသည်။ ၁၉၉၇-ခုနှစ်တွင် ပြည်ခရိုင်၊ ဝက်ထီးကန်မြို့နယ်တွင် မိုးကုတ်ဝိပဿနာရိပ်သာအမှတ်(၂၄၈) ကို တည်ထောင်ဖွင့်လှစ် သာသနာပြု နိုင်ခဲ့ပါသည်။

အလားတူပင် အုတ်ဖိုမြို့နယ် တစ်နယ်လုံးတွင် ရိပ်သာအဖွဲ့ငယ် ရွာ(၁၂)ရွာတွင် ရိပ်သာများ ဖွင့်လှစ်သာသနာပြုနိုင်ခဲ့ပါသည်။ ထို့ပြင် ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံသွင်းတိပ်ခွေများ၊ ဆရာတော်ဘုရားကြီး၏ အလုပ်ပေးတရားတော်များ ဟောစဉ်တရားတော်များ၊ ဆရာတော်ဘုရားကြီး၏ ဓာတ်တော်၊ ပုံတော်များ စသဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်များကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူပူဇော်နိုင်ရန်အတွက် မြရောင်ခြည်သက်နှံးတိုက်အမည်ဖြင့် ရန်ကုန်မြို့တွင် ဆိုင်ကြီး(၃)ဆိုင်ခွဲ၍ ဖွင့်လှစ်ပေးထားပါသည်။ အမှတ်(၄၅/၅) ကမ္ဘာအေးဘုရားလမ်းတွင်လည်းကောင်း၊ ဝေဇယန္တာလမ်း (၁၆)ကွေ့၊ တောင်ဥက္ကလာပမြို့နယ်တွင်လည်းကောင်း၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်တွင်လည်းကောင်း ဖွင့်လှစ်ပေးထားပါသည်။

ဤကဲ့သို့ မိုးကုတ်ဝိပဿနာ ထွန်းကားပြန့်ပွားရေးအတွက် သာသနာပြုရင်းဖြင့် မိုးကုတ်ဝိပဿနာ ဌာနချုပ်မှ အသိအမှတ်ပြုနယ်လှည့် ဓမ္မကထိကအဖြစ်ဖြင့် မိုးကုတ် ဝိပဿနာတရားဓမ္မများကို မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ အတိုင်း ဟောဖော်ညွှန်ပြလျက်ရှိပါသည်။ မိုးကုတ်ဝိပဿနာ ကျမ်းစာ အုပ် (၁၁)အုပ်ကိုလည်း ရေးသားပြုစုထုတ်ဝေခဲ့ပါသည်။

ဤကဲ့သို့ မိုးကုတ်ဝိပဿနာ ထွန်းကားပြန့်ပွားရေးအတွက် အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော သာသနာရေးလုပ်ငန်းများတွင် ပါဝင်လျှုဒါန်းခြင်း၊ လူမှုရေးလုပ်ငန်းများတွင်လည်း ပါဝင်လျှုဒါန်းခြင်းတို့ကြောင့် နိုင်ငံတော်မှ ၁၉၉၇-ခုနှစ်တွင် "သီဟသုဓမ္မ မဏိဇောတရေ"ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။ အလားတူပင် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၀၀-ပြည့်နှစ်တွင် နိုင်ငံတော်မှ

၁၃ဖေ-၃၊ ကဆုန်လဆန်း (၉)ရက်၊ (၂၇-၄-၀၄)နေ့တွင် ပျံလွန်တော်မူသော ဆရာတော် ဦးပညာသာမိ သက်တော်(၇၈)၊ ဝါတော်(၅၈)ဝါ၏ ရုပ်ကလာပ်တော်အား (၃)ရက်မြောက်နေ့တွင် သာသနာ့ဒါယကာကြီးနှင့် ယောဂီများက တရားအားထုတ်သည့် အသွင်သဏ္ဌာန်ပြုလုပ်ပြီး မှတ်တမ်းတင်ရိုက်ထားစဉ်

သာသနာပြုတွဲ့ "သဒ္ဓမ္မ ဇောတိက ဓဇ"ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

သာသနာ့ဒါယကာကြီးသည် ကျွန်းကုန်းမိုးကုတ်ဝိပဿနာရာသက်ပန် အမြဲတမ်းတရားစခန်းရိပ်သာကြီးအတွက် သိန်း(၆၀၀)ကျပ်မတည်အလှူငွေအဖြစ် စတင်လှူဒါန်းပြီး ထူထောင်ဖွင့်လှစ်ခဲ့ပါသည်။ ရိပ်သာကြီးစပြီး တည်ထောင်သည့် ၁၉၉၂-ခုနှစ်မှ ယနေ့အထိ သာသနာပြုလုပ်ငန်းများတွင် လှူဒါန်းပြီးငွေမှာသိန်း(၅၀၀၀)နီးပါးရှိပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသော ကျွန်းကုန်းရိပ်သာကြီး

သာသနာ့ ဒါယကာကြီး တည်ထောင် ဖွင့်လှစ်ထားသော ကျွန်းကုန်းရိပ်သာကြီးအကြောင်းကို ဆက်လက်ပြီး တင်ပြသွားပါမည်။

လွန်ခဲ့သော ၂၀၀၄-ခုနှစ်၊ မေလ (၁)ရက်နေ့တွင် စာရေးသူတို့သည် ကျွန်းကုန်းရိပ်သာကြီးသို့ ရောက်ရှိခဲ့ကြပါသည်။ စာရေးသူသည် နွေရာသီကျောင်းပိတ်ရက်ဖြစ်သဖြင့် ရက်ရှည်တရားအားထုတ်လို၍ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

ကျွန်းကုန်း၊ မိုးကုတ်ဝိပဿနာ၊ရာသက်ပန် အမြဲတမ်းတရားစခန်းရိပ်သာကြီးသည် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာ၊ ရန်ကုန်-ပြည်လမ်းမကြီး၏ နံဘေးတွင် တည်ရှိပါသည်။ကားပေါ်မှဆင်းလိုက်သည်နှင့် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၇၀) ကျွန်းကုန်းရိပ်သာဟူသော မုခ်ဦးဆိုင်းဘုတ်ကြီးက ခံ့ညားထည်ဝါစွာ ဆီးကြိုလျက်ရှိနေပါသည်။ ရိပ်သာကြီး၏ အဝင်တွင် ပြည်လုံးချမ်းသာစေတီတော်ကြီးကို ဖူးတွေ့ရပါသည်။

ရိပ်သာကြီးအတွင်းသို့ ဆက်လက်ပြီး ဝင်ရောက်သွားသောအခါ ကြီးမားသော အရိပ်ရအပင်ကြီးများ၊ အသီးသီးနေသော အပင်ကြီးများ၊ အပွင့်ပွင့်နေသော ပန်းပင်များဖြင့် ဝေဝေဆာဆာ၊သာယာအေးချမ်းနေ

သော ရိပ်သာကြီးအဖြစ် အံ့သြစွာ တွေ့မြင်ရပါသည်။ ရိပ်သာကြီးထဲတွင် နှစ်ထပ်ဓမ္မာရုံကြီး၊ စာပေတိုက်၊ သိမ်တော်ကြီး၊ တန်ဆောင်းကြီး၊ အာရုံခံတန်ဆောင်း၊ ဓမ္မာရုံသစ်ကြီး၊ ဆွမ်းစားဓမ္မာရုံသစ်ကြီး၊ ဆွမ်းချက်ဆောင်၊မီးဖိုဆောင်၊ရုံးခန်း၊ဆေးခန်း၊ ဧည့်ဆောင်၊ တိုင်းရင်းမြန်မာ ဆေးခန်း၊ မီးစက်ခန်း၊ ဘုန်းကြီးကျောင်းဆောင်ကြီး၊ အမျိုးသား ယောဂီဆောင် အခန်းပေါင်း(၁၀၀) ကျော်ခန့်၊ လုံးချင်းဆောင်များနှင့် အမျိုးသမီးယောဂီဆောင် အခန်းပေါင်း(၂၀၀)ကျော်ခန့်၊ လုံးချင်းဆောင်များ၊ နှစ်လုံးတွဲဆောင်များ စသည်ဖြင့် အံ့သြဖွယ်ရာတွေ့မြင်ရပါသည်။

ရိပ်သာကြီးသည် (၄၅)ဧကကျယ်ဝန်းသည်ဟု သိရှိရပါသည်။ ရိပ်သာကြီး၏ အရှေ့မြောက်ထောင့်တွင် ဥာဏ်တော် (၂၇)ပေမြင့်သော ဗုဒ္ဓရုပ်ပွားတော်ကြီးကို ထုလုပ်ပူဇော်နေဆဲဖြစ်သည်ကိုလည်း ဖူးတွေ့ခဲ့ရပါသည်။ ရိပ်သာကြီး၏အလယ်တွင် ကိုးတောင်ပြည့် စေတီ၊ ရေကန်ကြီးတို့လည်း တည်ရှိကြပါသည်။ရိပ်သာကြီးသည် အလွန်ပင်ကျယ်ဝန်းပြီး သစ်ရိပ်၊ ဝါးရိပ်၊ တရားရိပ်တို့ဖြင့် အေးချမ်းသာယာဆိတ်ငြိမ်လျက်ရှိပါသည်။

စာရေးသူတို့ တရားအားထုတ်ခဲ့သော ဓမ္မာရုံသစ်ကြီးသည် အလျား (၁၆၅)ပေ၊ အနံ(၆၅)ပေခန့် ကျယ်ဝန်းပြီး ယောဂီတစ်ထောင်နီးပါး အားထုတ်နိုင်ပါသည်။ ထိုဓမ္မာရုံကြီးကို ငွေရောင်တောက်ပနေသော စုလစ်မွန်းခ္ဆန်၊ ပန်းနွယ်၊ ပန်းခက်တို့ဖြင့် ခံ့ညားထည်ဝါလက်ရာမြောက်စွာ ဆောက်လုပ်ထားပါသည်။ သာသနာ့ဒါယကာကြီးသည် အင်ဂျင်နီယာပီပီ မိမိကိုယ်တိုင် စီမံကြီးကြပ်ဆောက်လုပ်ခဲ့သည်ဟု သိရှိခဲ့ရပါသည်။

ဤဓမ္မာရုံကြီးထဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံသွင်းတရားတော်များကို နာကြားရခြင်း၊ ဓမ္မကထိကဆရာကြီးဖြစ်သော သာသနာ့ဒါယကာကြီး၏ တရားများကို နာကြားရခြင်းများသည် အလွန်ပင် နည်းစနစ်ကျလှပါသည်။ တရားအားထုတ်ရသည်မှာလည်း အဆင်ပြေ ညီညွတ်လှပါသည်။

ရိပ်သာကြီးတွင် (၇)ရက် အထူးတရားစခန်းပွဲများကို နှစ်စဉ်တစ်နှစ်လျှင် (၆)ကြိမ်၊ အောင်မြင်စွာ ကျင်းပဖွင့်လှစ်ပေးလျက်ရှိပါသည်။ (၇)ရက်တရားစခန်းပွဲများပြီးသွားသော်လည်း ဓမ္မာရုံကြီးထဲတွင် အမြဲတမ်း တရားစခန်းဝင်ပြီး အားထုတ်နေသော ယောဂီသူတော်စင် (၁၅၀)ကျော်သည် နေ့စဉ်အချိန်မှန်နံနက် (၄း၃၀)မှ ညနေ(၆း၀၀)နာရီအထိ တစ်နာရီတရားအားထုတ်၊ တစ်နာရီစကြီ်လျှောက်ဖြင့် မိမိကိုယ်ကို မိမိကယ်တင်နေသော ဝိပဿနာအလုပ်တရားများဖြင့် အားထုတ်နေကြသည်မှာ ကြည်ညိုလေးစားအားကျဖွယ်ရာ တွေ့မြင်ရပါသည်။

အမြဲတမ်း ရက်ရှည်တရားအားထုတ်လျက်ရှိသော ယောဂီသူတော်စင် (၁၅၀)ကျော်တို့အားနေ့စဉ် သာသနာ့ဒါယကာကြီးမှ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကို ဆွမ်းစရိတ်မယူဘဲ အခမဲ့လှူဒါန်းဆက်ကပ်လျက်ရှိပါသည်။ ဤသို့လှူဒါန်းခဲ့သည်မှာ ရိပ်သာကြီး စပြီးတည်ထောင်သော ၁၉၉၂-ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အထိ (၁၂)နှစ်ကျော်ကာလရှိခဲ့ပါသည်။ သာသနာ့ဒါယကာကြီးသည် ယောဂီသူတော်စင်တို့အား နေ့စဉ်ကျွေးမွေးလှူဒါန်းနိုင်ရန်ရိပ်သာအနီးတွင် ဆန်စက်၊ ဆီစက်၊ ရေခဲစက်၊ စာပုံနှိပ်စက်၊ ဘတ္တရီအားသွင်းခြင်း၊ အဝေးပြေးကားများ တည်ထောင်ခြင်း စသည့်လုပ်ငန်းများစွာကိုလည်း ပြုလုပ်ထားပါသည်။ ဤလုပ်ငန်းများမှရသော ငွေများသည် ယောဂီသူတော်စင်များ မပင်မပန်းနှင့် အေးဆေးစွာ တရားအားထုတ်နိုင်ရန် လှူဒါန်းပေးသည့်ငွေများသာဖြစ်ပါသည်။

ရိပ်သာကြီးအတွင်း၌ တရားအားထုတ်နေကြသော ယောဂီများ ထဲမှ ထူးခြားသောဆရာတော်တစ်ပါး၏ အကြောင်းကိုလည်း သိခဲ့ရပါသည်။ ထိုဆရာတော်မှာ ၁၃၆၆- ခုနှစ်၊ ကဆုန်လဆန်း (၉)ရက် (၂၇-၄-၂၀၀၄)နေ့တွင် ရိပ်သာကြီးအတွင်း၌ ပျံလွန်တော်မူသွားသော ဆရာတော် ဦးပညာသာမိ၊ သက်တော် (၇၈)၊ ဝါတော်(၅၈)ပင်ဖြစ်ပါသည်။ ဆရာတော်သည် ရန်ကုန်မြို့၊ အင်းစိန်မှ ဖြစ်ပြီး ရိပ်သာကြီးအတွင်း၌ အားထုတ်ခဲ့သည်မှာ (၅)နှစ်တာကာလရှိခဲ့ကြောင်း သိရှိရပါသည်။ ဆရာတော်၏ ရုပ်ကလာပ်အား မည်သည့်ဆေးဝါးမျှ မထိုးဘဲ သုံးရက်ကြာ အန္တိမစျာပနမီးသင်ကြိုတ်ခါနီးထိ ခြေဆစ်၊ လက်ဆစ်နှင့် တစ်ကိုယ်လုံးပျော့ပျောင်းနေကြောင်း၊တရားအားထုတ်နေသော အသွင်ပုံသဏ္ဌာန်ပြုလုပ်နိုင်ခဲ့ကြောင်း၊ အသားအရေ ဝင်းဝါစိုပြည်နေပြီး အပုပ်နံ့ လုံးဝမထွက်ကြောင်းတို့ကို မှတ်တမ်းတင်ဓာတ်ပုံ

များအရလည်းကောင်း၊ သာသနာ့ဒါယကာကြီးနှင့် ယောဂီများ၏ ပြောပြချက်အရလည်းကောင်း သိရှိခဲ့ရပါသည်။

ရိပ်သာကြီးတွင် တရားအားထုတ်ခဲ့သော အခြားအမျိုးသမီးယောဂီ(၈)ဦးခန့်သည်လည်း ထူးခြားမှု များစွာနှင့် ကွယ်လွန်ခဲ့ကြောင်း အလောင်းများက ပျော့ပြောင်းနေကြောင်းတို့ကိုလည်း ကြားသိခဲ့ရပါသည်။

အထက်ပါဖြစ်ရပ်များကို ကြားသိရသဖြင့် စာရေးသူသည် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားဆုံးမခဲ့သော တရားတော်များကို ပြန်လည်ကြားယောင်မိပါသည်။ ဆရာတော်ကြီး ဟောကြားဆုံးမခဲ့သည်မှာ "ဒကာကြွယ်ရေ၊ မင်းတို့လူကြီးလူကောင်းတွေနော်၊ သေမှအရှက်မကွဲစေနဲ့၊ သေရင်အလောင်းက သက်သေခံလိမ့်မယ်၊ ပုပ်တယ်ဆိုတာ ခန္ဓာကပုပ်တာ မဟုတ်ဘူး။ ကိလေသာက ပုပ်တာ၊ ကိလေသာနည်းနည်းရှိရင် နည်းနည်းပုပ်တယ်၊ များများရှိရင် များများပုပ်တယ်။ ကိလေသာကင်းစင်တဲ့ ဘုရားရဟန္တာများကျတော့ အရိုး၊ အသွေး၊အသားတွေက ဓာတ်တော်ဖြစ်တယ်"ဟု ဆုံးမတော်မူခဲ့ပါသည်။

မှန်လှပါသည်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်နှင့်အညီ ကျင့်ကြံပွားများ အားထုတ်နိုင်ခဲ့သဖြင့် အရိုး၊ အသွေး၊ အသားတော်များအားလုံး ဓာတ်တော်ကျသည်ကို အထင်အရှားဖူးတွေ့နိုင်ပါသည်။ဆရာတော်ဘုရားကြီး၏ အလောင်းတော်ရုပ်ကလာပ်မှ သက်သေခံခဲ့ပါသည်။ ဆရာတော်ကြီး၏ ဓာတ်တော်များကို ရန်ကုန်မြို့၊ အမှတ် (၈၂)၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ်ကြီး၌ အထင်အရှားဖူးတွေ့နိုင်ပါသည်။

လွန်ခဲ့သော (၁၀)နှစ်ခန့်က မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံတပည့် ဆရာတော်ဦးသာသန(မြန်အောင်)နှင့် ပခုက္ကူမြို့၊ ဇီးတောဆရာတော်တို့၏ ရုပ်ကလာပ်များကို မီးသင်္ဂြိုဟ်သည့်အခါ ဓာတ်တော်များကျကြောင်းကို ဗွီဒီယိုအခွေများ၌ ဖူးတွေ့ခဲ့ရပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံတပည့်တော်တော်များများတွင် အရိုး ဓာတ်တော်မကျသော်လည်း ရုပ်ကလာပ်မှာ ထူးခြားမှုများစွာတွေ့မြင်ခဲ့ရပါသည်။

ယခုအခါတွင်လည်း ကျွန်းကုန်းရိပ်သာကြီးတွင် ထူးခြားနေသော ယောဂီများ၏ ရုပ်ကလာပ်များက သက်သေခံလျက်ရှိပါသည်။ ဤထူးခြားချက်များကို ကြည့်ခြင်းအားဖြင့် သာသနာ့ဒါယကာကြီးသည် မြတ်စွာဘုရားရှင်၏ တရားတော်များကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း လက်တွေ့အကောင်အထည်ဖော်ပြီး သာသနာပြုနေသည်မှာ အလွန်ပင် အောင်မြင်နေကြောင်းကို စိတ်ဝင်စားဖွယ် တွေ့မြင်ရပါသည်။

ဖော်ပြခဲ့ပြီးသော သာသနာ့ဒါယကာကြီး၏ လုပ်ဆောင်ချက်များသည် သာမန်လူဝတ်ကြောင်တစ်ဦးအနေဖြင့် လုပ်ဆောင်နိုင်ရန် အလွန်ခဲယဉ်းလှပါသည်။သာသနာ့ဒါယကာကြီး၏ သာသနာပြုလုပ်ငန်းများသည် အလွန်ပင်ကြီးကျယ်ခမ်းနားလှပါသည်။တကယ့်သာသနာ့အာဇာနည်တစ်ဦးပင် ဖြစ်ပါသည်။ သာသနာ့ဒါယကာကြီးသည် အသက်နှင့်ခန္ဓာတည်ရှိနေသမျှသာသနာပြုလုပ်ငန်းများကို ယခုထက်တိုး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြီးမားသော ရည်ရွယ်ချက်ကြီးများလည်း ကျန်ရှိသေးကြောင်း ပြောကြားခဲ့ပါသည်။

စာရေးသူတို့သည် ကျွန်းကုန်း ရိပ်သာကြီး၌ တစ်လနီးပါးမျှ တရားအားထုတ်ခဲ့ပါသည်။ တရားအားထုတ်ခဲ့ရသည်မှာ အားလုံးပင် အဆင်ပြေလှပါသည်။ ရိပ်သာကြီးမှ ဝေယျာဝစ္စ ဆောင်ရွက်ကြသော သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ဂေါပကဆရာလေးများနှင့် လူပုဂ္ဂိုလ်များ အားလုံးတို့သည် ယောဂီတစ်ဦးချင်းကို လှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာနှင့် လေးစားစွာဆက်ဆံကြပါသည်။ သာသနာ့ဒါယကာကြီးကလည်း မိမိ၏ရိပ်သာသို့ ရောက်ရှိလာသော ယောဂီများအား တန်ဖိုးထားပြီး လေးစားစွာဆက်ဆံရမည်ဟု ဩဝါဒပေးထားကြောင်း သိရှိရပါသည်။

တရားအားထုတ်ရေး၊ နေရေး၊ ထိုင်ရေး၊ စားရေးသောက်ရေးတို့တွင် ဘာမျှ အခက်အခဲမရှိ၊ အဆင်ပြေစိတ်ချမ်းသာရသဖြင့် ဤရိပ်သာကြီးကို တည်ထောင်သော သာသနာ့ဒါယကာကြီးကို အလွန်ပင် လေးစားကြည်ညိုမိပါသည်။ကျေးဇူးလည်း အထူးတင်မိပါသည်။ ဤကျေးဇူးတရားများကို သိရှိပြီး စာရေးသူအနေနှင့် စွမ်းနိုင်သည့်ဘက်မှ သာသနာ့ဒါယကာကြီးအားလည်း ကျေးဇူးဆပ်ရာရောက်၊ စာဖတ်သူ

အပေါင်းအားလည်း ဤရိပ်သာကြီး တွင် ကြွရောက်ပြီး တရားအားထုတ် နိုင်ပါစေခြင်းအကျိုးငှာဤဆောင်းပါး အား ရေးသားရခြင်း ဖြစ်ပါသည်။

စာဖတ်သူပရိသတ်အပေါင်း မှလည်း ဤဆောင်းပါးအား ဖတ်ရှုပြီး သာသနာ့ဒါယကာကြီးကဲ့သို့ မိမိ၏ စည်းစိမ်ချမ်းသာအဖြာဖြာကို သာသနာတော်ကြီးအတွက် အကျိုးရှိရှိ အသုံးပြုနိုင်ကြပါစေ၊ မြတ်စွာဘုရားရှင်၏ သာသနာ့အမွေကို ခံယူနိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။ ဥစ္စာပစ္စည်း မကြွယ်ဝသော်လည်း မြတ်စွာဘုရားရှင်၏ ပရိယတ္တိ သာသနာ(အသိ)နှင့် ပဋိပတ္တိသာသနာ (အကျင့်)တရားများကို မိမိ၏ရင်မှာ ကိန်းအောင် ကြိုးစားပွားများပြီး သာသနာ့အမွေကို ခံယူနိုင်ကြပါစေ ဟုလည်း တိုက်တွန်းနှိုးဆော်အပ်ပါ သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ရှိသော တရားအားထုတ်လိုသူ ယောဂီ သူတော်စင်အပေါင်းတို့အား သာသနာ့ ဒါယကာကြီး ဦးမြင့်ဆွေမှ အမြဲတမ်း ကျွန်းကုန်းရိပ်သာကြီးသို့ ရက်ရှည်၊ ရက်တို၊ မိမိတို့စွမ်းနိုင် သလောက် ကြွရောက်ပြီး တရား အားထုတ်ကြပါရန် အစဉ်ထာဝရ ကြိုဆိုဖိတ်ခေါ်လိုက်ပါကြောင်းနှင့် ဆက်သွယ်ရန် ဖုံးနံပါတ်မှာ ၀၅၃-၃၀၄၃၂ (ကျွန်းကုန်းရိပ်သာ)ဖြစ်ပါ ကြောင်းကို နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါ သတည်း။

■ဒေါ်ဝရထေရီ
B.A (Eco), B.A (B.Dh)

ကျမ်းပြုအကျော် အမရပူရမြို့

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ဘဝလမ်းညွှန် အဆိုအမိန့်များ

ဒုက္ခနဲ့ရင်းမှ သုခရ

လောကကြီးရဲ့ သဘောက ထောင်မြင့်မှ ရာစွန့်ချင်တယ်၊သဘာဝ ကလည်း ချမ်းသာလေးကို စွန့်ပါမှ ချမ်းသာကြီးကို ရနိုင်တယ်။ ဒုက္ခကြီးကို ကြောက်ရင် ဒုက္ခလေးကို ရင်ဆိုင်ရဲရမယ်။

သုခတစ်ခုကို သုခတစ်ခုနဲ့ ရင်းလို့ ရရိုးထုံးစံမရှိဘူး၊ ဒုက္ခနဲ့ပဲ ရင်းယူမှ ရတယ်။

အကောင်း လေးမျိုးစုံရင် သာသနာတိုးတက်

အကောင်း (၄)မျိုးလောက်ရှိရင် ကျေနပ်ပါပြီ။

(၁) ကျောင်းထိုင်ဘုန်းကြီး ကောင်းကောင်းရယ်၊
(၂) စာချဆရာ ကောင်းကောင်းရယ်၊
(၃) တောရကျောင်းနေ ပုဂ္ဂိုလ်ကောင်းကောင်းရယ်၊
(၄) ရွာကျောင်းဘုန်းကြီး ကောင်းကောင်းရယ်၊

ဒီအကောင်း(၄)မျိုးသာ 'စုံ'ရှိလိုက်ရင် သာသနာတော်ကြီး တိုးတက်သွားမယ်။



သုတေသနသရုပ်ပြ
အဘိဓာန်ကျမ်းပြုဆရာတော်
အရှင်ဩဘာသာဘိဝံသ

အမေးအဖြေကဏ္ဍ

စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း

ယခင်လမှအဆက်

ဒကာ။ မှန်ပါ့၊ ထုတ်ကူးလာတာ ကတော့ သုတေသနသရုပ်ပြ အဘိဓာန်ထဲကပါပဲ။ သည်အချက်က စွန်းလွန်းဆရာတော်ဘုရားကြီးနဲ့ မေးဖို့အကွက်ဆိုက်တာနဲ့ ကူးလာခဲ့ပါတယ်။ မြတ်စွာဘုရားသခင်က တောထွက်ရဟန်းကြီးတွေဟာ -

(၁) ဒုလ္လဘော နိပုဏော=နူးညံ့ယဉ်ကျေးသိမ်မွေ့မှုတို့ကို ပြုနိုင်ခက်ခြင်း၊

(၂) ဒုလ္လဘော အာကပ္ပ သမ္ပန္နော=ရဟန်းတို့၏ ဟန်ပန်သွင်ပြင် ဝတ်ရုံစားသောက်ပုံ နည်းစနစ်ကို လိုက်နာပြုကျင့်နိုင်ခက်ခြင်း၊

(၃) ဒုလ္လဘော ဗဟုဿုတော=ပိဋကတ်စာပေ အကြားအမြင်ရနိုင်ခက်ခြင်း၊

(၄) ဒုလ္လဘော ဓမ္မကထိကော=တရားဟောအကျော် ဆရာတော်ကြီး ဖြစ်နိုင်ရန် ခက်ခြင်း၊

(၅) ဒုလ္လဘော ဝိနယဓရော=ဝိနည်းဝိုရ်အကျော် ဆရာတော်ကြီး ဖြစ်နိုင်ရန် ခက်ခြင်း၊

(၆) ဒုလ္လဘော သုဝစော=ဆိုဆုံးမရ အလွန်ခက်ခြင်း၊

(၇) ဒုလ္လဘော သုဂ္ဂဟိတဂ္ဂါဟီ=အယူဝါဒကောင်းကို အကောင်းလိုက်၍ ယူနိုင်ခက်ခြင်း၊

(၈) ဒုလ္လဘော ပဒက္ခိဏဂ္ဂါဟီ=ရိုသေစွာ ကျင့်ကြံလိုက်နာရမည့် သြဝါဒစည်းမျဉ်းကို ရိုသေစွာ လိုက်နာခဲခြင်း၊

လို့ ငါးပါး နှစ်နည်းဟောကြားခဲ့ရာ သဘောတူမျိုးတွေကို ပေါင်းလိုက်တော့ မူကွဲမျိုး ရှစ်ပါးမျှကိုသာ တွေ့ရပါတယ်။ နောက်ပြီး ရှေးပညာရှိ ဆရာတော်ဘုရားများ ဆိုရိုးစကားမှာလည်း-

တလင်းပျက်ချင်လျှင် ဆူးလေ့ပေါက်၊ ကျောင်းပျက်ချင်လျှင် တောထွက်ရောက်ဟူ၍ လည်းကောင်း၊

ဒို့က တောရှောင်၊ အို အောင်ပင် မဆင်းရဲဘူးဟူ၍ လည်းကောင်း၊

တောထွက်များ ဘယ်လောက်ကောင်းကောင်း ကျောင်းတိုင်ကိုတော့ သေးနဲ့ပန်းသေးတယ်ဟူ၍လည်းကောင်း၊

ဆိုဆုံးမမှုပြုကြရာ တောထွက်ရဟန်းကြီးများကို ကောင်းတဲ့ဘက်က ထည့်မပြောကြပါ။ ခု စွန်းလွန်းဆရာတော်ဘုရားကြီးဟာလည်း တောထွက်ရဟန်းကြီး မဟုတ်ပါလားဘုရား။ ဖော်ပြပါ ဘုရားဟောဓမ္မနဲ့ ရှေးဆရာတော်ဘုရားကြီးများရဲ့ ဆိုဆုံးမချက် အရဆိုရင် စွန်းလွန်းဆရာတော်ဘုရားကြီးဟာ တရားထူးများရတယ် (ရဟန္တာ)ဆိုတာ ခုခေတ်မှာ ဖြစ်နိုင်ပါ့မလားဘုရား။ အဲဒါကိုလည်း တပည့်တော်တို့ မှတ်သားဖို့ ဖြေကြားတော်မူပါဦး။

ဆရာ။ အင်း-ပဠာဒုံတ္တရ ပါဠိတော်မှာလာတဲ့ ဝုဒ္ဓပဗ္ဗဇိတခေါ် တောထွက်ရဟန်းကြီးတို့

ရနိုင်ခက်၊ ပြုနိုင်ခက်တဲ့ တရားမျိုး ငါးပါးနှစ်နည်းနဲ့ ရှေးဆရာတော် ဘုရားကြီးများ ဆိုဆုံးမသွားကြတဲ့ သြဝါဒစကားတွေဟာ "ယေဘုယ္ယ နည်း"ခေါ်တဲ့ အများဘက်က ယူ နည်းအားဖြင့်တော့ မှန်တယ်လို့ မှတ်သားရမယ်။ များသောအားဖြင့် ဖြစ်တတ်တယ်။ ဖြစ်တာက များတယ်လို့လည်း မှတ်ပေါ့ကွာ။

ဒကာ။ မှန်ပါ့ ၊ တပည့်တော်များ ဗဟုသုတပွားအောင် ဆက်လက် မိန့်ကြားတော်မူပါဦးဘုရား။

ဆရာ။ အေး-'အပ္ပကနည်း'ခေါ်တဲ့ ရှားရှားပါးပါးနည်းနဲ့ယူမယ် ဆိုရင် တစ်ရာမှာ တစ်ယောက်လောက်ကတော့ ထူးထူးချွန်ချွန်နဲ့ သာသနာမှာ တံခွန်စိုက်သွားတာလည်း ရှိသေးတယ်လို့မှတ်ပေါ့။ အဲသည် လူနည်းစု အပ္ပကနည်းထဲမှာ စွန်းလွန်းဆရာတော်ဘုရားကြီးများကို ထည့်ယူရင် ပါဠိတော်နည်းနဲ့လည်း မဆန့်ကျင်ဘဲ အခြားတောထွက်ရဟန်းကြီးတွေလည်း ဂုဏ်ယူစရာ ဖြစ်တာပေါ့ကွာ။

ပထမသင်္ဂါယနာ တင်ရတာလည်း သုဘခေါ်တဲ့ တောထွက်ရဟန်းကြီးရဲ့ သာသနာဖျက်မှုကို အကြောင်းပြုပြီး တင်ရတာပဲကွ။ တရားထူး၊ တရားမြတ်ကို သူမတူအောင် ရယူသွားကြတဲ့ တောထွက်ရဟန်းကြီးတွေလည်း အများကြီးပဲပေါ့။

အေးဟေ့-မင်းတို့မေးလို့ ပုံကလေးတစ်ခု စဉ်းစားမိတယ်။ ပျံလွန်တော်မူသွားတဲ့ နှစ်ကျိပ်ရှစ်ဆူ ဆရာတော် ဦးသုမန ပြောဖူးတာရှိတယ်ကွ။ အထက်မြင်းခံနယ် သူတို့ရွာက ကျောင်းမှာ သူနဲ့ သူငယ်ချင်းရောင်းရင်းဘက်ဖြစ်တဲ့အသက်(၆၀)ကျော် ဒကာကြီးတစ်ယောက်က ဒုလ္လဘရဟန်းဝတ်ပြီးနေသတဲ့။ နှစ်ကျိပ်ရှစ်ဆူ ဆရာတော် ဦးသုမနကလည်း စမ်းကျတောရမှာ သံတံတားကြီးဆောက်လုပ်စရာကိစ္စနဲ့ အထက်အညာ သူတို့ရွာကို ပြန်ရောက်သွားတော့ အဲသည် အသက်(၆၀)ကျော်မှ ရဟန်းဝတ်တဲ့ တစ်ဝါရ တောထွက်ကြီးက ဆီးကြိုပြီး အားရဝမ်းသာနဲ့ ဝါ(၅၀)ကျော်တဲ့ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ဘုရားကြီးရဲ့ ကျောကိုပုတ်ကာ "မောင်သုမနရေ၊ ငါလည်း မင်းလိုပဲ ဖြစ်လာပြီကွ"လို့ ပြောတယ်တဲ့။

သူတို့ဟာက သက်နှံးဝတ်လိုက်ရင် အတူတူဖြစ်လာပြီထင်ကာ ခေါင်းရင်းက တက်ထိုင်လိုထိုင်၊သယ်တန်းရဲ့ ရှေးဆုံးက တက်သွားလိုသွားနဲ့ ရိုသေလေးစားရမည့် သူမှန်းလည်းမသိ၊ဘာမှန်းမသိ ရဟန်းချင်းအတူတူချည်းလို့သာ ထင်မှတ်နေတာကိုကွ။

ဒါကြောင့် တောထွက်ရဟန်းကြီးတွေ နာမည်ပျက်တာ ဘုရားလက်ထက်တော်ကတည်းက သူတို့အတွက် မြတ်စွာဘုရားရှင်က ဒုလ္လဘတရားငါးပါး + ငါးပါး၊ နှစ်နည်းဟောကြားဆုံးမတော်မူခဲ့တာ ဖြစ်မှာပါ။ သူတို့ထက် သိက္ခာဝါကြီးပြီး အသက်ငယ်တဲ့ ဦးပဉ္စင်းကလေးမျိုးဆိုရင် များသောအားဖြင့် သူတို့ကရှိခိုးဦးချမှုလည်းမပြု၊ ရိုသေရမှန်းလည်း မသိကြဘူး။ ကျော်လွှားပြီး ခေါင်းရင်းဘက် တက်သွားကာ ဆရာတော်ကြီးတွေနှင့်ယှဉ်ပြီး ထိုင်လေ့ရှိတာတော့ တို့များမျက်မြင်ကိုယ်တွေ့ပဲကွ။ အဲဒါမျိုးတွေကိုလည်း ဒုလ္လဘ ကိုယ်တော်ကြီးတွေဟာ ဆင်ခြင်ဖို့ ကောင်းတယ်နော်။

ဒကာ။ မှန်ပါ့၊ ဆရာတော်ရဲ့အဖြေစကားကို တပည့်တော် များစွာ ကျေနပ်ပါတယ်ဘုရား။တောထွက်တွေ အများထဲမှာ တစ်ပါးတလေ ထူးချွန်တာလည်း ပါမယ်ဆိုတာ ယုံကြည်စရာပါပဲဘုရား။ နောက်တစ်ချက် မေးချင်တာက အသက်ရှူကြမ်းတာနဲ့ စပ်ပြီး ဆရာတော်တစ်ပါးက ရေးသားမိန့်ဆိုထားတာကိုလည်း မေးလျှောက်ပါရစေဦးဘုရား။

သမထ ဝိပဿနာဘာဝနာ ၏ ဓမ္မတာသဘောဟာ မည်သည့်ယောဂီမှာဖြစ်စေ သမာဓိဉာဏ်ရင့်သန်လေလေ ထွက်သက်၊ဝင်သက် နူးညံ့လေလေသာ ဖြစ်ရတယ်။ ဒါကြောင့် ရှူရှိုက်တဲ့အခါမှာ ရုန့်ရင်းကြမ်းတမ်းစွာ အားထုတ်ပြီး ရှူမှု၊ ရှိုက်မှု ကောင်းတယ်၊ ထင်လွယ် ရလွယ်တယ်ဟု အယူအဆ မမှားကြနဲ့။

အဲသည်လို မိန့်ဆိုရေးသားထားတဲ့ ကျမ်းစာစကားကို ကြည့်ရှုမှတ်သားရဖူးပါတယ်။ အဲသည်စကားနဲ့ စွန်းလွန်းတရားနဲ့ဟာ တော်တော်ကွာခြားနေပါတယ်ဘုရား၊ ရှင်းပြတော်မူပါဦး။

ဆရာ။ ဟ-မင်း ဆရာတော်တစ်ပါး မိန့်ကြားချက်စကားထဲမှာ "သမထ ဝိပဿနာ ဘာဝနာ၏ ဓမ္မတာ သဘောဟာ မည်သည့်ယောဂီမှာဖြစ်စေသမာဓိဉာဏ်ရင့်သန်လေလေ ထွက်သက်ဝင်သက် နူးညံ့လေလေသာ ဖြစ်ရတယ်"လို့ ပါနေမယ့်ဟာပဲ သည်နေရာမှာလည်း

သူ့စကားကို ပြောင်းပြန်ဆွဲပြီး "သမာဓိဉာဏ် နုပြန်လေလေ ထွက်သက်၊ ဝင်သက်ကို ခပ်ကြမ်းကြမ်း ခပ်ပြင်းပြင်း ရှူရရှိုက်ရလေလေသာ ဖြစ်ရမယ်"လို့ မှတ်ပေါ့ကွ။ ခက်တာ လိုက်လို့ပဲ။

ဒကာ။ မှန်ပါ့၊ စကားဝါကျမဆုံး သေးပါဘူး၊ သူ့ရေးသား မိန့်ကြားချက်ထဲမှာ "ဒါကြောင့် ရှူရှိုက်တဲ့အခါမှာ ရုန့်ရင်းကြမ်းတမ်းစွာ အားထုတ်ပြီး ရှူမှ၊ ရှိုက်မှကောင်းတယ်၊ ထင်လွယ် ရလွယ်တယ်ဟု အယူအဆမှားကြနဲ့"ဆိုတဲ့ စကားကလည်း တစ်ဆက်တည်းပါနေလေတော့ အဲသည်မိန့်ကြားချက်စကားနဲ့ စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့ ကြမ်းကြမ်းရှူရှိုက်ခိုင်းပုံ နည်းများက တစ်ပါးနှင့် တစ်ပါး တော်တော့ကိုပဲ ဆန့်ကျင်ခြားနားနေလေတော့ တစ်ခုခုဟာ ဧကန်မှန်ရမည် မဟုတ်လားဘုရား၊ ဘယ်ဟာကို အမှန်လို့ မှတ်သားရန် မိန့်ကြားတော်မူပါဦး။

ဆရာ။ အိမ်း-မင်းရဲ့ ဆရာတော် တစ်ပါး ရေးသားထားတဲ့ ဖြည်းညင်းသာယာ ရှူရှိုက်နည်းရော၊ စွန်းလွန်းဆရာတော်ကြီးရဲ့ ကြမ်းကြမ်းရှူရှိုက်နည်းပါ သည်နှစ်မျိုးလုံးဟာ တစ်ခုမျှ မမှားဘူး။ သူ့နည်းနဲ့သူ့ဟာ မှန်တာချည်းပဲ ဖြစ်တယ်လို့ မှတ်ပေါ့ကွာ။

ဒကာ။ မှန်ပါ့၊ မှန်ပါ့၊ မှန်နည်းများ ကိုလည်း ဘယ်အတွက် ကြောင့် ဘယ်လိုမှန်တယ် ဆိုတာကို တစ်ခုစီ ခွဲခြားပြီး သူ့နည်းနှင့်သူ မိန့်ကြားတော်မူပါဦးဘုရား။

ဆရာ။ အေး-နားထောင်ကွာ၊ အဿာသ-ပဿာသခေါ် ထွက်လေ၊ ဝင်လေသက်သက် အာနာပါနနည်းမျိုးလေးပါးကို သာ မှတ်သားအားထုတ်တဲ့ ယောဂီဟာ တို့များ နောက်ကပြောကြားခဲ့တဲ့ အဿာသ ပဿာသစခန်းမျိုးလေးပါးထဲတွင် သုံးဆင့်မြောက် တတိယမျိုးဖြစ်တဲ့ သဗ္ဗကာယ ပဋိသံဝေဒီ စခန်းရဲ့ အဆုံးနားသို့ ကျရောက်လာရင်ပဲ သူ့ရဲ့သမာဓိဟာ တော်တော့်ကို အားရှိရင့်သန်လာပြီ ဖြစ်လေတော့ ပကတိ ထွက်လေ၊ ဝင်လေထက် နူးညံ့သိမ်မွေ့တဲ့ ထွက်လေ၊ ဝင်လေကိုပင် စူးစိုက်ရှုမှတ်နိုင်လာပြီလို့ သိရမယ်။

သည်အချိန်ကစပြီး ရှေ့စတုတ္ထဆင့်ဖြစ်တဲ့ 'ပဿမ္ဘယံ ကာယသခ်ါရံ' စခန်းကျတော့ကာ ရုန့်ရင်းကြမ်းတမ်းတဲ့ ထွက်လေ၊ ဝင်လေကို ဖယ်ရှားပြီး နူးညံ့သိမ်မွေ့စွာ ရှူရ၊ ရှိုက်ရ လေ့ကျင့်ရဦးမည့် ဘာဝနာအစဉ် ဓမ္မတာသဘောအရ သူ့ရဲ့ သမာဓိဉာဏ် ရင့်သန်လာသလောက် ရုန့်ရင်းတဲ့ အားထုတ်ရှူရှိုက်မှုမျိုးကို အရှိန်သတ်ကာ ပယ်ဖျောက် ပယ်ဖျောက်လျက် နောက်ဆုံး စတုတ္ထဆင့်ရောက်အောင် သိမ်မွေ့သည်ထက် သိမ်မွေ့ကာ လုံးဝချုပ်ငြိမ်းသွားပြီ ထင်ရလောက်တဲ့ သမာဓိမျိုးတိုင်ရောက်သည်အထိ ရှုကြည့်မှတ်သား လေ့ကျင့်ပွားများ သွားရမှာမို့ အဲသည်ဆရာတော် တစ်ဦး မိန့်ကြားဖူးတဲ့ နည်းဟာ လည်း မှန်တာပဲလို့ မှတ်ရမယ်ကွ။

ယောဂီဟာလည်း သူ့ကိုယ်ထဲမှာ မခံမရပ်နိုင်လောက်အောင် ဖြစ်ပေါ်လာတဲ့ ဝေဒနာဒဏ်တွေကို သည်းခံပြီး စူးစိုက်မှတ်သား ပွားများနိုင်တဲ့ သတိ၊ သမာဓိတို့ကို ထင်ထင်ရှားရှားနဲ့ မိလွယ်ရလွယ်တာကြောင့် ပွားများမှတ်သားလို့ ကောင်းတယ်။ ယောဂီရဲ့ ဉာဏ်ထဲမှာလည်း ဝေဒနာ မမြဲမှု၊ ဝေဒနာဆင်းရဲမှု၊ ဝေဒနာကို မစိုးမပိုင်နိုင်မှု၊ ဝေဒနာအပေါ် ငါစွဲကင်းမှုစတဲ့ ဝိပဿနာဉာဏ်တွေ ထင်လွယ်၊ မြင်လွယ် ပေါက်ရောက်လွယ်တယ်။ ဒါကြောင့် စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့ နည်းကို လည်း မှန်တာပဲလို့ မှတ်ရမယ်ကွ။

နောက် "နည်းတစ်ပါးနှင့် တစ်ပါး တော်တော့ကို ဆန့်ကျင်ခြားနားနေတယ်"ဆိုတာလည်း မှန်တာပဲကွ။ ဆရာတစ်ဦးရဲ့နည်းက ထွက်လေ၊ဝင်လေကို မှတ်တဲ့ ပညတ်အာရုံ အာနာပါနကမ္မဋ္ဌာန်းသက်သက် သမထနည်းသာ ဖြစ်တယ်။

စွန်းလွန်းဆရာတော်ဘုရားကြီးပေးတဲ့ နည်းက ထွက်လေ၊ဝင်လေ ထိထိသွားတဲ့ နေရာကို မှတ်ရသော ပရမတ် ဖောဋ္ဌဗ္ဗာရုံ အာနာပါနဖုသနနည်း ဝိပဿနာဆိုတော့ မှတ်ပုံနည်းချင်းကိုက တော်တော့ တွင်မက တော်တော့ဟိုဘက် နှစ်ဘူတာလောက်ပိုသွားတော့ ခြားနားတယ် ဆန့်ကျင်တယ်ဆိုတာ မှန်တာပေါ့ကွ။

ဒါကြောင့် အဲသည်လို နည်းချင်းမတူ ဆန့်ကျင်ခြားနားပေမယ့် သူ့နည်းနဲ့သူ့ဟာ မှန်တာချည်းလို့ သာ မှတ်ပေရော့ကွာ။

ဒကာ။ မှန်ပါ့၊ သည်လိုဆိုတော့ လည်း ရှင်းခနဲ၊ ကွင်းခနဲ၊ လင်းခနဲ ဖြစ်သွားတာပဲ ဘုရား။ ဦးတင်ပါတယ်ဘုရား။ တပည့်တော်များ ပြန်ဖို့ ခွင့်သနားပါဦး။ ခုအပတ်တော့ သည်လောက်နဲ့ပဲ ကျေနပ်ပါပြီ။

■ ဆက်လက်ဖော်ပြပါမည်



စိတ်ကောင်းစာတတ် ပုဂ္ဂိုလ်မြတ်

ဝနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ

ယနေ့ကား ကျေးဇူးတော်ရှင် ရွှေဥမင်တောရ ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံ့လွန်တော်မူခဲ့ရာ (၃)ရက်မြောက်ရှိသွားလေပြီ။ ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်ခဲ့သော ဥတုဇရုပ်ကလာပ်တော်ကို နောက်ဆုံး မီးသင်ဂြိုဟ်ပူဇော်ရန် စျာပနကော်မတီအဖွဲ့ဝင် ဆရာတော်များသည် စံကျောင်းပေါ်တွင်အစည်းအဝေးပြုလုပ်နေကြပေသည်။ ဆရာတော်အသီးသီးက အကောင်းဆုံးဖြစ်စေရန် မိမိတို့ဆန္ဒအလျောက် အသီးသီး အဆိုတင်သွင်းကြပြီး သဘာပတိဆရာတော်က အတည်ပြုဆုံးဖြတ်ချက်ချကာ အစည်းအဝေးကို တစ်နာရီအတွင်း ရုပ်သိမ်းလိုက်လေသည်။

စည်းဝေးပွဲပြီးဆုံးသော် ဤအရှင်သီတင်းသုံးရာ အဆောင်သို့ ပဲခူးမြို့မှ ဆရာတော်တစ်ပါးနှင့် ဒကာ ငါးယောက် ရောက်လာကြပေသည်။ မိမိထက် သိက္ခာဝါကြီးသော ဆရာတော်ကို အရိုအသေပြုပြီးသော် အဆိုပါ ဆရာတော်က-"အရှင်ဘုရားက ရွှေဥမင်ဆရာတော်ရဲ့ အထံမှာ ငယ်ငယ်က နေခဲ့ဖူးတယ်ဆိုတော့ ဆရာတော်ရဲ့ အဆုံးအမသြဝါဒတွေ တော်တော်များများ ရထားမှာပေါ့။ တပည့်တော်ရဲ့ ဒကာတွေက ဆရာတော်ကို တစ်ခါမှ လည်း မဖူးလိုက်ရ၊ အဆုံးအမသြဝါဒတွေကိုလည်း မနာကြားရဘူးဖြစ်နေတယ်" ဟု အစချီလိုက်ရာ ဒကာတစ်ဦးက-

"အရှင်ဘုရား၊ ရွှေဥမင်ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမသြဝါဒတွေကို နည်းနည်းလောက် မိန့်ကြားပေးပါဦးဘုရား"ဟု ဆိုလာသဖြင့်-

"ဆရာတော်ဘုရားကြီးကတော့ သြဝါဒပေးရင် လိုရင်းကို တိုတိုတုတ်တုတ်ပဲ မိန့်ကြားလေ့ရှိပါတယ်။ ဆရာတော်ရဲ့ စကားတွေဟာ တိုပင်တိုသော်လည်း နက်နဲတယ်။

ဘုန်းကြီး မန္တလေးမြို့မှာ သွားရောက်ပြီး ပညာ

သင်ကြားနေစဉ် ဆရာတော်က စာတိုက်ကနေ စာတစ်စောင် ထည့်လိုက်တယ်။ ဆရာတော်ရဲ့ စာက တိုတိုပါပဲ။

ဦးဝါသေ၌,

မန္တလေးရောက်နေတယ်လို့ ကြားသိရသည်။ အချိန်ရှိခိုက် လုံ့လစိုက်ပါ။ အရှင်တို့လို ပုဂ္ဂိုလ်တွေ သာသနာမှာ လိုအပ်နေပါသည်။ လိုအပ်တာရှိရင်လည်း မှာကြားပါ။

'စိတ်ကောင်းစာတတ် ပုဂ္ဂိုလ်မြတ် လိုအပ် သာသနာ'

အဲဒီစာရဲ့ အောက်နားကနေ ဆရာတော် လက်မှတ်ထိုးထားတယ်။

"အဲဒီစကားရဲ့ နက်နဲပုံကို အမိန့်ရှိပါဦးဘုရား"

"ဒကာကြီးတို့ ကြားချင်တယ်ဆိုတော့လည်း အမိန့်ရှိရသေးတာပေါ့"

"မှန်ပါဘုရား"

"သာသနာတော်မှာရှိနေတဲ့ ရှင်ရဟန်းတွေကို လေးမျိုးလေးစားခွဲခြားလို့ရတယ်"

"ဘယ်လိုလေးမျိုးလဲဘုရား"

"(၁) စိတ်ကောင်းရှိပြီး စာတတ်တဲ့ပုဂ္ဂိုလ်၊ (၂) စိတ်ကောင်းရှိပြီး စာမတတ်တဲ့ပုဂ္ဂိုလ်၊ (၃)စိတ်ကောင်းမရှိဘဲ စာတတ်တဲ့ပုဂ္ဂိုလ်၊ (၄) စိတ်ကောင်းလည်းမရှိ၊ စာလည်းမတတ်တဲ့ပုဂ္ဂိုလ်။

အဲဒီလေးမျိုးထဲမှာ စိတ်ကောင်းရှိပြီး စာတတ်တဲ့ ပုဂ္ဂိုလ်ကတော့ အကောင်းဆုံးပေါ့။ မိမိအတွက်ရော သူတစ်ပါးအတွက်ပါ ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်ပါတယ်။ စိတ်ကောင်းရှိပြီး စာမတတ်တဲ့သူကတော့ မိမိရဲ့ကောင်းမြတ်တဲ့ စိတ်ထားကြောင့် ဆရာကောင်း သမားကောင်းတွေရဲ့ အဆုံးအမနဲ့ တွေ့လိုက်ရရင် လမ်းမှန်ပေါ်ရောက်ပြီး မိမိရဲ့အကျိုးကိုရော သူတစ်ပါးရဲ့ အကျိုးကိုပါ ဆောင်ရွက်သွားနိုင်ပါတယ်။ စိတ်ကောင်းမရှိဘဲ စာတတ်တဲ့ပုဂ္ဂိုလ်ကတော့ သံတုတ်ကိုင်ထားတဲ့ လူလိုဖြစ်နေတာပေါ့"

"သံတုတ်ကိုင်ထားတဲ့လူက ဘယ်လိုနေလို့လဲ ဘုရား"

"ကိုယ့်မှာသံတုတ်ရှိနေတော့ ဘယ်သူ့ကို ချရပါ့မလဲလို့ ချရမယ့်လူကိုပဲ ကြည့်နေတော့တာပေါ့"

"ဟား-ဟား-ဟား၊ သဘောပေါက်ပါတယ် ဘုရား"

"ဒါဖြင့်ရင် နားထောင်ဦး၊ စိတ်ကောင်းလည်း မရှိ၊ စာလည်းမတတ်တဲ့သူကျတော့ စိတ်ကောင်းမရှိတဲ့ အတွက်ကြောင့် မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးပျက်စီးကြောင်း အလုပ်ကို လုပ်တတ်တယ်။ ဒါပေမယ်လို့ စာမတတ်တဲ့အတွက်ကြောင့် သူတစ်ပါးတွေရဲ့ အကျိုးစီးပွားပျက်စီးအောင် ဘယ်ပုံဘယ်နည်း လုပ်ရမယ်ဆိုတာကို ကျနကုန်စင်အောင် မသိဘူး။ ဒါကြောင့် စာတတ်ပြီး စိတ်ကောင်းမရှိတဲ့ ပုဂ္ဂိုလ်ဟာ စာမတတ်ဘဲ စိတ်ကောင်းမရှိတဲ့ ပုဂ္ဂိုလ်ထက် ပိုပြီး ကြောက်စရာ ကောင်းတယ်"

"စိတ်ကောင်းမရှိတဲ့ပုဂ္ဂိုလ်ဟာ စာတတ်တော့ နည်းနည်းမတော်ဘူးလားဘုရား"

"ဒီလိုရှိတယ် ဒကာကြီးရဲ့၊ စာတတ်တဲ့ပုဂ္ဂိုလ်ဟာ ကောင်းတာလုပ်ဖို့ရော၊ မကောင်းတာလုပ်ဖို့ရော နည်းစနစ်တွေကို သိထားတယ်။ အဲဒီလို အကောင်းအဆိုး နှစ်မျိုးလုံးကို သိထားသော်လည်း ပင်ကိုယ်က စိတ်ကောင်းမရှိတဲ့အတွက်ကြောင့် မကောင်းတဲ့အလုပ်ကိုပဲ ရွေးပြီးလုပ်တတ်တယ်။ လုပ်ပြန်တော့လည်း သူများထက် ပိုပြီး ကဲပြီး လုပ်တတ်တယ်။ မိမိရဲ့ ပတ်ဝန်းကျင်ကိုလည်း မိမိလိုပဲ မကောင်းမှုတွေ ပြုတတ်အောင် သိမ်းသွင်းစည်းရုံးလေ့ရှိတယ်။ စာမတတ်ဘဲ စိတ်ကောင်းမရှိတဲ့သူကတော့ မကောင်းမှုဒုစရိုက်တွေကို ပြုလုပ်ပေမယ်လို့ ပြုလုပ်နည်းတွေကို မတတ်ကျွမ်းတဲ့အတွက်ကြောင့် မိမိမှာလည်း ပညာတတ်သူကြီးရယ်လို့ အရှိန်အဝါကျော်စောမှု မရှိတဲ့အတွက်ကြောင့် ကိုယ်တိုင်လည်း မကောင်းမှုတွေကို ထိထိရောက်ရောက် မလုပ်နိုင်၊ မိမိရဲ့ ပတ်ဝန်းကျင်ကိုလည်း ဒုစရိုက်မှုတွေထဲမှာ သိမ်းသွင်းစည်းရုံးရတာ မထိရောက်ဘူးပေါ့"

"မှန်ပါ၊ သဘောပေါက်ပါတယ်ဘုရား"

"စိတ်ကောင်းရှိပြီး စာတတ်တဲ့ပုဂ္ဂိုလ်ကတော့ ကိုယ်တိုင်လည်း ကောင်းတဲ့လုပ်ငန်းကို ပြုလုပ်တယ်၊ စာပေတတ်ထားတာကြောင့် လုပ်ငန်းသဘောနားလည်ပြီး ထိထိရောက်ရောက် ပြုလုပ်နိုင်တယ်။ မိမိရဲ့ စာပေတတ်ကျွမ်းမှုဆိုတဲ့ အရှိန်အဝါနဲ့ ပတ်ဝန်းကျင်ကိုလည်း မိမိလို ပုဂ္ဂိုလ်ကောင်းဖြစ်လာအောင် သိမ်းသွင်းစည်းရုံးနိုင်တယ်ပေါ့။ စိတ်ကောင်းရှိပြီး စာမတတ်တဲ့ ပုဂ္ဂိုလ်ကတော့ စိတ်ကောင်းရှိတဲ့အတွက်ကြောင့် ဒုစရိုက်အမှုတွေကို ရှောင်ကြဉ်လိုစိတ် ရှိလိမ့်မယ်။ သူတစ်ပါးကိုလည်း

လမ်းမှန်ပေါ်ရောက်စေချင်တယ်။ ဒါပေမယ်လို့ စာပေတတ်ကျွမ်းတယ်ဆိုတဲ့ ကျော်စောမှု အရှိန်အဝါမရှိတဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ကို စည်းရုံးသိမ်းသွင်းရခက်တယ်။ အဲဒါကြောင့် စိတ်ကောင်းရှိပြီး စာတတ်တဲ့ ပုဂ္ဂိုလ်ဟာ သာသနာတော်မှာ အကောင်းဆုံးလို့ ဆိုရမယ်”

“မှန်ပါဘုရား”

“စာတတ်ပြီး စိတ်ကောင်းမရှိတဲ့သူကတော့ မိမိရဲ့ စာပေတတ်ကျွမ်းမှုဂုဏ်ရယ်၊ ဒီဂုဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ အရှိန်အဝါရယ်ဟာ မိမိကို သံသရာထဲမှာ ဆင်းရဲမှု ရောက်စေတတ်တယ်”

“အမိန့်ရှိပါဦးဘုရား”

“သာဂေနဲ့ပြောရမယ်ဆိုရင် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါတုန်းက ကပိလအမည်ရှိတဲ့ ရဟန်းတော်တစ်ပါးဟာ ပဋ္ဌကသုံးသွယ်၊ နိကာယ်ငါးရပ် ပရိယတ္တိစာပေတွေကို အကုန်အစင်တတ်ကျွမ်းခဲ့တယ်။ ဒါပေမယ့်လို့ သူ့မှာစိတ်ကောင်းမရှိဘူး။ စာပေတတ်ကျွမ်းမှုကြောင့် ထင်ပေါ်ကျော်စောမှုတွေလည်း ဖြစ်ပေါ်လာခဲ့တယ်။ ကျော်ကြားမှုကြောင့် နောက်လိုက်နောက်ပါ အခြွေအရံ ပရိသတ်တွေလည်း များစွာရှိလာခဲ့တယ်။ သူ့ရဲ့အစ်ကိုရယ်၊နှမရယ်၊အမေရယ်ဟာလည်း သာသနာ့ဘောင် ဝင်ရောက်ပြီး အသီးသီး ရဟန်းပြုနေကြတယ်။ အစ်ကိုဖြစ်သူကတော့ ပရိယတ္တိစာပေတွေ မတတ်ကျွမ်းဘူး။ စိတ်ကောင်းရှိတယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ၊ ဆရာသမားတွေရဲ့ အဆုံးအမတွေကို လိုက်နာကျင့်သုံးခဲ့လို့ မကြာမီ ရဟန္တာဖြစ်သွားခဲ့တယ်။ ကပိလရဟန်းကတော့ သတိတရားတွေ ကင်းလွတ်ပြီး ထင်မိထင်ရာတွေ ပြုလုပ်နေတယ်။ ပြောဆိုနေတယ်။ အဲဒီတော့ ပတ်ဝန်းကျင် ရဟန်းကောင်း ရဟန်းမြတ်တွေက စိတ်စေတနာကောင်းကောင်းမွန်မွန်နဲ့ ပြောဆိုဆုံးမကြတယ်။ ဒီအဆုံးအမတွေကိုလည်း လက်မခံဘူး။ ‘သင်တို့က ငါ့လောက်စာမတတ်ဘဲ ငါ့ကို ဆရာလာလုပ်မနေကြနဲ့၊ သင်တို့အနေနဲ့ ငါ့ကိုပြောစရာမလိုဘူး’ စသည်ဖြင့် ပြန်လှန်ပြောဆိုပြန်တယ်။ သူ့မှာ အရှိန်အဝါ ကျော်စောမှုတွေကရှိတော့ နောက်လိုက်ပရိသတ်ကလည်း များတယ်။ သူ့နှမရယ်၊ အမေရယ်ကလည်း ကပိလရဟန်းရဲ့ လုပ်ရပ်ဟာ မှန်ကန်တယ်လို့ထင်ပြီး ထောက်ခံအားပေးနေကြတယ်။ အဲဒါကြောင့် ကပိလရဟန်းဟာ သေပြီးသည်ရဲ့ နောက် အခြားမဲ့ဘဝမှာ ငရဲမှာခံရတယ်။ သူ့နှမရယ်၊ သူ့အမေရယ်၊ သူ့နောက်လိုက် ပရိသတ်တွေရယ်ဟာလည်း သူ့လိုပဲ ငရဲမှာ လိုက်ခံရတယ်။ ကပိလရဟန်းဟာ ငရဲကနေလွတ်လာတဲ့အခါ ငါးသတ္တဝါ သွားဖြစ်ရပြန်တယ်။ ရဟန်းဘဝနဲ့ နေခဲ့စဉ်က ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်တွေကို ဟောပြောပို့ချပေးခဲ့ဖူးတာကြောင့် ငါးဘဝရောက်ပင် ရောက်သော်လည်း သူ့ရဲ့ကိုယ်ဟာ ရွှေရောင်လို ဝင်းပြီး တော့နေတယ်။ ရဟန်းကောင်း၊ ရဟန်းမြတ်တွေကို ဆဲဆိုကြိမ်းမောင်းခဲ့ဖူးတာကြောင့် သူ့ရဲ့ခံတွင်းကနေ အင်မတန် ဆိုးရွားတဲ့ အပုပ်နံ့တွေ ထွက်နေတယ်”

“ဒါဟာ စာတတ်ပြီးတော့ စိတ်ကောင်းမရှိလို့ ဖြစ်ရတာလားဘုရား”

“ဟုတ်တာပေါ့၊ စိတ်ကောင်းမရှိတဲ့သူဟာ ကိုယ်တိုင်ကလည်း လုပ်ချင်ရာ လုပ်တယ်။ ကိုယ့်ရဲ့ မှားယွင်းမှုကို သူတစ်ပါးက ပြုပြင်ပေးတာကိုလည်း လက်မခံဘူး။ သူ့ရဲ့ပတ်ဝန်းကျင်ကိုလည်း အမှားလမ်းပေါ် တင်ပေးတတ်တယ်”

“အဲဒါကြောင့် ရွှေဥမင်တောရဆရာတော်ဘုရားကြီးက‘စိတ်ကောင်း စာတတ်၊ ပုဂ္ဂိုလ်မြတ်၊ လိုအပ်သာသနာ’ လို့ မိန့်တော်မူတာပေါ့နော်ဘုရား”

“ဟုတ်တယ် ဒကာကြီး၊ ဒါကြောင့် ဘုန်းကြီးက ဆရာတော်ဘုရားကြီးရဲ့ စကားတွေဟာ နက်ရှိုင်းတယ်၊ လေးနက်တဲ့အဓိပ္ပါယ်ကို ဆောင်တယ်၊ တိုတိုတုတ်တုတ်နဲ့ ထိရောက်မှုရှိတယ်လို့ ပြောချင်တယ်”

“မှန်ပါဘုရား၊ အရှင်ဘုရား အခုလို မိန့်ကြားလိုက်တော့၊ ရွှေဥမင်တောရဆရာတော်ဘုရားကြီးရဲ့ အဆုံးအမသြဝါဒကို ဆရာတော်ဘုရားကြီးအထံကနေ ကိုယ်တိုင်နာခံလိုက်ရသလိုပါပဲဘုရား၊ လေးနက်ကျယ်ဝန်းတဲ့ အဓိပ္ပါယ်ရှိတာကိုလည်း သိရပါတယ်ဘုရား”

“ဒီလိုဆိုရင် ဒီလောက်နဲ့ပဲ ကျေနပ်ဦးနော်။ နောက်နောင်ကြုံတဲ့အခါလည်း အခုလိုဆွေးနွေးကြသေးတာပေါ့၊ ဘုန်းကြီးကို အာဂန္တုဆရာတော်တစ်ပါးက တွေ့ချင်တယ်ဆိုလို့ အာဂန္တုက အဆောင်သွားလိုက်ဦးမယ်”

“မှန်ပါဘုရား၊ တပည့်တော်တို့ကိုလည်း ခွင့်ပြုပါဦးဘုရား”ဟု ခွင့်ပန်ပြီး ပြန်သွားကြလေတော့သတည်း။

■နဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ

ဗုဒ္ဓရုပ်ပွား စေတီပုထိုးများ ကြွလာတော်မူခြင်း

မြင့်လွင်(ဟင်္သာတ)

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်၏။ ကြီးမြတ်သော မဟာကရုဏာရှိတော်မူသော ရှင်တော်မြတ်ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့အတွက် ကာလပတ်လုံး ဖြည့်ကျင့်တော်မူ၏။ မြင့်မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် တို့ကို ရတော်မူ၏။

မြတ်စွာဘုရားမှ တစ်ပါးကိုးကွယ်ဆည်းကပ်ရာဟူ၍ မရှိပါတကား ဟူသောအသိတရားများဖြင့် အိမ်တိုင်း၊အိမ်တိုင်းတိုက်တာအဆောက်အအုံတိုင်းတွင် အထွတ်အမြတ်ထားကာ ဘုရားတစ်ဆူတော့ ပူဇော်သက္ကာရ ပြုကြသည်။ စေတနာသဒ္ဓါတရားအလျောက် တတ်နိုင်လျှင် တတ်နိုင်သလောက် တစ်ဆူထက်ပို၍ တည်ထားကိုးကွယ် ဆည်းကပ်ကြသည်။

ဆင်းတုရုပ်ပွားတော်များ တည်ထားကိုးကွယ်ရန် မတတ်နိုင်သည့် တိုင်အောင် ဘုရားပုံတော်များကို ချိတ်ဆွဲပူဇော်ကြသည်။ ရုံးခန်း၊ စာသင်ကျောင်းများမှာလည်း တခမ်းတနားတည်ထားကိုးကွယ် ဝတ်ပြုကြသည်။ဆွမ်း ပန်း ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ယာဉ်ရထား၊ မော်တော်ကား၊ရေယာဉ်သင်္ဘောများတွင် ဦးခန်းခ်ိတ်ထား၍ ပူဇော်ကြသည်။

တစ်ဆူမက၊ နှစ်ဆူမကများလှစွာသော အဆူဆူအပွားပွား ဘုရားဆင်းတုတော်များ၊ စေတီပုထိုးများကို တစ်နေရာတည်း၊ ကျောင်းသခ်မ်းတစ်ခုတည်းမှာပင် ကြည်ညိုဘွယ်၊အံ့သြဖွယ်ရာကောင်းလောက်အောင် အကြောင်းရင်းခံတစ်မျိုး အကျိုးဖြစ်ထွန်းနေသည့်ထူးခြားမှုကို ဖူးတွေ့ရပါသည်။

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တော်မူသော ပဌမုခမာရဇိန်ငါးမျက်နှာ စေတီတော်အနီး ဘုရားကြီးကျောင်းတိုက် အတွင်းရှိ ဓုတင်ဆရာတော် တစ်ပါး ဓုတင်ဆောက်တည်ရာ ဇောတိကာ ရုံကျောင်းတွင်ဖြစ်သည်။

ရပ်ဝေးရပ်နီး ဒေသအသီးမြတ်သော အကျင့်ပဋိပတ်ကြောင့် ဆရာတော်၏ စိတ်ညွှတ်နူးရာ ဆန္ဒအလျောက် ဆရာတော်ဓုတင်ဆောက်တည်ရာ ကျောင်းသို့ စေတီတော်များနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ပင့်ဆောင်လာကြခြင်းဖြစ်မည်ဟု ကြည်ညိုကြည့်မိသည်။

ဓုတင်ဆရာတော်၏ ကျင့်စဉ် ဓုတင်ရက်ပေါင်း (၄၄၀၀)ပြည့်သည့်နေ့တွင်ရပ်တော်မူရုပ်ပွားတော် တစ်ဆူ စတင်ကြွရောက်တော်မူခဲ့ရာမှ စခဲ့သည်။ ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။

စေတီပုထိုး ရုပ်ပွားတော် အဆူဆူများသည် ရက်သာခြားသည် လမခြား၊ တစ်ခါတစ်ရံ ရက်ဆက်နံနက်၊ ည ကြွရောက်လာတော်မူကြသည်။ နိုင်ငံရပ်ခြား သီရီလင်္ကာ၊နီပေါ၊အိန္ဒိယ၊ ယိုးဒယား၊ ဂျပန်ဘုရားများဖြစ်သည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တို့မှ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ထူးခြားစွာ ဖူးတွေ့ရပါသည်။

ဘုရားဒါယကာ၊ ဒါယိကာ သီးတို့မှ တပည့်ဒါယကာများက ပင့်လာပူဇော်ကြခြင်း ဖြစ်သည်။တစ်နေ့တခြား ဗုဒ္ဓရုပ်ပွားတော် အဆူဆူ အပွားပွား စေတီပုထိုးများ တိုးပွားလာ၍ တည်ထားကိုးကွယ်ရာ နေရာနှင့် အပြည့် စံပယ်တော်မူလျက်ရှိနေပါသည်။

ဓုတင်ဆရာတော်၏ နှစ်ပေါင်း (၃၀)ရက်ပေါင်းများစွာ မြင့်

မများသည် ရုပ်ပွားတော် စေတီတော်မြတ်များကို အထွတ်အမြတ်ထား ပူဇော်ကိုးကွယ်နေကြရာမှ ခုတင်ဆရာတော်အား ကြည်ညိုသောအားဖြင့် အမွန်အမြတ်လာရောက်လှူဒါန်းပူဇော်ကြခြင်းဖြစ်သည်။ ထိုထို ပူဇော်ကြသူများထဲတွင် ရှေးဟောင်းဘုရားကိုယ်တော်မြတ်များကိုလည်း အမွန်အမြတ်ထား လာရောက် ပူဇော်နေကြသည်ကိုလည်း တွေ့ကြည်ညိုရပါသည်။

ဘုရားဟုခေါ်ဆိုကြခြင်း စကားလုံးရင်းမြစ်အဓိပ္ပါယ်မှာစာပေခေတ်ဦး၊ ပုဂံခေတ် ကျောက်စာများတွင် ပုရာဟ ဟုတွေ့ကြရာမှာဖြစ်သည်။ ကျောက်စာသင်ယူရစဉ်ကမှတ်သားထားခဲ့ပါသည်။ စကားလုံးရွှေ့လျားလာရာ ပုရာဟမှ ပုရာ ပုရာမှ ဘုရားသို့ ဝဂ်ပြောင်းလာခြင်းဖြစ်ပါသည်။ ပဖဗဘမ ဝဂ်တူများ ပြောင်းတတ်သည်ဟု သင်ယူရခဲ့ပါသည်။ ထို့ကြောင့် ပုရာမှ ဘုရားဖြစ်ခဲ့သည်။ ရှေးပုဂံခေတ်ကျောက်စာများတွင် ဝစ္စနှစ်လုံးပေါက်ရေးသားခြင်းမပြုကြပေ။

(ဘုရား၏စကားလုံးရင်းမြစ်အဓိပ္ပါယ်ကို ဤသို့သင်ယူခဲ့ရသည်ကို အလျဉ်းသင့်သဖြင့် ရေးသားဖော်ပြခြင်းဖြစ်ပါသည်။)

ခုတင်ဆရာတော်သည် ခုတင်(၁၃)ပါးကို ရက်ပေါင်း(၃၆၅)ရက် တည်ဆောက်ပြီးခဲ့တော်မူပြီးယခုအခါ ခုတင်(၉)ပါးကိုရာသက်ပန်တည်ဆောက်လျက်ရှိနေတော်မူသည်။ ဤစာရေးသည့် ၁၃၆၆-ခု၊ ပထမဝါဆိုလဆန်း (၅)ရက်၊ (၂၁-၆-၂၀၀၄)နေ့အထိခုတင်ရက်ပေါင်း(၁၁၁၈၀)ရှိပြီ ဖြစ်ပါသည်။

ခုတင်ဆရာတော်၏ ကျင့်စဉ်များထဲတွင် ပြည်မြို့ ခေတ္တရာ ပါဒကြီး သုသာန်တွင် ခုတင် (၁၃)ပါးကို (၃၆၅)ရက် အားထုတ်အောင်မြင်သကဲ့သို့ ကမ္မဋ္ဌာန်း(၁၁)ပါးကိုပေါက်ရောက် အောင်မြင်အောင် အားထုတ်တော်မူနိုင်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာမဟာဗောဓိပင်နှင့်ရွှေပလွင်ရှေ့တွင် မြန်မာပြည်မှ အဓိဋ္ဌာန်တော်မူထားသည့်အတိုင်း စတင်၍ ဆွမ်းလွတ်အဓိဋ္ဌာန်(၃)ရက် ဝင်တော်မူခဲ့ခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်နေ့မှစတင်ကာ ဂေါတမမြတ်စွာဘုရား မွေးဖွားတော်မူရာ လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်၌ ဆွမ်းလွတ်အဓိဋ္ဌာန် (၄)ရက်ဝင်တော်မူခဲ့သည်။

ဗုဒ္ဓဂယာနှင့် လုမ္ဗိနီဥယျာဉ်တွင် ဆွမ်းလွတ် အဓိဋ္ဌာန် (၇)ရက်၊ ခေတ္တရာပါဒကြီးတွင် (၆)ရက်တစ်ကြိမ်၊ (၇)ရက်တစ်ကြိမ်၊ နှစ်ကြိမ်တွင် ဆွမ်းလွတ်အဓိဋ္ဌာန် (၁၃)ရက်စုစုပေါင်းဆွမ်းလွတ် အဓိဋ္ဌာန်ဝင်သည့် ရက်ပေါင်း(၂၀)ဖြစ်သည်။

ခုတင်ဆရာတော် အရှင်သူမြတ်သည် အဓိဋ္ဌာန်ကျင့်စဉ်များကို ရွှေ့ရွှေ့ချီချီပြတ်ပြတ်သားသား အားထုတ်တော်မူသည်။ အဓိဋ္ဌာန်ကျင့်စဉ်ကာလများတွင် အဟန့်အတား အနှောင့်အယှက်များကို ကြောက်မက်ဖွယ်ကောင်းလောက်အောင် တွေ့ကြုံခဲ့ရတော်မူပါသည်။ ခိုင်မာတည်ကြည်သော စိတ်ဓာတ်ပါရမီ အရင်းခံဖြင့် ကြီးမားပြင်းထန်လှစွာသော ဇွဲ၊ လုံ့လ၊ ဝီရိယများ ထက်သန်သော ဆန္ဒများဖြင့် ကျင့်ကြံအားထုတ်ခဲ့တော်မူပါသည်။

ဆန္ဒ၊ ဝီရိယ၊စိတ္တဝီ၊ ဝိမံသ တည်းဟူသော အဓိပတိ (၄)ပါးကို လက်ကိုင်ထားမှု ခိုင်မြဲတော်မူပါသည်။ ကျစ်လျစ်သိပ်သည်းစွာ ကျင့်စဉ်ကို အဓိကမဏ္ဍိုင်ပြု တည်ဆောက်တော်မူပါသည်။ ထင်ပေါ်ကျော်ကြားမှုကို မလိုလားလူသိများမှာ စိုးသည်။ ခုတင်ဆရာတော်အကြောင်း စတင်ရေးသားပူဇော်ခဲ့စဉ်အခါကဘွဲ့တော်အမည်မဖော်ပြရ။ ခုတင်ဆောက်တည်နေရာ ကျောင်းဝိဟာအမည်ကို မဖော်ပြရဟု တင်းကျပ်စွာတားမြစ်ခြင်း ခံခဲ့ရပါသည်။

ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ရာမှာ စုတိကျသည်နှင့် ပရိနိဗ္ဗာန်ဝင်ရပါလို၏ဟု သစ္စာအဓိဋ္ဌာန်ပြုတော်မူထားသည်။ အတ္တနံ ပရိစ္စဇာမိ၊ ဇီဝိတံ ပရိစ္စဇာမိ-ကိုယ်တော်ကို စွန့်၍ အသက်ကို စွန့်၍၊ ဇီဝိတပရိယန္တံ အသက်ထက်ဆုံးကြိုးစားအားထုတ်ကျင့်ကြံနေသော ခုတင်ဆရာတော်၊ ဘုရားသားတော်မြတ် ခုတင်ကျင့်ရာကျောင်းတော်သို့ ဘုရားရှင် ရုပ်ပွားတော် အဆူဆူကြွရောက်တော်မူနေခြင်းသာ ဖြစ်ပါမည်ဟု ကြည်ညိုသဒ္ဓါပွားမိပါတော့သည်။

ဗုဒ္ဓရုပ်ပွားတော်များ ပင့်ပူဇော်လာကြသူများက တစ်ဆူမက၊ နှစ်ဆူမက တစ်ကြိမ်တစ်ခါတည်းမှာပင် အဆူဆူအပွားပွား ပူဇော်လာကြသည်။ ပူဇော်လာကြသူ ဘုရားဒါယကာ၊ဒါယိကာမများသည် တစ်ခေါက်မက၊နှစ်ခေါက်မက၊ အခေါက်ခေါက် အခါခါ ပူဇော်လာကြသည်ကိုလည်း မုဒိတာပွား အားကျမိပါသည်။

■မြင့်လွင်(ဟသ်ာတ)

တက္ကသီလ လူရည်မွန်ရွေးပွဲ

ဝဇီရ(ပေါင်)

ပါမောက္ခဆရာကြီးသည် တက္ကသီလရုံးခန်း ပက်လက်ကုလားထိုင်ပေါ်ထိုင်ကာ "ညြော် . . ငါ့သမီး လေးဟာ ပညာလည်းစုံ၊ အရွယ်လည်း ရောက်ပြီ၊သမီး ကညာ အခါမလင့်လို့ ဆိုရိုးလည်းရှိသည် မဟုတ်လား။ ဒီတော့ သမီးလေးကို ဘဝကြင်ဖော်ရှာ လက်ဆက်ပေးဖို့ လိုနေပြီ၊အင်း. . ဒီကိစ္စမျိုးက မိခင်ကိစ္စတဲ့။ဒါပေမယ့်လေ၊ ဥပဒေနဲ့ သတ်မှတ်ပြဋ္ဌာန်းထားတာမှ မဟုတ်တာ။ လူ့ယဉ်ကျေးမှုအယူအဆတစ်ခုမျှသာပါ။ ဒီလိုဆို မိခင်မရှိ တော့တဲ့ သမီးဆို ဘယ်လိုလုပ်မလဲ။ သမီးလေးမှာတော့ မိခင်ရှိပါရဲ့။ဒါပေမယ့် သူ့မိခင်က ရိုးလည်းရိုး၊ အေးလည်း အေးမို့ ဒီကိစ္စမျိုး စီမံပေးချင်၊ စီမံပေးနိုင်မယ် မထင်ပါဘူး။ သူစီမံပေးလို့ သမီးလေးမှာ တလွဲတချော် ဖြစ်သွားခဲ့ရင် တစ်ဦးတည်းသော သမီးလေးအတွက် သူရော ငါပါ မိဘနှစ်ဦးလုံး ရင်ကျိုးရချည်ရဲ့။ ဘာပဲဖြစ်ဖြစ် သမီးလေး ကိစ္စကိုတော့ ငါကိုယ်တိုင်စီမံပေးတာပဲ ကောင်းပါတယ်



လေ။ ဒါပေမယ့် ဇနီးနဲ့သမီးလေးကိုတော့ သဘောပေါက်နားလည်အောင် ရှင်းပြဦးမှ၊ သို့မဟုတ်ရင် အိမ်ထောင်ဦးစီးမို့ ဘယ်သူ့မျှမတိုင်ပင်ဘဲ ထင်ရာလုပ်တယ်လို့ သူတို့ခမျာများ အမြင်စောင်း၊ စိတ်မကောင်းဖြစ်နေကြဦးမယ်” ဟု သမီးလေး ကလျာပပအတွက် တွေးတောစဉ်းစားနေ၏။ ပြီးလျှင် ကုလားထိုင်မှ ရုတ်ခြည်းထ၍ ရုံးမှမိမိအိမ်သို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့၏။ အိမ်သို့ရောက်ရောက်ချင်းဇနီးနှင့်သမီးလေးကိုဧည့်ခန်းသို့ခေါ်၍ သဘောပေါက်နားလည်အောင် ရှင်းပြလိုက်၏။

* * * * *

တက္ကသီလဘွဲ့နှင်းသဘင်ခန်းမကြီး၏ စင်မြင့်ပေါ်ရှိ စားပွဲထိပ်တည့်တည့်ကုလားထိုင်တွင် ဆရာကြီး၊ ဘေးကုလားထိုင်တွင် စာရေးကြီး၊ အသီးအသီး ထိုင်လျက်ရှိကြ၏။ ကျောင်းသားများလည်း စုံစုံညီညီရောက်ရှိကြ၍ စည်းကမ်းတကျနေရာယူထားကြပြီး ဖြစ်ပါ၏။

ပါမောက္ခဆရာကြီးသည် ပဝါလေးဖြင့် မျက်နှာကို သုတ်လိုက်၏။ ထို့နောက် သူ့ဝသီအတိုင်း လေအေးအေးဖြင့် စကားစလိုက်၏။

“တပည့်တို့၊ တပည့်တို့ကို အခုလို စုံညီခေါ်ရတာ ပညာသင်ကြားရေးကိစ္စ ဆွေးနွေးဖို့လည်းမဟုတ်၊ သြဝါဒမြွက်ကြားဖို့လည်းမဟုတ်၊ လက်တွေ့သုတေသနအတွက် ကွင်းဆင်းဖို့လည်းမဟုတ်ပါဘူး။ လူရည်မွန်ရွေးဖို့ပါ။ ဆရာကြီး မိသားစုရဲ့ ပုဂ္ဂလိကကိစ္စဆိုပါတော့၊

ဆရာကြီးအနေနဲ့ ရှေ့မျက်နှာနောက်ထားပြီး ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးလေးအတွက် သတို့သားလောင်းရွေးချယ်ဖို့ပါ။ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတာလို ကိုယ့်တက္ကသိုလ်တပည့်တွေထဲက တပည့်တစ်ယောက်ယောက်နဲ့ပဲ သမီးလေးကို လက်ဆက်ပေးချင်တယ်လေ။ ဆရာကြီးကိုယ်တိုင် စီမံတာမို့ တပည့်တို့က ထူးထူးဆန်းဆန်းလို့ ယူဆကြမလားပဲ၊ ဒီကိစ္စကို ထူးတော့ထူးတယ်၊ မဆန်းဘူးလို့ ဆိုရမှာပါ။ ထူးတယ်ဆိုတာ ဖခင်ကိုယ်တိုင် စီမံလို့၊ မဆန်းဘူးဆိုတာ သမီးအတွက် ကြင်ဖက်လက်ဆက်ပေးခြင်းဟာ မိဘများရဲ့ ဝတ္တရားတစ်ခုမို့ပါ။ ဒါနဲ့ သမီးလေးရဲ့အရွယ်၊ ရုပ်ရည်၊ပညာ၊အဆင်းရော အချင်းပါ တပည့်တို့ သိပြီးကြပါပြီ။ တပည့်တို့ အနေနဲ့ သမီးလေးကို စိတ်ဝင်တစားရှိတယ်ဆိုတာကိုလည်း သမီးလေးကို ကြည့်တဲ့ တပည့်တို့ရဲ့ မျက်စိတွေမြင်တာနဲ့ ဆရာကြီး သိပါတယ်။ ဆရာကြီးလည်း ငယ်ရာက ကြီးလာတာ မဟုတ်လား။

တပည့်တို့ဟာ ဆရာကြီးရဲ့ သမီးလေးကို မြတ်နိုးစုံမက်၊ မေတ္တာသက်ကြရင် ဆရာကြီးညွှန်ကြားချက်အတိုင်း ဆောင်ရွက်ကြပါ။

မိန်းကလေး အများစုဟာ လက်ဝတ်တန်ဆာကို မိဘများ ဆင်မြန်းပေးတာထက် ခင်ပွန်းသည် ဆင်မြန်းပေးတာကို မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်ကြပါတယ်။ ခင်ပွန်းသည်ဘဝရောက်မှ ဆင်မြန်းပေးတာထက် ချစ်သူဘဝက ဆင်မြန်းပေးတာကို ပိုလို့တောင် မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်ကြပါတယ်။ ဒါကြောင့် တပည့်တို့က သမီးလေးအတွက် လက်ဝတ်တန်ဆာလက်ဆောင်များ ပေးကြရပါမယ်။

ဆရာကြီး အထူးမှာချင်တာက မိဘဆွေမျိုးတွေ ဆီက တောင်းယူလို့ရတဲ့ လက်ဆောင်ပစ္စည်း မဖြစ်ရပါဘူး၊ မိဘဆွေမျိုးတွေ မသိအောင် ခိုးယူလာတဲ့ လက်ဆောင်ပစ္စည်း ဖြစ်ရပါမယ်။

တပည့်တို့ရဲ့ အရည်အသွေးကို သိချင်လို့ဆိုပါတော့၊ ပစ္စည်းတန်ဖိုးအနည်းအများပေါ် မူတည်ပြီး ဦးစားပေးရွေးချယ်ပါမယ်၊ တန်ဖိုးချင်း တူနေရင် ပစ္စည်းအမျိုးအစားများသူ၊ စုံသူကို ဦးစားပေးရွေးချယ်ပါမယ်။

ပစ္စည်းများကိုတော့ ဟောဒီစာရေးကြီးလက်ကို ယုံယုံကြည်ကြည်နဲ့ အပ်နှံကြပါ။စာရေးကြီးက စနစ်တကျ လက်ခံပြီး စာရင်းပြုစုသိမ်းဆည်းထားပါလိမ့်မယ်။ ဒီနေ့ မပါ၊ နောက်နေ့မှစပြီး ရက်ပေါင်းသုံးဆယ်အတွင်း အပ်နှံကြပါ။

ရက်သုံးဆယ်ပြည့်တာနဲ့ နောက်တစ်ရက်မှာ အောင်ဘာလေဖွင့်ပွဲဆိုပါတော့၊ ပွဲပြီးရင် မလိုအပ်တဲ့ တပည့်တို့ ပစ္စည်းအားလုံး အတိအကျပြန်ပေးပါမယ်။

တပည့်တို့ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြပါစေလို့ ဆုတောင်းရင်း ဆရာကြီးရဲ့စကားကို နိဂုံးချုပ်ပါတယ်။

ဆရာကြီး၏ စကားဆုံးသည်နှင့် တပည့်များမှာ တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ငါးသလောက်ပြုံး ပြုံးလျက်ရှိကြ၏။

* * * * *

ရုံးခန်းအတွင်းမှာ စာရေးကြီးတစ်ယောက် တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေ၏။ ကျောင်းသားများမှာ အခုတစ်ယောက်၊ တော်ကြာတစ်ယောက်ဆိုတာလို လာလာပြီး စာရေးကြီးထံ ပစ္စည်းများအပ်နှံနေကြ၏။

စာရေးကြီးလည်း ပစ္စည်းများမှာ တန်ဖိုးကလည်း ကြီးမား၊ များလည်းများ၊ စုံလည်းစုံသည်မို့ အတုအစစ် ဂရုတစိုက် ကြည့်ရှုစစ်ဆေး၍ လက်ခံနေရ၏။အတိအကျ စာရင်းပြုစုမှတ်သားနေရ၏၊ စနစ်တကျသိမ်းဆည်းနေရ၏။ အကယ်၍ မှားယွင်းခဲ့၊ ပျောက်ခဲ့လျှင် သူ့မှာတာဝန်ရှိသည်မဟုတ်လား။ ထို့ကြောင့် ရုံးဖွင့်ချိန်တွင် ဘယ်မှ မသွားဘဲ ရုံးခန်းထဲမှာပင် အချိန်ပြည့် လက်ခံဆောင်ရွက်နေရ၏။

သို့ဖြင့် ရက်သုံးဆယ်အတွင်းသို့ ဝင်ရောက်လာလေပြီ၊ ပစ္စည်းအပ်နှံသည့် ကျောင်းသားများမှာလည်း လေးရှာ့ကိုးဆယ်ကိုးယောက်ရှိလေပြီ။ တက္ကသီလာမှာ ကျောင်းသားပေါင်း ငါးရာတိတိရှိသည်မို့ ကျန်ရှိသည့် ကျောင်းသားတစ်ယောက်မှာလည်း လာရောက်အပ်နှံမည့် အရိပ်အရောင်ပင် မမြင်ရတော့သဖြင့် မစုံသော်လည်း ပြီးဆုံးပြီဟုဆိုနိုင်၏။ သို့ကြောင့် ညနေရုံးပိတ် ချိန်လေးနာရီထိုးသည်နှင့် စာရင်းပိတ်လိုက်လေ၏။

* * * * *

တက္ကသီလာ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ပသာဒကျကျ လှလှပပမွမ်းမံပြုလုပ်တန်ဆာဆင်ထား၏။ခန်းမကြီး ဝင်ပေါက်အထက်နှင့် ခန်းမအတွင်းရှိ စင်မြင့်အထက်တွင် "တက္ကသီလ လူရည်မွန်ရွေးချယ်ပွဲ"ဟူသော နဖူးစီးများကို အသီးသီးချိတ်ဆွဲထား၏။ ဧည့်သည်များနှင့် ကျောင်းသားများအတွက်ပါ ကုလားထိုင်များဖြင့် စီစဉ်

သူ့အသက်သတ်၊ သူ့ ပစ္စည်းခိုး၊ ကာမဂုဏ်ဖောက်ပြား၊ အလိမ်အညာစကား တွေပြော၊ သူတစ်ပါးချစ်ခင်ခြင်း ပျက်ပြားအောင် ကုန်းတိုက်၊ ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာ၊ အနှစ်မဲ့တဲ့စကား အဖျင်းတွေပြော၊ သူများပစ္စည်းကို မတရားရအောင်ကြံ၊ သူများ ပျက်စီးရာပျက်စီးကြောင်း မကောင်းကြံ၊ လွဲမှားတဲ့ အယူကိုယူ၊ ဒါတွေဟာ မကောင်းမှု ဒုစရိုက်တွေပါ။ ဒီဒုစရိုက်တွေကို ပြုလုပ်ရမှာ ရှက်တာ၊ ကြောက်တာကို သာ ဟီရိ+ဩတ္တပ္ပလို့ ဆိုရတာပါ။

ထား၏။ စားပွဲ၊ ကုလားထိုင်များကို ပိုးဖဲကတ္တီပါအဖုံး အစွပ်များဖြင့် တန်ဆာဆင်ထား၏။ ပြတင်းပေါက်များကိုလည်း ကတ္တီပါလိုက်ကာများဖြင့် တပ်ဆင်ထား၏။အထက်မျက်နှာကျက်ကိုလည်း ပန်းဆိုင်း၊ပန်းနွယ်များဖြင့် ခြယ်သဖန်တီးထား၏။ အောက်ကြမ်းပြင်ကိုလည်း ကတ္တီပါကော်ဇောများဖြင့် ခန်းလုံးပြည့်ခင်းထား၏။ ခန်းမကြီးတစ်ဆောင်လုံး ဖိတ်ဖိတ်တောက်နေ၏။ လူကုံထံအထက်တန်းလွှာများ၏ အာဝါဟ ဝိဝါဟမင်္ဂလာသဘင်တစ်ခုအသွင်ဆောင်နေ၏။ သို့သော် အကျွေးအမွေးဖြင့် ဧည့်ခံခြင်းမရှိ၊ သီချင်းသံ၊ ဂီတသံများမပါ၊ ခန်းမကြီးတစ်ခုလုံး ကြည်နူးချမ်းမြေ့ဖွယ် ဆိတ်ငြိမ်အေးချမ်းနေ၏။

ကျောင်းသားများလည်း စုံစုံညီညီရောက်ရှိကြ၍ မိမိတို့ ကုလားထိုင်အသီးသီးတွင် နေရာယူထိုင်နေကြပါပြီ။ပါမောက္ခဆရာကြီး၊ ဆရာကြီးကတော်၊ သမီးလေးကလျာပပ၊ စာရေးကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များလည်း အသီးအသီး နေရာယူပြီးကြပါပြီ။

ပါမောက္ခဆရာကြီးသည် ဘယ်ဘက်လက်ကို ဘယ်ဘက်ပေါင်မှာတင်၍ ညာဘက်လက်ဖြင့် မေးစေ့ကိုကိုင်ကာ စာရေးကြီးအား အခမ်းအနားစတင်ရန် နှုတ်ဖြင့် သတိပေးလိုက်၏။ စာရေးကြီးလည်း မတ်တတ်ရပ်၍ ဆရာကြီးအား ဦးညွှတ်ဂါရဝပြုပြီး အခမ်းအနားစတင်လေ၏။

"မောင်ကျောင်းသားတို့၊ လူရည်မွန်ရွေးချယ်ပွဲ အခမ်းအနား စတင်တော့မှာမို့ အာရုံစိုက်ပြီး နားထောင်ကြပါရန် လေးမြတ်စွာ မေတ္တာနဲ့ ပန်ကြားအပ်ပါတယ်။

အခမ်းအနားမှာ အချိန်ကိုင့်ပြီး ပစ္စည်းအများဆုံးနဲ့ တန်ဖိုးအကြီးဆုံး ကျောင်းသားရဲ့အမည်နဲ့ ပစ္စည်းစာရင်းကိုပဲ အသေးစိတ် ဖတ်ကြားကြေညာပါမယ်။

ကျန်ကျောင်းသားများကိုတော့ သင့်သလို ကြေညာသွားပါမယ်လို့ ရှေးဦးစွာ အသိပေးလိုပါတယ်။

အခုစာရင်းကို ဖတ်ကြားကြေညာပါတော့မယ်။

နံပါတ်တစ် - မောင်ဒုဇ္ဇစ္စ၊

ပစ္စည်းအများဆုံးနဲ့ တန်ဖိုးအကြီးဆုံးအပ်နှံသူပါ။

ပစ္စည်းများမှာ-

စိန်ဘယက်တစ်ကုံး၊ ပတ္တမြားလက်ကောက်တစ်ရံ၊ စိန်နားကပ်တစ်ရံ၊ မြလက်စွပ်တစ်ကွင်း၊ စိန်ဆံထိုးတစ်ခု၊ ရွှေခြေချင်းတစ်ရံ၊ ပိုးလုံချည်နဲ့ ပိုးအင်္ကျီတစ်စုံ၊ ကတ္တီပါဖိနပ်တစ်ရံဖြစ်ပါတယ်။

တန်ဖိုးမှာ	-	သိန်းတစ်ရာ့တစ်ဆယ်ဖိုး ဖြစ်ပါတယ်။
နံပါတ်နှစ်	-	မောင်သုဇ္ဇစ္စ၊ ခုနစ်ဆယ့်ငါးသိန်းဖိုးခန့်၊
နံပါတ်သုံး	-	မောင်နန္ဒ သိန်းခုနစ်ဆယ်ဖိုးခန့်၊
နံပါတ်လေး	-	မောင်သုခဝဋ္ဌိတ၊ သိန်းငါးဆယ်ဖိုးခန့်၊
နံပါတ်ငါး	-	မောင်ဝဇ္ဇ သိန်းလေးဆယ်ဖိုးခန့်၊
နံပါတ်ခြောက်	-	မောင်အဒ္ဒါဝသီလ သုံးဆယ့်ငါးသိန်းဖိုးခန့်

ဖြစ်ပါတယ်။

ကျန်ကျောင်းသားများမှာ ပစ္စည်းတန်ဖိုးပြောပလောက်အောင် မရှိတာမို့ ဖတ်ကြားကြေညာခြင်းမပြုတော့ပါ။

ဒါပေမယ့် ပစ္စည်းလုံးဝ မအပ်နှံသူတစ်ဦးကိုတော့ အထူးကြေညာလိုပါတယ်။

အဲဒီကျောင်းသားကတော့-

ကျောင်းသားခေါင်းဆောင် မောင်သုစရိတ ဖြစ်ပါတယ်။

ဒီတွင် စာရင်းကြေညာလို့ ပြီးဆုံးပါပြီခင်ဗျား”

ကျောင်းသားများမှာ မောင်သုစရိတ၏မျက်နှာကို အထင်သေး၊ အမြင်သေးနှင့် ကဲ့ရဲ့ရှုတ်ချလိုသော မျက်လုံးများဖြင့် ဝိုင်းဝန်း၍ ကြည့်ကြလေ၏။ မောင်သုစရိတ ကလည်း ကျောင်းသားများကို ဟန်ပန်မပျက် ပြုံးလျက်ပင် ပြန်၍ ကြည့်လေ၏။

မောင်ဒုဇ္ဇစ္စမှာမူ အောင်ပန်းကို ထိုက်ထိုက်တန်တန် ဆင်မြန်းရသူအသွင် ရွှင်တပြုံးပြုံးနှင့်ပီတိဖုံးနေ၏။

“တပည့်မောင်သုစရိတ၊ ဒီစင်မြင့်အနီး ခေတ္တလာပါဦးကွယ်”

ဆရာကြီးက မောင်သုစရိတကို စင်မြင့်အနီးသို့ လာရောက်ရန် ခေါ်လိုက်၏။

မောင်သုစရိတလည်း အပြစ်ကင်းစင်၍ ရိုကျိုးသည့်သွင်ပြင်ဖြင့် စင်မြင့်အနီးသို့ ချဉ်းကပ်လာ၏။ ကျောင်းသားငယ်လေးအသွင် လက်ပိုက်လျက် မတ်တတ်ရပ်နေ၏။

“ဘယ်လိုလဲ တပည့်ရယ်၊ တပည့်က ကျောင်းသားခေါင်းဆောင်မဟုတ်လား၊ ခေါင်းဆောင်က ဆရာကြီးရဲ့ ညွှန်ကြားချက်ကို မလိုက်နာဘူးဆိုတော့ ဆရာကြီးကို မရှိသေ မလေးစားလို့လား၊ သမီးလေးကိုပဲ မမြတ်နိုးမစုံမက် မေတ္တာမသက်လို့လားကွယ်”

“ဒီလိုမဟုတ်ပါဘူး ခင်ဗျာ၊ ဆရာကြီးကိုလည်း ရှိသေလေးစား၊သမီးလေးကိုလည်း မြတ်နိုးစုံမက် မေတ္တာသက်ပါတယ်ခင်ဗျာ၊ ဒါပေမယ့်-

လောကမှာ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါဘူး။ မိဘဆွေမျိုးတွေရဲ့ ပစ္စည်းကို ခိုးယူတာမိဘဆွေမျိုးတွေ မသိကြပေမယ့် တခြားသတ္တဝါတွေ သိကြမှာပါ။

အထူးသဖြင့် ခိုးသူတပည့်ကိုယ်တိုင်လည်း သိနေတာမို့ တပည့်ရဲ့နှလုံးသားမှာ ထာဝစဉ်အမည်းစက်ကြီးထင်နေမှာပါ။ အဲဒီ အမည်းစက်ကြီးကြောင့် တပည့်မှာ ဆရာကြီးသမီးလေးရဦးတော့ တစ်သက်တာလုံး ပျော်ရွှင်ချမ်းမြေ့နိုင်မှာ မဟုတ်ပါဘူး။ တပည့်မှ မပျော်ရွှင် မချမ်းမြေ့ရင် ဆရာကြီးသမီးလေးလည်း ဘယ်မှာ ပျော်ရွှင်ချမ်းမြေ့နိုင်မှာလဲခင်ဗျာ။

ပြီးတော့ မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်ဆိုတဲ့ ဆရာ့ကျင့်ဝတ်၊ ဒီကျင့်ဝတ်ကိုတော့ ဆရာကြီးက တပည့်ထက် ပိုသိနားလည်တာမို့ မိချောင်းမင်းကို ရေခင်းမပြချင်တော့ပါဘူး ဆရာကြီးခင်ဗျား။

အပ္ပိုလေးကလည်း
မိမိစိတ်ဝင်စားနေတဲ့
လူပ္ပိုလေးကိုတွေ့ရ၊ မြင်ရတော့
ရင်တလုပ်လုပ်နဲ့ ရုက်သွေးဖြာပြီး
စကားမပြောဝံ့တာ၊ သားသမီးက
မိဘကို၊ တပည့်က ဆရာကို
စကားမပြောဝံ့ဘဲရုက်ကြောက်နေတာ၊
ဘုရားရှိခိုး၊ တရားနာ၊
ဥပုသ်စောင့်စတဲ့
ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ရမှာ
ကြောက်တာ၊ ဒါတွေဟာ
ဟီရိ+သြတ္တပ္ပအစစ်မဟုတ်ပါဘူး။

အချုပ်ပြောရရင်-

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိတာရယ်၊ ဆရာကြီးရဲ့ ညွှန်ကြားချက်က နည်းလမ်းမမှန်တာရယ် ကြောင့် မခိုးခဲ့တာပါခင်ဗျာ။ဒီအတွက် ဆရာကြီး တပည့်ကို ပေးချင်တဲ့ အပြစ်ပေးပါ။တပည့်ခံယူရန်အသင့်ပါခင်ဗျား”

ဆရာကြီးသည် ထိုင်ရာမှ ဖြည်းညင်းစွာထ၍ လက်နှစ်ဖက်ကို စားပွဲပေါ်ထောက်လိုက်၏။ ခါးကို မတ်မတ်၊ ခေါင်းကို မော့လည်းမမော့၊ငုံ့လည်းမငုံ့၊ မျက်နှာကိုမူ တည်ကြည်လေးနက်သည့် ဣန္ဒြေကို ဆောင်ထား၏။ စားပွဲကို ညာဘက်လက်ဖြင့် အသာအယာနှစ်ချက်မျှ ပုတ်ကာ အေးညင်းချိုသာစွာ စကားစလိုက်၏။

"တပည့်တို့၊ ဟီရိသြတ္တပလို့ခေါ်တဲ့ တိရစ္ဆာန်နဲ့ လူသားကွဲပြားအောင် စည်းခြားပေးတဲ့ လောကပါလ တရားနှစ်ပါးဆိုတာ ရှိပါတယ်။ သူ့အသက်သတ်၊ သူ့ပစ္စည်းခိုး၊ ကာမဂုဏ်ဖောက်ပြား၊ အလိမ်အညာစကား တွေပြော၊သူတစ်ပါးချစ်ခင်ခြင်း ပျက်ပြားအောင် ကုန်းတိုက်၊ ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာ၊ အနှစ်မဲ့တဲ့စကား အဖျင်း တွေပြော၊ သူများပစ္စည်းကို မတရားရအောင်ကြံ၊ သူများ ပျက်စီးရာပျက်စီးကြောင်း မကောင်းကြံ၊ လွဲမှားတဲ့ အယူ ကိုယူ၊ ဒါတွေဟာ မကောင်းမှု ဒုစရိုက်တွေပါ။ ဒီ ဒုစရိုက် တွေကို ပြုလုပ်ရမှာ ရှက်တာ၊ ကြောက်တာကိုသာ ဟီရိ သြတ္တပလို့ ဆိုရတာပါ။ ဒီပြင်တခြားဟာတွေကို ရှက်တာ၊ ကြောက်တာကို ဟီရိသြတ္တပလို့ မဆိုရပါဘူး။

ပမာအားဖြင့်-

လူပျိုလေးက မိမိသိပ်စိတ်ဝင်စားနေတဲ့ အပျို ကလေးကို ရုတ်တရက်မြင်ရ၊ တွေ့ရတော့ ဖိန်းတိန်း၊ ရှိန်းတိန်းနဲ့ ရှက်ကြောက်ပြီး စကားမပြောရဲတာ၊ အပျို လေးကလည်း မိမိစိတ်ဝင်စားနေတဲ့ လူပျိုလေးကိုတွေ့ရ မြင်ရတော့ ရင်တလှပ်လှပ်နဲ့ ရှက်သွေးဖြာပြီး စကားမပြော ဝံ့တာ၊ သားသမီးက မိဘကို၊ တပည့်က ဆရာကို စကား မပြောဝံ့ဘဲ ရှက်ကြောက်နေတာ၊ ဘုရားရှိခိုး၊ တရားနာ၊ ဥပုသ်စောင့်စတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ရမှာ ကြောက်တာ၊ ဒါတွေဟာ ဟီရိသြတ္တပအစစ်မဟုတ်ပါ ဘူး။

တဏှာသဘောပါတဲ့ မာယာနဲ့ စိတ်ဓာတ်သတ္တိ ညံ့ဖျင်းမှုတွေသာ ဖြစ်ပါတယ်။

တိရစ္ဆာန်တွေဆိုရင် အကြောက်ရှိပြီး အရှက်မရှိ ပါဘူး။ အကြောက်ရှိတယ်ဆိုတာလည်း အသက်ဘေး အန္တရာယ်စသည်ကို ကြောက်တာပါ။ ဒုစရိုက်ပြုရမှာ ကြောက်တာမဟုတ်ပါဘူး။ ဒါကြောင့် တိရစ္ဆာန်တွေမှာ ဟီရိသြတ္တပမရှိဘူးလို့ ပြောရတာပေါ့။

လူတွေကျတော့ အသက်ကြီးသူက ငါ့အသက် အရွယ်နဲ့ သတ်တာ မတော်ပါဘူး။ခိုးတာ မကောင်းပါဘူး၊ ကာမဖောက်ပြားတာ အရုပ်ဆိုးလှတယ်။ လိမ်ညာတာ မသင့်ပါဘူးစသည်ဖြင့် အသက်အရွယ်ကိုင့်ပြီး ရှက်လို့၊ ကြောက်လို့ ဒုစရိုက်ကို မပြုလုပ်ဘဲ ရှောင်ကြဉ်တယ်။

ဒီလိုပဲ အမျိုးဇာတ်မြတ်သူက အမျိုးဇာတ်ကို ငဲ့ပြီးဖြစ်စေ၊ ရာထူးဂုဏ်ရှိသူက ရာထူးဂုဏ်ကိုင့်ပြီးဖြစ်စေ၊ ပြီးတော့ အခုဘဝရာဇဝတ်သင့်ရောက်မည့်=ပစ္စုပ္ပန်ဘေး၊ နောက်ဘဝ အပါယ်ကျရောက်ရမည့်=တမလွန်ဘေး၊ မိမိ ကိုယ်ကိုမိမိ တွေးတောပူပန်ရမည့်=အတ္တာနုဝါဒဘေး ဒီဘေးတစ်ခုခုကို မျှော်တွေးပြီးဖြစ်စေ ရှက်ကြောက်လို့ ဒုစရိုက်ကို မပြုဘဲ ရှောင်ကြဉ်ကြတယ်။

ဒါကြောင့် လူတွေမှာ ဟီရိသြတ္တပတရားရှိ တယ်လို့ ပြောရတာပေါ့။

တကယ်လို့ လူတွေမှာ ဒီ ဟီရိသြတ္တပသာ မရှိ ကြရင် သားနဲ့အမိ၊ သမီးနဲ့အဘ၊ ညီအစ်ကိုမောင်နှမ၊ ဆရာတပည့်စသည်တို့ စောင့်ထိန်းသင့်၊ ရှိသင့်တဲ့ လူ ယဉ်ကျေးမှုတွေ ဘယ်မှာရှိတော့မှာလဲ။

ဒီဟီရိသြတ္တပတွေရှိနေလို့သာ လူ့ယဉ်ကျေးမှု ရှိ၊ လူ့ယဉ်ကျေးမှုရှိနေလို့သာ တိရစ္ဆာန်နဲ့လူ ကွဲပြားခြား နားပြီး လူ့လောကကြီး သန့်စင်လှပနေတာပေါ့။

ခုနကပြောခဲ့တဲ့ ဘေးတွေထဲမှာ မိမိက ပါးနပ် လိမ္မာလို့ဖြစ်ဖြစ်၊ အချိန်မကျရောက်သေးလို့ပဲဖြစ်ဖြစ် တခြားဘေးတွေကို ကာလအတိုင်းတာတစ်ခုအထိ မခံစားရသေးဘဲ ရှိချင်ရှိမယ်။

အတ္တာနုဝါဒဘေးကိုတော့ မကောင်းမှုဒုစရိုက် ပြုပြီးတဲ့အချိန်ကစလို့ ခံစားရတတ်ပါတယ်။

တပည့် မောင်သုစရိတပြောတဲ့အတိုင်း မိမိကိုယ် တိုင် ပြုလုပ်ခဲ့တဲ့ အပြစ်ဟာ မိမိကိုယ်တိုင်သာ အသိဆုံးမို့ အဲဒီအပြစ်က မိမိကိုယ်ကို အမြဲလိုလို ခြောက်လှန့်ပြီး စိတ်သောကနဲ့ ဒုက္ခကို ခံစားနေရတတ်ပါတယ်။

ငါသတ်မိခဲ့လေခြင်း၊ ခိုးမိခဲ့လေခြင်း၊ ဖောက်ပြား မိခဲ့လေခြင်း စသည်ဖြင့်ပေါ့။

ဒါကြောင့် တပည့်မောင်သုစရိတဟာ အတ္တာနု ဝါဒဘေးလို့ အမည်မတပ်တတ်ပေမယ့် ဒီဘေးကို ရှက် ကြောက်သူ၊ တစ်နည်း ဟီရိသြတ္တပနဲ့ ပြည့်စုံသူလို့ ဆိုရမှာ ပေါ့ကွယ်။

ပြီးတော့ ဆရာဟာ "မကောင်းမြစ်တာ၊ကောင်း ရာညွှန်လတ်"ဆိုတဲ့ ဝတ်နဲ့အညီ ဆရာပီသစွာ ကောင်း ရာကိုသာ ညွှန်သင့်ပါတယ်။ မကောင်းရာကို မညွှန်သင့် ပါဘူး။

တပည့်ဖြစ်သူကလည်း ဆရာညွှန်တိုင်း မပြုလုပ် သင့်ပါဘူး။ ကောင်းရာညွှန်မှ ပြုလုပ်သင့်ပါတယ်။ မကောင်းရာညွှန်ရင် မပြုလုပ်သင့်ပါဘူး။

အခုဆရာကြီးက တပည့်တွေကို ညွှန်တာဘာလဲ။

ခိုးမှု=ဒုစရိုက်၊ တပည့်တွေကို အခိုးခိုင်းတာ

လေ။ ဒါကို တပည့်တွေက ပြုလုပ်သင့်ပါသလား။ မပြုလုပ်သင့်ပါဘူး။ဆရာကြီးကရော ညွှန်ကြားသင့်ပါသလား။ မညွှန်ကြားသင့်ပါဘူး။

ဒါဖြင့် ဘာကြောင့်ဆရာကြီးကတပည့်တွေကို ညွှန်ကြားရတာလဲလို့ တပည့်တို့က မေးတယ်ဆိုပါတော့-

ဆရာကြီးက-

'တပည့်တို့မှာ မှန်မှန်ကန်ကန်တွေးခေါ်မြော်မြင်တတ်တဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကောင်းမွန်မြင့်မြတ်တဲ့ စာရိတ္တတရားရှိ၊ မရှိ သိချင်တဲ့အတွက် စမ်းသပ်တာပါ' လို့ ဖြေဆိုရမှာပေါ့ကွယ်။

တပည့်တို့မှာ တစ်ဆယ့်ရှစ်ရပ် ပညာတွေတတ်လို့ လူရည်ချွန်တော့ ဖြစ်ချင်ဖြစ်မယ်။ လူရည်မွန်မဖြစ်သေးဘူးကွယ့်။

လူရည်ချွန်ဆိုတာ စာပေတို့၊ အားကစားတို့ကအစ ပညာအရပ်ရပ် သူတကာထက် ပိုပြီးတော်သူ၊ တတ်သူ၊ ထူးချွန်သူပါ။ လူရည်မွန်ဆိုတာကတော့ ဉာဏ်ရည်၊ ဉာဏ်သွေးဆိုတဲ့ ပညာလည်း ထူးချွန်ထက်မြက် စာရိတ္တလည်း ကောင်းမွန်မြင့်မြတ်သူပါ။

လူရည်ချွန်က မိမိကိုယ်ကို အလှဆင်မယ်၊ ပတ်ဝန်းကျင် လူ့လောကကိုတော့အလှဆင်ချင်မှဆင်မယ်၊ မဆင်ဘဲနေချင်နေမယ်၊ အကျည်းတန်အောင် တောင်ပြုလုပ်ချင် ပြုလုပ်မယ်။

သူ့မှာ ပညာသာတော်ပြီး စာရိတ္တကောင်းမှ မရှိဘဲကိုး။ဒီလူမျိုးက ဆိုးပြီဆိုရင် ပညာမဲ့လူမိုက်ထက်တောင် ကြောက်ဖို့ကောင်းသေးတယ်။

လူရည်မွန်ကတော့ မိမိကိုယ်ကိုလည်း အလှဆင်မယ်၊ ပတ်ဝန်းကျင်လူ့လောကကိုလည်း အလှဆင်မယ်၊ အကျည်းတန်အောင်တော့ မလုပ်ဘူး။

သူ့မှာ အလှဆင်ပေးနိုင်တဲ့ ပညာလည်းရှိ၊ ဆင်ပေးချင်တဲ့ စာရိတ္တကောင်းလည်း ရှိတာကိုး။

ဒီလူမျိုးဟာ လောကမှာ တန်ဖိုးအရှိဆုံး၊ မြတ်နိုးဖို့ အကောင်းဆုံးပါ။

အတ္တ၊ပရ ကောင်းကျိုး သယ်ပိုးဆောင်ရွက်တာကို အလှဆင်တယ်လို့ ဆိုလိုပါတယ်။

ဒါကြောင့် လူရည်မွန်က လူရည်ချွန်ထက် မြတ်တယ်၊ တန်ဖိုးလည်း ရှိပါတယ်။ သိန်းတစ်ရာကျော်တန်တဲ့ လက်ဝတ်ရတနာတွေထက် ပိုလို့တောင်မြတ်၊ ပိုလို့တောင် တန်ဖိုးရှိပါသေးတယ်။

ဒီလိုဆိုတော့-

သိန်းတစ်ရာကျော်ဖိုး ခိုးခဲ့သူနဲ့၊ လုံးဝမခိုးခဲ့သူ ဘယ်သူက လူရည်မွန်ဆိုတာ ဆရာကြီး မပြောဘဲ တပည့်တို့ သိလောက်ပါပြီ။

ဒါကြောင့်-

ဒီနေ့အခမ်းအနားဟာ တပည့် မောင်သုစရိတနဲ့ သမီးလေး ကလျာပပတို့ရဲ့ အာဝါဟ ဝိဝါဟမင်္ဂလာသဘင် အခမ်းအနားလို့ပဲ သတ်မှတ်လိုက်ကြပါစို့ တပည့်တို့ရယ်"

"ဖြောင်း . . ဖြောင်း . . ဖြောင်း . . ."

ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခုလုံး လက်ခုပ်သြဘာသံများဖြင့် သောသောညံသွားလေ၏။

မောင်ဒုဇ္ဇစ္ဆမှာ အခမ်းအနားအစပိုင်းတွင် ပြုံးပန်းဝေခဲ့သလောက် ယခုအခါတွင်မူ ကြက်နာကြီးကို လည် လိမ်ထားသကဲ့သို့ မလှုပ်မယှက် ခေါင်းငိုက်စိုက်ကျ လျက်ရှိ၏။

တခြားကျောင်းသားများမှာလည်း အစကအထင်သေး၊ အမြင်သေးနှင့် ကဲ့ရဲ့ရှုတ်ချလိုသည့် မျက်လုံးများဖြင့် ကြည့်ခဲ့မိသော မောင်သုစရိတ၏ မျက်နှာကို ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့သည့်ပမာ ရှိုးတိုးရှန့်တန့်နှင့် ငုပ်လျှိုးသွားကြလေ၏။

မောင်သုစရိတ၏ ကာယိန္ဒြေမှာ ထူးထူးခြားခြား မရှိလှ၊ တည်တည်ငြိမ်ငြိမ်ပင်။ သို့သော် သူ့နှလုံးသားမှာမူ ပီတိပျားရည်အိုင်လေး ဖြစ်ထွန်းနေ၏။ ဆရာကြီး၏ သမီးလေးကို ပိုင်ဆိုင်ရခြင်းထက် ကိုယ့်ကိုယ်ကျင့်တရားကို လုံလုံခြုံခြုံထိန်းသိမ်းနိုင်မှုအတွက် ပို၍၊ ပို၍ပင် ပီတိဖြင့် ကြည်အိနေလေ၏။

တကယ်တော့လည်း-

မှန်မှန်ကန်ကန် တွေးခေါ်မြော်မြင်တတ်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် ကောင်းမွန်မြင့်မြတ်သည့် စာရိတ္တတရားသည် ပစ္စုပ္ပန်၊ တမလွန် ကိုယ်စိတ်နှစ်ဖြာ ချမ်းကြည်အေးမြ လှပစေသည့် တန်ဆာပင် မဟုတ်ပါလော။

■ဝဇိရ (ပေါင်)

- စတုက္ကနိပါတ်၊ သီလဝိမံသနဇာတ်ကို မှီးသည်။

သီတဂူကြယ်တစ်ပွင့် ထည်ဝင့်ခဲ့ပြီ

တင်အောင်သွင်

နိုင်ငံကျော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘွဲ့တံဆိပ်တော်ရ သီတဂူအရှင်ပညာနန္ဒ

စာရေးသူတို့ ပန်းတနော်မြို့၊မြတောင်စာသင်တိုက်၊ မြမေတ္တာမျက်စိအထူးကုဆေးခန်း (၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဓမ္မသဘင်များ ဆင်ယင်ကျင်းပခဲ့ရာ ယခုအကြိမ်ကား သီတဂူအရှင်ပညာနန္ဒ၏ အလှည့်ပင် ဖြစ်သည်။သီတဂူအရှင်ပညာနန္ဒ၏ တရားပွဲကို ၁၃၆၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄/၁၅)ရက်နေ့ညများတွင် ကျင်းပခဲ့ပေသည်။

သီတဂူအရှင်ပညာနန္ဒသည် ကျေးဇူးတော်ရှင် သီတဂူဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်အောက်တွင် ပေါက်ဖွားလာခဲ့သည့် သားတပည့်တစ်ပါးဖြစ်ပါသည်။ အရှင်မြတ်သည် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဆိုသကဲ့သို့ သီတဂူဆရာတော်ဘုရားကြီး၏ သားတပည့်ပီပီ တရားဒေသနာများ ဟောကြားရာတွင် အထူးပင်ကျွမ်းကျင်လိမ္မာကြောင်း ကျော်ကြားနေသူလည်းဖြစ်သည်။

၁၃၆၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက်၊ (၁၉-၃-၀၄)

နေ့ နံနက်ပိုင်းတွင် သီတဂူအရှင်ပညာနန္ဒ ကြွရောက်တော်မူလာသည်။ ဤစာရေးသူမှာ တရားပွဲဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦး ဖြစ်သော်လည်း တစ်ဖက်က ရုံးအလုပ်ကရှိသေးသဖြင့် အရှင်မြတ်နှင့် မတွေ့ဖြစ်သေး။ညပိုင်းရောက်မှသာ အရှင်မြတ်နှင့် အေးအေးဆေးဆေး တွေ့ဆုံခဲ့ရသည်။

ခန့်ညားသော ကိုယ်နေဟန်ထား၊ တည်ကြည်သော ဣန္ဒြေ၊ သြဇာဓာတ်ပြည့်ဝသော အသံတော်တို့ဖြင့် အရှင်မြတ်ကို ဖူးတွေ့ရသော အခါ ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးအလား ထင်မှတ်မှားမိသည်။ စာပေသမားချင်းဖြစ်၍ ခဏနှင့်ပင် ရင်းနှီးသွားကြသည်။ အရှင်မြတ်က စာရေးသူ၏ ကလောင်အမည်ကို နှစ်အတော်ကြာကြာကပင် ဖတ်ခဲ့ဖူးကြောင်း မိန့်တော်မူပါသည်။ မကြာသေးခင်ကပင် ထုတ်ဝေခဲ့သည့် "သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒဂုဏာပူဇာ အမှတ်တရစာစောင်"၌ စာရေးသူပါဝင်ပူဇော်ခဲ့သေးသည် မဟုတ်ပါလော။

အရှင်ပညာနန္ဒကို ဝက်လက်မြို့နယ်၊ ပဝင်းတက်ရွာ၊ခမည်းတော် ဦးပြား၊ မယ်တော် ဒေါ်သေးတို့မှ ၁၃၂၉-ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက်၊ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ငယ်မည်မှာ မောင်မြင့်ကျော်ဖြစ်၏။ အရှင်လောင်းလျာ(၆) နှစ်သားအရွယ်တွင် ဖခင်ကြီးရုတ်တရက်ကွယ်လွန်ခဲ့သည်။ (၇)နှစ်သားအရွယ်သို့ ရောက်သောအခါ ဝက်လက်မြို့နယ်၊ ရှိမ်းမကားမြို့၊ ဒက္ခိဏာရုံကျောင်း အဘိုးဆရာတော် ဘဒ္ဒန္တပညာသိရီကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ဘွဲ့တော်မှာရှင်ပညာနန္ဒဖြစ်၏။

၁၃၄၉-ခုနှစ်၊ ကဆုန်လဆုတ် (၉)ရက်၊ ကြာသပတေးနေ့တွင် ဝက်လက်မြို့နယ်၊ ရွာသစ်ရွာ ရဟန်းဒါယကာ ဦးဌေးအောင်၊ရဟန်းဒါယိကာမ ဒေါ်ဌေးရီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှိမ်းမကားမြို့၊ဒက္ခိဏာရုံကျောင်း အဘိုးဆရာတော် ဘဒ္ဒန္တပညာသိရီကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

အရှင်မြတ် (၇)နှစ်သားအရွယ်မှစတင်၍(၁၇)နှစ်သားအရွယ်အထိ (၁၀)နှစ်တိုင်တိုင် အဘိုးဆရာတော်၏ ခြေတော်ရင်းဝယ် လောကီလောကုတ္တရာစာပေ အဖြာဖြာကို သင်ယူရင်း အဘိုး၏ ဝေယျာဝစ္စများကိုပါ တစ်ပါတည်း ကျေပွန်စွာ ထမ်းဆောင်ခဲ့ပေသည်။

အရှင်ပညာနန္ဒသည် ရှိမ်းမကား ဒက္ခိဏာရုံဆရာတော်နှင့် ဘဒ္ဒန္တကောသိယတို့ထံ လောကီအတန်းစာနှင့် ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။ (၁၇)နှစ်သားအရွယ်သို့ ရောက်သောအခါ အဘိုးဆရာတော် ဘဒ္ဒန္တပညာသိရီ၏ ချီးမြှောက်မှုဖြင့် မန္တလေးမြို့၊ မဟာသန္တာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မန္တလေးမြို့၊ သစ်ဆိမ့်တိုက် ရွှေမြင့်မိုရ်ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံ၊ ရန်ကုန်မြို့၊ ဝိဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ၊ ဗဟန်းပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ ရန်ကင်းပဉ္စနိကာယသာသနာ့ဗိမာန်တိပိဋကဓရ ပြည်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ကျိုက်ထိုမြို့၊ အောင်သစ္စာ မရမ်းချိုဆရာတော် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ၊ စစ်ကိုင်းမြို့ ဇေယျသိန်ဆရာတော် ဘဒ္ဒန္တပညာသိရီ၊ သဇ္ဇနောဒယဆရာတော် ဘဒ္ဒန္တသဇ္ဇနာဘိဝံသ အစရှိသည့် ဆရာမြတ်တို့ထံ၌ ပညာရင်းနှီးသောက်စို့တော်မူခဲ့သည်။

အရှင်မြတ်သည် အဘိဓမ္မာစာမေးပွဲကို နှစ်ချင်းသုံးဆင့်အောင်မြင်၍ မော်လမြိုင်မြို့ သုသမာစာရ၊ မုဒုံမြို့ ကမာဝက်စာပြန်ပွဲ သာမဏေတန်း (ပထမ)၊ ရန်ကုန်မြို့၊ ဗဟန်းညောင်တုန်းကျောင်းတိုက် သာသနပါလ စာမေးပွဲ၊ ရန်ကင်းပဉ္စနိကာယ စာမေးပွဲ၊ အစိုးရ ပထမပြန် ငယ်-လတ်-ကြီး စာမေးပွဲများကို အောင်မြင်တော်မူခဲ့သည်။

အရှင်ပညာနန္ဒ၊ သီတဂူဆရာတော်ကြီးထံ ရောက်ရှိလာပုံကလည်း စိတ်ဝင်စားစရာပင်။ အရှင်မြတ်သည် ပထမကြီးတန်းသို့ရောက်ရှိသောအခါ ငယ်ဆရာလည်းဖြစ်၊ အဘိုးလည်းဖြစ်သော ရှိမ်းမကား ဒက္ခိဏာရုံဆရာတော်မှာ ပျံလွန်တော်မူခဲ့သည်။ထိုအခါ ပညာရေး တစ်ပိုင်းတစ်စနှင့်ပင် အဘိုး၏ အမွေအနှစ် ဒက္ခိဏာရုံကျောင်းတိုက်အား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ သို့နှင့် သက်တော်(၂၅)နှစ်မှာပင် ကျောင်းထိုင်ဘုန်းကြီး ဘဝသို့ ရောက်ရှိခဲ့ရသည်။

အရှင်မြတ်သည် ရှိမ်းမကား၌ ကျောင်းထိုင်စဉ်ကပင် "ရှိမ်းမကားမှာ (၃)နှစ်ကြာအောင် သာသနာပြုမည်။ (၃)နှစ်အတွင်းမိမိသာသနာ

သီတဂူအရှင်ပညာနန္ဒ တရားဟောကြားရန် ကြွရောက်တော်မူလာစဉ်

ပြု မှတ်တိုင်များ ကျန်ရစ်စေခဲ့ရမည်။ (၃)နှစ်ပြည့်သောအခါတပည့်တစ်ဦးအား လွှဲအပ်ပြီး တိုးတက်ကြီးပွားမည့်နေရာ အမှီဆရာကောင်းရှာ၍ ဆည်းကပ်မည်။သာသနာကျယ်ကျယ်ပြန့်ပြန့် ပြုနိုင်ရန် ကြိုးစားအားထုတ်မည်”ဟု သန္ဓိဌာန်ချမှတ်ခဲ့လေသည်။ ပြုသမျှ ကုသိုလ်ကောင်းမှုများကိုလည်း သစ္စာဆိုကာ ဆုတောင်းခဲ့သည်။

ကျောင်းထိုင်ဘုန်းကြီးဘဝဖြင့်ပင် တရားဟောကြားခဲ့ရာ နယ်ကျော် ဓမ္မကထိကတစ်ပါး ဖြစ်ခဲ့ရသည်။ကျောင်းဟောင်းများ ပြုပြင်၍ တံတိုင်းကာရံခြင်း၊ ကျောင်းတွင်း၌ လောကထွန်းပြောင်စေတီ တည်ထားခြင်း၊ မွေးရပ်မြေ (ဝက်လက်မြို့နယ်ပဝင်းတက်ရွာ)၌ လေးကျွန်းမာရ်အောင် စေတီတော်ကို ဦးဆောင်တည်ထားခြင်းစသော လုပ်ငန်းများကို ၁၃၅၃-ခုနှစ်မှ ၁၃၅၆-ခုနှစ်အထိ ဆောင်ရွက်ကာ သာသနာပြုခဲ့ပေသည်။

၁၃၅၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉)ရက်နေ့တွင်ကျေးဇူးတော်ရှင် သဇနာနန္ဒကျောင်းဆရာတော် ဘဒ္ဒန္တသဇနနှင့် ရှိမ်းမကားနေဝန်းနီဆရာကြီး ဦးအေးမောင်တို့၏ ပို့ဆောင်ပေးမှုဖြင့် စစ်ကိုင်းတောင်ရိုး သီတဂူအေးရိပ်သို့ရောက်ရှိခဲ့ရသည်။သီတဂူဆရာတော်ဘုရား၏ ဘုန်းရိပ်၊ ကံရိပ်ကို ခိုလှုံရင်း ၁၃၅၆-ခုနှစ်၊ တန်ဆောင်မုန်းလမှ ၁၃၅၇-ခုနှစ်၊ဝါခေါင်လအထိဆရာတော်နှင့် အတူ ပစ္ဆာသမဏအဖြစ် မြန်မာပြည်အနှံ့ တရားပွဲများလိုက်ပါ၍ တရားဟောနည်းပညာကို လက်တွေ့ကိုယ်တွေ့ သင်ယူခဲ့ပေသည်။

သီတဂူဆရာတော်ဘုရားသည် တပည့်ဖြစ်သူကို လက်တွေ့ကျကျ တရားဟောနည်း၊ ပြောနည်းကို သင်ပြပေးတော်မူသည်။ အရှင်ပညာနန္ဒကလည်း ဆရာတော်သင်ကြားပြသသမျှကို ယဏသေချာစွာ လေ့လာမှတ်သားခဲ့သည်။အရှင်ပညာနန္ဒမှာ မူလရှိပြီးသား အရည်အချင်းများအပြင် ဆရာတော်ဘုရားကြီး၏ လမ်းညွှန်မှုအတိုင်း ဝိရိယကို အထွတ်တပ်၍ ကြိုးစားအားထုတ်ခဲ့ရာ တစ်စထက်တစ်စ ပိုမိုတိုးတက်လာခဲ့ရသည်။

၁၃၅၇-ခုနှစ်၊ ဝါခေါင်လပြည့်နေ့၊ မေတ္တာအခါတော်နေ့။ ထိုနေ့သည်ကား အရှင်ပညာနန္ဒအဖို့ သီတဂူပလ္လင်စင်မြင့်တွင် အသွင်တင့်စေခဲ့သော နေ့ပါတည်း။ ထိုနေ့တွင် သီတဂူဆရာတော်ကြီးက အရှင်ပညာနန္ဒကို ပွဲဦးထွက် သူ့ကိုယ်စား တရားဟောကြားစေခဲ့သည်။ ပရိသတ်များမှာ ပြည်ပသာသနာပြုခရီးကြွသွားရာမှ ပြန်ကြွလာသော သီတဂူဆရာတော်ဘုရားကြီးအား ဖူးမြော်ရန်နှင့် တရားနာယူရန်သီတဂူဓမ္မဗိမာန်ပေါ်၌ ကြိတ်ကြိတ်တိုး စည်ကားလျက်

ရှိနေသည်။

အရှင်ပညာနန္ဒသည် တည်ကြည်ငြိမ်သက်သော ဣန္ဒြေ၊ ကြည်လင်ပြတ်သားသော အသံတော်ဖြင့် "ပုဏ္ဏားမလေး၏ သာသနာ့အောင်ပွဲ"တရားတော်ကို ဟောကြားတော်မူရာ သီတဂူဆရာတော်ကြီးအလားထင်မှတ်မှားလောက်အောင်ပင်ဟောပြနိုင်စွမ်းရှိခဲ့သည်။ ထိုနေ့တွင်မှ တိုက်တိုက်ဆိုင်ဆိုင် မလွန်ဆန်လျှုအသင်းမှ လူကြီးများလည်း ရောက်ရှိနေကြရာ၊အရှင်ပညာနန္ဒ၏ တရားဟောစွမ်းရည်ကို အကဲခတ်မိသွားကြလေသည်။

ကျေးဇူးရှင် သီတဂူဆရာတော်ဘုရားကြီးသည် တစ်စထက်တစ်စ လူသိများကာ ထင်ရှားလာသော သူ့တပည့်သီတဂူကြယ်ပွင့်ကလေး ပို၍ ပို၍တောက်ပလင်းလက်လာစေရန် မလွန်ဆန်လျှုအသင်းကြီး၏ နှစ်တစ်ရာပြည့် ၁၃၅၈-ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက်နေ့ည၊ မလွန်ဆန်လျှုအသင်းထောက်များ၏ ရှေ့မှောက်၌ ဟောကြားစေခဲ့ပါသည်။ဤတွင် တရားနာပရိသတ်များ၏ အားပေးကျေနပ်မှု၊ ခီးကျူးမှုကို ခံခဲ့ရသည်။ ထိုရာပြည့်နှစ်မှစ၍ သီတဂူဆရာတော်ကြီး၏ လက်ထောက်နှင့် မလွန်ဆန်လျှုအသင်းကြီး၏ ဓမ္မကထိက တာဝန်များကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောကာ သာသနာပြုခဲ့ပေသည်။

အရှင်ပညာနန္ဒသည် "ဗုဒ္ဓရဲ့ ပရိယတ္တိပါဠိတော်တွေ များများ ရအောင် မြဲမြဲမြံမြံအာဂုံဆောင်နိုင်ပြီး၊ ယုတ္တိရှိရှိ ထိမိအောင် ဟောပြပါ။ သာသနာကို ကျယ်ပြန့်စွာပြုပါ"ဟူသော ဩဝါဒကို ဦးထိပ်ပန်ဆင်လျက် ဟောကြားခဲ့ရာမှ "သီတဂူတပည့်" "သီတဂူကြယ်တစ်ပွင့်"ဟူ၍ ထင်ရှားကျော်ကြားလာခဲ့သည်။

သီတဂူအရှင်ပညာနန္ဒသည် တရားဟော တရားပြရာတွင်ထူးချွန်ထင်ရှားသကဲ့သို့ စာပေရေးသားရာတွင်လည်း ဝါသနာထုံလှသည်။တရားပွဲများ နေ့စဉ် ရက်ဆက်ဟောကြားနေသည့်ကြားမှပင် "မောင်ပညာ(ရှိမ်းမကား)"၊ "သီတဂူအရှင်ပညာနန္ဒ(စစ်ကိုင်း)"စသော ကလောင်ခွဲများဖြင့်လည်း ဘာသာရေးဆောင်းပါးများ၊ ဓမ္မရသဝတ္ထုများ ရေးသားခဲ့သည်။ ဆရာသခင်သီတဂူထေရ်အရှင်ကဲ့သို့ ဘက်စုံထူးချွန်ထက်မြက်အောင် ကြိုးစားနေသော အရှင်မြတ်တစ်ပါးပါပေ။

အရှင်မြတ်၏ ကြိုးစားအားထုတ်မှု အသီးအပွင့်များအဖြစ် ၂၀၀၀-ပြည့်နှစ်တွင် "ရွှေမြင့်မိုရ်ပြိုမှာစိုးတယ်"အမည်ရှိ ဓမ္မရသစာစုများ စာအုပ်ကို ထုတ်ဝေနိုင်ခဲ့သည်။ ဆက်လက်၍ "ကြုံသာကြုံ မဆုံသည့်လမ်း"၊"အမေ့မေတ္တာ သားလိမ္မာ"၊ "ထူးမြတ်ကဆုန် လွမ်းဖို့ကြုံ"၊"ငြိမ်းချမ်းရွှေပြည်တရားတော်များ" စာအုပ်တို့ကို ထုတ်ဝေနိုင်ခဲ့သည်။ ရှေ့ဆက်၍လည်း ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။

"ပညာပြည့်ဝ၊ နှလုံးလှသော်၊ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ဖြတ်တောက်လိုရာ၊ပြီးနိုင်စွာ၏"ဟူသော မယဒေဝလင်္ကာနှင့်အညီ ပညာပြည့်ဝ နှလုံးလှသည့် အရှင်ပညာနန္ဒအဖို့ ကျေးဇူးတော်ရှင် သီတဂူဆရာတော်ဘုရားကြီး၏ ဆန္ဒအတိုင်း တရားဟောရင်း ဓမ္မာစရိယစာမေးပွဲကိုဖြေဆိုခဲ့ရာ ၁၃၆၃-ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရယူနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် မိမိဘဝ၏ မှတ်တိုင်ကလေးတစ်ခုအဖြစ် စိုက်ထူချင်သည့် ဆန္ဒအတိုင်း ၁၃၆၂-ခုနှစ်၊ ဝါဆိုလဆန်း(၁)ရက်နေ့တွင် မန္တလေးမြို့၌ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်ကြီးကို စတင်တည်ထောင်နိုင်ခဲ့ပြီးဖြစ်သည်။

ထိုမှတစ်ဖန် ၁၃၆၅-ခုနှစ်၊ ပြာသိုလဆန်း (၁၃)ရက်(၄-၁-၀၄) နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ "ဓမ္မကထိက ဗဟုဇနဟိတရေ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံတော်မူခဲ့ရပြန်သည်။ ယခုအခါ သီတဂူအရှင်ပညာနန္ဒသည် စစ်ကိုင်းတောင်ရိုးရှိ သဒ္ဓမ္မသီတဂူကျောင်းတိုက်ကြီး၏ (ဒု)တိုက်အုပ်အဖြစ်လည်းကောင်း၊ မန္တလေးမြို့၊ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်ကြီး၏ ပဓာန နာယကအဖြစ်လည်းကောင်း၊ သီတဂူလက်ထောက်နှင့် မလွန်ဆန်လျှုအသင်းကြီး၏ ဓမ္မကထိကအဖြစ်လည်းကောင်း သာသနာ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိပေသည်။

■တင်အောင်သွင်

စာကိုး

သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်ရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒဂုဏ်ဗဟုဇနအမှတ်တရ စာစောင်။

ရဲရင့်ပြည့်စုံ သရဏာဂုံ

အရှင်ပဏ္ဍိတ(ဗေဒါရီဂူတောရ)

မြန်မာဗုဒ္ဓဘာသာတိုင်းရင်းသား အားလုံးနီးပါး၏ ကလေးများ သိတတ်စအရွယ်မှစ၍ ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်းသိအောင် အစဦးဆုံးသင်ကြားလေ့ကျင့်ပေးကြပါသည်။ အိမ်သို့ ဆွမ်းခံကြွသည့် ရဟန်းသံဃာကိုဖြစ်စေ၊အဘိုးအဘွားသက်ကြီးများကိုဖြစ်စေ "ဦးတော်" "ဦးတော်"ဟု ဆိုခိုင်းကာ ဦးတင်ရှိခိုး ရိုသေသမှုပြုစေကြပါသည်။ တဖြည်းဖြည်း အရွယ်လေးကြီးလာသော အခါ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟုဆိုတတ်အောင် သားသမီးလေးတွေကို နှုတ်တိုက်သင်ပေးကြသည်။ ထိုသို့နှင့် မွေးဖွားကြီးပြင်းကာ အိုမင်းရင့်ရော်သေဆုံးသွားကြလေသည်။ သေဆုံးသည်ဆိုလျှင် သရဏာဂုံတင်ရမည့်ကိစ္စကို နောက်ဆုံးအရေးတကြီး ကိစ္စအဖြစ် ဖုတ်ပူမီးတိုက်ဆောင်ရွက်ကြပါတော့သည်။ သရဏာဂုံတင်သည်ဆိုသော ကိစ္စသည် မြန်မာဗုဒ္ဓဘာသာအားလုံးအတွက် နောက်ဆုံးခရီးထွက်တော့မှ ပျာပျာသလဲ ဆောင်ရွက်ရသည့်ကိစ္စဖြစ်နေရသည်မှာ အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။

သရဏာဂုံဆိုသည်မှာ မြန်မာစကားမဟုတ်ပေ။ (သရဏာ+ဂမန) ဟူသော မဂဓတိုင်းဘာသာစကားမှ ဆင်းသက်ပြောင်းလဲလာသည့် စကားဖြစ်ပါသည်။ သရဏာဆိုသည်မှာ ကိုးကွယ်ထိုက်သော ဝတ္ထု၊ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်ဟု အဓိပ္ပါယ်ရှိပေသည်။ ဂမနဆိုသည်မှာ ရောက်ခြင်းဟု အဓိပ္ပါယ်ရှိသည်။သို့ဖြစ်၍ ပေါင်းစပ်ပြီး တိုက်ရိုက်အဓိပ္ပါယ်ပြန်သော အခါ ကိုးကွယ်ရာအဖြစ်သို့ရောက်သည်ဟု အနက်အဓိပ္ပါယ်သက်ရောက်ခြင်းကို သရဏာဂုံဟုခေါ်သည်။ ကိုးကွယ်ဆိုသောစကားမှာ မြန်မာစကားဖြစ်ပါသည်။ ကိုး-ဆိုသည်က အားကိုးခြင်း၊ ကွယ်-ဆိုသည်က ကာကွယ်ပေးခြင်းဟု အဓိပ္ပါယ်ရှိသည်။

မည်သည့်ကိစ္စများအတွက် အားကိုးပြီး၊ မည်သည့်ကိစ္စများအတွက် အကာအကွယ်ပေးပါသလဲဟု တွေးတောဆင်ခြင်ကြည့်ရပါမည်။

အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး အစရှိသည်တို့မှ ကာကွယ်ကင်းလွတ်ပြီး မဂ်တရား၊ဖိုလ်တရား၊ နိဗ္ဗာန်တရားကိုရမည်ဟု ယုံကြည်စိတ်ချအားကိုးသောကြောင့်ဖြစ်သည်။ မိမိတို့ ဆည်းကပ်သောဝတ္ထု၊ဆည်းကပ်သော ပုဂ္ဂိုလ်ထံမှ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်များကို တောင့်တသည့်အတိုင်း ကြားရ၊ နာရ၊ သိရ လျှင် ထိုဝတ္ထု၊ ထိုပုဂ္ဂိုလ်မျိုးသည် အမှန်ကိုးကွယ်ထိုက်သော သရဏဂုံ ဝတ္ထုအစစ်၊ ပုဂ္ဂိုလ်အစစ်ဟု မှတ်ယူရပါမည်။ ထိုဝတ္ထု၊ ထိုပုဂ္ဂိုလ်မျိုးကို ဆည်းကပ်ကိုးကွယ်ခြင်းသည်လည်း သရဏဂုံအစစ်ဖြစ်ပေသည်။

ကိုးကွယ်ထိုက်၊ ကိုးကွယ်သင့်သော သရဏဝတ္ထုသုံးမျိုးရှိပါသည်။ ဘုရား၊ တရား၊ သံဃာဟူ၍ ဖြစ်ပေသည်။ ထိုသရဏဝတ္ထုသုံးမျိုးကို အဘယ်ကြောင့် ကိုးကွယ်ထိုက်သလဲဟုဆိုသော် ဖြူစင်သော၊သီလ၊ သမာဓိ၊ ပညာအစရှိသည့် ဂုဏ်တွေကြောင့် ကိုးကွယ်ဆည်းကပ်ထိုက်ခြင်းဖြစ်ပါသည်။ ကိုးကွယ်ခြင်းဟူသော သရဏဂုံတွင် နှစ်မျိုးရှိသည်။ တစ်ဆင့်ကြားသုတ သရဏဂုံနှင့် ကိုယ်တွေ့ သရဏဂုံဟူ၍ဖြစ်သည်။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး၊တရားတော်၏ ဂုဏ်ကျေးဇူး၊ သံဃာတော်၏ ဂုဏ်ကျေးဇူးများကိုကြားဖူး၊နာဖူး၊ မှတ်သားဖူး၍ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ စသည်ဖြင့် ရွတ်ဆိုဆောက် တည်သော သရဏဂုံမျိုးကို တစ်ဆင့်ကြား သရဏဂုံဟုခေါ်ပါသည်။ သိတတ်ခါစ ကလေးအရွယ်တုန်းက လူကြီးမိဘများ သင်ပေးသဖြင့် မိဘရိုးရာ ရွတ်ဆို မှုမျိုးသာဖြစ်သည်။ကိုယ်တွေ့ သရဏဂုံဆိုသည်မှာ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့၏ ငြိမ်းပျောက်ရာ ဖြစ်သော အာယတနဓာတ်တရားများ၏ ဖြစ်ပျက်ပုံကို မြင်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသော သရဏဂုံမျိုးကိုခေါ်သည်။ဘုရားစစ်၊ ဘုရားမှန်၊ တရားစစ်၊ တရားမှန်၊ သံဃာစစ်၊ သံဃာမှန်များကို ကိုယ်တိုင်ဒိဋ္ဌ မြင်ရ၊ တွေ့ရ၊ ဖူးရသော သရဏဂုံမျိုးဖြစ်ပါသည်။ (ဝက္ကလိ သံယုတ်)

လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့ဖူးသည်မှာ ဆေးဆရာနှင့်အတူနေပြီး ဆေးဆရာ၏ ဆေးကိုတော့ နံသည်၊ ခါးသည်ဆိုကာ မစားမမျိုဘဲ၊ ဆေးဆရာ၏ ဘုန်းလာဘ်ကို မှီခိုပြီး အစားအသောက်ကိုသာ အားထုတ်နေသဖြင့် ရောဂါတိုးမြဲတိုးနေသည့် ပုဂ္ဂိုလ်ကို ဆရာနှင့်တွေ့သည်ဟု မဆိုရ၊ မဆိုနိုင်။ ဆေးဆရာကို မမြင်ဖူးသော်လည်း သတင်းကြားနှင့် ဆေးမှာစားသုံးလို့ ရောဂါပျောက်ကင်းသူကိုသာ ဆေးဆရာ၏ပညာစွမ်း၊ ဆေးစွမ်းကို ဒိဋ္ဌတွေ့သူဖြစ်သည်။ ဆေးဆရာ၏ အိမ်မှာ မှီကပ်နေသော်လည်း ဆေးကို မမှီဝဲသည့်အတွက် ရောဂါ မပျောက်သူသည် ဆေးဆရာ၏ ပညာ စွမ်း၊ ဆေးစွမ်းကို ဒိဋ္ဌမြင်တွေ့သူ မဟုတ်၊ ကြားရုံသာကြားဖူးသူ ဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ရဟန်းသံဃာတော်များထံမှ သီလယူဆောက်တည်ဖူးသူတိုင်း ကြားဖူးနားဝရှိသည့် ပါဠိစကားလေးတွေ ရှိပါသည်။"ယမဟं ဝဒါမိ တံ ဝဒေထ" ကျွန်ုပ်ဆိုသလို လိုက်ဆိုကြ၊ ထိုအခါ လူအများက "အာမ ဘန္တေပါ"အရှင်ဘုရားကောင်းပါပြီ။ လိုက်ဆိုပါမည်အရှင်ဘုရားဟု ဝန်ခံကြသည်။ ထို့နောက် "နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" အရဟံဂုဏ်၊ သမ္မာ သမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏။ "ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဘုရားကို ဆည်းကပ်ကိုးကွယ်ပါ၏။ တရားကို ဆည်းကပ်ကိုးကွယ်ပါ၏။ သံဃာကို ဆည်းကပ်ကိုးကွယ်ပါ၏ဟု သုံးကြိမ် ဆိုခိုင်းပါသည်။ သုံးကြိမ်ပြည့်သော အခါ ရဟန်းသံဃာက "တိသရဏ ဂမနံ ပရိပုဏ္ဏံ"သရဏဂုံ ခံယူ ဆောက်တည်မှု ကိစ္စပြီးပြည့်စုံပြီဟု ဆို ၏။လူတွေက"အာမဘန္တေ" ကောင်းပါပြီ အရှင်ဘုရားဟု လိုက်ဆိုကြ၏။ ထိုသို့ ရဟန်းနှင့်သီလယူသူ လူအများ ပါဠိလိုအပြန်အလှန် တိုင်ပေး၊ လိုက်ဆိုကြသော ကိစ္စကို လူအတော်များများက ဘာကိုဆိုလို့ ဆိုမှန်း အဓိပ္ပါယ်မသိစွာနှင့် ဆိုရိုးထုံးစံရှိ၍သာ လိုက်ဆိုနေကြသည်။ ထိုသို့ ပါဠိစကားဖြင့်အတိုင်အဖောက် ရွတ်ဆိုနေကြသည်မှာ သရဏဂုံတည်ဆောက်နေခြင်း၊သရဏဂုံတင်နေခြင်းဖြစ်သည်ကို သိမှသိပါလေစဟု တွေးမိပါသည်။ လူတွေက ကိုယ်တိုင် ရွတ်ဆိုမတည်ဆောက်လိုသဖြင့် ဘုန်းကြီးထံမှ ဌက်ပျောပွဲ၊ အုန်းပွဲ ဖြင့် သရဏဂုံတင်၊ သရဏဂုံတည်ဆောက်နေရသည့် သဘောသက်ရောက်နေပုံရပါသည်။ကိုယ်စားလှယ်ထား၍ သရဏဂုံတည်ဆောက်နေသည်ဟု နိုင်ငံခြားဘာသာခြားများက တွေးထင်လျှင် ဝမ်းနည်းစရာ ဖြစ်၏။

ထိုကဲ့သို့ ဘုန်းကြီးရှေ့မှာ

ပါဠိလို အပြန်အလှန်ပြောဆို သရဏဂုံ ဆောက်တည်၊ သီလယူပြီးသည်နှင့် ကျောင်းဝင်းထဲ နတ်ပွဲ ခြိမ့်ခြိမ့်သဲ သဲကျင်းပသူ ကျင်းပ၏။ ကိုးကွယ်ရာတွေ သုံးပါးမက ကိုးကွယ်ကြလေ၏။ သရဏဂုံတည်ဆောက်ခြင်းကို ပြုပြီးသကာလ ဘိုးတော်၊ ဘွားတော်၊မင်းကြီး၊ မင်းလေး၊ပျောက်စေဆရာ၊ ပေါက်စေဆရာများအားလုံးကို လက်တွေ့မျက်တွေ့ ကိုးကွယ်အားထားကြကုန်လေ၏။ မိမိတို့၏ နှုတ်ဖျားမှ ရွတ်ဆိုတည်ဆောက်ခဲ့သော သရဏဂုံသုံးပါးကို ဘာမှန်းမသိ မေ့လျော့ကုန်ကြလေသည်။

ထို့ပြင် သေသောသူ၏ ရုပ်အလောင်းအားမြန်မာ့ရိုးရာအတိုင်း သရဏဂုံတင်လေ့ရှိပါသည်။ထိုအလေ့သည် မြန်မာ့သေရိုးသေစဉ်ပြုလုပ်လေ့ရှိသော ဓလေ့ဖြစ်ပါသည်။ သေပြီးသော ရုပ်အလောင်းဆိုသည်မှာ ဥတုဇရုပ်ကြမ်းကြီးမျှသာ ဖြစ်သည်။ ပုံမပျက်သေးတာကလွဲ၍ ဌက်ပျောတုံး၊ လက်ပံတုံးနှင့် ဘာမျှမခြားတော့ပေ။အဆိုပါ အသုဘသရဏဂုံတင်ခြင်းကိုကျန်ရစ်သူများအနေဖြင့် သရဏဂုံကို ပို၍ပို၍ ခိုင်ခိုင်မာမာ ဖြစ်အောင် ထပ်ဆင့်တည်ဆောက်ကြခြင်း၊သေသူကြောင့် မရဏသတိတရား ပိုမိုစွဲမြဲလာခြင်း၊ ရဟန်းခံရှင်ပြု၊ ကျောင်းဆောက်၊ ဘုရားတည်မှသာ လျှုဒါန်းခြင်းမဟုတ်၊ သေသူကြောင့်ပြုရသော အလျှုဒါနလေးတစ်ခုဟု စိတ်တွင်ခံယူတတ်ကြမည်ဆိုလျှင် အလွန်သင့်လျော်ကောင်းမြတ်လှပါသည်။ ပျော်ရွှင်ချမ်းမြေ့သောအခါမျိုးတွင်မှ မြန်မာတို့သည် အလျှုဒါနလုပ်ကြသည်မဟုတ်။ ဝမ်းနည်းရသည့် အသုဘတွင်ပင် အလျှုဒါန ပျော်ပျော်ကြီးလုပ်လေ့ရှိသည့် လူမျိုးဟု နှစ်နှစ်ကာကာဂုဏ်ယူစိတ်မွေးနိုင်ကြဖို့ သင့်ပေသည်။တစ်နည်းဆိုရသော် ထီပေါက်မှ လျှုတတ်သည့် လူမျိုးမဟုတ်၊သင်္ဘောမှောက်လည်း မတွန့်မဆုတ်လျှုရဲသည့် လူမျိုးဟု ကမ္ဘာမှာ ထင်ရှားစေချင်ပါသည်။

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"
အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော
ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏။
"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ဓမ္မံ သရဏံ ဂစ္ဆာမိ၊သံဃံ သရဏံ ဂစ္ဆာမိ"
ဘုရားကို ဆည်းကပ်ကိုးကွယ်ပါ၏။
တရားကို ဆည်းကပ်ကိုးကွယ်ပါ၏။
သံဃာကို ဆည်းကပ်ကိုးကွယ်ပါ၏။

ထိုသို့ အလျှုရဲသလို၊ဘုရား၊ တရား၊ သံဃာ သရဏဂုံသုံးပါးကိုလည်း အရှုပ်အရှင်းမရှိ ရဲရဲကြီးတည်ကြစေချင်ပါသည်။ရဟန်း၊ သံဃာနှင့် မိမိတို့ ပါဠိလို အပြန်အလှန် ရွတ်ဆိုခဲ့ဖူးသည့် သရဏဂုံသုံးပါးကို သတိရလေတိုင်း ကျန်သည့်ကိုးကွယ်ရာများကို နှမလက်လျှော့နေလေတော့ဟု သဘောထားနိုင်ရပါမည်။ သို့မှသာ သရဏဂုံတည်သော၊ မြဲသော၊ ခိုင်သော မြန်မာဗုဒ္ဓဘာသာဝင်များအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်မည် ဖြစ်ပေသည်။ သရဏဂုံသုံးပါးတည်းဟူသော ရတနာသုံးပါး၏ အမှန်တရားအတွက် တွေဝေခြင်းမျိုး မဖြစ်စေလိုပါ။ ဟုတ်တိ၊ ပတ်တိဖြင့် ရဟန်းသံဃာများ ရှေ့မှောက်တွင် မိမိကိုယ်မိမိ တင်ခဲ့သော သရဏဂုံသုံးပါးကို မိမိကိုယ်တိုင် ပြန်ဆွဲချသည့်အဖြစ်မျိုး သတိကင်းမဲ့စွာ မပြုမူမိရန် အထူးအရေးကြီးလှပါသည်။

■ **အရှင်ပဏ္ဍိတ(ဗေဒါရီဂူတောရ)**

ရေတံခွန်တောင်ခြေ၌-ဆင်ဖမ်းခြင်း (သိုမ့ဟုတ်) ဓမ္ဌမဏ္ဍလမှာ– ဆေယ်ရက်ကြာ

ဓမ္မယောဂီ(ပျဉ်းမနား)

"ဆင်ဖမ်းတဲ့ အပ်ချည်၊ ဆင်ဖမ်းတဲ့ အပ်ချည်"

"နေပါဦးဗျ၊ ဆင်ဖမ်းတဲ့ အပ်ချည်လား၊ ခြင်ဖမ်းတဲ့-အပ်ချည်လား"

"ဆင်-ဆင်-ဟောဒီလို အစွယ်နှစ်ချောင်းနဲ့၊ ဝူး-ဝူးဆိုပြီး ထိုးတတ်တဲ့-ဆင်"

"ညောက်-သိပါဘူးဗျာ၊ ခြင်ဖမ်းတဲ့ အပ်ချည်လားလို့"

အထက်ပါဖြစ်ရပ်မှာ ပျဉ်းမနားမြို့၌ တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ဖြစ်သည်။ ပျဉ်းမနားမြို့တွင် "ဦးသန်းထွန်း"ဆိုသူ ဒကာတစ်ဦးသည်၊ စျေးအနီးတွင် အပ်ချည်စသော အသေးစားပစ္စည်းများကို ဟန်ပန်နှင့်ကြော်ငြာပြီးရောင်းချလေ့ရှိသည်။ တစ်နေ့တွင် စျေးအနီး၌ အော်၍ကြော်ငြာပြီး ရောင်းချနေစဉ် အထက်ပါဖြစ်ရပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ဓမ္မယောဂီ ရေတံခွန်တောင်ခြေ၌ တရားစဝင်သောအခါ အထက်ပါ ဖြစ်ရပ်အတိုင်း တွေ့ကြုံရလေသည်။ အမှန်မှာ ဓမ္မယောဂီသည် အဆိုပါရေတံခွန်တောင်ခြေ၌တရားစခန်းဝင်ရန် မဟုတ်ပါ။တရားစခန်းဝင်ဖြစ်ရန် အခြေနေပေးလာခြင်းမှာ တိုင်းဥက္ကဋ္ဌဆရာတော်ကြီး ကိုယ်တိုင်လွန်ခဲ့သော (၂၁-၃-၂၀၀၄)နေ့က ဖွင့်လှစ်ခဲ့သော ရိပ်သာကြီးဖြစ်သော ကြောင့်ဟု နီးစွာသောအကြောင်းကို ပြရပေလိမ့်မည်။ ဓမ္မယောဂီ၏မူရင်းလုပ်ငန်း ပရိယတ္တိလုပ်ငန်းမှာ အနည်းငယ်အားလပ်ချိန်ဖြစ်ခြင်း၊ပထမပြန် စာမေးပွဲများပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိခြင်းတို့ကြောင့် ရမည်းသင်းခရိုင်အတွင်း ကျရောက်သော မိမိ၏ တာဝန်များကိုကျေပွန်အောင် ဆောင်ရွက်ပြီးနောက် တိုင်းဥက္ကဋ္ဌ ဆရာတော်ထံ အစီရင်ခံရန် ရောက်ရှိခဲ့ရာမှ အဆိုပါရေတံခွန်တောင်ခြေသို့ (၂၄-၃-၂၀၀၄)တွင် ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

ရေတံခွန်တောင်ခြေသို့ ရောက်ခဲ့ရာ၌ အဆိုပါရေတံခွန်တောင်ခြေတွင် သစ္စာဝေဒဂူခေါ် မိုးကုတ် ဝိပဿနာရိပ်သာကြီးနှင့်ဓမ္ဌမဏ္ဍလခေါ် ဝိပဿနာရိပ်သာကြီးနှစ်ခုရှိလေ

ရာ ဓမ္မမဏ္ဍလဝိပဿနာရိပ်သာကြီး မှာ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးနှင့် မန္တလေးတိုင်းဥက္ကဋ္ဌဆရာတော်ကြီးနှစ်ပါးတို့ကိုယ်တိုင် (၂၁-၃-၂၀၀၄)နေ့က ဖွင့်လှစ်ခဲ့သော ရိပ်သာကြီးဖြစ်ကြောင်း သိရှိရလေသည်။ ထိုရိပ်သာကြီးသို့ မိမိရောက်သွားခဲ့ခြင်းသည် မိမိကိုယ်တိုင်ကြည့်ကြပ်ရန် (ကြီးကြပ်ရန်မဟုတ်)ဟု ယူဆခဲ့လေသည်။ သို့သော်လည်း မိမိကိုယ်မိမိကြည့်၍ မိမိကိုယ်ကိုမိမိကြပ်ရန် အခြေအနေဖြစ်ခဲ့လေသည်။ အကြောင်းမှာ ဝိပဿနာစခန်း ဝင်ရောက်ခဲ့ပြီးချိန်မှစ၍ သုံးရက်မြောက်အထိ အင်မတန်အဖမ်းရခက်သော စိတ်ကို အမိဖမ်းရန် ကြိုးစားခဲ့ရသောကြောင့် ဖြစ်လေသည်။ မှန်ပါသည်။ ဘုရားရှင် ကိုယ်တော်တိုင် စိတ်သည် အလွန်လျင်မြန်၍ အဖမ်းရခက်သောအရာဖြစ်ကြောင်း အင်မတန်ဆိုးသွမ်းသော ဆင်ကြမ်းကို ဖမ်းရာ၌ အာနာပါန ချည်ကြိုးငယ်ဖြင့် အတော်ကြိုးစားရလေသည်။ ထိုသုံးရက်အတွင်း နာရီပေါင်း(၃၉)နာရီအထိ ကြည့် ကြပ်ဖမ်းဆီးရသည်။

သုံးရက်တိုင်တိုင် ဖမ်းခဲ့ရသော ဆင်ကြီးမှာ မိတော့မိချေပြီ။ သို့သော် ချည်တိုင်ကား မသက်သာလှချေ။ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းတည်းဟူသော သုံးထောင့်နေရာလေးမှာ အပြင်းအထန်ရှုန်းကန်ခြင်းကို ခံစားရသည်။ လေးရက်မြောက်သောနေ့တွင် ဝိပဿနာတက်ရန် အစီအစဉ်ဖြစ်ခဲ့လေသည်။ ထိုသို့ ဝိပဿနာတက်ရန် အစီအစဉ်ဖြစ်သောအခါ ဂုရုကြီးက စိတ်ကို နှာသီးဖျားမှ ငယ်ထိပ်သို့ပြောင်းထားရန် ညွှန်ကြားသောကြောင့် ငယ်ထိပ်သို့ ပြောင်းပြီး ထိုမှနဖူး၊ နားထင်၊ နား၊ ပါးနှစ်ဖက် စသည်သို့ ပြောင်းထားရန်နှင့် တစ်ကိုယ်လုံးခြေဖျားအထိ ပြောင်းထားရန်၊ထိုသို့ထားပြီးနောက် အနိစ္စလက္ခဏာကို မြင်အောင် ရှု၍ အကြမ်းအနု ဝေဒနာများအပေါ် ဒေါမနဿမဖြစ်စေဘဲ ဥပေက္ခာပွားရန် ညွှန်ကြားခဲ့သည်။

ထိုသို့ ညွှန်ကြားရာ၌ ညွှန်ကြားသည့်အတိုင်း ရှုခဲ့ရာ ခြောက်ရက်မြောက်သို့ ရောက်ရှိခဲ့သောအခါ မိမိမှာ စိတ်အထုံး သုံးထုံးခန့်ဖြစ်ပေါ်လာခဲ့ပေသည်။ ထိုသုံးထုံးမှာ-စခန်းဝင်ရောက်စဉ်ပထမရက်၊ညပိုင်းတွင် သံယာတော်များ တရားပတ်၌ သံယာတော်များကို ရှစ်ပါးသီလ လိုက်ဆိုစေခြင်း၊ အနိစ္စလက္ခဏာကိုသာ ရှုစေပြီး ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တို့ကို မရှုစေခြင်းနှင့် ခြောက်ရက်မြောက်ည ဟောပြောချက်တွင် ရန်သူကြီးခြောက်မျိုး(နိဝရဏခြောက်မျိုး)ရှိပါလျက် အဝိဇ္ဇာရန်သူကြီး(အဝိဇ္ဇာနိဝရဏ)ကို ချန်ထားခဲ့ခြင်းတို့ဖြစ်လေသည်။

ထိုအကြောင်းကို ကမ္မဋ္ဌာန်းဆရာတော်အား လျှောက်ထားသော အခါ ပထမအကြောင်းနှင့် တတိယအကြောင်းကို မဖြေဆိုဘဲ၊ ဒုတိယအကြောင်းကိုသာ ဖြေရှင်းပြလေသည်။ ဖြေရှင်းပုံမှာ အနိစ္စရှုလျှင် ဒုက္ခနှင့် အနတ္တရှုပြီးဖြစ်၍ ရှုရန်မလိုကြောင်း ဖြေရှင်းပြလေသည်။ပထမအကြောင်းနှင့် တတိယအကြောင်းကိုမူ ဘာသာပြန်သူ ဆရာကြီးက ဖြေရှင်းပြလေသည်။ပထမအကြောင်းမှာ ဂုရုကြီးသည် လူများအတွက် ရည်ရွယ်၍ အသံသွင်းထားသဖြင့် နောင်အချိန်သံယာတော်များ တရားပတ်တွင် သံယာတော်များအနေနှင့် လိုက်ဆိုရန် မလိုကြောင်း ကြိုတင်ပြီး လျှောက်ထားပေးမည်ဖြစ်ကြောင်း၊ တတိယအကြောင်းမှာ အဝိဇ္ဇာရန်သူကြီး မထည့်သွင်းခြင်းသည် ပုထုဇဉ်သေက္ခကို ရည်ရွယ်သည်ဟု ထင်ပါကြောင်း၊ အသေက္ခ(ရဟန္တာ)ဖြစ်သောခါ အဆိုပါရန်သူကြီး ပယ်ပြီးဖြစ်ကြောင်း ဖြေရှင်းပြလေသည်။

ဤသို့လျှင် ဆယ်ရက်တိုင်တိုင် ဝိပဿနာစခန်းဝင်ရောက်ခဲ့ရာ၌ အင်မတန်ဆိုးသွမ်း၍ အဖမ်းရခက်လှသော စိတ်ဆင်ရိုင်းကို ဖမ်းမိခဲ့ရခြင်း၊ ထိုသို့ဖမ်းမိရာတွင် စိတ်ဆင်ရိုင်းကို နှာသီးဖျားတွင် ကျုံးသွင်းပြီးနောက် ခန္ဓာကိုယ်တစ်ခုလုံးတွင် အကျယ်ချုပ်ထားကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းနိုင်ခဲ့ခြင်းသည် အလွန်သေးငယ်လှသော အပ်ချည်မျှင်ပမာ ထွက်လေ ဝင်လေကို အသုံးပြု၍ ဖမ်းဆီးခဲ့ရသဖြင့် အထက်ပါဦးသန်းထွန်း၏ ဖြစ်ရပ်ကို သတိရလျက် ဓမ္မလုပ်သားများဖြစ်ကြသော ဆရာတော်ဦးပညာဇောတနှင့်တကွ ဦးပဏ္ဍိတ်သ၊ ဦးပညာသီရိ၊ ဦးရှည်၊ ဦးအဂ္ဂါစာရ၊ဆရာဝန်ကြီးဒေါက်တာ ဦးခင်မောင်အေး၊ ဦးမြမောင်တို့ကို အမှူးထား၍ ဦးလှချို၊ ဦးသန်းဝင်း၊ ဦးမောင်အုန်း၊ဦးမောင်လွင်၊ဦးသန်းဌေး၊ ဦးရဲလွင်၊ ဦးရဲမင်း၊ဦးဇော်ထွန်း၊ ကိုလတ်၊ကိုဇော်ထွေး၊ကိုပြည့်စုံအောင်၊ ဦးဒေါန စသည်တို့အား ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုက်ပါသည်။

■ **ဓမ္မယောဂီ(ပျဉ်းမနား)**

ဝမ္မနယ်ပယ်မှ ဖြစ်ရပ်ဆန်းကြယ် အုံ့သြဖွယ်များ

မိုးနန္ဒာ(ခန္ဓီးမြေ)

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တတို့ဖြင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓ၏ ကျေးဇူးတော်အနန္တတို့ကို ဘုရားရှင်၏ တစ်သာသနာ ကုန်လွန်သည်အထိပင် ချီးမွမ်းပြောဆိုကြပါသော်လည်း ကုန်ဆုံးနိုင်ဖွယ် မမြင်ပေ။ ဤမျှအထိ လေးနက်သိမ်မွေ့၊ နက်နဲကျယ်ပြောပြီး မွန်မြတ်ထူးကဲလှသော အနန္တဂုဏ်တို့ကြောင့် မြတ်ဗုဒ္ဓသည်ကား (လောကသားတို့အဖို့)အနှိုင်းမဲ့ဖြစ်ပါသည်။

အနှိုင်းမဲ့သခင် ဘုရားရှင်သည် (၄၅)ဝါတိုင်တိုင် ဓမ္မဒေသနာ အမြောက်အများအား ဟောကြားတော်မူခဲ့ပြီးလျှင် ပရိနိဗ္ဗာန်စံဝင်၍ပင် သွားပါသော်လည်းဟောကြားတော်မူထားပြီးဖြစ်သော "ဓမ္မဒေသနာတော်မြတ်"ကိုပင် မြတ်ဘုရား၏အရာ ထားရှိတော်မူခဲ့သဖြင့် ယခုအခါ ဗုဒ္ဓမျက်မှောက်တော် ကာလကဲ့သို့ မှတ်ထင်ယုံကြည်၍ အလေးအမြတ်ပြုနေကြပါသည်။

အဆိုပါ မြတ်ဘုရားကိုယ်စား ဓမ္မစေတီထိုက်သော၊ ပိဋကသုံးပုံမှာလည်း မကျဉ်းမကျယ်မျှကိုသာ သင်္ဂီယနာတင်ထားခဲ့ခြင်းဖြစ်၍ ယခုပိဋကတ်တော်ပါဓမ္မဒေသနာတော်များသည် အလုံးစုံ အကုန်မဟုတ်သေးပေ။ ဤသို့ အလုံးစုံအကုန်မဟုတ်သေးသည့် ပိဋကတ်တော်မှာလည်း အလွန်နက်နဲခက်ခဲ၍ သိမ်မွေ့လှသည့်အပြင် အလွန်ပင် ကျယ်ပြောနေပါသဖြင့် လူသာမန်တို့မှာ မြတ်ဗုဒ္ဓ၏ အလိုတော်ကျအတိုင်း မသိနိုင်၊ မမြင်နိုင်ကြပေ။ သို့ဖြစ်၍ မြတ်ဗုဒ္ဓ၏ အလိုတော်ကျအတိုင်း လူသာမန်တို့ သိမြင်ကြစေရန် မြတ်ဗုဒ္ဓ၏ အလိုတော်ကို သိမြင်တော်မူကြသော ရဟန္တာအရှင်မြတ်များနှင့်ပညာရှင်သူတော်စင်များက ပါဠိတော်ပါ (ဂါထာ၊ စူဏ္ဏိယ)ပုဒ်၊ ပါဠိ၊ အကွာရာတို့၏ ဆိုလိုရင်း သဘောသွားများကို အနက်အဓိပ္ပါယ်နှင့် တကွ အကျယ်ဖွင့်ဆိုပြသော အဋ္ဌကထာကျမ်းများကိုလည်းကောင်း၊ တစ်ခါ ထိုဋီကာကျမ်းပါ သဘောသဘာဝများနှင့်အယူအဆရေးရာများအား အလွယ်တကူ သိစေရန် ဂဏ္ဌိဟူသော အဖွင့်ကျမ်းများကို လည်းကောင်း ရေးသားခဲ့ကြပါသည်။ သို့သော် ထိုကျမ်းစာ များဖြင့်ပင် မလုံလောက်သေးသဖြင့် "အကောက်အယူ၊ အဆုံးအဖြတ်များဖြစ်သော=သဒ္ဒါကျမ်း၊ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ အဘိဓာန်ကျမ်း စသည်ဖြင့် ကျမ်းဂန် အမျိုးမျိုးတို့ကို ရေးသား၍ နည်းလမ်းပေါင်းမျိုးစုံတို့ဖြင့် အသိဉာဏ်နုနယ်သည့် ပုထုဇဉ်နယ်ပယ်မှ လူသားတို့အား အဆင့်ဆင့်ဖွင့်ပြ၍ ရေးသားမှုပြုပေးခဲ့ပါသည်။ ဤကဲ့သို့ အဆင့်ဆင့်အကျယ်ချဲ့ပြ၍ ဖွင့်ဆိုရေးသားခဲ့ကြပါသော်လည်း အချို့အချို့သော အကြောင်းအရာတို့တွင် ကျမ်းဂန်တို့၏ ဆိုလိုရင်းကို မရှင်းမလင်း ဖြစ်နေကြရပြန်သဖြင့် ယခုအခါတွင် ပိုမိုလွယ်ကူ၍ သဘောပေါက်နားလည်လွယ်နိုင်ကြစေရန် "စကားပြေအရေးအသားများ"ဖြင့် ရေးသားတင်ပြပေးနေကြခြင်းပင် ဖြစ်ပါသည်။

ဤသို့ လူသာမန်တို့ အမှန်အတိုင်း သိမြင်နိုင်ရန် မလွယ်သော လောကုတ္တရာဓမ္မ အဘိဓမ္မတစ်ဆူဖြစ်တော်မူသော ပိဋကတ်တော်တို့တွင် သူလိုကိုယ်လို သာမန်ပုထုဇဉ်တို့၏ နား၊ မျက်စိ၊ ဦးနှောက်၊ အသိဉာဏ်တို့ဖြင့် သိမြင်နားလည်၍ လက်ခံယုံကြည်ရန် ခက်ခဲသည့်အပြင် အလွန်အလှမ်းကွာလှသော လေးနက်သိမ်မွေ့လွန်းသည့် ဒေသနာအချို့ အမှန်ပင်ပါရှိ၍နေပါသည်။

ဤတွင် သာမန်လူတို့ သဘောပေါက်နိုင်ခဲသော ဓမ္မဒေသနာမှာလည်း မြတ်ဗုဒ္ဓ၏ သစ္စာထိုက်သော၊ ရွှေနှုတ်တော်ထွက် "သစ္စာဓမ္မများ"သာ ဖြစ်ပါသည်။ တစ်ခါ ဤသစ္စာဓမ္မ၌ပါသော 'သစ္စာ'ဟူသော ပုဒ်မှာ 'အမှန်'ဟူသော အနက်ကို ဟောသောကြောင့် ထို 'သစ္စာ=အမှန်'သည်ကား မည်သည့်အခါမျှ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်း၊ ဟောင်းမြင်းခြင်း၊ ဆန်းသစ်ခြင်း၊ ပျက်စီးခြင်း၊ ရွှေ့လျောခြင်း အလျှင်းမရှိသော ပရမတ္ထသစ္စာပင် ဖြစ်ပါသည်။ ဤ၌ သစ္စာ၏သဘောကို ကြားညှပ်တင်ပြရသည်မှာ မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာမှန်သမျှသည် 'သစ္စာဒေသနာများ'သာဖြစ်၍ ပြီးပြည့်စုံပြီးသော ပရိပုဏ္ဏသစ္စာဓမ္မအဖြစ် အစဉ်ထာဝရ မှန်မြဲမှန်ကန်လျက်ရှိကြောင်းကို (အခိုင်အမာ)အတိအကျ ပြည့်ပြည့်ဝဝ သိစေလိုယုံကြည်စေလိုသောကြောင့်သာ ဖြစ်ပါသည်။

မှန်၏။ မြတ်ဗုဒ္ဓ၏ အနန္တဉာဏ်တော်ကွန်ရက်ကို ဖြန့်ကြက်၍ ဟောတော်မူထားသော ဓမ္မဒေသနာတော်ပါ အကြောင်းအရာအချို့မှာ 'ထူးပင်မထူးဘူး'ဟု ဆိုရမည်ဖြစ်သော်လည်း သာမန်လူသားများအဖို့တွင် 'အဆန်းတကြယ် အံ့သြဖွယ်များ'ဖြစ်၍ နေကြမည်မှာ အမှန်ပင် ဖြစ်ပေလိမ့်မည်။ သို့သော် ဤ၌ 'အဆန်းတကြယ် အံ့သြဖွယ်'ဟု ဆိုလိုက်သဖြင့် ယနေ့ လောကီဂမ္ဘီရနယ်ပယ်တို့မှ အံ့သြဖွယ်မျိုးလည်း မဟုတ်သလို ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို မရေမရာ မသေမချာသည့် ဇဝေဇဝါစိတ်ကူးယဉ်ဆန်သော လျှို့ဝှက်သဲဖိုဇာတ်လမ်းပါ

အကြောင်းအရာမျိုးလည်း မဟုတ်သည်ကို အထူးသတိချပ်သင့်ပါသည်။

ယခုတင်ပြမည့် မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာပါ ဖြစ်ရပ်ဆန်းထွေလာများမှာ နိယာမဖြစ်စဉ် ဘောင်အတွင်း၌ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဖြစ်စဉ်များအနက်မှ ဖြစ်စဉ်အချို့ ဖြစ်သည်ကိုလည်း ဦးစွာသဘောပေါက်ရန် လိုပေလိမ့်မည်။ လောကတွင် သဘာဝအရ (သတ္တဝါတို့၏ ဖြစ်စဉ်အရ) အဖိုနှင့်အမ သို့မဟုတ် အမိနှင့်အဘတို့ ပျော်ပါးမြူးထူး ကူးလူးဆက်ဆံကြပါလျှင် ပဋ္ဌိသန္ဓေ(ကိုယ်ဝန်)တည်နိုင်သည်ဟု လူအများနားလည်ထားကြပါသည်။ ဤဓမ္မတာ၊ ဤသဘာဝတရားကို လူသားတိုင်းပင် သဘောပေါက်လက်ခံကြပြီး ဖြစ်ပါသည်။ သို့သော် ယခုတင်ပြမည့် အကြောင်းအရာမှာ လူအများစု၏ သာမန်အမြင်များနှင့် ဆန့်ကျင်လျက် "လူ၊ သတ္တဝါ၊ အဖိုအမတို့၏ လုံ့လပယောဂတစ်ခုမျှ မပါဘဲ အဖိုအမ၊ ယောက်ျား မိန်းမတို့ တစ်ဦးကိုတစ်ဦး မျက်စိဖြင့်မြင်ရုံ၊ နားဖြင့် အသံကို ကြားရုံ၊ ကိုယ်ကာယ (အသားချင်း) ထိတွေ့ရုံမျှဖြင့်ပင် ပဋ္ဌိသန္ဓေ(ကိုယ်ဝန်)တည်နိုင်ကြောင်း ပိဋ္ဌကတ်တော်တွင် အတိအကျဖော်ပြထားပါသည်။

ဤပိဋ္ဌကတ်တော်ပါ သာဓကအချို့ကို ထုတ်နုတ်တင်ပြရလျှင် "မျက်စိအမြင်အာရုံအရ စက္ခုသမ္ဖဿ အလှိုင်းကြီး ဖြစ်ခဲ့သော် စက္ခုအတွေ့နှင့်ပင် (မြင်ရုံဖြင့်ပင်) စဏ္ဍာပဇ္ဇောတမင်း၏ မယ်တော်သည် ရာသီပန်းပွင့်ပြီးခါစ ကင်းလျှောက်သည်ကို သာယာမိရုံမျှဖြင့် ကိုယ်ဝန်ရရှိခဲ့ပါသည်။"

သီဟိုဠ်(သီရိလင်္ကာ)မှ ရဟန်းမယ် (ဘိက္ခုနီမ)သည် အလွန်လှပစွာ ထုလုပ်ထားသော ယောက်ျားရုပ်တုကို ရှုစားနေလေရာ စက္ခုသမ္ဖဿမှ မနောသမ္ဖဿ သတ်၍ မတ်တတ်ပင် သေဆုံးရရှာပါသည်။ ၎င်းပြင် ကိလိဒ္ဒဓာတ် လှုံ့ဆော်ခိုက် ကြုံကြိုက်သောအခါ ကြက်မတို့သည် ကြက်ဖတွန်သံကို ကြားရရုံမျှဖြင့် (သောတအတွေ့ဖြင့်) ပဋ္ဌိသန္ဓေရနိုင်ပါသည်။ နွားမတို့သည်လည်း နွားလားဥသဘတွန်သံကို ကြားရ၍ (သောတအတွေ့ဖြင့်ပင်) ပဋ္ဌိသန္ဓေရနိုင်ပါသည်။

ဂ္ဂရန္ဓတီ နဂါးပျိုမ၏ သီချင်းသံကြားရသော ပုဏ္ဏကဘီလူးသည် သောတအတွေ့ကြောင့် တစ်ကိုယ်လုံးပျံ့နှံ့ပြီးလျှင် ရိုးတွင်းချဉ်ဆီအထိ ခိုက်သွားသည်ဟု ပါရှိလေသည်။သီဟိုဠ်တွင် ကြာအိုင်၌ ကြာခူးရင်း သီချင်းဆိုနေသော အမျိုးသမီး၏ အသံကို ကြားရသောအခါ ကောင်းကင်ပျံ့ သာမဏေဝယ်မှာ သောတအတွေ့ကြောင့် သေနတ်ဖြင့် ပစ်ချသကဲ့သို့ စျာန်ကျိုး၍ မြေသို့ကျရပါသည်။

ကာယအတွေ့တွင်လည်း ဒုကူလရသေ့သည် ပါရိကရသေ့မ၏ချက်ကို ခြေမဖြင့် သုံးသပ်ရုံမျှဖြင့် ပဋ္ဌိသန္ဓေ(ကိုယ်ဝန်)ရပြီး သာမ သတို့သား (သုဝဏ္ဏသာမ)ကို ဖွားမြင်ခဲ့ပါသည်။

မာဒဂ်သည်လည်း ဒိဋ္ဌမင်္ဂလိကာ သူဌေးပျိုမ၏ ချက်ကို သုံးသပ်ရုံမျှဖြင့် ပဋ္ဌိသန္ဓေ (ကိုယ်ဝန်)ရပြီးမဏ္ဍာဗျ သတို့သားကို ဖွားမြင်ခဲ့ပါသည်။

ဘုရားရှင်လက်ထက် ဘိက္ခုနီမတစ်ဦးသည် ယောက်ျားဟောင်း၏ သင်းပိုင်မှ သုတ်ရည်ကို စုပ်ယူမိ၍ ပဋ္ဌိသန္ဓေ(ကိုယ်ဝန်)တည်၍ 'ဂ္ဂသိသိဂ် သတို့သား'ကို ဖွားမြင်ခဲ့ပါသည်။

ဗျိုင်းအောက်တို့သည်လည်း မိုးဦးအခါ တောင်လေလာသည်ကို သာယာမိရုံဖြင့် သန္ဓေရဖူး၏။ ဤသို့လျှင် မိန်းမတို့မှာလည်း ကိလိဒ္ဒဓာတ် ပွားစီးသန်မြန်နေသောအခါ တစ်စုံတစ်ရာ ကိုယ်အင်္ဂါ၌ ယောက်ျားတို့က သုံးသပ်မှု ကာယသမ္ဖဿကိုရလျှင် ပဋ္ဌိသန္ဓေ(ကိုယ်ဝန်)ရရှိနိုင်ပါသည်။

ဤသည်မှာ သာမန်လူတို့ နားလည်သဘောပေါက်ရန် အလွန်ခဲယဉ်းသော ပိဋ္ဌကတ်တော်လာ ထွေလာဆန်းပြားသည့် အံ့ဩဖွယ်ရာများပင် ဖြစ်ပါတော့သည်။ ယခုတင်ပြသည့် "မြင်ရုံမျှ၊ ကြားရုံမျှ၊ ထိတွေ့ရုံမျှတို့ဖြင့် ပဋ္ဌိသန္ဓေ(ကိုယ်ဝန်)တည်နိုင်သည့် ဖြစ်ရပ်များ" နှင့် ပတ်သက်၍ ယနေ့ခေတ် သိပ္ပံပညာရှင်ထောင့်နှင့် ဆေးပညာရှင်ထောင့်အရ မည်ကဲ့သို့မြင်၍ မည်ကဲ့သို့ ဝေဖန်ကြလေမည်နည်း။

ဤတွင် ဝေဖန်ရေးနှင့်ပတ်သက်၍ "All Road Lead to Rome=လမ်းအားလုံးသည် ရောမမြို့တော်သို့ ဦးတည်သည်"ဟူသော ဆိုရိုးစကားအတိုင်းပင် . . . .

= ပတ္တမြား အစစ်အမှန်သည် နွံမှာနစ်နေသော်လည်း မညစ်ပေ။

= အမှန်တရားသည် မိစ္ဆာအယူများ ဖုံးအုပ်ထားသော်လည်း မနစ်မြုပ်ပေ။

= ကျောက်မျက်ရတနာသည် ပွတ်တိုက်လေလေ ပြောင်လက်လေလေ ဆိုစကားအတိုင်း-

"တရားစစ်၊ တရားမှန်ဆိုသည်မှာလည်း ဝေဖန်ဆန်စစ်လေလေ ထင်ရှားပေါ်လွင်လာလေလေ"ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ သိပ္ပံပညာရှင်တို့ မည်သို့ဝေဖန်စေ၊ ဝေဖန်ပိုင်ခွင့်ရှိပါသည်။ ဗုဒ္ဓဘာသာကိုယ်၌ကပင် "ဝေဖန်ခြင်း၊ စုံစမ်းခြင်း၊ စစ်ဆေးခြင်းဟူသော ဝိဘဇ္ဇ၊ ဝီမံသ၊ ဝိစာရဏာ" သဘောကို ကြိုဆိုကမ်းလင့်၍ လမ်းဖွင့်ပေးထားသည့် အပြင် ဧဟိပဿိက-လာလှည့်၊ ရှုလှည့်၊ စမ်းသပ်လှည့် ပါဟူ၍ လက်ယပ်ခေါ်ဆိုထားပါသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း(နာမ်ပိုင်း)ဆိုင်ရာ နယ်ပယ်တို့၏ ဖြစ်စဉ်ကို နိယာမ(၅)မျိုးဖြင့် စနစ်တကျ ပြဆိုထားပါသည်။ ထို နိယာမ(၅)မျိုးမှာ -

(၁) ကမ္မနိယာမ = ပြုလုပ်မှုနှင့် သက်ရောက်မှု ဖြစ်စဉ်၊
(၂) စိတ္တနိယာမ= စိတ်တို့၏ ဖြစ်စဉ်၊
(၃) ဥတုနိယာမ= ဗဟိဒ္ဓသက်မဲ့ ရုပ်ဝတ္ထုတို့၏ ဖြစ်စဉ်၊
(၄) ဗီဇနိယာမ = မျိုးရိုးနှင့် မျိုးစေ့တို့၏ဖြစ်စဉ်၊
(၅) ဓမ္မနိယာမ= သဘာဝဖြစ်စဉ် (သူ့အလိုလို ဖြစ်လေ့၊ ဖြစ်ထရှိသော သဘာဝဖြစ်စဉ်)

ဟူ၍ ဖြစ်ပါသည်။ ဤတွင် နိယာမဖြစ်စဉ်တစ်ခုစီအား အမြွက်မျှ ထုတ်နုတ်တင်ပြရလျှင် . . . . . .

၁။ ကမ္မနိယာမ = ပြုလုပ်မှုနှင့် အကျိုးသက်ရောက်မှုဖြစ်စဉ်

ဤဖြစ်စဉ်တွင် လိုလားနှစ်သက်ဖွယ် ပြုလုပ်မှုအတွက် လိုလားနှစ်သက်ဖွယ် အကျိုးကိုလည်းကောင်း၊ မလိုလား မနှစ်သက်သော ပြုလုပ်မှုအတွက် လိုလားနှစ်သက်ဖွယ်မရှိသော အကျိုးကိုလည်းကောင်း ဖြစ်ပေါ်စေပါသည်။ ၎င်းကို ကမ္မနိယာမဖြစ်စဉ်ဟု ခေါ်ပါသည်။

၂။ စိတ္တနိယာမ = စိတ်တို့၏ဖြစ်စဉ်

ဤဖြစ်စဉ်တွင် လူသားတို့သန္တာန်၌ မိခင်ဝမ်းတွင် ပဋ္ဌိသန္ဓေတည်နေချိန်မှစ၍ သေသည့်အချိန်အထိ အသိစိတ်များ အဆက်မပြတ် ဖြစ်နေကြ၏။ အိပ်ပျော်နေချိန်၌ပင် စိတ်ဖြစ်မှုများမှာ ရပ်တန့်၍ပင် မနေကြပေ။ အကြမ်းအားဖြင့် ဘဝင်စိတ်=(အိပ်ပျော်နေစဉ်စိတ်)နှင့် ဝိထိစိတ်=(နိုးကြားနေစဉ်စိတ်)တို့သည် လူသတ္တဝါတို့၏ သန္တာန်၌ စိတ်အမျိုးမျိုး အဆက်မပြတ်ဖြစ်နေခြင်း၊ အစီအစဉ်တကျ ဖြစ်ပေါ်နေခြင်း၊ စိတ်အသီးသီးဟာ ဆိုင်ရာကိစ္စအား ဆောင်ရွက်ခြင်း၊ အံ့သြဖွယ်ရာ၊ တန်ခိုးစွမ်းရည်များရှိခြင်း စသည်တို့ကို စိတ္တနိယာမဖြစ်စဉ်ဟု ခေါ်ပါသည်။

၃။ ဥတုနိယာမ = ဗဟိဒ္ဓသက်မဲ့ ရုပ်ဝတ္ထုတို့၏ဖြစ်စဉ်

ဤဖြစ်စဉ်တွင် ရာသီအလိုက် မိုးရွာခြင်း၊ နေပူခြင်း၊ လေတိုက်ခြင်း စသည်များ၊ သစ်ပင်၊ ပန်းပင်တို့ ရာသီအလျောက် သီးခြင်း၊ ပွင့်ခြင်း စသည်မှာ ဥတုနိယာမဖြစ်စဉ် ဖြစ်ပါသည်။

၄။ ဗီဇနိယာမ = မျိုးရိုးနှင့် မျိုးစေ့တို့၏ဖြစ်စဉ်

ဤဖြစ်စဉ်တွင် သရက်စေ့မှ သရက်ပင်ပေါက်၍ ကြံပင်မှ ချိုသော အရည်ထွက်ပြီး ပိတောက်ပင်၊စံပယ်ပင်တို့မှ မွှေးသောပန်းများ ဖူးပွင့်ခြင်း စသည်မှာ ဗီဇနိယာမဖြစ်စဉ် ဖြစ်ပါသည်။

၅။ ဓမ္မနိယာမ = သဘာဝအားဖြင့် ဖြစ်လေ့ ဖြစ်ထရှိသောဖြစ်စဉ်

ဤဖြစ်စဉ်တွင် မည်သူကမျှ စီမံဖန်တည်းပေး၍ မဟုတ်ဘဲ သူ့အလိုအလျောက် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဖြစ်စဉ်သာ ဖြစ်ပါသည်။ ဥပမာအားဖြင့်-နောက်ဆုံးဘဝ၌ ဘုရားအလောင်းတော် ဖွားမြင်သည့်အခါတွင် မြေငလျင်လှုပ်ခြင်း စသည်တို့ ဖြစ်ပါသည်။ ၎င်းပြင် သက်မဲ့အရာဝတ္ထုတို့ တစ်ခုနှင့်တစ်ခု ဆွဲငင်အားရှိခြင်း စသည်တို့ကို ဓမ္မနိယာမဖြစ်စဉ်ဟု ခေါ်ပါသည်။

ဤနိယာမဖြစ်စဉ်များအပေါ် အခြေပြု၍သာ လျှင် သက်ရှိသက်မဲ့အရာဝတ္ထုတို့ ဖြစ်ပေါ်လျက်ရှိနေကြောင်း အားလုံးအသိပင် ဖြစ်ပါသည်။သို့ဖြစ်၍ပဋ္ဌိသန္ဓေကိစ္စတွင်လည်း ဤနိယာမများအပေါ် အခြေခံ၍ ဆင်ခြင်စဉ်းစားကြည့်ပါက အဖြေမှာလည်း ရှင်းပြီးသားပင် ဖြစ်ပါသည်။ သို့သော် သိပ္ပံပညာအရဆိုလျှင် "ဥတုနိယာမနှင့် ဗီဇနိယာမ"တို့အပေါ် အထူးအငြင်းပွားစရာ မမြင်သော်လည်း "ကမ္မနိယာမနှင့် စိတ္တနိယာမ"တို့ကိုမူ အလွယ်တကူ သဘောတူလက်ခံရန် အခက်တွေ့နေကြရသကဲ့သို့ ငြင်းဆိုရန်လည်း မဝံ့မရဲ ဖြစ်နေရပြန်ပါသည်။ သို့ဖြစ်၍

ဤ"ကမ္မနှင့်စိတ္တ"ဟူသော နိယာမသဘောနှစ်ခုကို ပိုင်ပိုင်မိမိ မသိသေးသမျှ ကာလပတ်လုံး အထက်ဖော်ပြပါ "ပဋ္ဌိသန္ဓေကိစ္စ"အား လက်ခံရန် အခက်တွေ့၍ နေမည်သာ ဖြစ်ပါတော့သည်။

အထက်တွင် တင်ပြခဲ့ပြီးသော "ပဋ္ဌိသန္ဓေကိစ္စ"ကို ပို၍ရှင်းအောင် လူသတ္တဝါတို့ ပဋ္ဌိသန္ဓေရယူပုံနှင့် ဖြစ်တည်ပေါက်ဖွားလာပုံအကြောင်းကို ပိဋ္ဌကတ်တော်လာ "ပဋ္ဌိသန္ဓေ (၄)မျိုး"အား လေ့လာခြင်းဖြင့်လည်း သိသာနိုင်ပါမည်။ ထိုပဋ္ဌိသန္ဓေ (၄)မျိုးမှာ-

(၁) ဥပပါတ် ပဋ္ဌိသန္ဓေ၊
(၂) သံသေဒဇ ပဋ္ဌိသန္ဓေ၊
(၃) အဏ္ဍဇ ပဋ္ဌိသန္ဓေ၊
(၄) ဇလာဗုဇ ပဋ္ဌိသန္ဓေတို့-

ဖြစ်ပါသည်။

၁။ ဥပပါတ် ပဋိသန္ဓေနေသူများ

ၛင်းတို့သည် ခန္ဓာကိုယ်အထင်အရှားဖြစ်သော ပဋ္ဌိသန္ဓေမျိုးဖြစ်သည်။ ထိုပဋ္ဌိသန္ဓေနေသူတို့မှာ "ကမ္ဘာဦးလူသားများအပါအဝင် နတ်၊ ဗြဟ္မာ၊ ငရဲသား၊ ပြိတ္တာနှင့် အသူရကာယ်"တို့ဖြစ်သည်။ ၛင်းတို့သည် မိခင်ဝမ်းတွင်း၌ အောင်းစရာမလိုဘဲ ပဋ္ဌိသန္ဓေစိတ်၊ စေတသိက်၊ ရူပ်များဖြစ်သည်နှင့် တစ်ပြိုင်နက် ၛင်းတို့နေထိုင်ရမည့် ဘုံ၊ ဗိမာန်၊ တော၊ တောင်၊ သမုဒ္ဒရာ၊ မြစ်ကမ်းစသောအရပ်များ၌ ၛင်းတို့အရွယ်အစားအလိုက် ကြီးကြီးမားမား(ဘွားခနဲ)အထင်အရှားဖြစ်ကြပါသည်။

၂။ သံသေဒဇ ပဋိသန္ဓေနေသူများ

ၛင်းတို့သည် အစတွင် သတ္တဝါအကောင်မှန်းသိသာရုံပေါ်၍ နောက်ပိုင်း၌သတ္တဝါအမျိုးအစားအလိုက် စက္ခု၊ သောတ စသော အဂ်ါစုံလင်ကာမျှဖြင့် 'ကြာတိုက်သစ်ခေါင်း၊ ရွှံ့မြေထဲ၊ ရေထဲ၊ အသားပုပ်၊ ငါးပုပ်' စသည်တို့၌ ပဋ္ဌိသန္ဓေဝိညာဏ်စိတ်နှင့်တကွဖြစ်သော ရူပကာယဖြစ်ပါသည်။ ဤဥပပါတ် ပဋ္ဌိသန္ဓေနှင့် သံသေဒဇ ပဋ္ဌိသန္ဓေနှစ်မျိုးတို့မှာ အထီးအမ၊ အမိအဖတို့ မြူးတူးပျော်ပါးစပ်ယှက်စရာမလိုဘဲ "ကံသက်သက်ကြောင့် ပဋ္ဌိသန္ဓေနေကြသူများ"ဖြစ်ပါသည်။ ကျမ်းဂန်လာ ကံသက်သက်ကြောင့် ပဋ္ဌိသန္ဓေနေသူများမှာ-

(က) ပဒုမဝတီမိဖုရားကြီးနှင့် ပေါက္ခရသာတိပုဏ္ဏားကြီးတို့သည် ပဒုမ္မာကြာတိုက်၌ ငြိတွယ်၍ (လူ-သတ္တဝါ)ဖြစ်ကြရသူများ ဖြစ်ပါသည်။

(ခ) ဝေဠုဝတီသည် ဝါးလုံးခေါင်း၌လည်းကောင်း၊

(ဂ) စိဉ္စမာနသည် မန်ကျည်းပင် အခေါင်းထဲ၌ လည်းကောင်း၊

(ဃ) အမ္ဗပါလိသည် သရက်ပင်အခေါင်း၌ လည်းကောင်း ငြိတွယ်၍ (လူ-သတ္တဝါ)ဖြစ်ကြရသူများ သာတည်း။

မှတ်ချက်

ယခုအခါတွင် သိပ္ပံနည်းအရ ဖန်ပြွန်သန္ဓေသားများကိုလည်းကောင်း၊ လူနှင့်တိရစ္ဆာန်တို့၏ အသားစများ (တစ်ရှူးများ)ကို ထုတ်ယူ၍ ပုံတူမျိုးဗီဇပွားမှုများကို လည်းကောင်း နည်းမှီစဉ်းစားလျှင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ကျော်က ဟောကြားခဲ့သော ပဋ္ဌိသန္ဓေကိစ္စမှာ အငြင်းပွားဖွယ် မရှိတော့ချေ။

၃။ အဏ္ဍဇ ပဋိသန္ဓေနေသူများ

ၛင်းတို့ကား ကြက်၊ငှက်၊ဘဲစသော အဥ္ဍဖြစ်သော သတ္တဝါများဖြစ်ပါသည်။ (ဇာတ်၊ နိပါတ်၊ ရာဇဝင်အချို့၌ နဂါးမနှင့်အကြောင်းပါ၍ အဏ္ဍဇပဋ္ဌိသန္ဓေတည်ပြီး လူသတ္တဝါဖွားမြင်ကြောင်း အဆိုရှိပါသည်။)

၄။ ဇလာဗုဇ ပဋိသန္ဓေနေသူများ

ၛင်းတို့မှာ လူ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားစသော သတ္တဝါတို့ ဖြစ်ပါသည်။ (အဏ္ဍဇနှင့်ဇလာဗုဇပဋ္ဌိသန္ဓေနှစ်မျိုးကို 'ဂဗ္ဘသေယျက ပဋ္ဌိသန္ဓေ'ဟုလည်း ခေါ်ပါသည်)

ဤသည်မှာ သက်ရှိသတ္တဝါတို့ ဖြစ်ပေါ်လာစေရန် ပဋ္ဌိသန္ဓေလေးမျိုးရှိကြသည့်အနက် တစ်မျိုးမျိုးဖြင့် ပဋ္ဌိသန္ဓေနေပုံ နေနည်းများအား ကျမ်းဂန်ပါအတိုင်း အမြွက်မျှ ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ ဤဆောင်းပါးတွင် ယခုတင်ပြထားသော နိယာမငါးပါးနှင့် ပဋ္ဌိသန္ဓေလေးမျိုးတို့၏ ဖြစ်စဉ်ကို ကျိုးကြောင်းသဘာဝကျကျ ဆက်စပ်တွေးခေါ်တတ်ရန် အထူးအရေးကြီးပါသည်။ ဤနိယာမဖြစ်စဉ်နှင့် ပဋ္ဌိသန္ဓေဖြစ်တည်မှုအပေါ် သဟဇာတကျကျ မဆက်စပ်နိုင်သမျှ သဘာဝတရားတို့၏နက်ရှိုင်း၍ ဆန်းကြယ်မှု သဘောအမှန်ကို အမှန်အတိုင်း သဘောပေါက်ရန်မှာလည်း အဝေးကြီး နေကြပေဦးမည်သာ ဖြစ်

ယခုအခါတွင် အရာရာကို သိပ္ပံအမြင်ဖြင့် မှတ်ကျောက်တင် ဆုံးဖြတ်လျက်ရှိနေကြသည့်နည်းတူ လောကရေး၊ ဘဝရေးနှင့် လူမှုရေးရာ ပြဿနာများကိုလည်း ဗုဒ္ဓနည်းကျ (ဓမ္မနည်းလမ်းတကျ)ကျိုးကြောင်း ဓမ္မနှင့်အညီ အဆုံးအဖြတ်များ ပြုသင့်ကြပါသည်။

ပေသည်။

ယနေ့ခေတ်အခါကို ကြည့်ပါကလည်း အာကာသ အထိ ခရီးပေါက်နေသော အံ့ချီးလောက်သည့် သိပ္ပံပညာမှာ အလွန်တိုးတက်သော ခေတ်အခါဖြစ်သည်နှင့်အညီ ယနေ့လူသားများမှာလည်း အရာရာကို သိပ္ပံနည်းအရ (သိပ္ပံနည်းကျ) ဝေဖန်သုံးသပ်၍ အဆုံးအဖြတ်ပေးနေသောခေတ်လည်း ဖြစ်ပါသည်။ "သိပ္ပံပညာသည်သာ အရာရာကို (ဘဝပြဿနာကို) ဖြေရှင်းပေးနိုင်သည်"ဟူသော အမြင်တို့ဖြင့် ခေတ်လူသားတို့သည် "လောကသစ္စာ"တစ်ခုအနေဖြင့် "စံ"ပြု၍ပင် ရှိနေကြပါသည်။

သို့သော် သိပ္ပံပညာ၏သဘောကို လေ့လာကြည့်သောအခါတွင် "သိပ္ပံပညာသည် ရုပ်ဝတ္ထုပစ္စည်းတို့၏ သဘောတရားများကိုသာ လေ့လာစူးစမ်း၍ ရုပ်သဘာဝဖြစ်စဉ်အချို့ကိုသာ သိမြင်နားလည်နိုင်သော ပညာရပ်သာ"ဖြစ်ပါသည်။ ထို့ကြောင့် "သိပ္ပံပညာဟူသည် မှန်ကန်ပါသည်ဟု လက်တွေ့ပြနိုင်သော အကြောင်းအရာအချို့ကိုသာ အမှန်"ဟူ၍ ယူဆနေသော အမြင်တစ်မျိုးပင် ဖြစ်ပါသည်။

ဤတွင် ဗုဒ္ဓဘာသာ၏ အဘိဓမ္မာသဘောကို တင်ပြရလျှင် လောကတွင် အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိဖြစ်သော အရှိတရားများမှာ ရုပ်တချို့သာ မဟုတ်ဘဲ "စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်"ဟူသည့် ပရမတ္ထတရားလေးပါးလည်းရှိကြောင်း ဖော်ပြထားပါသည်။ ၎င်းတို့တွင် "စိတ်နှင့်စေတသိက်"နှစ်ပါးကို တစ်ပေါင်းတည်းပြု၍ "နာမ်"ဟု သတ်မှတ်ခေါ်ဆိုပါသည်။ ဤ၌ နာမ်ဟု သတ်မှတ်ခေါ်ဆိုရသော စိတ်သည် "အာရုံကိုသိခြင်း" သဘောဖြစ်၍ ထိုသဘောသည် လူနှင့်တိရစ္ဆာန်များ၌ အမှန်ရှိကြောင်းကို ငြင်းဆို၍ရမည်မဟုတ်ပေ။ ငြင်းဆို၍ မရသည့်အပြင် ထို "သိခြင်း"သဘောကို ဆောင်ရွက်နိုင်သော ရုပ်ဝတ္ထုကို ရှာဖွေကြရာ ဦးနှောက်သည် စိတ်၏ အလုပ်ကိစ္စများကို ဆောင်ရွက်သည်ဟုပင် သိပ္ပံပညာရှင်တို့က ယေဘုယျအားဖြင့် ဆိုထားသည်ကို တွေ့ရပါသည်။

အမှန်မှာမူ ထိုသိပ္ပံပညာရှင်များ အပါအဝင် လူသတ္တဝါများမှာ ရုပ်နှင့်နာမ်တို့၏ အပေါင်းအစုသာဖြစ်၍ ရုပ်သည် ရုပ်တရားဆိုင်ရာ နိယာမကိုလည်းကောင်း၊ နာမ်မှာလည်း နာမ်ပိုင်း (စိတ်ပိုင်း)ဆိုင်ရာ နိယာမများကို လည်းကောင်း လိုက်နာကြရမည်သာဖြစ်ပါသည်။သို့ဖြစ်၍ သိပ္ပံပညာဖြင့် ရုပ်ဝတ္ထုသဘောကို လေ့လာစူးစမ်းသည့်နည်းတူပင် နာမ်(စိတ်)တရားတို့၏ သဘောသဘာဝများကိုပါ စူးစမ်းလေ့လာကြရန် လိုပေလိမ့်မည်။

ဗုဒ္ဓ၏ အဘိဓမ္မာတွင် ရုပ်သည် မသိတတ်သော (အသိကင်းသော)သဘောကို ဆောင်၍၊ နာမ်(စိတ်)မှာမူကား သိတတ်သော(အသိရှိသော)သဘောကို ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက "စိတ္တေန နိယျတိ လောကော"ဟု ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ "စိတ်က ဦးဆောင်သော နာမ်တရားသည် လောကကို လွှမ်းမိုး၏"ဟူ၍ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် "အရာရာတိုင်းတွင် စိတ်က ဦးဆောင်လျက်ရှိသည်" ဟူ၍ ဖြစ်ပါသည်။

ဤ၌ သိပ္ပံပညာ၏အလုပ်ကို သတ္တုချကြည့်လျှင် သိပ္ပံဟူသည် ရုပ်သဘောသဘာဝကို သိနားလည်သော "အသိဉာဏ်"သာဖြစ်၍ ထို "အသိဉာဏ်"ဆိုသည်မှာ လည်း စိတ်၌သာ တည်မှီ၍နေပါသည်။ ထို့ကြောင့် "သိပ္ပံ

ပညာသည် စိတ်ဦးဆောင်သော နာမ်တရား၏ အစွမ်းသတ္တိသာဖြစ်ပါသည်။" ဤသို့ဆိုလျှင် သိပ္ပံပညာ၏ အစွမ်းထက်မြက်မှုသည် ရုပ်တရား၏ အစွမ်းထက်မြက်မှု မဟုတ်တော့ဘဲ နာမ်တရား၏ အစွမ်းထက်မြက်မှုသာ ဖြစ်၍နေပါတော့သည်။

လက်ရှိ သိပ္ပံပညာ၏ အသိနယ်ပယ်တွင် နာမ်တရား (စိတ်)၏ သဘော၊ သဘာဝများ မပါဝင်သည့် အတွက် နာမ်၏ဦးဆောင်မှုအောက်တွင် ရုပ်က နောက်လိုက်အဖြစ် ပါဝင်နေရသော ဘဝပြဿနာများကို သိပ္ပံပညာက မဖြေရှင်းနိုင်သေးသည်မှာ အားလုံးအသိပင်ဖြစ်သော်လည်း လူသားတို့၌ လောင်မြိုက်နေသော(စိတ်ပိုင်းဆိုင်ရာ)လောဘမီး၊ ဒေါသမီး၊ ရာဂမီးအစရှိသည့် သောကပရိဒေဝမီးများကိုကား သိပ္ပံနည်းအရ ငြိမ်းအေးအောင် ဆောင်ရွက်နိုင်စွမ်းမရှိပေ။ ၎င်းပြင် ခေတ်မီဆန်းကြယ်ပါသည်ဟူသော သိပ္ပံကိရိယာများဖြင့် စိတ်ကိုလည်းကောင်း၊ ထို့ထက်ပို၍ သိမ်မွေ့သော စေတသိက်များကိုလည်းကောင်း စမ်းသပ်ရှာဖွေ၍ ယနေ့တိုင် မတွေ့နိုင်သေးပေ။ အလားတူ ပဋ္ဌိသန္ဓေဖြစ်တည်မှုတွင်လည်း ပဓာနအကျဆုံးဖြစ်သော "ကမ္မနိယာမဖြစ်စဉ်တွင် ကံ၏ အစွမ်းသတ္တိပါဝင်နေမှု"ကိုကား လက်တွေ့ကျကျ ဖော်ထုတ်နိုင်ခြင်းလည်း မရှိသေးပေ။

အထက်ဖော်ပြပါ အချက်အလက်များအား ထောက်ဆခြင်းဖြင့်ပင် သိပ္ပံပညာသည် ခြွင်းချက်မရှိ ပြီးပြည့်စုံသော အမှန်တရားကို ဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း ထင်ရှားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ သိပ္ပံပညာသည်သာ လောကရှိ အရာအားလုံး(ဘဝပြဿနာ)ကို အဆုံးအဖြတ်ပေးနိုင်သော "လောကသစ္စာ"၊လောက၏ အမှန်တရား "စံတစ်ခု"အဖြစ် သတ်မှတ်၍ မဖြစ်နိုင်သေးသည်ကို အထူးသဘောပေါက်ကြရမည့်အပြင် ယခုအခါတွင် အဆိုပါ သိပ္ပံပညာရှင်တို့သည် ရုပ်တရားများကို သာမက နာမ်တရားများနှင့်ပတ်သက်သော-

၁။ တယ်လီပသီနည်း၊

၂။ ကလယ်ဗိုင်းယင့်နည်း၊

၃။ တယ်လီစကိုင်းနစ်ဆစ်နည်း၊

စသော "ပရစိတ်ပညာ၏ တန်ခိုးသတ္တိ၊ ပါဝါစွမ်းအင်" များကိုပါ ငြင်းဆန်ခြင်း မပြုကြတော့ဘဲ လေ့လာ၍နေကြရပြီဖြစ်ကြောင်း ပညာရှင်တို့၏ မှတ်တမ်းများအရ သိရပါသည်။

ရုပ်နာမ်သဘာဝနှစ်ခုအား အသိအမှတ်ပြုထားသော မြတ်ဗုဒ္ဓ၏ဓမ္မဒေသနာပါ ပဋ္ဌိသန္ဓေကိစ္စအား အခြေခံကျကျ သိမြင်လိုလျှင် မြတ်ဗုဒ္ဓ၏ "ကမ္မနိယာမနှင့် စိတ္တနိယာမ"တို့၏ နက်ရှိုင်းသော ဖြစ်စဉ်ကို သဘောပေါက်ရန် လိုပေလိမ့်မည်။ မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာကို သိနားလည်မှသာ မြတ်ဗုဒ္ဓ၏ အနန္တဉာဏ်တော်နှင့်တကွ ထိုဉာဏ်တော်ကွန်ရက်ကို ဖြန့်ကြက်၍ ဟောကြားထားသော (ပဋ္ဌိသန္ဓေကိစ္စနှင့်)အကြောင်းအရာအချို့ကို ရိပ်စား မိနိုင်မည် ဖြစ်ပါသည်။

နှစ်ဆယ်ရာစုနှစ်၏ အထွန်းတောက်ဆုံး သိပ္ပံပညာရှင် အိုင်စတိုင်း၏ ဦးနှောက်နှင့်အသိဉာဏ်ကိုမျှပင် အလှမ်းမမီနိုင်ကြသော ယနေ့သာမန်လူတို့၏ ဦးနှောက်နှင့် အသိဉာဏ်သည်ကား မြတ်ဗုဒ္ဓ၏ ဉာဏ်အရာ၊ ကံအရာများအပေါ် သိမြင်နားလည်နိုင်ရေးမှာလွယ်ကူသော ကိစ္စမဟုတ်ပေ။ လူသာမန်တို့ထက် အဆပေါင်းများစွာ ကုဋေကုဋာမက စူးရှထက်မြက်လှသော မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ဘဝနှင့်လောကအကြောင်းကို ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူခဲ့သည့်အတိုင်း ဟောကြားထားမှုအပေါ် ကမ္ဘာကျော်သိပ္ပံပညာရှင်များ၊ ဒဿနိကတွေးခေါ်ရှင်များ၊ စိတ်ပညာရှင်များ အစရှိသည့် ပညာရှင်တို့အနေဖြင့် တွေးခေါ်သိမြင် ကြံစည်နိုင်ခြင်းငှာ စွမ်းနိုင်ကြမည် မဟုတ်ပေ။

အကြောင်းမှာ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် သိမြင်ထိုက်သော တရားအလုံးစုံကို အကုန်အစင် သိမြင်နိုင်သော ဤသဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဘဝပေါင်းများစွာ ပါရမီများကို အဆက်မပြတ် အပတ်တကုတ်ကြိုးပမ်းအားထုတ်၍ နောက်ဆုံးဘဝရောက်မှ သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ ဘဝနှင့်ချီပြီး ပါရမီတော်အနန္တကို ဖြည့်ဆည်းတော်မူခဲ့ပြီးမှ သိမြင်ခဲ့ရသော သဗ္ဗညုတဉာဏ်အရာကို သူလိုကိုယ်လို လူသာမန်တို့က ပါရမီများကိုလည်း ဖြည့်ဆည်းခြင်းမပြုဘဲ ဤတစ်ဘဝတည်းဖြင့် "ကြွေတစ်လှည့်၊ ကြက်တစ်ခုန်"သဘောလောက်ဖြင့် အလွယ်တကူသိမြင်နိုင်ခြင်းငှာ မည်သူမျှ မစွမ်းနိုင်ကြသည့်အပြင် မကြံစည်အပ်၊ မကြံစည်ထိုက်သော အရာပင် ဖြစ်ပါတော့သည်။

လူ့လောကတွင် လောကလူသားတို့အဖို့ ရုပ်အမြင်သက်သက် တစ်ခုတည်းဖြင့် အမှန်တရားကိုမဖော်

ဆောင်နိုင်သကဲ့သို့ ဘဝပြဿနာများကိုလည်း အောင်မြင်စွာ ဖြေရှင်းနိုင်ကြမည်မဟုတ်ပေ။ အကယ်၍ လူ့ဘဝနှင့် လူမှုပြဿနာများအပေါ် ယထာဘူတကျကျ ရှုမြင်လိုလျှင် ဘဝကို ခြယ်လှယ်စိုးမိုးနေသော နာမ်တရား(စိတ်)တို့၏ ဖြစ်စဉ်များကိုပါ နားလည်အောင် ကြိုးပမ်းသင့်ပါသည်။ သို့မှသာ ရုပ်နာမ်ဓမ္မတို့၏ သဘာဝဖြစ်စဉ်ကို အမှန်အတိုင်း သိမြင်နိုင်ကြမည်ဖြစ်ပါသည်။

ယခုအခါတွင် အရာရာကို သိပ္ပံအမြင်ဖြင့် မှတ်ကျောက်တင် ဆုံးဖြတ်လျက်ရှိနေကြသည့် နည်းတူ လောကရေး၊ ဘဝရေးနှင့် လူမှုရေးရာ ပြဿနာများကိုလည်း ဗုဒ္ဓနည်းကျ (ဓမ္မနည်းလမ်းတကျ)ကျိုးကြောင်း ဓမ္မနှင့်အညီ အဆုံးအဖြတ်များ ပြုသင့်ကြပါသည်။ သိပ္ပံနည်းကျ-မကျ ဗုဒ္ဓဝါဒအား နှိုင်းယှဉ်သုံးသပ်ကြသကဲ့သို့ပင် သိပ္ပံပညာရပ်များကိုလည်း"ဗုဒ္ဓနည်းကျ သိပ္ပံပညာ" တစ်ရပ်ဖြစ်အောင် ကြိုးပမ်းသင့်ကြပါသည်။ အကယ်၍သာ "ဗုဒ္ဓနည်းကျ သိပ္ပံပညာ"အဖြစ်သာ ဆောင်ရွက်နိုင်ကြမည်ဆိုပါက (ယနေ့လူသားတို့ ကြောက်လန့်နေကြရသော သိပ္ပံပညာ၏ အသီးအပွင့်များဖြစ်သော အဏုမြူလက်နက်များအစား) လူသားတိုင်း သောကကင်းဝေးစွာ နေထိုင်ကြရမည့်အပြင် ယုံကြည်မြတ်နိုး အားကိုးစရာ သိပ္ပံပညာရပ်များ ဖြစ်လာပြီးလျှင် တစ်ခေတ်ဆန်းသစ်လိုက်သော လူမှုအကျိုးပြုသိပ္ပံပညာဖြင့် ကမ္ဘာကြီး သာယာလှပ၍ ငြိမ်းချမ်းမှုရအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရလျှင် ဤဆောင်းပါးပါ "ဖြစ်ရပ်ဆန်းကြယ် အံ့သြဖွယ်"ဖြစ်သော ပဋ္ဌိသန္ဓေကိစ္စများအပေါ် ပိဋကတ်တော်လာ နိယာမအရနှင့် ပဋ္ဌိသန္ဓေဖြစ်စဉ်အရလည်းကောင်း၊ လောကဓာတ် သိပ္ပံနည်းပညာဆိုင်ရာ ဖန်ပြွန်သန္ဓေသား မွေးဖွားမှု၊ လူ-သတ္တဝါတို့၏ အသားစ (တစ်ရှူးများဖြင့်) မျိုးဗီဇ ပုံတူပွားနေမှုအရလည်းကောင်း ဤကဲ့သို့ဆန်းကြယ်၍ နက်ရှိုင်းလှသော (ရုပ်နာမ်ဓမ္မတို့၏) သဘာဝဖြစ်စဉ်များအား ယထာဘူတကျကျ ရှုမြင်နိုင်အောင် အစွမ်းကုန်ကြိုးပမ်းကြပြီးလျှင် သဗ္ဗညုတဘုရားရှင်၏ အနန္တဉာဏ်တော်အား ဖူးမြော်ကြည်ညိုတတ်သော အဆင့်မြင့်လူသား(ကလျာဏပုထုဇဉ်) ဖြစ်နိုင်ကြပါစေဟူ၍ ဆန္ဒပြုရင်း အဆုံးသတ်လိုက်ရပါသတည်း။

■ **မိုးနန္ဒာ (ခန္ဓီးမြေ)**

ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီး၏

အဆုံးအမများ

သာသနာပြုတယ်ဆိုတာ
ခံစစ်နဲ့ တိုက်စစ်၊ နှစ်မျိုးရှိတယ်။
တပည့်တော်တို့
စာသင်တိုက်ကြီးတွေ တည်ထောင်ထားတာ
သာသနာ့ခံစစ်၊
နောက်တန်းမှူး ကောင်းမှ
ခံစစ်ကောင်းမယ်။
တရားဟော၊ တရားပြ၊ စာရေးတယ်ဆိုတာ
တိုက်စစ် ဆင်နွဲနေတာ။
ရှေ့တန်း တိုက်စစ်မှူးတွေ အရည်အချင်းပြည့်ဝမှ
အောင်မြင်မယ်။
သာသနာအတွက်
ခံစစ်ရော တိုက်စစ်ပါ
အားကောင်းအောင်
ကြိုးစားကြစမ်းပါ။

မေတ္တာခံယူခြင်းနှင့် စပ်လျဉ်း၍

မြဝင်း(ဒဿန)

ကျွန်တော်ပြုနေကျ မေတ္တာ ကျင့်စဉ်များတွင် မေတ္တာခံယူခြင်း လည်း ပါလေသည်။ ကျွန်တော် မေတ္တာခံယူပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

"ဗုဒ္ဓသ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

ဓမ္မသ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

သံဃသ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

မာတာပိတုနံ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

အာစရိယာနံ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

သန္တာနံ သပ္ပုရိသာနံ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

သိဒ္ဓိ မန္တာနံ ဣဒ္ဓိမန္တာနံ ဝိဇ္ဇာဓရာနံ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

ဒေဝတာနံ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

ဗြဟ္မာနံ သိဝံ မေတ္တံ အဟံ ဂဏ္ဏामि၊

ဗုဒ္ဓသ=မြတ်စွာဘုရား၏ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဏामि=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ချမ်းသာ ရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။ ဓမ္မသ=ချမ်းသာစီးပွား ပေးနိုင်ငြားသည့် တရားတော်မြတ် ဓမ္မဓာတ်၏။ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဏामि=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။ သံဃသ=သမ္မုတိ ပရမတ် နှစ်ရပ်သောသံဃာ

ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ချမ်းသာ ရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။ ဓမ္မသ=ချမ်းသာစီးပွား ပေးနိုင်ငြားသည့် တရားတော်မြတ် ဓမ္မဓာတ်၏။ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဏामि=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။ သံဃသ=သမ္မုတိ ပရမတ် နှစ်ရပ်သောသံဃာ

တော်မြတ်၏။ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဏामि=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ ချမ်းသာရရန်၊ ရည်သန်ကိုးစား အားထားကြည်ဖြူ ခံယူပါ၏။ မာတာပိတူနံ=ကျေးဇူးကြီးမား၊ မိဘများ၏။ သိဝံ=သန့်ရှင်းဖြူစင်ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။အဟံ=အကျွန်ုပ်သည် ဂဏ္ဏामि=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ လိုရာပြည့်ဝ ချမ်းသာ ရရန် ရည်သန်ကိုးစား အားထား ကြည်ဖြူခံယူပါ၏။ အာစရိယာနံ=ဆရာသခင်ကျေးဇူးရှင်တို့၏။ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှ

ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ချမ်းသာ ရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။ ဓမ္မသ=ချမ်းသာစီးပွား ပေးနိုင်ငြားသည့် တရားတော်မြတ် ဓမ္မဓာတ်၏။ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဏामि=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ချမ်းသာ ရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။ သန္တာနံ သပ္ပုရိသာနံ=သူတော်ကောင်း၊ သူမြတ် အပေါင်းတို့၏။ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဏामि=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊

ရည်သန်ကိုးစား အားထားကြည်ဖြူ ခံယူပါ၏။ သိဒ္ဓိမန္တာနံ ဣဒ္ဓိမန္တာနံ ဝိဇ္ဇာရောနံ=သိဒ္ဓိရှင် တန်ခိုးရှင် ပညာရှင်တို့၏။ သိဝံ=သန့်ရှင်းဖြူစင်ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဘာမိ=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန် ရည်သန်ကိုးစား အားထားကြည်ဖြူ ခံယူပါ၏။ ဒေဝတာနံ=သမ္မာဒေဝ နတ်မြတ်နတ်ကောင်း၊ နတ်အပေါင်းတို့၏။ သိဝံ=သန့်ရှင်းဖြူစင်ကြည်လင်အေးမြလှသော။ မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။အဟံ=အကျွန်ုပ်သည်၊ ဂဏ္ဘာမိ=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူခံယူပါ၏။

ပြဟ္မာနံ=ရူပပြဟ္မာ၊ အရူပပြဟ္မာကြီးတို့၏။ သိဝံ=သန့်ရှင်းဖြူစင် ကြည်လင်အေးမြလှသော။မေတ္တံ=မေတ္တာတေဇော် တန်ခိုးအာနုဘော်ကို။ အဟံ=အကျွန်ုပ်သည်။ ဂဏ္ဘာမိ=ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန် ရည်သန်ကိုးစား အားထားကြည်ဖြူ ခံယူပါ၏။

ကျွန်တော်သည် အထက်ပါ မေတ္တာခံယူပုံ ပါဠိနှင့်အနက်ကို နေ့တိုင်းနေ့တိုင်း ရွတ်ဆို၍ မေတ္တာခံယူပါသည်။

တစ်နေ့တွင် မေတ္တာခံယူပုံနှင့် စပ်လျဉ်း၍ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို ဤသို့မေးပါသည်။

"သူငယ်ချင်းရယ်၊ သူငယ်ချင်းရွတ်ဆိုသလို မေတ္တာခံယူပုံ ပါဠိနဲ့အနက်ကို မရွတ်ဆိုရင် မေတ္တာက မရောက်တော့ဘူးလား"

"သူငယ်ချင်းမေးတဲ့ မေးခွန်းကို တစ်ချိန်ကလည်း မေးခဲ့ကြဖူးပါတယ်။ အဲဒီမေးခွန်းကို ဆားလင်းကြီးမြို့၊ဝက်လူးအိုင်ဆရာတော်က 'ပြဟ္မဝိဟာရဒီပက'ကျမ်းမှာ ဖြေခဲ့တယ်"

"အဲဒီစာအုပ် မင်းဆီမှာရှိသလား"

"စာအုပ်စင်မှာအဆင်သင့်ရှိပါတယ်။"

"ဒီလိုဆိုရင်လည်း နာပါရစေကွာ"

(ကျွန်တော်က စာအုပ်စင်တွင် အဆင်သင့်ရှိနေသော ပြဟ္မဝိဟာရဒီပကကျမ်းကို လှမ်းယူလိုက်ပါသည်။စာအုပ်ကို မြင်သောအခါကျွန်တော့် သူငယ်ချင်းကဤသို့စကားဆက်ပါသည်။)

"စာအုပ်က အတော့်ကို ဟောင်းနေပြီနော်"

"ဟောင်းဆို မြန်မာသက္ကရာဇ်-၁၂၈၈ ခုနှစ်က ရိုက်ခဲ့တာကွ။ (၇၈)နှစ်လောက်ရှိသွားပြီ"

"ဆရာတော်က ဘယ်လိုမိန့်ဆိုထားသလဲကွာ"

"ဆရာတော် မိန့်ဆိုထားတာကတော့ အချို့သော ဆရာတို့သည် သူတော်ကောင်း၊ သူမြတ်လောင်းတို့၏ ပေးဝေပို့သအပ်သော မေတ္တာကို အကျွန်ုပ်ဦးထိပ်ဖြင့်ခံယူပါ၏။ထိုခံယူအပ်သော မေတ္တာသည် ကျွန်ုပ်၏ ကိုယ်အလုံး၌ ပျံ့နှံ့တည်ပါစေကုန်သတည်းဟု ခံယူကြကုန်၏။ ထိုသို့ပင် မခံယူသော်လည်း မေတ္တာကို ပို့သသောသူတို့၏ မေတ္တာရှိန်စော် အာနုဘော်ကြောင့် မေတ္တာပို့ခံကြရသော အလုံးစုံသော သူတို့မှာ ချမ်းသာသုခ ရကြကုန်သည်သာဟူ၍ မှတ်အပ်၏။ ဟိမဝန္တာတောမိဂသမ္ဗဒါမြစ်နား ကောသခွဲအတွင်း သိကြားမင်းစေခိုင်းသဖြင့် ဝိသကြံ့နတ်သား ဖန်ဆင်းစီမံအပ်သော သခ်ိမ်းကျောင်း၌နေသော ဘုရားအလောင်းတော် ဒုကူလ-ပါယိကတို့၏ ပေးဝေပို့သအပ်သော မေတ္တာအာနုဘော်ကြောင့် သူတော်ကောင်းတို့ ပေးဝေပို့သအပ်သော မေတ္တာကို ဦးထိပ်ဖြင့် ခံယူပါ၏ဟု မဆိုတတ်ကုန်သော်လည်း သားဌက်တိရစ္ဆာန်တို့သည် အချင်းချင်းစုံမက်နှစ်သက်မြတ်နိုးကုန်သည်ဖြစ်၍ တစ်ကောင်ကို တစ်ကောင်မနှိပ်စက်၊ အချင်းချင်းမည့်ဉီးပန်းပေဟူလိုတဲ့"

(သတ်ပုံမှာ မူရင်းအတိုင်းဖြစ်ပါသည်။)

သာဓုဗျာ၊ သာဓု . . သာဓု၊ ရှင်းသွားပါပြီဗျာ။ ရှင်းသွားပါပြီ။ ဒါပေမယ့် သူငယ်ချင်းရယ်။ မေတ္တာမခံယူဘဲ မေတ္တာရောက်တယ်ဆိုထားပေမယ့် သူငယ်ချင်းရွတ်ဆိုနေတာ ကြားရတော့ ငါလည်းရွတ်ဆိုချင်လာတယ်။ ငှါကိုလည်း မျှပါဦး"

"ရပါတယ်ဗျာ။ ဆရာကြီးဦးထွန်းလှိုင် (ဝိနယ၊ ပါရဂူ)ရေးတဲ့ လူသားတို့ထွက်ရာလမ်း စာအုပ်မှာ ပါပါတယ်။ အဲဒီစာအုပ် အဆင်သင့်ရှိပါတယ်။ သူငယ်ချင်းပြန်တော့ ယူသွားပေါ့"

ဤသို့လျှင် ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတို့သည် ထိုနေ့က မေတ္တာခံယူပုံနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသတည်း။

■ မြဝင်း(ဒဿန)

သာသနာပြု ရှင်ပြုမင်္ဂလာ(၂)

မောင်သန္တာ

(ယခင်လမှအဆက်)

ငွေကုန်ကြေးကျ များစရာမလို

"ဒါဖြင့် သားတော်ရာဟုလာလိုသာ ရှင်ပြုကြမယ်ဆိုရင်၊ မောင်ရှင်လောင်းရဲ့ မိဘတွေအနေနှင့်၊ ငွေကုန်ကြေးကျ များစရာမလိုဘူးပေါ့နော်။ ဒါနဲ့များ မိမိရဲ့ရင်နှစ်သည်းချာ သားရတနာကို သာသနာ့ဘောင်သွင်းဖို့ နှစ်နှင့်ချီပြီး ကြိုတင်ငွေစုရတာတို့၊ အချို့ဆို ရှင်ပြုပြီးရင် ကြွေးတင်ကျန်ရစ်တာတို့ ဖြစ်ကြသေးတယ်နော်"

"အဲဒါက ရှင်ပြုတာနဲ့ အလှူလုပ်တာကို ခွဲခွဲခြားခြား မသိကြလို့ ဖြစ်နေကြတာ။ ရှင်ပြုတယ်ဆိုတာ သီလသာသနာထူထောင်တာ။ လူတွေကို ဧည့်ခံကျွေးမွေးတာက ဒါနလုပ်တာ။ လူတွေကို ဧည့်ခံတာမလုပ်ဘဲနဲ့ သာသနာ့ဘောင်ကို ဝင်လို့ရတယ်။ ရှင်ပြုလို့ရတယ်။ မိမိကိုးကွယ်တဲ့ဆရာတော်ထံမှာ မိမိရဲ့သားငယ်ကို ရှင်ပြုမယ့်အကြောင်း ကြိုတင်လျှောက်ထားပြီး မောင်ရှင်လောင်းကို ဆရာတော်ထံမှာ ကြိုတင်အပ်နှံမယ်။ ဆရာတော်ထံက သရဏဂုံ၊ သက်နိုးတောင်း၊ တစပဉ္စကကမ္မဋ္ဌာန်း၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယသိက္ခာပုဒ်၊ ခန္ဓကဝတ်တို့ကို သင်ကြားမယ်။ ရှင်ပြုမယ့်နေ့ရက်ကျမှ ရှင်သာမဏေကို သာသနာ့ဘောင် သွတ်သွင်းခြင်း အစီအစဉ်တွေ အတိုင်း ခေါင်းရိတ်ခြင်း၊ သက်နိုးဆီးခြင်း၊ သရဏဂုံ ခံယူခြင်းတွေကို ဆောင်ရွက်ဖို့ပါပဲ။ ဘာမျှ ထူးထူးထွေထွေ ငွေကုန်ကြေးကျ များစရာမလိုပါဘူး"

"ဒီလိုဆို သာမဏေလောင်းအတွက် ပရိက္ခရာဖိုးလောက် အကုန်အကျခံနိုင်ရုံနဲ့ ရှင်ပြုလို့ရတာပေါ့နော်"

"ဟုတ်ပါတယ်။ သပိတ်သက်နိုးတွေတောင်

ရှင်လောင်းရဲ့အမိအဘတွေက ကုသိုလ်လိုချင်လို့ လှူနေကြတာ။ တကယ်လို့ သာသနာတော်ထဲကို တကယ်ဝင်ရောက်ချင်တဲ့ဆန္ဒ ပြင်းပြနေမယ်၊ မိဘတွေကိုယ်တိုင်ကလည်း သပိတ်သင်္ကန်းဖိုးတောင် မတတ်နိုင်ဘူးဆိုလျှင် အဲဒီသပိတ်သင်္ကန်းကို ဥပဇ္ဈာယ်ဆရာက တာဝန်ယူရပါတယ်။ အဲဒီအချက်ကို ပိုက်ဆံရှိမှ ရှင်ပြုလို့ရမယ်လို့ အထင်မှား၊ အမှတ်မှားနေသူတွေ သိစေချင်ပါတယ်။ အခုလည်းပဲ သာသနာ့ဘောင်မှာ ထာဝရရှင်သာမဏေ အဖြစ် ဝင်ရောက်လာတဲ့ ကလေးငယ်တွေကို သူတို့ မိဘတွေက မတတ်နိုင်ရင် ဆရာတော်ကြီးတွေ၊ ဥပဇ္ဈာယ်ဆရာတော်တွေကပဲ သပိတ်သင်္ကန်းတွေကို ပေးကမ်းနေကြတာပဲ။ သာသနာ့ဘောင်ထဲဝင်ပြီး သာသနာ့ဝန်ထမ်းဖို့ ဆိုရင် ပိုက်ဆံချမ်းသာဖို့ မလိုပါဘူး။ ငွေကုန်ကြေးကျများဖို့ မလိုပါဘူး။ ကြွေးတင်ကျန်ရစ်အောင် အကုန်ကျခံပြီး ရှင်ပြုစရာမလိုဘူး။ ဒါနဲ့ပတ်သက်ပြီး မာဂဓီ(သာစည်)ဆရာတော်ကြီးက 'ရှင်ပြုတဲ့ကိစ္စအတွက် မိဘတွေမှာ ဝန်လေးစရာမလိုပါဘူး။ စိတ်ဆင်းရဲစရာ မလိုပါဘူး။ ကြွေးတင်စရာအကြောင်းမရှိပါဘူး။ ရှင်ပြုတဲ့ကိစ္စဟာ သီလသာသနာ ထူထောင်တဲ့ကိစ္စဖြစ်လို့ (၁)ဥပဇ္ဈာယ်ဆရာရှိရမယ်၊(၂)ရှင်လောင်းဖြစ်သူသရဏဂုံ ပီပီသသ ရွတ်ဆိုရမယ်၊ (၃) သပိတ်ပရိက္ခရာ ပြည့်စုံရမယ်။ ဒီသုံးချက်ညီရင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ သင်္ကန်းဝတ်လို့ရတယ်။ ရှင်စျာန်မြောက်တယ်။ ဌက်ပျောပွဲ၊ အုန်းပွဲ ပါနေစရာမလိုဘူး။ ရှင်ပြုတဲ့ကိစ္စမှာ ဘုရားက ဒီလောက်အထိ အကျဉ်းချုံးထားပါတယ်'လို့ မိန့်တော်မူခဲ့တယ်"

အုန်းပွဲ၊ ဌက်ပျောပွဲ

"ဟင် . . . အုန်းပွဲ၊ ဌက်ပျောပွဲတောင် ပါစရာမလိုဘူးလား"

"အေးလေ၊ သားတော်ရာဟုလာ ရှင်ပြုတုန်းက ဘာအုန်းပွဲ၊ ဌက်ပျောပွဲမျှ မပါခဲ့ဘူး။ ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက အုန်းပွဲ၊ ဌက်ပျောပွဲနှင့်ပတ်သက်ပြီး 'အလှူလုပ်တဲ့အခါ အုန်းပွဲ၊ ဌက်ပျောပွဲတွေ မထည့်နဲ့။ အုန်းပွဲ၊ ဌက်ပျောပွဲတို့ဟာ နတ်တင်ရာက လာတယ်၊ ဘုရားလက်ထက်က အလှူတွေမှာ တရားဟောပြီးလျှင် ဒကာတွေက ဌက်ပျောပွဲ၊ အုန်းပွဲတွေ လိုက်ပို့ရတာ ရှိသလား၊ မရှိဘူး။ ဇေတဝန်မှာ ဗေထိ၊ ဗေထိတွေ လုပ်သလား၊ မလုပ်ဘူး'လို့ မိန့်တော်မူခဲ့ဖူးတယ်။ ကန်တော့ပွဲ အစ္စရှိတဲ့လူတွေ အတွက်ကတော့ အုန်းသီး၊ ဌက်ပျောသီးလှူတာ သံဃာတော်တွေဘုဉ်းပေးရတာပေါ့လို့ ဆင်ခြေပေးကြလိမ့်မယ်။ အဲဒီလူတွေကို ပြန်မေးချင်တယ်။ အနှံ့အရသာကောင်းတဲ့ ခေတ်မီအစားအသောက်တွေပေါလျှံနေတဲ့ ဒီခေတ်ကြီးမှာ သံဃာတော်တွေကို အုန်းသီးစိမ်းနဲ့ ရခိုင်ဌက်ပျောသီးပဲ လှူရသလားလို့။ အဲဒီ ကန်တော့ပွဲလှူတဲ့သူတွေကိုယ်တိုင် အုန်းသီးစိမ်းကို အပင်ပန်းခံပြီး ဓားနဲ့ခွဲစားနေကြသလား။ နံ့သာဖူးတို့၊ ဖီးကြမ်းတို့ မစားဘဲ ရခိုင်ဌက်ပျောသီးပဲ စားနေကြသလား။ ကိုယ်တိုင်တောင် မစားချင်တဲ့ အသီးတွေကို သံဃာတော်တွေကို မလှူနဲ့လေ"

ရှင်ပြုနှင့်အလှူ

"ရှင်ပြုတဲ့အခါ လူတွေကို ကျွေးမွေးတဲ့အလှူ လုပ်စရာမလိုဘူးလားအစ်ကို"

"ရှင်ပြုတာဟာ သီလသာသနာထူထောင်တာ။ အလှူပေးတာက ဒါနသာသနာထူထောင်တာပါ။ ရှင်ပြုတာနဲ့ အလှူပေးတာ မတူပါဘူး။ ခြားနားပါတယ်။ အလှူမလုပ်ဘဲနဲ့ ရှင်ပြုလို့ရပါတယ်။ ဒါပေမယ့် တတ်နိုင်သူက တတ်နိုင်သလောက် ကျွေးမွေးလှူဒါန်းကြတာဟာ လုပ်နိုင်ရင် ကောင်းပါတယ်။ လုပ်စရာမလိုဘူးဆိုတဲ့အထိ အစွန်းရောက်စရာ မလိုပါဘူး။ အရိုးပေါ်အရွက်မဖုံးစေနဲ့ ဆိုသလို အဓိကကျတဲ့ ရှင်ပြုခြင်းအပေါ်မှာ ဒါနက ဖုံးလွှမ်းမသွားဖို့သာ လိုပါတယ်။အတော်များများက ရှင်ပြုတဲ့ကိစ္စမှာ အလေးအနက်မထားဘဲ အလှူကြီးကျယ်ဖို့သာ ရှေ့တန်းတင်တတ်ကြတယ်။ အပြိုင်အဆိုင် အကုန်ခံတတ်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မာဂဓီ (သာစည်) ဆရာတော်ကြီးက 'ဘယ်လောက်အကုန်ခံသလဲဆိုရင် စနစ်ဇယား စည်းကမ်းနည်းလမ်း အတိုင်းအဆမရှိလောက်အောင် အကုန်ခံတတ်ကြပါတယ်။ ကိုယ့်မှာအင်အားမရှိဘဲ နွားရောင်းလှူသူက လှူကြတယ်။ လယ်ပေါင်လှူသူက လှူကြတယ်။ နောက်ဆုံး အဖြေကတော့ ကြွေးတင်ကျွန်ဖြစ် ကျန်ရစ်တာပဲ အရှုံးပေါ်ခဲ့တယ်။ ဒီတော့ ကုသိုလ်မရတဲ့အပြင် (၁)ကုသိုလ်အစား အကုသိုလ်တွေ ပိုလာရတယ်၊(၂) ကြွေးပူ၊ကြွေအေးတွေ ထုနဲ့ထည်နဲ့ ဝန်ပိလာရတယ်၊ (၃) စိတ်မချမ်းသာခြင်း (ပရစေတနာ ပျက်ကွက်ခြင်း)ဆိုတဲ့ ရင်မောစရာတွေ ခံစားလာရတယ်'

လို့ သတိပေးတော်မူခဲ့ဖူးပါတယ်။ ရှင်ပြုပွဲတွေမှာ ကျွေးမွေးဖို့သာ အဓိကထားတာနဲ့ပတ်သက်ပြီးကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက မိန့်တော်မူခဲ့တာလည်း သိပ်ပြီးဂရုပြု မှတ်သားဖို့ ကောင်းလှပါတယ်"

"ဆရာတော်ကြီးက ဘယ်လိုမိန့်တော်မူခဲ့လို့လဲ အစ်ကို"

"ဆရာတော်ကြီးက 'သားရှင်ပြုကိစ္စ၌ ဂုဏ်သရေရှိ လူကြီးလူကောင်းတို့ကို ဖိတ်၍ ကျွေးမွေးလေ့ရှိကြ၏။ ထိုလူကြီးလူကောင်းတို့သည် ထိုကဲ့သို့ အစား အစာကို စားနေကျဖြစ်၏။ အလှူရှင်က ဖိတ်လို့သာ အားနာ၍(မသွားမကောင်းသဖြင့်)သွားရသည်။ မိမိအိမ်မှာ(ရုံးမှာ)အလုပ်ကိစ္စတန်းလန်းနှင့် မအားလပ်ကြ။ကျွေးမွေးရာ၌ ကုန်သော ငွေလည်း မနည်းလှ။စားရသူတို့ကလည်း အားနာပါးနာနှင့် မလွှဲသာလို့ လာကြရာဝယ်၊ အဘယ်မှာ ကုသိုလ်ထုပ်ကြီး ရနိုင်ပါမည်နည်း။ ထိုအပေါ်မှာ ဂုဏ်ဖော်ချင်သော (ပကာသန)အကုသိုလ်လောဘစိတ်ကလေးပါလိုက်ချေသေး၏'လို့ ဝေဖန်သုံးသပ်တော်မူခဲ့ပါတယ်"

"သေသေချာချာ စဉ်းစားကြည့်တော့၊ ဆရာတော်ကြီး မိန့်တော်မူချက်ဟာ သိပ်ပြီးလက်တွေ့လည်းကျ၊ မှန်လည်းမှန်၊ အလေးအနက်ဆင်ခြင်စရာလည်းကောင်းပါတယ်။သိန်းချီအကုန်ခံ အကျွေးအမွေးမလုပ်ဘဲ၊ အဲဒီအလှူပွဲလာသူတွေက ကိုယ့်အိမ်မှာ ကိုယ်စားနေကျပဲ။ အလှူရှင်က ကျွေးမွေးမှ စားကြရမှာမဟုတ်တာ။ ဒါနဲ့ အဲဒီရှင်ပြုအလှူပွဲတွေမှာ တိရစ္ဆာန်တွေကို သတ်ဖြတ်ကျွေးမွေးတာတွေ ရှိနေတယ်အစ်ကို။ဒါကျတော့ ကောင်းမှုကုသိုလ်လုပ်ရင်း၊ အကုသိုလ်တွေ ရောစွက်သလို ဖြစ်မနေဘူးလား"

ရှင်ပြုအလှူနှင့် အကုသိုလ်

"အလှူပွဲလာ ပရိသတ်ကို ကျွေးမွေးဧည့်ခံတဲ့နေရာမှာ ထုံးစံအတိုင်း အသားဟင်းလျှာထည့်ကြတယ်။ အဲဒီလို အသားဟင်းလျှာထည့်တဲ့အခါ ငါးခြောက်ကြော်၊ ဒါမှမဟုတ် ဈေးထဲက ပုံသကူသားကို ဝယ်ယူချက်ပြုတ်ကျွေးမွေးမယ်ဆိုရင် အကုသိုလ်ကင်းပါတယ်။ ဒါပေမယ့် အချို့ကျတော့ အလှူပရိသတ်ကို ကျွေးမွေးဖို့ အလှူရှင်ကိုယ်တိုင် စီမံခိုင်းစေတဲ့ ဝက်၊ ကြက်၊ နွားတွေကို သတ်ဖြတ်စီမံတတ်ကြပါတယ်။ အဲဒီလို လုပ်တာကတော့ ကိုယ့်သားရှင်ပြုတဲ့ပွဲမှာ အကုသိုလ်ကို အတုံးလိုက်၊ အတစ်လိုက် ဝယ်ယူသလိုပါပဲ။ နွားသတ်၊ ဝက်သတ်တဲ့ အလှူနဲ့ပတ်သက်ပြီး ကျေးဇူးရှင်မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက 'နွားသတ်၊ ဝက်သတ်ခိုင်း၍ ငွေကူကိုမျှော်ရသော အလှူနှင့် ဂုဏ်ပကာသနကို ပဓာနထားသော အလှူတို့မှာ ငွေကုန်၊ အပြစ်ဖြစ် နှစ်မျိုးလုံး နစ်နာ၏'လို့ ပဲ့ပြင်ဆုံးမတော်မူခဲ့ပါတယ်"

"အလှူပွဲအတွက် ပုံသကူသားမဟုတ်ဘဲ၊ ပုံသကူသားရောင်းတဲ့ဆိုင်ကို ကြိုတင်မှာကြားရင်ရော၊ အပြစ်ဖြစ်သေးလားအစ်ကို"

"အဲဒါလည်း အကုသိုလ်မကင်းပါဘူး။ ကိုယ့်အလှူကို အကြောင်းပြုပြီး သတ္တဝါတွေ အသက်ပိုသေရတာပဲ။ အမဲသားသည်၊ ဝက်သားသည်ကို ကောင်ရေပိုသတ်လို့ စေခိုင်းတာနဲ့ အတူတူပါပဲ။ အဲဒါနဲ့ပတ်သက်ပြီး အနာဂတ်သာသနာရေးကျမ်းစာမှာ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက 'စည်းပျက်ကမ်းပျက် ကိစ္စဟူသမျှသည် မပြုမပြင်သမျှ၊ တစ်ခေတ်ထက်တစ်ခေတ်သာ၍ ဆိုးဝါးကြမ်းတမ်းမြဲဖြစ်ရကား၊ ယခုခေတ်သော် အချို့အရပ်၌ မလှူမီက ကြိုတင်၍ ဝက်သားမည်မျှပေးပါ၊ အမဲမည်မျှပေးပါဟု ဆိုင်ရာတို့ကို စကားကမ်းလှမ်းထားကြ၏။ ဆိုင်ရာတို့ကလည်း အလှူရက်ရောက်မှ၊ ဝက်နှင့်နွားတို့ကို သတ်ဖြတ်၍ လတ်လတ်လောလော အသားတွေကို ဒါနရှင်၊ အလှူဒကာလက်သို့ ပို့ဆက်ကြလေတော့၏။ဤမျှလောက် ပျက်စီးနေသော ဘာသာရေးအလုပ်ကို ဘုန်းကြီးများနှင့် အမျိုးသားအစိုးရဆိုသူတွေက အဘယ်မှာ မပြုပြင်ဘဲ နေထိုက်တော့မည်နည်း' လို့ ပြတ်ပြတ်သားသား ရေးသားတော်မူခဲ့တယ်"

"ဆရာတော်ကြီး ရေးသားထားချက်ကို ဗုဒ္ဓဘာသာဝင်တွေ အလေးအနက်ထားသင့်တာပေါ့။ မိမိအလှူကို အကြောင်းပြုပြီး သတ္တဝါတွေ ခန္ဓာအသက်ကြွေပျက်ရတာဟာ၊ ကိုယ်ချင်းစာတရား မရှိရာ၊ကရုဏာတရား ခေါင်းပါးရာရောက်ပါတယ်။ ပါဏာတိပါတကံ မကင်းမှုကြောင့် အလှူပွဲလည်း သန့်ရှင်းစင်ကြယ်မှု မရှိတော့ဘူး။အမှန်တော့ အကုသိုလ်အနှံ့မကင်းတဲ့ ကျွေးမွေးလှူဒါန်းခြင်းမျိုးတွေကို ရှင်ပြုပွဲမှာ လုံးဝ မလုပ်သင့်ဘူးပေါ့"

■ မောင်သန္တ

စွန်းလွန်းဆရာတော် ဦးကဝိ

(၁၂၃၉-၁၃၁၄)

ဓမ္မာစရိယဦးဌေးလှိုင်

(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများမှ ထုတ်နုတ်တင်ပြပါသည်။)

(ယခင်လမှအဆက်)

လူဘဝကား ရှားရသော်မှတည့် သြော်ကောင်း၏

ဦးကျော်ဒင်သည် ရဟန်းပြုလိုလှသော်လည်း အခွင့်မသာသေး။ တရားကိုသာ ရှုမှတ်မြဲ၊ ရှုမှတ်နေရသည်။ ရှုမှတ်ရင်း၊ ရှုမှတ်ရင်း ဘဝ၏ ရန်သူကြီးများကို ကွဲကွဲပြားပြားမြင်၍လာရ၏။

လောဘသည် ပဓာန ခေါင်းဆောင်ကြီးဖြစ်ကြောင်း တွေ့မြင်ရသည်နှင့် ထိ-သိသတိဖြင့် ဖိ၍လိုက်ရာ လိုက်လေဝေးလေ၊ ဝေးလေ သေးလေ အားနည်းလေ ဖြစ်သွားသည်ကို တွေ့ရ၏။ တစ်ဖန်ဆက်၍ ရန်သူကို လိုက်လံရှာဖွေရာ ပညတ်အားဖြင့် အနီးကပ်ရန်သူကြီးမှာ အတူနေဇနီး၊ သားနှင့်ပစ္စည်းများ ဖြစ်ကြောင်း တွေ့မြင်ရသည်။ 'ဒီကြွေးတွေ ရှင်းသွားဦးမှပဲ'ဟု စဉ်းစားကာ ဒေါ်ရွှေရည်အား အနှုံးအညွှတ်ဖျောင်းဖျတောင်းပန်ရန် ဆုံးဖြတ်လိုက်၏။

"ရှင်ရွှေရည်၊ ညည်းတို့ ငါတို့မှာ သံသရာကကုသိုလ်ရေစက်ဆုံလို့ တွေ့ကြရတယ်။ ခုချိန်ကစပြီး ငါ့ကြွေးကိုလည်း မင်းတို့ မဆပ်ပါနှင့်တော့။ မင်းတို့ ကြွေးကိုလည်း ငါ မဆပ်ပါရစေနဲ့တော့။ ငါကလည်း မင်းကို နှမအရင်းလို သဘောထားပါတယ်။ မင်းကလည်း ငါ့ကို မောင်အရင်းလို အောက်မေ့ပြီး နေကြစို့လား။ နောက်ပြီးတော့ ငါ့ကိုလည်း ရဟန်းပြုခွင့်ပေးပါလားကွယ်"

"ကိုကျော်ဒင်၊ ကိုယ်ပြောသလို ကြွေးတွေဘာတွေ ထားပါတော့။ ကျေပါတယ်၊ ဒါပေမယ့် ကိုယ်လည်း ဘယ်မှ မသွားချင်ပါနှင့်။ ရဟန်းလည်း မခံပါနှင့်။ အိမ်ဦးခန်းမှာ မောင်ကြီးအရာထားပြီး ဝတ်ကြီးဝတ်ငယ် ပြုပါရစေ။ အိမ်တစ်အိမ်မှာ လင်သားမရှိရင် မတင့်တယ်ဘူးတော်ရဲ့။ လူလည်း မရှိသေဘူး"စသည်ဖြင့် ဆွေးနွေးပြောဆိုကြရာ ဦးကျော်ဒင်မှာ မှန်းခြေမကိုက် ဖြစ်ရပြန်၏။

တစ်နေ့တခြား စိတ်ဆင်းရဲ၍သာ နေရရှာ၏။ လင်ခန်း၊မယားခန်း ပြတ်နေပြီဖြစ်သောအတွင်းသဘောနှင့် မကင်းသော အိမ်ထောင်ရှင်ဘဝကို မည်သို့ရုန်းထွက်ရမည် မသိဖြစ်နေ၏။ 'မိန်းမက ခွင့်ပေးမှ ရဟန်းပြုရသည်'ဟုလည်း ထင်နေရှာ၏။

ထမင်းတစ်လုတ်အတွက် လူအများ လုပ်ကိုင်စားသောက်နေကြသည်မှာ 'အပြစ်ကင်းသောအလုပ်'ဟူ၍ မတွေ့သလောက်ဖြစ်ကာ လူ့ဘဝကို အကြောက်ကြီး ကြောက်၍နေရ၏။

"ကဲ . . . ရဟန်းဝတ်ရရင်လည်းဝတ်၊ မဝတ်ရလည်း အရူးပဲလုပ်နေတော့မယ်"ဟု ကြံမိကြံရာ ကြံနေမိ၏။ 'ဂုန်နီအိတ်ကြီးကို လက်နှစ်ဖက်နှင့် ခေါင်းဝင်ရုံ အပေါက် သုံးခုဖောက်လျှိုပြီး နေမယ်။ အဝတ်လည်းရ၊ အခင်းလည်းရ၊ တယ် . . နေရာကျ။ စားချိန်ကျ အိမ်စဉ်လျှောက်ပြီး ခွက်တစ်ခုနဲ့ တောင်းစား"

ဦးကျော်ဒင်အား စောစောက အရူးဟု အခြားသူများက ပြောခဲ့ကြ၏။ ယခုသူကိုယ်တိုင်ပင်အရူးလုပ်ရန် စဉ်းစားနေမိ၏။သို့မှ လွတ်လွတ်ကျွတ်ကျွတ် အလုပ်လုပ်နိုင်မည်ဟု ယူဆသည်။တကယ်လည်း ရူး၍မရသဖြင့် ဒေါ်ရွှေရည်အား တစ်ကြိမ်ထပ်၍ ခွင့်တောင်းပြန်၏။မရလေ။ ဦးကျော်ဒင်မှာ မစားနိုင်၊ မသောက်နိုင် ဖြစ်ကာ တစ်နေ့တခြား အရိုးပေါ်အရေတင် ဖြစ်လာခဲ့၏။

ဦးကျော်ဒင်၏ အဖြစ်ကို မမြင်ရက်ကြသဖြင့် အိမ်နီးချင်းများကပါ ဝိုင်းကူ၍ ဒေါ်ရွှေရည်အား နားချကြပြန်သည်။ မရ။

"သေသွားတာကမှ ကောင်းဦးမယ်။ ခုတော့ ဘုန်းကြီးဝတ်ကြီးနဲ့ ကျွန်မမြင်တိုင်း စိတ်ချမ်းသာရမှာ မဟုတ်ဘူး"ဟုသာ ဇွတ်တင်း၍ ခံနေ၏။

ဦးကျော်ဒင်ကား ဂုန်နီအိတ် မဝတ်ဘဲလျက် ခေါင်းမွေး၊ မုတ်ဆိတ်မွေးရှည်ရှည်၊ အဝတ်အထည် ညစ်ညစ်၊ ပါးချောင်နားချောင်ကျကာ တကယ့်အရူးကြီးပုံ ပေါက်နေတော့၏။ အရပ်ကပါ ဝိုင်း၍ကူကြသဖြင့် နောက်ဆုံး ဆယ့်လေးငါးရက် ရဟန်းပြုခွင့်ရလာ၏။ အတိုင်းမသိ ဝမ်းသာသွားတော့သည်။

"အေး . . အေး၊ ဝမ်းသာလိုက်တာ ရှင်ရွှေရည်ရယ်။ ပါရမီမရှိလို့ မပျော်ရင်လည်း ဆယ့်လေးငါးရက် မပြောနဲ့၊ ချက်ချင်း ပြန်ခဲ့ပါမယ်။ ပါရမီရှိလို့ ပျော်ရင်လည်း ဆက်ပြီး နေပါရစေကွယ်"

"ကဲ . . ကောင်းပါပြီတဲ့တော်၊ ဒါထက် ရဟန်းမခံခင် ထွန်ရေးပက်လက်နဲ့ ပဲကလေးကြဲပေးခဲ့ပါဦး"

နွားနှစ်ကောင်နှင့် ထွန်ထောင်ကိုယ်တော်

ဦးကျော်ဒင်သည် ၁၂၈၂-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်နေ့တွင် ပဲကြဲရန် ထွန်ကၜ်ယာခင်းသို့ ထွက်လာခဲ့၏။ ယာထဲသို့ ရောက်သောအခါ ထွန်ရေးစရန် မောင်းနှင်ရာ နွားနှစ်ကောင်မှာလှည့်ကြည့်

လောဘသည် ပဓာန
ခေါင်းဆောင်ကြီးဖြစ်ကြောင်း
တွေ့မြင်ရသည်နှင့် ထိ-သိသတိဖြင့်
ဖိ၍လိုက် ရာ လိုက်လေဝေးလေ၊
ဝေးလေ သေးလေ အားနည်း လေ
ဖြစ်သွားသည်ကို တွေ့ရ၏။
တစ်ဖန်ဆက်၍
ရန်သူ ကို လိုက်လံရှာဖွေရာ
ပညတ်အားဖြင့်
အနီးကပ်ရန်သူ ကြီးမှာ . . . .

လှည့်ကြည့်လုပ်ကာ မသွားဘဲ တွေပြီး ရပ်နေကြ၏။ 'ဟဲ့' ဟု ငေါက်သော်လည်း ရှေ့သို့မတိုးဘဲ လှည့်ကြည့်ပြီး ဦးကျော်ဒင်အား တစ်စုံတစ်ခုပြန်ပြောနေကြသကဲ့သို့ရှိ၏။

"ခါတိုင်းဆို ဟဲ့-လို့တောင် မငေါက်ရဘဲ သူ့ထက်ငါ ရုန်းကြတဲ့ ကျေးဇူးရှင်ကြီးနှစ်ကောင်ကတောင် ထုံပေပေနဲ့ ငါ့ကို နှင်နေကြပါပကောလား။ အင်း . . ကိုယ့်အကြောင်း ကိုယ်အသိဆုံးမို့ ကိုယ့်ဟာကိုယ် မဆုံးဖြတ်နိုင်ရင် ကိုယ့်အသိဉာဏ်ဟာ ဘာအသုံးကျတော့မှာလဲ"

ဦးကျော်ဒင်သည် ရုတ်တရက် အကြံပေါက်ကာ ထွန်ပေါ်ကဆင်းပြီး နွားကို ထမ်းပိုးမှ ကြိုးဖြုတ်၍ ထွန်တုံးကို ထောင်ထားလိုက်၏။

"ကဲ . . မင်းတို့နဲ့ ငါနဲ့လည်း သေခန်းဖြတ် ကြွေးရှင်းကြစို့။ တော်ရာ သွားကြပေရော့။ သင်တို့ကို ငါ

ဘေးမဲ့ ပေးလိုက်ပြီ"ဟုဆိုကာ နွားနှစ်ကောင်ကို လွှတ်လိုက်သည်။ ပြီးလျှင် ဦးဝိရိယခေါ် ဘုန်းတော်ကြီး ဦးကျော်ကျော်ငြားဆီသို့ ထွက်လာခဲ့၏။ လမ်းတွင် ဒေါ်တင်ဆိုသူနှင့်တွေ့၍ အကျိုးအကြောင်းမေးရာ သက်နံ့ဝတ် သွားမည့်အကြောင်း ပြောပြလျှင် . . .

"ဟဲ့. . မောင်ကျော်ဒင်၊ ဒီလိုဆိုရင် တို့အိမ်က မောင်တာ ကိုရင်ကြီးဝတ်တုန်းက ဧကသီအဟောင်းတစ်ထည်ရှိတယ်။ ယူသွား။ မိရွှေရည်လည်း မသိစေနဲ့"ဟုဆိုကာ ဒေါ်တင်လျှုလိုက်သော ဧကသီ၊ ဦးဝိရိယချီးမြှင့်သော သင်းပိုင် တစ်ထည်ဖြင့် ထိုနေ့၌ပင် ဦးကျော်ဒင်မှ ကိုရင်ကြီး ရှင်ကဝိဖြစ်လာလေတော့၏။

'ထွန်ဆင်းကိုယ်တော်၊ ထွန်ထောင်ကိုယ်တော်' ဟုလည်း သမုတ်ကြတယ်။

ကိုရင်ကြီး ဦးကဝိကား၊ ယခုမှပင် စိတ်နှင့်ကိုယ်၊ အတွင်းနှင့်အပြင်၊ အသွင်နှင့်သဘောထား တစ်သားတည်းကိုက်ညီကာ အာနာပါနကို စိတ်တိုင်းကျ ရှုမှတ်ခွင့်ရလေတော့သည်။

ဤနေရာ၌ အာနာပါနဖြင့် အနာဂါမ်မှ ရဟန္တာ အဖြစ်သို့ တက်ရန် ရှုမှတ်ခြင်းနှင့်စပ်၍ 'အာနာပါနသတိ သံယုတ် ကောဋ္ဌကသုတ်'သည် စဉ်းစားဖွယ်ရှိပေ၏။ ယင်းသုတ်၌ အနာဂါမ်ဖြစ်ပြီးသော အရှင်ကောဋ္ဌကမထေရ်သည် အာနာပါနရှုပွားနည်း အဆင့်ငါးဆင့်ရှိရာတွင် 'သတိမြဲရာ ပထမာ'မျှလောက်ကိုသာ ရှုပွားနေသဖြင့် မြတ်စွာဘုရားရှင်က ဈာန်လေးဆင့် အပြည့်အစုံ အစဉ်အတိုင်း တက်ကာ အနိစ္စာနုပဿီစသော ဝိပဿနာ ရှုပွားနည်းကိုပါ ပွားများရန် တိုက်တွန်းခါမှ ရဟန္တာဖြစ်ကြောင်း ပါရှိ၏။ 'သတိမြဲရာ ပထမာ'လောက် ရှုပွားရုံမျှဖြင့် အနာဂါမ်ထိ ရောက်နိုင်သည်ဟူသော အဓိပ္ပါယ်ပါ သက်ဝင်လာပြန်သည်။ ပညာရှင်တို့ စဉ်းစားရန် ဖြစ်ပါ၏။

ဦးကဝိ ကိုရင်ဝတ်ပြီး ငါးရက်အရတွင်သူငယ်ချင်း ဦးရွှေလုပ်လည်း ရှင်ဝိဇယအမည်ဖြင့် ရှင်ကဝိနှင့် အတူ လိုက်ပါ၍ သာမဏေပြု၏။ (ပြဆိုခဲ့သည့်အတိုင်း) အနာဂါမ်ဖြစ်ပြီး တစ်လတိတိအကြာ မောင်ရင်ပေါ် ချောက်တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ 'ရဟန္တာ' ဖြစ်တော်မူလေ၏။

ဦးကျော်ဒင်သည် ၁၂၈၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးတစ်ထောင် ပူဇော်၍ ထိုနှစ်တပေါင်းလတွင် မဏ္ဍာပ်ထိုးကာ ဘုရားပူဇော်ခဲ့၏။ အာနာပါနတရားကို တစ်စွန်းတစ်စကြားသိရုံမျှဖြင့် 'မုဆိုး စိုင်သင်' အားထုတ်ခဲ့ရာ ၁၂၈၂-ခုနှစ်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက်၊ညဉ့်(၁၀)နာရီခန့် အချိန်ချည်းသာလျှင် အချိန်ကာလ တစ်လစီ တစ်လစီ ခြားကွာ၍ အရိယာ လေးဆင့် အောင်လံလွှင့်တော်မူလေပြီ။

သက်တော် ၄၃-နှစ်၊ကိုရင်ကြီးဘဝဖြင့် 'ရဟန်းကိစ္စ'ပြီးတော်မူသည်။ အရိယာစခန်းအတွက် ဦးကျော်ဒင်ပေးသော သင်ခန်းစာထက် အားကျဖွယ်သည် အဘယ်မှာ ရှိပါသေးတော့အံ့နည်း။

နတ်ဆွမ်းစား၍ တရားစစ်ခံခြင်း

မိတ္ထီလာဘူတာ၌ မြင်းခြံရထား ဆိုက်ရောက်လာ၏။ မွန်းလွဲ ၁၂-နာရီထိုးရန် မိနစ် (၃၀)မျှသာ လိုတော့သည်။ ဘုန်းတော်ကြီး နှစ်ပါးနှင့် ဒကာနှစ်ယောက် ရထားပေါ်မှ ဆင်းလာကြ၏။ ဒကာနှစ်ယောက်မှာ မွန်းလွဲလုပြီဖြစ်၍ ဘုန်းတော်ကြီးနှစ်ပါး၏ ဆွမ်းကိစ္စအတွက် စိတ်ပူနေကြသည်။

"ကဲ-ကိုရင်ဝိဇယရေ၊ ကျောင်းသွားလည်း ဆွမ်းက မသေချာဘူး၊ အချိန်လည်း နီးနေပြီ။ အချိန်ရှိတုန်း ဆွမ်းခံကြွကြရအောင်"ဟု ကိုရင်ကြီးရှင်ကဝိက ပြောပြရာ . . . .

"ဒါဖြင့် ကိုယ်တော်ရှေ့ကကြွ"ဟုဆိုကာ ရထားအဆင်း နှစ်ပါးအတူ ဆွမ်းခံကြွကြသည်။

ဆွမ်းခံကြွရာ ပထမဆုံး ဆွမ်းရပ်သည့် အိမ်မှပင် အိမ်ရှေ့၌ ဒကာတစ်ဦးမှာ လူးလာခေါက်ပြန် လမ်းလျှောက်လျက်ရှိရာမှ ကိုရင်ကြီးနှစ်ပါးအား အိမ်ပေါ်သို့ ဝမ်းသာအားရ ပင့်သွား၏။ ထိုဒကာသည် သူ၏ဇနီးသားသမီးများကိုပါ ဝမ်းသာအားရ လှမ်းခေါ်ကာ ဆွမ်းကပ်ကြ၏။ ဆွမ်းပွဲပြင်၍ စောင့်မျှော်နေကြသည်မှာ နှစ်နာရီခန့် ရှိနေပြီဖြစ်၏။

အိမ်ရှင်ဒကာမှာ ကုလားလူမျိုး ဘူတာရုံပိုင်ကြီးဖြစ်၍ ဇနီးမှာ မြန်မာဖြစ်၏။ ဇနီးလုပ်သူက ဆွမ်းစားခိုက် ယောက်ျားကို အသာလက်တို့ခေါ်ကာ ကွယ်ရာရောက်လျှင် . . . .

"ရှင့် ဘုန်းကြီးတစ်ပါးက ကိုရင်ကြီးတဲ့။ ဘုန်းကြီးလည်း မဟုတ်ပါကလား"ဟု တိုးတိုးပြောရာ. . .

"အိုကွာ. . . ဘာပဲဖြစ်ဖြစ်၊ တို့အိပ်မက်မက်တဲ့ အတိုင်း ဆွမ်းကပ်ရတာ ငါတော့ကျေနပ်လှပြီ"ဟု ပြန်ပြောကာ ဆွမ်းပွဲအနားသို့ လာ၍ ကြည်ညိုနေကြသည်။ အိပ်မက်အရ ဆွမ်းပွဲတပြင်ပြင်နှင့် အိမ်ရှေ့က နှစ်နာရီခန့် စောင့်ရကျိုး နပ်လေပြီ။

ဆွမ်းစားပြီးလျှင် မိတ္ထီလာမြို့၊ စာတတ်အကျော်ရေလယ်တိုက်ဆရာတော်ထံ ဆက်၍ကြွတော်မူကြသည်။ မြင်းခုံမြို့ ဦးဖြိုးသာနှင့် စာရေးကြီး ဦးဘစံတို့၏ လျှောက်ထားသတင်းပေးချက်အရ မိတ္ထီလာ ရေလယ်ဆရာတော်ကပင့် ခေါ်ခြင်းဖြစ်၏။ ဆရာတော်လည်း ညကပင် "ဆင်ဖြူနှစ်စီး ကျောင်းထဲသို့ ကောင်းကင်မှ ပျံလာသည်" ဟု အိပ်မက်မြင်သည်နှင့် ရှင်ကဝိ၊ ရှင်ဝိဇယတို့နှစ်ပါး ကြွလာသည်ကို မြင်တွေ့ရသောအခါ ဝမ်းသာအားရ နေရာပေးတော်မူ၏။

ရေလယ်ဆရာတော်သည် ခရီးရောက်မဆိုက်ပင် အာလာပ သလ္လာပ စကားမေးမြန်းကြည့်၏။ ဣန္ဒြေနှင့် ပြောဆိုသော စကားများအရ 'ရဟန္တာ'ဖြစ်ကြောင်း ကောင်းစွာယုံကြည်၍ နှစ်ထောင်းအားရ သာဓု ခေါ်တော်မူသည်။

ဆွမ်းဒါယကာ ရုံပိုင်ကြီးလည်း ဆရာတော်များ ဆွေးနွေးသံကို ကျောင်းအောက်မှပင် နားထောင်ကာ 'ရဟန္တာ'ဟုတ်မှန်ကြောင်း ကြားရလျှင်ပင် စကားဆုံးအောင် မစောင့်ဆိုင်းဘဲ အိမ်ရှင်မထံ ဒုန်းစိုင်း၍ ပြန်သွားလေတော့၏။

ရေလယ်ဆရာတော်သည် ရှင်ကဝိနှင့် ရှင်ဝိဇယတို့အား အပန်းဖြေစေပြီးနောက် စာပေကျမ်းဂန်နှင့်ညှိ၍ ပို၍ တိကျစွာ ကြည်ညိုနိုင်ရန် အောက်ပါအတိုင်း ထပ်မံ မေးစစ်ပြန်လေသည်။ ဦးဖြိုးသာနှင့် ဦးဘစံတို့လည်း အနား၌ပင် နာယူကြည်ညိုနေကြ၏။

(မှတ်ချက်။ ။စာမတတ်သူတစ်ဦးအနေဖြင့် ဖြေဆိုရန်မည်မျှခက်ခဲသော မေးခွန်းများဖြစ်သည်ကို သတိပြု၍ ဖတ်ပါ။)

မေး။ ရှင်ကဝိ၊ ဘုံသုံးပါးမှာ ဘယ်သူက အိမ်ဆောက်လုပ်ပေးပါသလဲ။

ဖြေ။ တဏှာက ဆောက်လုပ်ပေးပါတယ် ဘုရား။

မေး။ တေဘုမ္မက သခ်ါရဟာ ဘယ်က မျိုးစေ့ဖြစ်ပါသလဲ။

ဖြေ။ အဝိဇ္ဇာက မျိုးစေ့ဖြစ်ပါတယ် ဘုရား။

မေး။ လူရယ်လို့ ဖြစ်တာ ကုသိုလ်ကြောင့်လား၊ဒါမှ မဟုတ် အကုသိုလ်ကြောင့်လား။

ဖြေ။ လူဖြစ်တာ ကုသိုလ်၊အကုသိုလ်နှစ်မျိုးလုံးကြောင့် ဖြစ်ပါတယ်ဘုရား။

မေး။ ကုသိုလ်ဟာ သုခဆိုမလား၊ ဒုက္ခဆိုမလား။

ဖြေ။ ကုသိုလ်ဟာ သုခလို့ ဆိုပါတယ်။စင်စစ်အားဖြင့် ဒုက္ခပါပဲ။

မေး။ လူချမ်းသာ၊နတ်ချမ်းသာဆိုတာ အမှန်ရှိသလား။

ဖြေ။ သခ်ၢတနယ်ပယ်မှာ အမှန်ပင်ရှိပါတယ်။ ပရမတ်သဘောအရဆိုလျှင် မရှိပါ။

မေး။ ငရဲခံတဲ့ပုဂ္ဂိုလ်၊နတ်ပြည်စံတဲ့ ပုဂ္ဂိုလ်များ ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ လောကကြီးမှာ ခံစားသူ၊ စံစားသူ နှစ်မျိုးရှိသည်တွင် ဘယ်သူ့ကို အမှန်ခေါ်မတုံး။

ဖြေ။ နှစ်မျိုးစလုံးပင် မှန်ပါတယ်ဘုရား။

မေး။ ၎င်းနှစ်မျိုးကို ဘာခေါ်မတုံး။

ဖြေ။ နာမ်၊ ရူပ် နှစ်ပါးဟု ခေါ်ပါတယ်ဘုရား။

မေး။ လောကမှာ သတ်သူ၊ သေသူ ရှိသလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ရှိပါတယ်ဆိုတာ ဘယ်လိုမှတ်ရမလဲ။

ဖြေ။ နာမ်ရူပ် နှစ်ပါးပါပဲဘုရား။

မေး။ သူ့အသက်သတ်လျှင် ငရဲကျတယ်ဆိုတာ အမှန်ပဲလား။

ဖြေ။ အမှန်ပါပဲဘုရား။

မေး။ မှန်တယ်ဆိုရင် ဘယ်ဟာ အမှန်ခေါ်မတုံး။

ဖြေ။ ရူပ်နာမ်နှစ်ပါးဟာ ငရဲကျအောင်လည်း သူတို့ပါပဲ။ နိဗ္ဗာန်ရောက်အောင်လည်း သူတို့ပါပဲ။

မေး။ သတ်သူ၊ သေသူရှိတယ် ယူတာမျိုး၊ မရှိဘူးယူတာမျိုး၊ ထိုနှစ်မျိုးတို့တွင် ဘယ်ဟာ သမ္မာအယူခေါ်၍ ဘယ်ဟာ မိစ္ဆာအယူ ခေါ်သတုံး။

ဖြေ။ ရူပ်နာမ်နှစ်ပါးကလွဲ၍ ရှိတယ် မရှိဘူး၊ နှစ်မျိုးစလုံးပင် မိစ္ဆာအယူဆိုရမှာပဲဘုရား။

မေး။ သမ္မာအယူဖြစ်အောင် ဘယ်လို ယူရမှာတုံး။

ဖြေ။ ရူပ်နာမ်နှစ်ပါးသာ ရှိတယ်ယူလျှင် သမ္မာအယူဖြစ်ပါတယ်ဘုရား။

မေး။ ပရမတ်သဘောကို မသိသောသူ ပါရမီဆယ်ပါးပြည့်စုံနိုင်ပါသလား။

ဖြေ။ မပြည့်စုံနိုင်ပါဘုရား။

မေး။ ပညတ် ပရမတ် နှစ်ပါးရှိရာ ပညတ်ကိုသာ သိသောသူ မဂ်ကိုရသလား။

ဖြေ။ မရနိုင်ပါဘုရား။

မေး။ ပညတ်၊ ပရမတ် နှစ်ပါး ဘယ်ဟာ အမှန်ခေါ်မတုံး။

ဖြေ။ ပရမတ်ကိုသာ အမှန်ခေါ်နိုင်ပါတယ်ဘုရား။

မေး။ မိစ္ဆာအယူ၊ သမ္မာအယူ နှစ်မျိုးတွင် ဘယ်အခါ သမ္မာအယူခေါ်မတုံး။

ဖြေ။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းလွတ်သည်မှစ၍ သမ္မာအယူ ဖြစ်ပါပြီဘုရား။

"အင်း . . . သာဓု၊ သာဓု၊ မှန်ကန်ကောင်းမြတ်လှပါပေတယ် ဦးကဝိ၊ သည်သဘော သဘာဝမျိုးဟာ အလွန်အသိခက်ပေတယ် ဦးကဝိ၊ သည်နေ့ကစပြီး ဘုန်းကြီးများလည်း ဦးကဝိရဲ့ နည်းနာနိသယအတိုင်း အားထုတ်လိုပါတယ်။ ဒကာ၊ ဒကာမတွေလည်း အပါယ်တံခါးပိတ်အောင် ဦးကဝိတို့လည်း တစ်ဝါတစ်ခြီ ဒီမှာပဲ သီတင်းသုံးပါဦးနော်"ဟု ရေလယ်ဆရာတော်က အမိန့်ရှိရာ . . .

"မှန်လှပါဘုရား။ တပည့်တော်များလည်း ယခုအခါ မြို့ခိုရာ နိသရည်း ဆရာရှာတုန်း ယခုလို အမိန့်ရှိတာ ဝမ်းမြောက်လှပါတယ်ဘုရား"ဟု လျှောက်ကာ ရေလယ်တိုက်ခ်ဉ်ပင် ဦးကဝိနှင့် ဦးဝိဇယတို့ သီတင်းသုံးနေထိုင်ကြလေ၏။

ရေလယ်ဆရာတော် ဖိုဝင်မှားခြင်း

ရေလယ်ဆရာတော်ကား ညောင်လွန့်ဆရာတော်နှင့် ကျောင်းနေဘက် ဖြစ်ဟန်ရှိ၏။ အလွန်ရင်းနှီးကြသည်။စာလည်းတတ်၏။ ဝိပဿနာလည်း လုပ်သည်။ အတိတ်တဘောင်များ ရွတ်ကာရွတ်ကာ ဖိုလည်းထိုး၏။ လောကီဘက် လိုက်သွားသည်။ တရားအားထုတ်သည်မှာလည်း စျာန်အဘိညာဉ်ရရန် စိတ်စောနေဟန်ရှိပေ၏။

တစ်နေ့တွင် ဦးကဝိအား ကသိဏ်းဆယ်ပါး ပွားများပုံကို ကျမ်းဂန်လာသည့်အတိုင်း ဟောပြောညွှန်ပြကာ ကသိဏ်းဆယ်ပါးကို အရှုခိုင်း၏။ ကသိဏ်းဆယ်ပါးပွားပုံမှာ အနုလုံ၊ ပဋ္ဌိလုံ လွန်းထိုး၍ အမျိုးမျိုးရှုရသောနည်းဖြစ်သဖြင့် စာအလို အလွန်ခက်မည်ဟု ထင်ရသည်။

ဦးကဝိကား ကသိဏ်းဆယ်ပါးကို တစ်ရက်တည်းဖြင့် ရှု၍ တွေ့ရှိချက်များကို ပြန်၍လျှောက်၏။ ထိုအခါ ဆရာတော်က ဦးကဝိအား ဗဟိဒ္ဓအခြေအနေ အမျိုးမျိုးကို အကြည့်ခိုင်း၏။

"မိတ္ထီလာ ကန်ဘောင်ရိုးရှိ မီးပြမျှော်စင်လုပ်ထားသော ရွှေမြင်တင်ဘုရားကြီးပြင်မည့် ဒကာ ရှိ-မရှိ"

"အင်းခန်းတော့ ဌက်ကျ၊ ဌက်ကျတော့ လယ်တည်၊ လယ်တည်တော့ ထွန်ခင်း"ဆိုသော တဘောင် အဓိပ္ပါယ်။

"နှစ်ထောင်ကျော်ဟိုး၊ ဈေးပေါင်ကျိုး၊ တိုး၍ ဝယ်လိုက်ကြ။ ငါးထောင်ကျော်မှ ပိတ်သောစ၊ မရလေ၏မင်း"တဘောင် အဓိပ္ပါယ်များကိုလည်း မေးမြန်းလေသည်။ ဦးကဝိက ရှင်းပြနေရ၏။

"ဦးကဝိ၊ မိတ္ထီလာကန်ထဲမှာ အင်း လေးအင်းပေါ်နေတယ်။ တဘောင်ကလည်း မိတ္ထီလာနယ်အတွင်းမှာလ၊ လေးအင်းတိုင်အောင် ပေါ်လို့၊ ရှစ်သောင်းကျော် ဝိဇ္ဇာထွက်ပါလိမ့်၊ လိုချင်သူ ဖိုခွင်သက်ကြတော့"လို့ ဆိုထားတယ်"

ဦးကဝိက ဆရာတော်ကိုပင် ထိုတဘောင် အဓိပ္ပါယ်ကို မေးသောအခါ ဆရာတော်က ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ လေးမျိုးနှင့် ဖားဖိုကို အဓိပ္ပါယ်ကောက်ကြောင်း မိန့်တော်မူရာ ဦးကဝိက-

"ဆရာတော်ဘုရား၊ ဝိဇ္ဇာက အရိယာဝိဇ္ဇာပါဘုရား၊ ဖိုက အာနာပါန ဖိုပါ"ဟု လျှောက်ရာ ရေလယ်ဆရာတော်က-

"အေးအေး ဟုတ်ပေသဗျာ၊ ဒီနေရာမှာ ကျုပ်အယူအဆ သီသီကလေး လိုနေတယ်"ဟု မိန့်တော်မူ၏။

သီသီကလေးကား နည်းနည်းပါးပါး သီသီကလေး မဟုတ်။ ထွက်ရပ်ပေါက်နှင့် ရဟန္တာ၊ မည်သို့မျှ ဆက်စပ်၍ မရသော သီသီကလေးဖြစ်သည်။

ထိုအချိန်မှစ၍ ရေလယ်ဆရာတော်လည်း လေထဲမှဝင်လာသော အဏုမြူအဆိပ်ပမာ (ကျမ်းဂန်တတ်၍ ပဋ္ဌိပတ်ပင် လုပ်နေစေကာမူ)လောကီဝိဇ္ဇာတို့၏ မနောတိုက် ဆွဲဆောင်မှုအရ တရားထိုင်ရင်း ခေါင်းပြောင်းမှန်းမသိ ခေါင်းပြောင်းခဲ့ရာမှ ဓာတ်လုံးနှင့် ဖားဖိုများကို အပြီးစွန့်ပစ်လိုက်တော့၏။

■ ဆက်လက်ဖော်ပြပါမည်

ပြဒုက္ခာ

အချစ်ပိုခြင်း
အပြစ်ဆိုခြင်း
အလျှင်းကင်းရပါလို၏

သတိပဋ္ဌာန်တရားတော်ရဲ့ ကျေးဇူးကြောင့် အခုဆိုရင် 'တဏှာ' ရဲ့ သတ္တိကို ထင်ထင်ရှားရှား သိမြင်ခွင့်ရလာပါပြီ။ ကိုယ့်သန္တာန်မှာ 'တဏှာ'ရဲ့ စွမ်းအင်တွေက ခိုကပ်ပြီတွယ်နေပေမယ့် အခုအချိန်အထိ 'တဏှာ'ကို အပြီးတိုင် မောင်းထုတ်မဖယ်ရှားနိုင်သေးတာဟာ ကိုယ့်ရဲ့ အားနည်းချက်တစ်ခုပဲပေါ့။

ကိုယ့်သန္တာန်မှာ တဏှာစွမ်းအင်တွေ ရှိနေမှန်းသိရတဲ့အခါ ရောဂါဆိုးတစ်ခုရှိနေပြီလို့ ဆရာဝန်က မှတ်ချက်အချခံလိုက်ရတဲ့ လူနာတစ်ယောက်နဲ့ပင် တူနေသေးတော့။ ဥပမာ-ကင်ဆာဆိုတဲ့ မြစ်ပွားနာဆိုပါတော့။ကုသရခက်၊ ပျောက်ဖို့ခက်၊ အခံရဆိုး၊ သေဖို့နီးတဲ့ ရောဂါဆိုးကြီးတစ်ခု ငါ့ကိုယ့်မှာ ရောက်နေပါပေါ့ လားဆိုပြီး စိတ်လက်မအီမသာဖြစ်ရသလိုမျိုးပေါ့။ သည်လူနာဟာ လူမှုနယ်ပယ်ထဲမှာ သူများတကာလို သွားသွားလာလာ၊ စားစားသောက်သောက်နဲ့ ပျော်ပျော်ပါးပါး ဘယ်ရှိနိုင်ပါတော့မလဲ။ သူ့မှာက ပျော်ဖို့နေနေသာသာ သူ့ကိုယ်ပေါ်က ရောဂါဆိုးကြီးကို ဘယ်ဆရာဝန်နဲ့ ဘယ်လိုကုသရမလဲ။ ဘယ်တော့အမြစ်ပြတ်ပျောက်ကင်းပါ့မလဲဆိုတာကိုပဲ တွေးတောကြံဆနေမိမှာပါ။ရောဂါဆိုးကြီးပျောက်ကင်းဖို့အတွက်လည်း နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားနေမှာ အမှန် ပါပဲ။

ရောဂါပိုးမျိုးစုံနှိပ်စက်တတ်တဲ့ ရုပ်ခန္ဓာကြီးနဲ့ပတ်သက်လို့တောင် သည်လောက်ပူပန်သောကတွေဖြစ်နေရရင် တဏှာရဲ့နှိပ်စက်တာကို ခံရတဲ့ နာမ်ခန္ဓာတွေခမျာလည်း ဘယ်လောက်အခံရခက်နေလိုက်မလဲ။ ဒါပေမယ့် မပူပါနဲ့။ရောဂါရှိရင်ဆေးလည်း ရှိပါတယ်။ ဆေးရှိရင် ကုသတတ်တဲ့ ဆေးဆရာလည်း ရှိပါတယ်။

မြတ်ဗုဒ္ဓဟာ လောကသားအားလုံးရဲ့ သမားတော်ကြီး မဟုတ်လား။ သံသရာအစဉ်အဆက် နှိပ်စက်လာတဲ့တဏှာရဲ့အစွမ်းသတ္တိမှန်သမျှကို ကိုယ်တော်တိုင် ဦးဆောင်တိုက်ပွဲဝင် ချေမှုန်းပစ်ခဲ့သလို ဝေနေယျတွေကိုလည်း ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲ မဖြစ်ရအောင် နည်းလမ်းကောင်းတွေကို ပေးသနားတော်မူခဲ့ပါတယ်။ဘုရားရှင်ဟာ ဝေနေယျတွေရဲ့ အကျိုး မျှော်ကိုးပြီး လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းတိုင် အနစ်နာခံပြီး ပါရမီဖြည့်ခဲ့ရလို့သာ တဏှာရဲ့သတ္တိကို အချိန်အတော်ယူခဲ့ပြီးမှ ဖယ်ရှားခဲ့ရတာပါ။ တစ်ကိုယ်ရေတစ်ကာယတည်း အတွက်ပဲဆိုရင် သုမေဓာရှင်ရသေ့ဘဝတည်းက ဒီပင်္ကရာဘုရားရှင်ရဲ့ တရားတော်ကို နာကြားလိုက်ရုံနဲ့ တဏှာရဲ့ သတ္တိကို အပြီးတိုင်ဖယ်သွားနိုင်ခဲ့တာ ကြာပါပြီ။သည်ကျေးဇူးတော်အနန္တကို ထောက်ဆရင် ဘုရားရှင်ရဲ့ တဏှာစွမ်းအင် သတ္တိ အမြစ်ပြတ်ဆေးဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်ကို ယုံယုံကြည်ကြည်နဲ့ သောက်သုံးသင့်ကြပြီပေါ့။

ဘုရားအလောင်းတော်ပါရမီဖြည့်ခဲ့ရာ ဘဝအသင်္ချေအနန္တမှာ ကိုယ်တိုင် တဏှာရဲ့ သတ္တိကို အနုလုံ၊ ပဋ္ဌိလုံ မပြတ်မလပ်လေ့လာကျွမ်းကျင်ခဲ့သူဖြစ်လို့ သမ္မာသမ္ဗုद्ध ဘုရားရှင် ဖြစ်လာတဲ့အခါမှာ တဏှာရဲ့ သတ္တိ၊ တဏှာရဲ့ အပြစ်တွေကိုပဲ အခါခါ အထပ်ထပ်ဟောတော်မူခဲ့ပါတယ်။

ဘုရားဖြစ်တော်မူစ မူလ ပဏာမဥဒါန်းကိုပဲကြည့်။

'အနေက ဇာတိ သံသာရံ' အစချီလို့ ကိုယ်တော်တိုင် ကျူးရင့်လိုက်တာ။ တဏှာတည်းဟူသော ခန္ဓာအိမ်ကို တည်ဆောက်ခဲ့သော လက်သမား၊ သင့်ကို ငါတွေ့ပြီတဲ့။ သည့်နောက် ဘုရားဖြစ်တော်မူစ ပထမ ခုနစ်ရက်စလုံး ဖလသမာပတ်သမာဓိချမ်းသာကို ခံစားပြီးတဲ့နောက် (အရဟတ္တဖိုလ်)သမာဓိမှထတော်မူပြီးတဲ့အခါ ညဉ့်သုံးယံစလုံးမှာ ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို အနုလုံ၊ ပဋ္ဌိလုံ နှလုံးသွင်း ဆင်ခြင်တော်မူခဲ့ပါတယ်။ ဒါဟာလည်း ဖုံးဖိထားတဲ့ တဏှာရဲ့ သတ္တိကို ကိုယ်တော်တိုင် လှစ်ဟဖော်ထုတ်နေတဲ့ သဘောပါပဲ။

ဝေဒနာပစ္စယာ တဏှာလို့ အနုလုံဆင်ခြင်ပြီး ဝေဒနာနိရောဓါ တဏှာနိရောဓောလို့ ပဋ္ဌိလုံ ဆင်ခြင်ပါတယ်။ ဝေဒနာဆိုတဲ့ အကြောင်းကြောင့် တဏှာဆိုတဲ့အကျိုးဖြစ်တတ်သလို ဝေဒနာဆိုတဲ့ အကြောင်းမရှိခဲ့ရင် တဏှာဆိုတဲ့ အကျိုးလည်း မဖြစ်ပေါ်။ဝေဒနာချုပ်ငြိမ်းရင်တဏှာချုပ်ငြိမ်းတော့တာပဲလို့ သဗ္ဗညုတญาณ်တော်ကြီးနဲ့ ဆင်ခြင်သုံးသပ်တော်မူခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို အဓိကထား ဟောကြားခဲ့တဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးက ဝေဒနာနဲ့တဏှာကြားမှာ ဘုရားဖြစ်သွားခဲ့တာလို့ ဘုရားသားတော် ပီသစွာ ထပ်ဆင့်မိန့်မှာသွားခဲ့တာပါ။

တဏှာ ချုပ်ရင် နောက်ဆက်တွဲဖြစ်တဲ့ ဥပါဒါန်တို့၊ ကံတို့၊ ဘဝတို့ ချုပ်ငြိမ်းပြီပေါ့။ ဘဝချုပ်မှတော့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊မရဏတွေ မလာတော့ဘူးပေါ့။ တဏှာချုပ်ဖို့အတွက်

ဘုရားအလောင်းတော်ပါရမီဖြည့်ခဲ့ရာ ဘဝအသချေ်အနန္တမှာ ကိုယ်တိုင်တဏှာရဲ့ သတ္တိကို အနုလုံ၊ ပဋိလုံ မပြတ်မလပ်လေ့လာ ကျွမ်းကျင်ခဲ့သူဖြစ်လို့ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဖြစ်လာတဲ့အခါမှာ တဏှာရဲ့သတ္တိ၊ တဏှာရဲ့အပြစ်တွေကိုပဲ အခါခါအထပ်ထပ် ဟောတော်မူခဲ့ပါတယ်။

ဝေဒနာချုပ်ဖို့လိုသလို ဝေဒနာချုပ်ဖို့အတွက် တွေ့သိမှု ဖယောင်ချုပ်ဖို့လိုပြန်ရော။ သည့်နောက် နာရီလက်တံပြောင်းပြန်အတိုင်း ဆက်သွားရင် တွေ့ထိမှု ဖယောင်ချုပ်ဖို့ သဠာယတနဆိုတဲ့ အာယတနခြောက်ပါးချုပ်ဖို့ လိုပြန်ပါတယ်။အာယတနခြောက်ပါးချုပ်ဖို့အတွက် နာမ်-ရုပ်ချုပ်ဖို့လိုပါတယ်။နာမ်ရုပ်ချုပ်ဖို့အတွက်ပဋိသန္ဓေဝိညာဏ်ချုပ်ဖို့လိုပါတယ်။ ပဋိသန္ဓေဝိညာဏ်ချုပ်ဖို့ရာ ပြုပြင်စီရင်မှုသင်္ခါရတွေ ချုပ်ငြိမ်းဖို့ လိုပြန်ရဲ့။ သင်္ခါရတွေ ချုပ်ငြိမ်းဖို့ဆိုရင် မသိမှု အဝိဇ္ဇာချုပ်မှ ဖြစ်မှာမို့ ဒီမသိမှုအဝိဇ္ဇာကနေ သံသရာ ပဋိစ္စသမုပ္ပါဒ်ကြီး စပြီး မလည်ရလေအောင် ဝိဇ္ဇာဉာဏ်ဖြစ်စေမယ့် သတိပဋ္ဌာန်တရား ရှုမှတ်ပွားများအားထုတ်မှုကိုလုပ်မှဖြစ်မယ်လို့ ဘုရားရှင်က ဟောဖော်ညွှန်ပြခဲ့တာပါ။

ဘုရားရှင်ဟာ ဝေနေယျအားလုံးမှာ ကိုယ်စီကပ်ငြိနေတဲ့ တဏှာဆိုတဲ့ မြစ်ပွားနာ ရောဂါဆိုးကြီးကို ဖော်ထုတ်ပေးခဲ့သလို၊ အဲဒီ ရောဂါဆိုးကြီး ပျောက်ကင်းစေမယ့် သတိပဋ္ဌာန်ဝိပဿနာတရားဆေးကို လည်း ဖော်ထုတ်ပေးသနားတော်မူခဲ့ပါတယ်။

သည်တဏှာရောဂါဆိုးကြီးဟာ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိတဲ့ ပုထုဇဉ် အရိုင်းတွေကို အပေါ်စီးကနေ အေးအေးသာသာလေး အနိုင်ယူဖိစီးနေတာက အဆန်းမဟုတ်ပါဘူး။ဘုရား၊ တရား၊ သံဃာကို တလေးတစားတန်ဖိုးထား ဦးထိပ်တင်ပြီး မဂ္ဂင်ရှစ်ပါး အကျင့်မြတ်ကို အားထုတ်နေဆဲဖြစ်တဲ့ သေက္ခပုဂ္ဂိုလ်တွေကိုတောင်မှ လှည့်စားအနိုင်ယူတတ်ပါသေးတယ်။

ဒါနဲ့ပတ်သက်လို့ ဘုရားရှင်သက်တော်ထင်ရှားရှိခဲ့စဉ်က ထင်ရှားတဲ့ သာဓကတစ်ခုကို ကောက်နုတ်ဖော်ပြချင်ပါတယ်။ ဥဒါန်းပါဠိတော်၊ သုပ္ပဝါသာသုတ်မှာရှိတဲ့ သုပ္ပဝါသာမင်းသမီးအကြောင်းပါ။

သုပ္ပဝါသာမင်းသမီးဟာ ရှင်သီဝလိအလောင်းအလျှာရဲ့ မိခင်ပါ။ ရှင်သီဝလိအလောင်းအလျှာဟာ အတိတ်ဘဝတစ်ခုရဲ့ ဝဋ်ကြွေးကြောင့် မိခင်ဖြစ်သူ သုပ္ပဝါသာရဲ့ ဝမ်းဗိုက်ထဲမှာ ခုနစ်နှစ်ပတ်လုံး ပဋိသန္ဓေနေခဲ့ရပါတယ်။ ရှင်သီဝလိအလောင်းအလျှာကို ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ခဲ့ရတဲ့ သုပ္ပဝါသာမင်းသမီးဟာ နှစ်ကာလရှည်ကြာ ကိုယ်လေးလက်ဝန်ကြီးကြောင့် အလွန်ပင်ပန်းဆင်းရဲနေပါတယ်။ မိန်းမောတွေဝေမှုတွေ ဖြစ်ရင်းက ဆင်းရဲတဲ့ ဝေဒနာကိုပြင်းစွာခံစားနေရပါတယ်။ ဒါပေမယ့် ကောလိယမင်းသမီးတစ်ပါးဖြစ်တဲ့ သုပ္ပဝါသာဟာ သောတာပန် တည်ပြီးသားပါ။ အရိယာအနွယ်ဓာတ်ထဲရောက်လို့ ရတနာသုံးပါးကို အသက်ထက်ဆုံး ယုံကြည်ပြီးသားပါ။ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်နဲ့ တကွ ငါးပါးသော သီလတရားတွေ စင်ကြယ်ပြီးသားပါ။

သည်တော့ကာ အရိယာအနွယ်ဝင်ပီပီ ဆင်းရဲဒုက္ခဝေဒနာတွေနဲ့ကြုံတဲ့အခါမှာ ရတနာသုံးပါးရဲ့ အနှိုင်းမဲ့ဂုဏ်ဒြပ်တွေကို အထူးအောက်မေ့သတိရဆင်ခြင် ရှုမှတ်နေမိပါတယ်။ ဒါဟာလည်း လတ်တလော ကြုံနေရတဲ့ ဒုက္ခတစ်မျိုးပါပဲ။ သုပ္ပဝါသာမင်းသမီးရဲ့ စိတ်ထဲမှာ-

"သြော်-မြတ်စွာဘုရား ဟာ အခု ငါခံစားနေရတဲ့ ဆင်းရဲ ခြင်းဒုက္ခရဲ့သဘောကို ပယ်ဖို့အတွက် တရားဟောခဲ့ပါလား။ ဘုရားရှင်ဟာ ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူခဲ့ပါလား။ ဘုရားရှင်ရဲ့ တပည့်သား သံဃာတော်တွေဟာလည်း ဒီလိုဆင်းရဲတတ်တဲ့ သဘောကို ပယ်နိုင်ဖို့ အတွက် ကောင်းစွာကျင့်ကြံတော်မူကြပါလား။ နိဗ္ဗာန်ဆိုတဲ့ ထူးမြတ်တဲ့ တရားမှာတော့ အခု ငါခံစားနေရသလို ဆင်းရဲဒုက္ခတွေ မရှိပါကလား။ အဲဒီနိဗ္ဗာန်ဟာ အလွန်ချမ်းသာလှပါကလား"

ဆိုပြီး ကြံစည်ခြင်းနဲ့အတူ သည်းခံနေပါတယ်။ ဒါတွင်မကသေးဘူး။ ခင်ပွန်းသည်ဖြစ်သူ ကောလိယမင်းသားကိုလည်း ဘုရားရှင်ထံ သွားရောက်ပြီးသူ့ရဲ့ကိုယ်ဝန်ဆောင်

ခြင်း ဒုက္ခနဲ့ ဒုက္ခဝေဒနာနဲ့ ကြုံနေတဲ့ အချိန်မှာ ရတနာသုံးပါးကို အမှတ်ရ အောက်မေ့ခြင်းအားဖြင့် သည်းခံနေ ပုံတို့ကို လျှောက်ထားစေပါတယ်။ ဘုရားရှင်က ကောလိယမင်းသားရဲ့ လျှောက်ထားချက်ကို နားထောင်ပြီးတဲ့ အခါမှာ-

"ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစေသတည်း၊ ရောဂါကင်း သော သားကို ဖွားစေသတည်း"လို့ မိန့်တော်မူလိုက်ပါတယ်။ ကောလိယ မင်းသားဟာ သုပ္ပဝါသာမင်းသမီး ထံကို ပြန်အရောက်မှာ သုပ္ပဝါသာ မင်းသမီးဟာ ရှင်သီဝလိအလောင်း အလျှာ သားတော်ကလေးကို ဖွား မြင်ပြီးပါပြီ။ ကောလိယမင်းသားဟာ ဘုရားရှင်ရဲ့ ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့ သုဂတဂုဏ် တော်နဲ့တကွ ဘုရားရှင်ရဲ့ ကြီးမြတ် တဲ့ တန်ခိုးတော်အာနုဘော်တို့ကို မျက်မြင်တွေ့လိုက်ရလို့ ဘုရားရှင် အပေါ် ကြည်ညိုသဒ္ဓါစိတ်တွေ အထူးပဲ ဖြစ်ပေါ်ခဲ့ပါတယ်။

ဒီနောက်တော့ဘုရားရှင်ရဲ့ ကျေးဇူးတော်အနန္တကို ပူဇော်တဲ့ အနေနဲ့ ကောလိယမင်းသားတို့ ဇနီးမောင်နှံဟာ ဘုရားရှင်နဲ့တကွ သံဃာတော်အရှင်မြတ်တွေကို သူတို့ ရဲ့ နေအိမ်ကို ပင့်ပြီး ခုနစ်ရက်ပတ် လုံး ဆွမ်း၊ ခဲဖွယ်ဘောဇဉ် ချိုချဉ် အရသာအဖြာဖြာတို့ကို ဆက်ကပ် လှူဒါန်းပါတော့တယ်။

မိခင်ရဲ့ ဝမ်းဗိုက်ထဲမှာခုနစ် နှစ်တိတိနေခဲ့ရတဲ့ ရှင်သီဝလိလောင်း လျှာကလေးကိုလည်း မြတ်စွာဘုရား နဲ့ ရဟန်းသံဃာများကို ရှိခိုးစေပါ တယ်။ ဒီအခါမှာ ရှင်သီဝလိလောင်း

အရှင်ဘုရား သာရိပုတြာ
တပည့်တော်အား အဘယ်မှာ ခံ့ကျန်းပါအံ့နည်း၊
မျှတပါအံ့နည်း၊
တပည့်တော်သည် ခုနစ်နှစ်ပတ်လုံး
သွေးအိုင်ထဲ၌ နေခဲ့ရပါသည်။။။။။။။။

လျှာ ခုနစ်နှစ်သား သတို့သားလေး ဟာ ပါရမီရှင်ပီပီ ဘုရားရှင်ရဲ့ လက်ယာတော်ရံမထေရ်မြတ်ကြီးဖြစ်တဲ့ အရှင်သာရိပုတြာနဲ့ အပြန်အလှန် စကားပြောပါတော့တယ်။အရှင်သာရိ ပုတြာမထေရ်မြတ်ကြီးက-

"သူငယ်၊ သင့်အား ခံ့ ကျန်း၏လော၊ မျှတ၏လော၊ ဆင်းရဲ ဒုက္ခကင်းပါ၏လော"လို့ မေးတဲ့အခါ ကလေးငယ်က-

"အရှင်ဘုရား သာရိပုတြာ၊ တပည့်တော်အား အဘယ်မှာ ခံ့ ကျန်းပါအံ့နည်း၊ မျှတပါအံ့နည်း၊ တပည့်တော်သည် ခုနစ်နှစ်ပတ်လုံး သွေးအိုင်ထဲ၌ နေခဲ့ရပါသည်"လို့ ပြန်လည် လျှောက်ထားပါတယ်။ ဒါကိုတွေ့ရတဲ့ မိခင်ဖြစ်သူ သုပ္ပဝါသာ မင်းသမီးဟာ-

"အို . . ငါ့သားလေးဟာ တရားစစ်သူကြီးဖြစ်တဲ့ အရှင်သာရိ ပုတြာမထေရ်မြတ်ကြီးနဲ့ အတူတကွ စကားပြောဆိုနေပါပေါ့လား"ဆိုပြီး ဝမ်းမြောက်ခြင်း၊ နှစ်သက်ရွှင်လန်း ခြင်းတွေ ဖြစ်ခဲ့ပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက သုပ္ပဝါသာမင်းသမီး ရဲ့ နှစ်သက်ရွှင်လန်းဝမ်းမြောက်ခြင်း ကို သိမြင်တဲ့အတွက် မင်းသမီးကို မေးခွန်းထုတ်လိုက်ပါတယ်။

"သုပ္ပဝါသာ၊ သင်သည် ဤသားမှတစ်ပါး၊ ဤသို့သဘောရှိ

သော သားမျိုးကို အလိုရှိသေး သလော”

ဘုရားရှင်ဟာ သဗ္ဗညုတ ဉာဏ်တော်ရှင်ပီပီ ရှေ့နောက်မျှော် တွေးရင်းက သတိပေးချင်တဲ့မေးခွန်း မျိုးသာ မေးတတ်ပါတယ်။ဒါပေမယ့် သုပ္ပဝါသာမင်းသမီးဟာအဲဒီအချိန်မှာ သားကိုချစ်တဲ့ ဇောစိတ်၊ သားနဲ့ ပတ်သက်လို့ ကျေနပ်အားရဂုဏ်ယူ တဲ့ စိတ်တွေက လွှမ်းမိုးနေတာ ကြောင့်(တစ်နည်းအားဖြင့် တဏှာရဲ့ သတ္တိက သူမရဲ့သန္တာန်မှာ ခပ်ပါးပါး ကလေး နေရာယူစပြုနေတာကို သတိမမူလိုက်မိတာကြောင့်)ဘုရား ရှင်က ဘယ်လိုအဓိပ္ပါယ်နဲ့ ဘယ်လို သဘောနဲ့ မေးခွန်းထုတ်လိုက်တယ် ဆိုတာ မမှန်းဆနိုင်တော့ဘဲနဲ့-

“မြတ်စွာဘုရား၊ တပည့်တော်မသည် ဤသားမှတစ်ပါး ဤသို့သော သဘောရှိကုန်သော သားခုနစ်ယောက်တို့ကို အလိုရှိပါသေးတယ်”လို့ ပြန်လည်လျှောက်ထားလိုက်ပါတော့တယ်။

အရှင်သာရိပုတြာမထေရ်မြတ်ကြီးကို စကားပြောနေတဲ့ ခုနစ်နှစ်သား သားငယ်လေးကို မြင်နေရတဲ့ အဆင်းမှတစ်ဆင့် ဖြစ်ပေါ်လာတဲ့ သမုဒယတဏှာဟာ ခုနစ်နှစ်တာ ကိုယ်လေးလက်ဝန် ဆောင်ထားရ တဲ့ ဒုက္ခကြီးကို မေ့စေနိုင်လောက် တဲ့အထိ စွမ်းအားကြီးမားလှပါတယ်။ ဒါတောင်မှ သုပ္ပဝါသာဟာ သာမန် ပုထုဇဉ်အရိုင်းမဟုတ်ပေဘူး။ ပထမ ဆင့် အရိယာဇာတ်ဝင်ပြီးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်ပါ။ ဒါပေမယ့် တဏှာကို အပြီးတိုင်မပယ်သတ်နိုင် သေးတဲ့ အပြစ်ဟာ ဘယ်အထိ ကြီးမားပါသလဲဆိုရင် နောက်ထပ် ဒါမျိုး သားခုနစ်ယောက်တောင်လို ချင်ပါသေးတယ်သတဲ့။

သည် ‘သုပ္ပဝါသာသုတ’ကို ဖတ်နေရတဲ့ သူတောင် ဘေးကထိုင် ကြည့်နေရတဲ့ ပရိသတ်တစ်ဦးအနေနဲ့ မချိတင်ကဲ ခံစားမှုတွေပင် ဖြစ်မိပါ သေးတယ်။ ဩော်. . သည်လောက် ဒုက္ခခံခဲ့ရတာတောင် နောက်ထပ် ခုနစ်ခါထပ်ပြီး ဒုက္ခခံချင်နေသေး တယ်နော်လို့ အားမလို အားမရ ဖြစ်ခဲ့ရင် အဲသည်အချိန်တုန်းက သုပ္ပဝါသာရဲ့ ရှေ့မှောက်မှာ ရောက် နေတဲ့ ဘုရားရှင်ဟာ ဘယ့်လောက် ရင်သပ်ရှုမော ဖြစ်လိုက်လေမလဲ။

တဏှာရဲ့လှည့်စားမှုအပေါ် သတိမမူမိနိုင်တဲ့သုပ္ပဝါသာမင်းသမီး ရဲ့ ဖြစ်အင်ကို ဘုရားရှင်ဟာ မဟာ ကရုဏာဉာဏ်တော်ကြီးနဲ့ တွေးဆ ဆင်ခြင်ရင်း ဘယ်လောက်အထိ သနားကရုဏာဖြစ်တော်မူလိုက်မလဲ ရယ်လို့ တွေးမိပါသေးတယ်။ အဲသည်တော့ ဘုရားရှင် ကျူးရင့် လိုက်တဲ့ ဥဒါန်းကိုပဲ ကြားယောင် ကြည့်ပါတော့-

“မသာယာသော သဘော တရားသည် သာယာဖွယ်အသွင် သဘောဖြင့်လည်းကောင်း၊မချစ်ခင် အပ်သော သဘောတရားသည်ချစ် ခင်ဖွယ်အသွင် သဘောဖြင့်လည်း ကောင်း၊ဆင်းရဲသောသဘောသည် ချမ်းသာဖွယ်အသွင်သဘောဖြင့် လည်းကောင်း မေ့လျော့နေသူကို လွှမ်းမိုးဖိစီး၏”

ဒါကြောင့် တဏှာရဲ့သတ္တိ ဆိုတာ ပေါ့သေးသေး မဟုတ်ဘူးဆို တာ သုပ္ပဝါသာမင်းသမီးရဲ့ လိုအင်နဲ့ တကွ၊ သုပ္ပဝါသာမင်းသမီးရဲ့လိုအင် အပေါ် မူတည်ပြီး ဘုရားရှင်ရဲ့ ဥဒါန်းတော်အဖြစ် နောင်လာနောင် သားတို့ကို အဆုံးအမအဖြစ် ထား ရစ်ခဲ့လေတဲ့ ပရိယတ္တိအမွေအနှစ်မှ တစ်ဆင့် သိမြင်ဆင်ခြင်နိုင်ပါတယ်။

ဒါကြောင့် အချစ်ပိုခြင်းဟာ တဏှာ။ သစ္စာအားဖြင့် သမုဒယ သစ္စာ။ သမုဒယသစ္စာအကြောင်းခံ ရှိမှတော့ ရလာမယ့်အကျိုးတရားက ဒုက္ခသစ္စာ။

အချစ်ပိုတဲ့အတိုင်း မရပြန် တော့ လောကကို အပြစ်ဆိုတတ် ကြပြန်ရော။ လူတွေကို အပြစ်တင် တတ်ကြပြန်ရော။အဲဒီတော့ တဏှာ မှသည် ဒေါသဆိုတဲ့ အနာရောဂါ မြစ်လက်တက်တွေ ပွားလာပြန် ရော။

ဒါကြောင့် သည်ဆောင်းပါး ရေးနေရင်းက ရင်ထဲမှာ ဆုတောင်း တစ်ခု အလိုလိုရောက်လာတာကို လည်း သတိထားနေမိပါတော့တယ်။

“သမုဒယသစ္စာ ဖြစ်စေ တတ်သောလူမှုပတ်ဝန်းကျင်တွင် နေထိုင်နေရလင့်ကစားသတိပဋ္ဌာန် ဝိပဿနာတရားတော်မြတ်၏ကျေး ဇူးကြောင့် အချစ်ပိုခြင်း၊ အပြစ်ဆို ခြင်း အလျှင်းကင်းသည့်သူအဖြစ် သို့ လျင်မြန်စွာ ရောက်ရပါလို၏ အရှင်ဘုရား”

■ မြသန်းစံ
၁၁-၇-၂၀၀၄

ကျမ်းကိုး-

ခုဒ္ဒကနိကာယ်၊ဥဒါန်းပါဠိ တော်၊ မြန်မာပြန်။



ဂုရုကြီး ဦးဂိုအင်ကာ၏ မေတ္တာဘာဝနာ

ကိုရင်တန်

ဂုရုကြီး ဦးဂိုအင်ကာ ဦးဆောင်တည်ထောင်သည့် ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ။

ဤရိပ်သာ၏ ဂုဏ်သတင်းထုံသင်းပျံ့နံ့မှုကို ကြားသိနေရ၍ လေ့လာလိုသဖြင့် စာရေးသူသည် (၁၀)ရက်တရားစခန်းပတ်ဝင်ရောက် အားထုတ်ခဲ့သည်။

စခန်းဝင် ယောဂီတိုင်းသည် စည်းကမ်းချက်များစွာပါဝင်သော ဝင်ခွင့်လျှောက်လွှာကို ဖြည့်စွက်ရသည်။ ယောဂီများ လိုက်နာရန်စည်းကမ်းချက်များတွင်-

- (၁၀)ရက်ကာလပတ်လုံး တရားစခန်းအတွင်း၌သာနေရမည်။ ပြင်ပသို့ ထွက်ခွင့်လုံးဝမရှိ။

- ယောဂီအချင်းချင်း စကားလုံးဝမပြောရ၊ ဆိတ်ငြိမ်စွာ တရားအားထုတ်ရမည်။

- နေရာချထားခြင်း၊တရားထိုင်ခြင်း၊ စားသောက်ခြင်း၊ အနားယူခြင်းစသည်များ၌ အမျိုးသားနှင့် အမျိုးသမီးတို့သည် သီးခြားစီဖြစ်သည်။ ရောနှောမှုမရှိရ။

- အဆောင်များ၊ လက်ဖွဲ့များ၊ သိဒ္ဓိတင်ထားသော ပစ္စည်းများကို ယူမလာရ။

- ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ။

- စာရေးခြင်း၊ စာဖတ်ခြင်းများကို ခွင့်မပြု။

- အသက်သတ်လွတ် အစားအစာကိုသာ စားသောက်ရမည်။ စားသောက်စရိတ်ပေးရန် မလိုပါ။ တရားအားထုတ်ပြီးမှသာ မိမိ၏ စေတနာအလျောက် လျှဒါန်းနိုင်ပါသည်။

- ပြင်ပမှ အစားအသောက်များ ယူလာခြင်း၊ လာပို့ခြင်းများမပြုလုပ်ရပါ။

- မိမိကြောင့် အခြားယောဂီများအား အနှောင့်အယှက်ဖြစ်စေမည့်၊ ဓမ္မအန္တရာယ်ဖြစ်စေမည့် အပြုအမူမှန်သမျှ ရှောင်ရှားကြရမည်။

တရားကို တကယ်လိုလိုလားလား အားထုတ်လိုသူများအတွက် အလွန်လိုအပ်သော စည်းကမ်းချက်များဖြစ်ရာ များစွာသဘောကျမိသည်။လိုက်နာရမည့်စည်းကမ်းချက်

များ တိကျမှန်ကန်သကဲ့သို့ ယောဂီ
များကို နေရာချထားရာတွင်လည်း
စနစ်တကျ စီစဉ်သတ်မှတ်ထားသည်။
အဆောင်တွင် အိပ်ရာနံပါတ်စဉ်
အတိုင်း ချထားသည်။ သက်ကြီး
ယောဂီများနှင့်နိုင်ငံခြားသားယောဂီ
များကို အိပ်ခန်း၊ ရေချိုးခန်း၊အိမ်သာ
တွဲထားသော သီးသန့်အခန်းများတွင်
နေရာချထားသည်။

စတင်ဝင်ရောက်သောနေ့
တွင် ညနေစာအဖြစ် ကြာဆံကြော်
နှင့် ကော်ဖီတိုက်ကျွေးသည်။ ထို့
နောက် စည်းကမ်းချက်များကို ရှင်း
ပြသည်။ ည (၈)နာရီတွင် တရား
စခန်းဖွင့်ပွဲကျင်းပသည်။ တရားအား
ထုတ်ရမည့် ဓမ္မခန်းမတွင် နေရာချ
ထားရာ၌လည်း ယောဂီတစ်ဦးချင်း
စီ၏ အမည်၊ အသက် ရေးကပ်ထား
သော တရားထိုင်မွေ့ရာအသီးသီး
တွင် ထိုင်ကြရသည်။

တရားစခန်းဖွင့်ပြီးနောက်
တွင် ယောဂီများ စကားလုံးဝမပြော
ရတော့ချေ။ ဓမ္မလုပ်သားများက
ယောဂီများကို စောင့်ကြည့်နေကြ
သည်။ ကိစ္စရှိလျှင် သူတို့နှင့် ဆက်
သွယ်ရသည်။ ယောဂီများအတွက်
ဝေယျာဝစ္စမှန်သမျှ သူတို့လုပ်ပေးကြ
သည်။ ဤရိပ်သာ၏ ထူးခြားချက်
တစ်ရပ်မှာ လုပ်အားဒါနပြုသည့် ဓမ္မ
လုပ်သားထားရှိခြင်းဖြစ်သည်။ရိပ်သာ
၏ လက်ကမ်းစာစောင်တွင် ဓမ္မ
လုပ်သားဆောင်ရွက်ရန်နှိုးဆော်ထား
ချက်ကို ဤသို့ တွေ့ရသည်-

မိမိ၏ ခွန်အားနှင့်အချိန်ကို
ဒါနပြုခြင်းသည် အလွန်မွန်မြတ်
လှ၍ အလွန်အရေးကြီးသော ဒါန
ဖြစ်ပါသည်။ နည်းပြဆရာများ၊ ဓမ္မ
လုပ်သားများသည် စေတနာ့ဝန်ထမ်း
များ ဖြစ်ကြပါသည်။ ရိပ်သာတွင်
တရားပတ်အချိန်ပြည့်သော်လည်း
ကောင်း၊ရက်ပိုင်းသော်လည်းကောင်း၊
အမျိုးသားနှင့် အမျိုးသမီးယောဂီ
ဟောင်းများ ရိပ်သာတွင် စေတနာ့
ဝန်ထမ်း အမှုထမ်းဆောင်နိုင်ကြပါ
သည်။

ဓမ္မလုပ်သားများ၏ လုပ်
အားကြောင့် သောက်ရေအိုးများ ရေ
အပြည့်၊အိမ်သာများ သန့်ရှင်းပြီးသား၊
စကြီ်လမ်းများ အမှိုက်သရိုက်မရှိ၊
စားသောက်ချိန်တွင် စားသောက်
ဖွယ်ရာများ အသင့်ပြင်ဆင်ပြီးသား
တွေ့ရသည်။ စားသောက်ရာတွင်
ကိုယ်တိုင်ယူ (ဘူဖေး)စနစ်ဖြင့် စား
သောက်ရသည်။

ပထမနေ့မှစ၍အချိန်ဇယား
အတိုင်း နံနက်(၄)နာရီအိပ်ရာမှထရ
ပြီး၊ စားသောက်ချိန်၊ နားချိန်မှအပ
ဆက်တိုက်အားထုတ်ရသည်။ တစ်
ချိန်နှင့်တစ်ချိန် (၅)မိနစ်သာ ခေတ္တ
နားပေးသည်။ ည (၉)နာရီခွဲတွင်မှ
အိပ်ရာဝင်ရသည်။ တစ်နေ့တာ
အားထုတ်ချိန် စုစုပေါင်းမှာ (၁၂)
နာရီရှိသည်။

ပထမ (၄)ရက်၌ သမထ
(အာနာပါန)ကို ရှုမှတ်၍ သမာဓိတည
ဆောက်ရသည်။ (၄)ရက်နေ့ မွန်းလွဲ
ပိုင်းမှစ၍ ကျန်ရက်များတွင် ဝိပဿ
နာကို ရှုမှတ်ပွားများရသည်။ဝိပဿနာ
ရှုမှတ်ရာတွင် အနာဂါမ်ဆရာသက်
ကြီးနည်းအတိုင်း ငယ်ထိပ်မှ ခြေဖျား
အထိ ခန္ဓာကိုယ်အနှံ့ တစ်နေရာပြီး
တစ်နေရာ ရွှေ့၍၊ ရွှေ့၍ စူးစူးစိုက်
စိုက် ရှုကြည့်ရသည်။ သမာဓိအား
ကောင်းသူများသည် ငယ်ထိပ်နေရာ၌
လှုပ်လှုပ်ရွရွ (ပိုးကောင်ငယ်သွား
နေသည့်ပမာ) စတင်တွေ့ရှိခံစားရ
သည်။ နောက် တစ်ကိုယ်လုံးတွင်
စက္ကန့်မပြတ် တရစပ်လှုပ်လှုပ်ရွရွ
မွမွတစ်မျိုး၊ အေးပြီး ပူပြန် ဖောက်
ပြန်နေမှုတစ်ဖုံ ဖြစ်ပျက်နေပုံကို
ဉာဏ်ဖြင့်မြင်အောင်ရှုကြည့်ရသည်။
ဖြစ်ပေါ်လာသော ဝေဒနာကို အနိစ္စ
စသည့် လက္ခဏာတင်၍ ဆင်ခြင်
ပွားများရသည်။

နေ့စဉ် ညတွင် တစ်နာရီခွဲ
ခန့် တရားနာရသည်။ တစ်နေ့တာ
တရားအားထုတ်မှုကို ပြန်လည်ရှင်းပြ
သည့် ဟောကြားချက်များဖြစ်သည်။
ဥပမာဝတ္ထုပုံပြင်များမှာ လွန်စွာ
မှတ်သားဖွယ်ရာ ကောင်းလှသည်။

ထို့အပြင် တောင်ကုန်းပေါ်
ရှိ စေတီဂူခန်းများတွင် ယောဂီများ
အလှည့်ကျ တရားထိုင်ရသည့်အချိန်
များ သတ်မှတ်ပေးထားသည်။
တစ်ဦးလျှင် တစ်ခန်းစီသတ်မှတ်ပေး
သော အခန်းအမှတ်တွင် ထိုင်ရသည်။

(၁၀)ရက်မြောက်နေ့နံနက်
(၉)နာရီတွင်မေတ္တာဘာဝနာပွားများ
နည်းကို ပို့ချရာ တစ်နာရီခွဲခန့်ကြာ
သည်။ ဂုရုကြီး၏ မေတ္တာဘာဝနာ
ပွားများပုံမှာ နှလုံးသားထဲမှာ လှိုက်
လှိုက်လှဲ့လှဲ့ လေးလေးနက်နက်ပို့သ
ခြင်းဖြစ်သည်။ ကဗျာရွတ်၊ စာဖတ်
သဘော မေတ္တာပို့သခြင်းမျိုးမဟုတ်
ချေ။ မေတ္တာပို့သနေစဉ် ဓမ္မခန်းမ
အတွင်း မေတ္တာမာတ်လွှမ်းနေသည်
ဟု ထင်ရလောက်အောင် စိတ်နှလုံး
အေးငြိမ်းမှုခံစားကြရသည်။ဂုရုကြီး၏
လေးနက်သော မေတ္တာပို့သသံကို
ကြားနာရသည်မှာ မျှားစွာကြည်နူး
ပီတိဖြစ်ကြရသည်။

မေတ္တာစိတ်အပြည့်ဖြင့် ဂုရု
ကြီး ဦးဂိုအင်ကာပို့သသော မေတ္တာ
ဘာဝနာမှာ-

(၁) အကျွန်ုပ်သည် အမျက်ဒေါသထွက်ခြင်း၊ မလိုမုန်းတီးခြင်း၊ သဘောဆိုးယုတ်ခြင်း၊ ရန်ညှိုးဖွဲ့ခြင်းတို့မှ (လွတ်မြောက်ရပါစေသတည်း)၂။

(၂) အကျွန်ုပ်သည် ခင်မင်မေတ္တာထားခြင်း၊ စိတ်ကောင်းစေတနာထားခြင်း၊ စိတ်အေးချမ်းမြဲခြင်း၊ သမ္မစိတ္တရှိခြင်းများ(ပွားများနိုင်ပါစေ သတည်း)၂။

(၃) သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်၏ အေးချမ်းမှု၊ ကျွန်ုပ်၏ ဓမ္မစိတ္တတို့ကို (ရယူနိုင်ကြပါစေသတည်း)၂။

(၄) သတ္တဝါအပေါင်း အားလုံးတို့ ကျွန်ုပ်၏ ကုသိုလ်ကောင်းမှုအစုစုတို့ကို၊ ကျွန်ုပ်၏ တရားဓမ္မတို့ကို (ရယူနိုင်ကြပါစေသတည်း)၂။

(၅) သတ္တဝါအပေါင်းတို့ အမျက်ဒေါသထွက်ခြင်း၊မလိုမုန်းတီးခြင်း၊ ရန်ညှိုးဖွဲ့ခြင်း၊ သဘောဆုတ်ယုတ်ခြင်းတို့မှ (လွတ်မြောက်ကြပါစေ)၂။

(၆) သတ္တဝါအပေါင်းတို့ (ချမ်းသာကြပါစေ)၂။

(၇) သတ္တဝါအပေါင်းတို့ (အေးငြိမ်းကြပါစေ)၂။

(၈) သတ္တဝါအပေါင်းတို့ (သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ကြပါစေ)၂။

(၉) ကျွန်ုပ်သည် သတ္တဝါအားလုံးတို့အပေါ်၌ ဖြူစင်သည့် မေတ္တာ၊ အတိုင်းမသိသည့်မေတ္တာ ကရုဏာများ (ပွားများနိုင်ပါစေသတည်း)၂။

(၁၀) လူအပေါင်းတို့ခံစား၍ နေကြရသောဆင်းရဲဒုက္ခအပေါင်းတို့မှ လွတ်မြောက်ကြပါစေရန် တရားစစ်၊ တရားမှန်များတို့သည် ကမ္ဘာတစ်ဝန်းလုံးသို့ (ပျံ့နှံ့ပွားများနိုင်ပါစေသတည်း)၂။

(၁၁) ၃၁-ဘုံအလုံးစုံ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့ တရားဓမ္မကို သိတွေ့ကြပြီး၊ ဆင်းရဲဒုက္ခအပေါင်းတို့မှ (လွတ်မြောက်ကြပါစေသတည်း)၂။

(၁၂) လူအများတို့၏ ကောင်းစားရေး၊အကျိုးကျေးဇူးခံစားနိုင်ရေးအတွက် တရားစစ်၊ တရားမှန်များသည် ကျွန်ုပ်တို့၏ ဤဓမ္မတိုင်းနိုင်ငံ၊ ဓမ္မနယ်မြေမှ ပေါ်ထွက်ထွန်းကား၍ ကမ္ဘာတစ်ဝန်းလုံးသို့ (ပြန့်ပွားနိုင်ပါစေသတည်း)၂။

(၁၃) မြန်မာပြည်သူ ပြည်သားအားလုံးတို့အား ကျွန်ုပ်၏ ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါ၏။ (ရယူနိုင်ကြပါစေ)၂။ ကျွန်ုပ်၏ အေးငြိမ်းမှု၊ ကျွန်ုပ်၏ သမ္မစိတ္တတို့ကိုလည်း (ခံစားနိုင်ကြပါစေသတည်း)၂။

(၁၄) ဤတိုင်းပြည်၏ အကြီးအကဲပုဂ္ဂိုလ်များအားလည်း ကျွန်ုပ်၏ ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါ၏။ (ရယူနိုင်ကြပါစေ)၂။ ၎င်းတို့လည်း ချမ်းသာကြပါစေ၊ အေးငြိမ်းကြပါစေ၊ (သမ္မစိတ္တရှိကြပါစေ)၂။

(၁၅) တရားဓမ္မ၏ ရောင်ခြည်များသည် ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့လွှမ်းမိုးပြီး ကမ္ဘာတစ်ဝန်းလုံးရှိ မသိမှုအဝိဇ္ဇာ အမိုက်မှောင်တိုက်ကြီးကို ဖျက်ဆီးဖယ်ရှားပြီး ဓမ္မရောင်ခြည်များသည် (ထွန်းလင်းတောက်ပနိုင်ပါစေသတည်း)၂။

(၁၆) သတ္တဝါအပေါင်းတို့ (ချမ်းသာကြပါစေ၊ အေးငြိမ်းကြပါစေ၊ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ကြပါစေ)၂။

(၁၇) အတိဒုက္ခတွေ အပြည့်ရှိနေတဲ့ ဒီကမ္ဘာကြီးမှာ တကယ်ကို စိတ်ချမ်းသာတယ်၊ ကိုယ်ချမ်းသာတယ်ဆိုတဲ့ လူကို မတွေ့ရသေးပါဘူး။ တရားစစ်၊ တရားမှန်တွေ ပေါ်ပေါက်ထွန်းကားလာပြီးတော့ အတိဒုက္ခရောက်နေတဲ့လူတွေက ဒုက္ခမှကင်းလွတ်ကြပြီးတော့ စိတ်အေးချမ်းသာခြင်း၊ကိုယ်အေးချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေ၊ တရားစစ်၊ တရားမှန်တွေ (ထွန်းကားပါစေ)၂။

(၁၈)အရပ်ဆယ်မျက်နှာ၌ သတ္တဝါအားလုံး ချမ်းသာသုခနှင့် ပြည့်စုံကြပါစေ။ အကျွန်ုပ်ပြုခဲ့သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဝကို သတ္တဝါအားလုံး အမျှယူနိုင်ကြပါစေ။

ဘဝတုသဗ္ဗမင်္ဂလံ-ခပ်သိမ်းကုန်သော မင်္ဂလာသည် ဖြစ်ပါစေသတည်း။

မေတ္တာဘာဝနာပွားများပြီးသောအချိန်နောက်ပိုင်းတွင် ယောဂီများကို စကားပြောခွင့်ပြုသည်။ စေတနာအလျောက် လျှုဒါန်းလိုသူများ လျှုဒါန်းနိုင်ရန် အလျှုခံဌာနကိုလည်း တစ်နာရီခန့်ဖွင့်လှစ်ထားသည်။ အလျှုခံဌာနဖွင့်လှစ်သော်လည်း ယောဂီများကို လျှုဒါန်းရန် စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်းလုံးဝမရှိ၊ လျှုဒါန်းမှုကိုလည်း ကြော်ငြာခြင်း၊ ဆိုင်းဘုတ်တင်ခြင်း မရှိချေ။ နေ့စဉ် အာဟာရသုံးဆောင်ရာတွင် ရေခဲမုန့်၊ ကိတ်မုန့်၊ သစ်သီးအချိုပွဲများ တစ်

တရားစခန်းဖွင့်ပြီးနောက်တွင် ယောဂီများ စကားလုံးဝမပြောရတော့ချေ။ ဓမ္မလုပ်သားများက ယောဂီများကို စောင့်ကြည့်နေကြသည်။ ကိစ္စရှိလျှင် သူတို့နှင့် ဆက်သွယ်ရသည်။ ယောဂီများအတွက် ဝေယျာဝစ္စမှန်သမျှ သူတို့လုပ်ပေးကြသည်။ ဤရိပ်သာ၏ ထူးခြားချက်တစ်ရပ်မှာ လုပ်အားဒါနပြုသည့် ဓမ္မလုပ်သား ထားရှိခြင်းဖြစ်သည်။

မျိုးမဟုတ် တစ်မျိုးစားသုံးရသော်လည်း လျှုဒါန်းသူအမည်ကို ကြော်ငြာခြင်းမရှိ၍ မသိရချေ။ လူသိများ ထင်ရှားစေဖို့ထက် စေတနာထား လျှုဒါန်းခြင်းကိုသာ လိုလားသည်။ ပကာသနအလျှုမဖြစ်စေလို။ အလျှုကြောင့် သက္ကာယဒိဋ္ဌိ မဖြစ်စေလိုသည့် သဘောဟု သိရသည်။

(၁၀)ရက် တရားစခန်းဖြစ်သော်လည်း (၁၀)ရက်ပြည့်သော ညနေတွင် လုံးဝပြန်ခွင့်မပြု။ နောက်နေ့ နံနက်တွင် တရားတစ်ချိန်ထိုင်၊ စခန်းသိမ်းပြီးနောက် နံနက်စာ စားသောက်ပြီးမှ ပြန်ကြရသည်။

ဤကား ဓမ္မဇောတိ ဝိပဿနာရိပ်သာ၏ (၁၀)ရက် တရားစခန်းအတွေ့အကြုံကို အမြွက်မျှ တင်ပြခြင်းဖြစ်ပါ၏။ဘာဝနာအလုပ်ကို ကြိုးကြိုးစားစား လုပ်လိုသူများအတွက် တကယ်လုပ်နိုင်အောင် အဘက်ဘက်မှ လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ထားသော ရိပ်သာဖြစ်ပါ၏။

ယခုကာလတွင် ကမ္မဋ္ဌာန်းရိပ်သာများစွာရှိသော်လည်း စဉ်ဆက်မပြတ် တရားစခန်းဖွင့်သော ရိပ်သာကား ရှားပါးလှသည်။တစ်လတွင် တစ်ကြိမ်၊ နှစ်ကြိမ်ဖွင့်သော ရိပ်သာ၊ တစ်နှစ်တွင်သုံးလေးကြိမ် ဖွင့်သော ရိပ်သာတို့သာ များလေသည်။ ဓမ္မဇောတိရိပ်သာကား စဉ်ဆက်မပြတ်ဖွင့်သော ရိပ်သာဖြစ်သည်။ တရားတစ်ပတ်နှင့်တစ်ပတ်ကြားတွင် တစ်ရက် (သို့မဟုတ်)နှစ်ရက်သာ နားလေသည်။တရားပတ်များ ဖွင့်လှစ်မည့်နေ့ရက်စာရင်းကို လည်း ပုံနှိပ်ပြီး ဖြန့်ဝေပေးသဖြင့် မိမိဝင်ရောက်လိုသည့်တရားပတ်တွင် ဝင်ရောက်ရန် ကြိုတင်စီစဉ်ပြင်ဆင်နိုင်သည်။

ဓမ္မဇောတိရိပ်သာ၏ တစ်နှစ်ကာလအတွင်း ဖွင့်လှစ်သည့် တရားပတ်များကို စိစစ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရသည်-

- လူများအတွက် (၁၀)ရက် တရားပတ် (၁၈)ပတ်၊
- သံဃာများအတွက်(၁၀)ရက် တရားပတ် (၂)ပတ်။
- သတိပဋ္ဌာန် (၈)ရက်၊ တရားပတ် (၂)ပတ်။
- (၃)ရက် တရားပတ်၊ (၃)ပတ်။
- (၁)ရက် တရားပတ်၊(၇)ပတ်။

အို . . . ဓမ္မမိတ်ဆွေ

- (၁၀)ရက်အတွင်း လုံးဝ စကားမပြောဘဲနေရသည့် အတွေ့အကြုံကို ခံစားလိုကြားအံ့။
- (၁၀)ရက်ကြာ မျှတသော သက်သတ်လွတ်အာဟာရကို မှီဝဲသုံးဆောင်လိုကြားအံ့။
- (၁၀)ရက်ကြာ ပြင်ပနှင့် လုံးဝအဆက်အသွယ်ဖြတ်နေလိုကြားအံ့။
- မြင့်မြတ်သော ဂူခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာတရားထိုင်လိုကြားအံ့။
- ခန္ဓာကိုယ်၏ ဖြစ်-ပျက်ကို ဘာဝနာမယဉာဏ်ဖြင့် သိမြင်လိုကြားအံ့။

ဓမ္မဇောတိဝိပဿနာရိပ်သာသို့ တရားပတ်ဝင်ရောက်အားထုတ်ကြည့်စမ်းပါဟု တိုက်တွန်းပါ၏။

■ကိုရင်တန်

လူဖြစ်မရှုံးစေဖို့ သစ်တုံးကို ပမာပြုရှောလေသလား

အရှင်သီလာနန္ဒ

ဂဂ်ါမြစ်ရေတို့သည် မြစ်အတွင်းပြည့်လျှမ်းနေသည်။ မိုးဦးကျရာသီပမာ ရှိချေပြီ။ ရေစီးကလည်း သန်လှသည်။ ရေအဟုန်ကလည်း ပြင်းထန်လှသည်။ အစီးကသန် အဟုန်ထန်လှသည့် မြစ်ရေထဲတွင် မမောနိုင်မပန်းနိုင်ဘဲ မြုပ်ချည်ပေါ်ချည်နှင့်သူ့ခရီးသူနှင်နေသည်။

လှိုင်းလုံးကြီးများကလည်း မြစ်ရေပြင်ပေါ်သို့ ဖြတ်သန်းတိုက်ခတ်လာသော လေတို့ကို အားကိုးအားထားပြု၍ သူ့ကို နှိပ်စက်နေသယောင် ရှိ၏။ လှိုင်း၊ လေတွေကြားတွင် ဒိုက်ပုံ၊ ဒိုက်ဖတ်များနှင့် အမှိုက်သရိုက်တို့ကို အဖော်ပြု၍ လိမ့်လိမ့် လိမ့်လိမ့်နှင့် သူ့ခမျာ မျောပါလာ၏။

ဤအချင်းအရာတို့ကို သစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားက မျက်ဝါးထင်ထင် မြင်တော်မူ၏။ သူသည် မည်သူနည်း။ သစ်တုံးကြီး တစ်တုံးပင်တည်း။

မြတ်စွာဘုရားသည် လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံးတို့ကို သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ထုတ်ဆယ်ကယ်တင်ရန်အလို့ငှာ လေးသခြေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ ပေါ်ပေါက်ပွင့်ထွန်းလာရသော ဗုဒ္ဓဖြစ်သည်။ ဗုဒ္ဓသည် ချမ်းသာခြင်း အစစ်အမှန်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိနိုင်အောင် ကောင်းစွာ လမ်းညွှန်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်သည်နိဗ္ဗာန်ဖြစ်၏။ "သန္တိ လက္ခဏံ နိဗ္ဗာနံ" ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း ကင်းရာသည် နိဗ္ဗာန်၏လက္ခဏာ ဖြစ်သည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရန် မဂ္ဂိမပဋိပဒါ အကျင့်မြတ်ကိုကျင့်ရမည်။ မဂ္ဂိမပဋိပဒါ အကျင့်ဟူသည်မှာ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးကို ခေါ်သည်။ မှန်ကန်စွာသိမြင်သော ဉာဏ်အမြင်ကို သမ္မာဒိဋ္ဌိဟုခေါ်သည်။ သမ္မာဒိဋ္ဌိသည် အဓိကအားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ စတုသစ္စ သမ္မာဒိဋ္ဌိဟူ၍ သုံးမျိုးရှိသည်။

သတ္တဝါတို့သည် မိမိတို့ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံအလျောက် ကောင်းကျိုး ဆိုးပြစ်များကို ခံစား၊ စံစားရသည်။ ထို့ကြောင့် ကံသာလျှင် မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟု သိမြင်ကြသည်။ ဤသို့ သိမြင်ခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဟု ခေါ်ပါသည်။

အထက်တန်းစား ဗုဒ္ဓဘာသာဝင်တို့ သိအပ်သော ဆင်းရဲခြင်းဒုက္ခကို သိမြင်ခြင်း၊ ဒုက္ခဖြစ်ကြောင်းကို သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ကို သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌ သိမြင်ခြင်းတို့ကို စတုသစ္စ သမ္မာဒိဋ္ဌိဟု ခေါ်ပါသည်။

နိဗ္ဗာန်သို့သွားရမည့် သံသရာခရီးသည် ရှည်လည်း ရှည်၏။ ဘေးရန် အန္တရာယ်များလည်း ဘဝတိုင်းတွင် များလှ၏။ သို့သော် မဂ်ဥဿင်ဆိုက်ရောက်၍ သစ္စာလေးပါးကို သိသွားသည့် ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် မည်သည့်ဘေးရန် အန္တရာယ်မျှ ကြောက်ရန်မလိုပေ။

ဘုရားရှင်သည် လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံးတို့ကို ဘေးရန်အန္တရာယ်များမှ လွတ်ကင်းနိုင်ရန်အလို့ငှာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ခြင်းဖြစ်သည်။ သစ္စာလေးပါး မြတ်တရားကို မသိသေးသမျှ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းတွင် ဤသို့ဤနှယ်သော ဘေးရန်အန္တရာယ်များ ရှိကြောင်းကို ဥပမာ၊ ဥပမေယျများဖြင့် လူဖြစ်မရှုံးစေရန် သစ်တုံးကို ပမာပြု၍ ဟောကြားထားသည့် ဒါရုက္ခန္ဓောပမသုတ္တန် တရားတစ်ပုဒ်ကိုလည်း သတိရမိသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သံဃာများစွာ ခြံရံ၍ ကောသမ္မီမြို့အနီး ခရီးဒေသစာရီ ကြွခိုတော်မူသည်။ ဂဂ်ါမြစ်ကမ်းတစ်နေရာ တောအုပ်တောတန်းကလေး၏ အနီးအပါးသို့ ရောက်ရှိသွား၏။

မြစ်ကမ်းတစ်နေရာအရောက်တွင် ခရီးအပန်းဖြေလိုသဖြင့် ထိုင်လိုသော အမူအရာပြတော်မူပါသည်။ ထိုအခါ ဘုရားရှင်၏ အလုပ်အကျွေး သံဃာတစ်ပါးသည် မြတ်စွာဘုရားအတွက် သစ်ပင်ရင်းတွင် နေရာတစ်ခု ခင်းကျင်းပေးပါသည်။ ဘုရားရှင်သည် တောအုပ်တောတန်းကို ကျော်ပေး၍ အနီးရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဂဂ်ါမြစ်ကို မျက်နှာမူလျက် သီတင်းသုံးတော်မူ သည်။ အတူပါလာသော သံဃာတော် အရှင်မြတ်တို့သည် မြတ်စွာဘုရားဘက်ကို အာရုံပြု၍ ဝဲဘက်က တချို့၊ ယာဘက်က တချို့ ခြံရံပြီး သီတင်းသုံးတော်မူကြပါသည်။ ဂဂ်ါမြစ်ရေပြင်ကြီးသည် ဘုရားရှင်နှင့်တကွ သံဃာတော်တို့၏ ရှုခင်းသဖွယ် ဖြစ်နေပါသည်။

ဘုရားရှင်နှင့် သံဃာတော်မြတ်အပေါင်းတို့ သီတင်းသုံးရာအနီး တောအုပ်တောတန်း၏ တစ်နေရာတွင် စိမ်းလန်းစိုပြည်နေသည့် မြက်ခင်းကလေးတစ်ခု ရှိပါသည်။ ဤမြက်ခင်းကို နွားတို့ စားသောက်ကျက်စား

ရာ "စားကျက်"ဟုခေါ်သည်။ ထိုစားကျက်တွင် နွားအုပ်ကြီးတစ်အုပ်ကို ကျောင်းနေသော "နန္ဒ"အမည်ရှိသည့် နွားကျောင်းသား တစ်ယောက်လည်း ရှိနေပါသည်။

ဘုရားရှင် ကိုယ်တော်မြတ်သည် ဂင်္ဂါမြစ်၏ ရေစီးဆင်းပုံတို့ကို အာရုံပြုကြည့်တော်မူသည့်အခါ သစ်တုံးကြီးတစ်တုံးကို တွေ့မြင်ပါသည်။ ဤသစ်တုံးကြီးကို အကြောင်းပြု၍ မိမိ၏ ဝဲယာတွင် ခြံရံ၍ ထိုင်နေတော်မူသော သံဃာတော်အရှင်မြတ်တို့အား တရားတစ်ပုဒ်ဟောရန် အကြံဖြစ်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်သည် လက်ယာလက်ကို ဆန့်တန်းလျက် ဂင်္ဂါမြစ်ထဲ၌ တလိမ့်လိမ့် မျောပါလာသည့် သစ်တုံးကြီးကို လက်ညှိုးညွှန်ပြတော်မူသည်။

ဘုရားရှင်၏ လပြည့်ဝန်းကဲ့သို့ တင့်တယ်သပ္ပါယ်တော်မူသည့် ရွှေမျက်နှာတော်ကို ဖူးမြော်နေရင်းမှ ကြယ်တာရာများပမာ ခြံရံနေကြသော သံဃာတော်အရှင်သူမြတ်အပေါင်းတို့၏ မျက်လုံးတော်အစုံသည် ဘုရားရှင် ညွှန်ပြရာဖြစ်သည့် ဂင်္ဂါမြစ်ထဲမှ သစ်တုံးကြီးကို အသေအချာစူးစိုက်၍ ကြည့်ရှုတော်မူလိုက်ကြပါသည်။ ကြည့်လိုက်သည်နှင့်အမျှ တလိမ့်လိမ့် မျောလာသည့် သစ်တုံးကြီးကို မြင်ရသည့်အတွက်ကြောင့် "တပည့်တော်တို့ မြင်ရပါသည်ဘုရား"ဟု ပြန်လည်လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က "ချစ်သားတို့ . . . သင်ချစ်သားတို့ မြင်ရသည့် သစ်တုံးကြီးသည် ဤမှာဘက်ကမ်းသို့ ကပ်ခြင်း၊ထိုမှာဘက်ကမ်းသို့ ကပ်ခြင်း၊ရေလယ်၌ မြုပ်ခြင်း၊ သောင်တင်ခြင်း၊ လူဆယ်ခံရခြင်း၊ နတ်ဆယ်ခံရခြင်း၊ ဝဲစုပ်ခံရခြင်း၊ အတွင်းပုပ်ဆွေး ပျက်စီးခြင်း ဟူသော အပြစ်ရှစ်ချက်နှင့် လွတ်ကင်းနေမည်ဆိုလျှင် ပင်လယ်သမုဒ္ဒရာတိုင်အောင် ဂင်္ဂါမြစ်ရေနှင့်အတူ စီးဝင်ပြီး ပါသွားလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဂင်္ဂါမြစ်ရေသည် ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်အောင် စီးဆင်းနေသည့်အတွက်ကြောင့် ဖြစ်ပေသည်"ဟု ဟောတော်မူသည်။

မှန်ပေ၏။ ဘုရားရှင်၏ စကားရပ်ကို တစ်ခန်းတစ်ကဏ္ဍသပ်၍ ကြည့်မည်ဆိုလျှင် ဥပမာ(၁၁)ခုကို တွေ့ရသည်။ ၎င်းတို့မှာ ရေများစီးဆင်းနေသည့် ဂင်္ဂါမြစ်ကြီးသည် တစ်ခု၊ ယင်းမြစ်၏ အဆုံးဖြစ်သည့် ပင်လယ်သမုဒ္ဒရာကြီးသည် တစ်ခု၊ ဂင်္ဂါမြစ်ရေအဟုန်နှင့် အတူတကွ မျောပါစီးဆင်းလာသော သစ်တုံးကြီးသည် တစ်ခု၊ ဤ(၃)ခုနှင့် သစ်တုံးကြီးသည် ဤမှာဘက်ကမ်းသို့ ကပ်ခြင်း၊ ထိုမှာဘက်ကမ်းသို့ ကပ်ခြင်း၊ ရေလယ်၌ မြုပ်ခြင်း၊ သောင်တင်ခြင်း၊ လူဆယ်ခံရခြင်း၊ နတ်ဆယ်ခံရခြင်း၊ ဝဲစုပ်ခံရခြင်း၊ အတွင်းပုပ်ဆွေးခြင်း ဟူသော ဘေးအန္တရာယ် (၈)ချက်၊ စုစုပေါင်း(၁၁)ချက်ကို တွေ့ရသည်။

ဘုရားရှင်သည် ဥပမေယျများအဖြစ် ဆက်လက်ဟောသည်မှာ "ချစ်သားတို့ . . . သင်ချစ်သားတို့သည်လည်း ဂင်္ဂါရေအဟုန်တွင် မျောပါလာသည့် သစ်တုံးကြီးကဲ့သို့ ဤမှာဘက်ကမ်းသို့ ကပ်ခြင်း မရှိခဲ့လျှင်လည်းကောင်း၊ ထိုမှာဘက်ကမ်းသို့ကပ်ခြင်း မရှိခဲ့လျှင်လည်းကောင်း၊ ရေလယ်၌ မြုပ်ခြင်း မရှိခဲ့လျှင်လည်းကောင်း၊ သောင်တင်ခြင်း မရှိခဲ့လျှင်လည်းကောင်း၊ လူဆယ်ခံရခြင်း မရှိခဲ့လျှင်လည်းကောင်း၊ နတ်ဆယ်ခံရခြင်း မရှိခဲ့လျှင်လည်းကောင်း၊ ဝဲစုပ်ခံရခြင်း မရှိခဲ့လျှင်လည်းကောင်း၊ အတွင်းပုပ်ဆွေးပျက်စီးခြင်း မရှိခဲ့လျှင်လည်းကောင်း သင်ချစ်သားတို့သည် နိဗ္ဗာန်သို့ ရောက်ကြလိမ့်မည်။ ဤသို့သော ဘေးအန္တရာယ်ရှစ်မျိုးမှ လွတ်ကင်းအောင် ရှောင်ရှားနိုင်မည်ဆိုလျှင် နိဗ္ဗာန်တိုင်အောင် ရောက်ကြမည်"ဟု ဟောကြားပြီး ဘုရားရှင်သည် တရားတော်ကို ရပ်ထားလိုက်သည်။

ထိုအခါ တရားနာပရိသတ်ထဲမှ သံဃာတော်တစ်ပါးက "ဤမှာဘက်ကမ်းသို့ ကပ်ခြင်းဟူသည် အဘယ်သို့ ဖြစ်ပါသနည်းဘုရား"ဟူ၍လည်းကောင်း၊ အခြားသော သံဃာတော်တစ်ပါးက "ထိုမှာဘက်ကမ်းသို့ ကပ်ခြင်းဟူသည် အဘယ်သို့ ဖြစ်ပါသနည်းဘုရား"ဟူ၍ လည်းကောင်း၊ "ရေလယ်၌ နစ်မြုပ်ခြင်းဟူသည် အဘယ်သို့ ဖြစ်ပါသနည်းဘုရား" စသည်ဖြင့် ဘုရားရှင် ဟောပြတော်မူသော အပြစ်ရှစ်ချက်တို့၏ သဘောသဘာဝကို တစ်ခုပြီးတစ်ခု အဆင့်ဆင့် လျှောက်ထားမေးမြန်းတော်မူပါသည်။ ထိုအခါ ဘုရားရှင်သည် မိမိဟောလိုသော တရားသဘောကို တစ်ခုစီ၊ တစ်ခုစီ အချက်ကျကျ ဆက်လက်ဟောပြတော်မူပါသည်။

ဤမှာဘက်ကမ်းဟူသည် အဘယ်နည်း။

ဤမှာဘက်ကမ်းဟူသည်မှာ အတွင်းအာယတနခြောက်ပါးကို ခေါ်ပါသည်။ အတွင်းအာယတနဆိုသည်မှာ ခန္ဓာငါးပါးဖြစ်ရာနေရာဌာနများပင် ဖြစ်သည်။ဤ၎င်းတို့မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ ဖြစ်ကြသည်။ ရှင်းလွယ် သိလွယ်အောင် ပြောရမည်ဆိုလျှင်

မိမိတို့ 'ငါ'ဟုသိနေသော ဤခန္ဓာကိုယ်ကြီးပင် ဖြစ်သည်။ ဤမှာဘက်ကမ်းတွင် တင်နေခြင်းဆိုသည်မှာ |ဤခန္ဓာကိုယ်ကြီးကို 'ငါ'ဟုသိနေခြင်း၊ စွဲနေခြင်းဖြစ်သည်။ ငါမြင်သည်၊ ငါကြားသည် စသည်ဖြင့် အတွင်းအာယတနခြောက်ပါးအပေါ် ကပ်ငြိနေခြင်းကို သစ်တုံးကြီး ဤမှာဘက်ကမ်းတွင် တင်နေခြင်းနှင့် ဥပမာပြု၍ ဟောထားပါသည်။

ဤမှာဘက်ကမ်းမှ ခွာနိုင်ရန် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား(၄)ပါးကို ပွားများရမည်။ အမှတ်သတိဖြင့် နေရမည်။ ကိုယ်အမူအရာ ဖြစ်တိုင်း၊ ဖြစ်တိုင်း ရှုမှတ်နေရသည်။ မိမိတို့၏ ခန္ဓာကိုယ်၌ ကောင်းသည့်ဝေဒနာ၊ မကောင်းသည့် ဝေဒနာ၊ ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်းမဟုတ်၊ အလယ်အလတ်ဖြစ်သော ဝေဒနာတို့ကို ရှုမှတ်၍ နေကြရသည်။ မိမိတို့၏ စိတ်အမူအရာများဖြစ်တိုင်းဖြစ်တိုင်းကိုလည်း ရှုမှတ်နေရသည်။ "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ"ဟု ဆိုသည့်အတိုင်း မြင်ရာ၊ ကြားရာ၊ နံရာ စသည်တို့၌ မြင်ကာမျှ မတ္တ၊ ကြားကာမျှ မတ္တ၊ နံကာမျှ မတ္တ စသည်တို့၌ တည်အောင်ရှုမှတ်နေရသည်။

မိမိတို့၏ သန္တာန်တွင် အကျင့်ချုပ်အားဖြင့် ရုပ်တရား၊ နာမ်တရား နှစ်ပါးသာရှိသည်။ "သဗ္ဗေ သခါရာ အနိစ္စာ"ဟုဆိုသည့်အတိုင်း ရုပ်တရား၊ နာမ်တရားတို့သည် ဖြစ်ပြီးသည်နှင့် ကုန်ပျက်သွားသည်။ တစ်ခဏမျှ မတည်ပေ။ ယောဂီသည် သမာဓိဉာဏ် အားကောင်းလာသည်နှင့်အမျှ မြင်မှု၊ ကြားမှု၊ နံမှု စသည်တို့သည် မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်ကလေးမှာပင် "ရိပ်ခနဲ" "ရိပ်ခနဲ" ကုန်ပျက်သွားသည်ကို မိမိကိုယ်တိုင် တွေ့ရမည်။ မိမိတို့ သိနေ စွဲနေသော "ငါ"ဆိုသည်မှာ မမြင်ရ၊ မတွေ့ရပေ။ ရုပ်နာမ်မျှသာ တွေ့ရသည်။ ရုပ်နာမ်တို့သည်လည်း မမြဲသည်ကိုတွေ့ရသည်။ ထိုမှ အတွင်းအာယတနခြောက်ပါးအပေါ်တွင် အမြင်ရှင်းသွားလေတော့သည်။ အတွင်းအာယတနခြောက်ပါး၏ သဘောအမှန်ကို သိမြင်ခွင့်ရလျှင် ဤမှာဘက်ကမ်းမှ ထွက်ခွာခွင့် လက်မှတ်ရရှိသကဲ့သို့ ရှိ၏။

ထိုအခါ ယောဂီ၏ သမ္မာဒိဋ္ဌိ ဉာဏ်နှင့်တူသော သစ်တုံးကြီးသည် အာယတနခြောက်ပါးနှင့်တူသော ဤမှာဘက်ကမ်းမှ ခွာ၍ မဂ္ဂင်ရှစ်ပါးနှင့်တူသောဂင်္ဂါမြစ်ရေအဟုန်တွင် နိဗ္ဗာန်နှင့်အလားတူသော ပင်လယ်သမုဒ္ဒရာသို့ ရောက်ရှိနိုင်ရန် ခရီးဆက်ရပေဦးမည်။ ပင်လယ်သမုဒ္ဒရာသို့ မရောက်မီ လမ်းခရီး၌ အန္တရာယ်များစွာလည်း ရှိနေသေးသည်။ ရှေ့တွင် တွေ့နိုင်ရန်ရှိသော အန္တရာယ်သည်ကား ထိုမှာဘက်ကမ်းပင်တည်း။

ထိုမှာဘက်ကမ်းဟူသည် အဘယ်နည်း။

ထိုမှာဘက်ကမ်းဟူသည်မှာ အပြင်အာယတနခြောက်ပါးကို ခေါ်ပါသည်။ ၎င်းတို့မှာ အဆင်း၊ အသံ၊ အနံ့၊အရသာ၊ အတွေ့အထိ၊ အတွေးအကြံတို့ ဖြစ်သည်။ ထိုမှာဘက်ကမ်းသို့ တင်ခြင်းဟူသည်မှာ အဆင်းအပေါ်၌ သော်လည်းကောင်း၊ အသံအပေါ်၌သော်လည်းကောင်း၊ အနံ့အပေါ်၌သော်လည်းကောင်း စသည်ဖြင့် အာယတနခြောက်ပါးအနက် တစ်ပါးပါးအပေါ်တွင်နှစ်သက်တွယ်တာ ကပ်ငြိနေခြင်းကို ခေါ်ပါသည်။

မျက်စိအကြည်၌ အဆင်းရှုပါရုံ လာတိုက်သည့် အခါ မြင်သိစိတ်ဖြစ်ပေါ်သည်။ နားအကြည်၌ အသံသဒ္ဒါရုံ လာတိုက်သည့်အခါ ကြားသိစိတ်ဖြစ်ပေါ်သည်။ နှာခေါင်းအကြည်၌ အနံ့ဂန္ဓာရုံ လာတိုက်သည့်အခါ နံသိစိတ် စသည်ဖြင့် အတွင်းအာယတန အကြည်ဓာတ်(၆)ဖြာတွင် အာရုံ(၆)ပါး လာတိုက်သည့်အခါတိုင်း မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်တို့ ဖြစ်ပေါ်သည်။ ဖြစ်ပေါ်လာသည့် စိတ်များကို မိမိတို့သည် တဏှာဒိဋ္ဌိဝင်ပြီး ကပ်ငြိတွယ်တာခြင်း၊နှစ်သက်သာယာခြင်း ဖြစ်မည်ဆိုလျှင် ထိုမှာဘက်ကမ်းတွင် တင်နေခြင်းဖြစ်သည်။

တစ်နည်းဆိုရလျှင် မိမိကိုယ်ကို "ငါ"ဟူသော အစွဲဖြင့် တွယ်တာနှစ်သက်နေသည့်အပြင် တစ်ပါးသော သူတို့အားလည်း "တဏှာ"ဖြင့် ချစ်ခင်ကြင်နာစိတ်များ ဖြစ်ပေါ်လာနေခြင်းကို သစ်တုံးကြီး ထိုမှာဘက်ကမ်းတွင် တင်နေသည်နှင့်တူသည်ဟု ဆိုလိုပေသည်။

ထို့ကြောင့်လည်း "ဧတံမမ-ငါပိုင်တယ်"ဟု ယူဆနေကြသည်။ "ငါပိုင်ရမယ်"ဟူ၍လည်း လိုက်ရှာနေတော့၏။ ဤအချင်းအရာတို့သည် ထိုမှာဘက်ကမ်းတွင် တင်နေခြင်းများဖြစ်သည်။ တွယ်တာကပ်ငြိနေခြင်းများဖြစ်သည်။ ထိုမှာဘက်ကမ်းမှ ခွာနိုင်ရန် ဆွဲဆောင်မှုအားကောင်းသော အဆင်းအလှအပတို့နှင့်တွေ့လျှင် "သိပ်လှတာလည်း အနိစ္စပါပဲ"ဟု ဆင်ခြင်နှလုံးသွင်းနေသင့်သည်။

ကျန်ရှိသည့် အသံ၊ အနံ့၊ အရသာ၊ အတွေ့

အထိ၊ အတွေးအကြံတို့ကိုလည်း ကြားရာ၊ နံရာ၊ စား ရာ စသည်တို့တွင် ကြားကာမျှ မတ္တ၊ နံကာမျှ မတ္တ စသည်၌ ရှုမှတ်နေရမည်။ ရှုမှတ်မှုမရှိလျှင် ရူပါရုံအဆင်း ကဲ့သို့ပင် ထိုမှာဘက်ကမ်းသို့တင်ရန် အကြောင်းများဖြစ် သည်။ အသံ အပေါ် သာယာခြင်း၊အနံ့အပေါ် နှစ်သက်ခြင်း၊ အရသာအပေါ် တပ်မက်ခြင်း၊ အတွေ့အထိ၊အတွေးအကြံ တို့အပေါ် တွင်လည်း တဏှာဖြင့် လည်းကောင်း၊ ဒိဋ္ဌိဖြင့် လည်းကောင်း နှစ်သက်နေခြင်း၊ စွဲမက်နေခြင်းတို့သည် ထိုမှာဘက်ကမ်းတွင် တင်နေခြင်းများဖြစ်သည်။

ဝိပဿနာတရား အားထုတ်နေသော ယောဂီ သည် ထိုမှာဘက်ကမ်းသို့ မတင်မိစေရန် အရေးကြီး သည်။ သို့မှသာ ယောဂီ၏ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ် သစ်တုံးကြီးသည် ကမ်းနှစ်ဖက်ကိုလွန်၍ မဂ္ဂင်ရှစ်ပါး တည်းဟူသော ဂဂ်ါမြစ်ရေအဟုန်ဖြင့် ခရီးဆက်နိုင်မည်။ ရှေ့တွင် ရေလယ်၌ မြုပ်စေတတ်သော အန္တရာယ်ကလည်း ရှိနေသေး၏။

ရေလယ်၌မြုပ်ခြင်းဟူသည်မှာ အဘယ်နည်း။

ရေလယ်၌မြုပ်ခြင်းဟူသည်မှာ နန္ဒိရာဂ၏အမည် ဖြစ်သည်။ နန္ဒိ ဟူသည်မှာ နှစ်သက်ခြင်း၊ ရာဂဟူသည် မှာ စွဲမက်ခြင်းဖြစ်သည်။ နှစ်သက်ပြီး စွဲမက်သွားခြင်းကို နန္ဒိရာဂဟုခေါ်သည်။ နန္ဒိရာဂဖြစ်ပြီဆိုလျှင်ဂဂ်ါမြစ်ထဲမှာ သစ်တုံးကြီး ရေလယ်တွင် နစ်သကဲ့သို့ ဖြစ်ချေပြီ။

ယောဂီသည် တရားအားထုတ်ရင်းနှင့် နှစ်သက် မှုကလေးတစ်ခု တွေ့ရသောအခါ ထိုနေရာကိုပင် မခွဲနိုင်၊ မခွာရက် ဖြစ်လာတတ်သည်။ တရားအားထုတ်တိုင်း၊ အားထုတ်တိုင်း ထိုအရသာ နှစ်သက်မှုကလေးကိုပင် လိုက်ရှာနေမိသည်။ ၎င်းမှာ ဝိပဿနာညစ်ညူးကြောင်း တရား တစ်ပါးပါးကို နှစ်သက်နေခြင်း ဖြစ်သည်။ ထို ပုဂ္ဂိုလ်သည် ရေလယ်ကောင်၌ မြုပ်သည်နှင့်တူပေသည်။

တစ်ခါတစ်ရံတွင် အလင်းရောင်များကို မြင်တွေ့ ရသည်။ ကြည့်၍လည်း ကောင်းလှပါသည်။ ထိုအလင်း ရောင်ကလေး ထွက်လာသည်ကိုလည်း ယောဂီနှစ်သက် နေမိသည်။ နှစ်သက်စိတ်သည် ခွာ၍ မရအောင်ပင် တည်ငြိမ်ကပ်ငြိနေတော့သည်။ ထိုကဲ့သို့ နန္ဒိရာဂ အပြင်း အထန်ဖြစ်ပွားလျှင် ရေလယ်ကောင်၌ မြုပ်သွားသည်နှင့် တူပေသည်။

ယောဂီသည် ရိပ်သာဝင်၍ တရားအားထုတ် သည်။ တရားသဘော သဘာဝကို သိရှိရန် အားထုတ် ခြင်းဖြစ်သည်။ သို့သော် ပန်ကာလေကလေး တဖြူးဖြူး နှင့် သက်သောင့်သက်သာရှာပြီး ဝါယောဓာတ်ကို နှစ် သက်ခံစားမိသည်လည်း ရှိသည်။ နူးနူးညံ့ညံ့ကလေး တွေ့လျှင်လည်း သာယာလိုက်သေးသည်။ ယင်းသို့ စွဲလမ်းနှစ်သက်နေသည့် တဏှာရာဂသည် ယောဂီအတွက် ရေလယ်ကောင်တွင် နစ်သည်ဟုဆိုသည်။

နန္ဒိရာဂ မဝင်အောင် တစ်နည်းအားဖြင့်ရေလယ် ကောင်၌ မမြုပ်ရအောင်၊ မနစ်ရအောင် မည်သို့ပြုသင့် သနည်း။ အာရုံခြောက်ပါးတို့ကို သုံးသပ်ဆင်ခြင်ရမည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့သည် ရူပ်သဘောတရားများ ဖြစ်သည်။ဂင်း အာရုံငါးပါးကို ရူပ် တရားဟူ၍ သိမြင်ပါ။ "ရူပံ အနိစ္စံ"ရူပ်သဘောတို့သည် မမြဲခြင်းရှိ၏။ ဆင်းရဲခြင်းရှိ၏။ မိမိဖြစ်ချင်သကဲ့သို့ မဖြစ်။ သူ့သဘော သူဆောင်နေသည်ဟု ဆင်ခြင်လိုက်လျှင် ရေလယ်ကောင်တွင် မြုပ်သည့်ဘေးမှ ကင်းလွတ်သွားနိုင် သည်။

ဓမ္မာရုံ ဟူသည် စိတ်ကူးထဲတွင် ပေါ်သည့် အာရုံ ဖြစ်သည်။ ထိုစိတ်၊ စေတသိက်တို့ကိုလည်း သူ့သဘာဝ အတိုင်း၊ သူ့သဘောသူဆောင်ပြီး ဖြစ်သည့်အတွက် ဓမ္မ သဘာဝ၊ဓမ္မသဘော၊ ဓမ္မဓာတ်တွေသာ ဖြစ်သည်။ခံစား ရသည်မှာ "ဝါမဟုတ်"ဝေဒနာ စေတသိက်ကသာ ခံစား သည်ဖြစ်၏။ ဝေဒနာသည်လည်း ဖောက်ပြန်တတ်သည့် သဘောရှိ၏။ ဤကဲ့သို့ ပရမတ္ထဓမ္မ၏ သဘောသရုပ်ကို ဆင်ခြင်သုံးသပ်ခဲ့လျှင် ဓမ္မာရုံဟူသည့် အတွေးအကြံ အာရုံပေါ်တွင် စွဲမက်ကပ်ငြိသည့် နန္ဒိရာဂမှ ကွာပြီး ရေ လယ်ကောင်မြုပ်သည့်ဘေးမှ ကျော်လွှားနိုင်ပေမည်။

ထို့ကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအကြံဟူသည့် အာရုံခြောက်ပါး အပေါ်တွင် နှစ်သက်တွယ်တာခြင်း "နန္ဒိရာဂ"သည် ရေလယ်ကောင်တွင် နစ်မြုပ်သည်ဟူ၏။ လွတ်မြောက်လို လျှင် အာရုံခြောက်ပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ အချက်တို့ကို ဆင်ခြင်သုံးသပ်လိုက်မည်ဆိုလျှင် သမ္မာ ဒိဋ္ဌိ ဉာဏ်သစ်တုံးကြီးသည် ရေလယ်ကောင်မြုပ်သည့် ဘေးမှ လွန်မြောက်ပြီး မဂ္ဂင်ရှစ်ပါးတည်းဟူသော ဂဂ်ါ မြစ်ရေအဟုန်ဖြင့် ခရီးဆက်သော် ရှေ့တွင် သောင်တင် နိုင်သေးသည့် ဘေးအန္တရာယ်ကလည်း ရှိနေသေးသည် မဟုတ်ပါလား . . . . ။

■ **ဆက်လက်ဖော်ပြပါမည်**



"အရှင်ဘုရား၊ ဟိုကိုယ်တော် တောရဆောက်တည်နေတယ်ဆိုတာ ဟုတ်သလားဘုရား"

"ဟုတ်မှာပေါ့"

"ဟင်-အရှင်ဘုရားအဖြေကလဲ"

"ဘာဖြစ်လို့လဲဒကာရဲ့"

"ဟုတ်မှာပေါ့ဆိုတော့ အရှင်ဘုရားစကားက ယတိပြတ်ထောက်ခံတဲ့စကား မဟုတ်ဘူးလေ"

"သြော်-ဒကာကလဲ၊ တောရဆောက်တည်တယ်ဆိုတာ ကိုယ့်ဟာကိုယ်တောထဲနေချင်လို့နေတာ ဟုတ်မှာပေါ့။ တောထဲဆိုတော့ နားအေးပါးအေး တရားဓမ္မနဲ့ မွေ့ပျော်နိုင်တာပဲ။ ဒါ-ကောင်းတဲ့အလုပ်ပါ"

ဝနဝါသီတောရပ်မှိုသော်

(အာရညိကင်ဓုတင်)

အရှင်ဥက္ကောဘာသ

အေးစေတီ၊ မင်းဘူး

"အရှင်ဘုရားစကားက ပိုဆိုးလာသလိုပဲ။ တောထဲနေချင်လို့နေတာတော့ ဟုတ်တာပေါ့ဘုရား။ ဒါပေမယ့် နေတဲ့သူက အဓိဋ္ဌာန်နဲ့နေတာမျိုးဆိုရင် လူတွေက ပိုကြည်ညိုတာပေါ့ဘုရား"

"အင်း-ဒကာဦးမောင်မောင်ကြည်နဲ့ ပြောရဟောရတာလည်း ဦးပဉ္စင်းမှာ ပိုလို့ဗဟုသုတရှိလာပါတယ်။ မြတ်စွာဘုရားက ဂါမဝါသီလို့ခေါ်တဲ့ရွာနားမြို့နားမှာနေတဲ့ ရဟန်းထက် အရညဝါသီလို့ခေါ်တဲ့ တောနေရဟန်းကို ပို၍ချီးမွမ်းပါတယ်။ တရားလက်ကိုင်ထားရှိတဲ့ ဂါမဝါသီရဟန်းနဲ့ သက်နိုးခေါင်းမြီးခြုံအိပ်နေတဲ့ အရညဝါသီရဟန်း ဒီရဟန်းနှစ်ပါးမှာဆိုရင်လည်း အရညဝါသီရဟန်းကိုပဲ ချီးမွမ်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂါမဝါသီရဟန်းက စက္ခုစတဲ့ ဣန္ဒြေတွေ မကြာမီပျက်ယွင်းသွားနိုင်ပြီး၊ အရညဝါသီရဟန်းကတော့ စက္ခုစတဲ့ ဣန္ဒြေတွေ ပိုပြီးစောင့်စည်းလာနိုင်မှာဖြစ်လို့ မကြာမီ တရားထူးတရားမြတ် ရလာနိုင်တယ်တဲ့ ဒကာ"

"ဒါဆို အဲဒီကိုယ်တော် တောရဆောက်တည်တယ်ဆိုတာ ဟုတ်တာပေါ့နော်"

"တောရဆောက်တည်တယ်ဆိုတာ ဓုတင်အနေနဲ့ ဆောက်တည်တာမဟုတ်ဘဲ၊ တောထဲနေချင်လို့ သွားနေတယ်ဆိုတာကတော့ တစ်မျိုးပေါ့။ ဓုတင်တစ်ခုအနေနဲ့ ဆောက်တည်ပြီး သွားနေတာဆိုရင်တော့ စည်းကမ်းသတ်မှတ်ချက်တွေ ရှိတယ်ဒကာရဲ့"

"ဟုတ်လား၊ ဒါဆိုအမိန့်ရှိပါဦးဘုရား"

"ခုတင်တစ်ခုအနေနဲ့ တောရဆောက်တည်မယ် ဆိုရင် 'ဥပစာနှင့်တကွသော ရွာကျောင်းကို ပယ်ပါ၏။ ထိုရွာ၏ အပြင်တောဘ္ဍ အရုဏ်တက်ခြင်း ကျင့်ဝတ် ခုတင်ကို ဆောက်တည်ပါ၏'လို့ဆိုတဲ့ စကားနှစ်မျိုးမှာ တစ်မျိုးမျိုးသော စကားနဲ့ ဆောက်တည်ရတယ်"

"ဥပစာဆိုတာ ဘယ်လိုနေရာကို ခေါ်ပါသလဲ ဘုရား"

"ဒကာ-အိမ်ဥပစာ၊ ရွာဥပစာ ဆိုတာတော့ ကြားဖူးမှာပေါ့နော်"

"မှန်ပါ-ကြားဖူးပါတယ်ဘုရား။အိမ်ပတ်ဝန်းကျင်၊ ရွာပတ်ဝန်းကျင်ကို ခေါ်တယ်လို့ထင်တာပါပဲ"

"အိမ်ပတ်ဝန်းကျင်၊ ရွာပတ်ဝန်းကျင်ကို ဘယ်လောက် အကျယ်အဝန်းလို့ သတ်မှတ်ထားသလဲ"

"အဲဒါတော့ မသိတော့ဘူးဘုရား"

"အိမ်ဥပစာဆိုတာ ခြံစည်းရိုးကာထားတဲ့အိမ် ဆိုရင်တော့ ခြံစည်းရိုးအတွင်းဟာ အိမ်ဥပစာပေါ့။ခြံစည်းရိုး မရှိတဲ့ အိမ်ဆိုရင်တော့ အိမ်ပေါ်ကနေ အိမ်ရှင်မက အိုးဆေးရေပန်းကန်ဆေးရေကို လှမ်းပြီးပစ်သွန်ချလိုက်တဲ့အခါ ရေကျရာအရပ်ကို အိမ်ဥပစာလို့ ယူရပါတယ်။ အကာအရံရှိတဲ့ရွာဆိုရင် ရွာစည်းရိုးတံခါးခုံကနေ အားအလယ် အလတ်ရှိတဲ့ယောက်ျား လွှဲပြီးပစ်လွှင့်လိုက်တဲ့အခါ ခဲတစ်ကျနေရာအတွင်းဟာရွာဥပစာပါပဲ။အကာအရံမရှိတဲ့ ရွာဆိုရင်တော့ စောစောက ပြောခဲ့တဲ့ အိမ်ရှင်မသွန်ပစ်ချ လိုက်လို့ ရေကျရာအရပ်ကနေ ခဲတစ်ပစ်စာဟာ ရွာ၊ အဲဒီကနေ ဒုတိယခဲတစ်ပစ်စာဟာ ရွာဥပစာလို့ ခေါ်ရ တယ်"

"ဩော်-ဟုတ်လားဘုရား။ တပည့်တော်တော့ အခုမှပဲ သေသေချာချာ သိတော့တယ်ဘုရား"

"တောဆိုတာကလည်း ဝိနည်းအလို၊ သုတ္တန် အလိုဆိုပြီး နှစ်မျိုးလာပါတယ်။ ဝိနည်းအလိုကတော့ ရွာဥပစာအပြင်ဘက်ကို တောလို့ယူရတယ်။ သုတ္တန် အလိုကတော့ တောရခုတင် ဆောက်တည်မည့်ပုဂ္ဂိုလ် အတွက် ရည်ရွယ်ဆိုတာဖြစ်လို့ ကုလလေးတာ အပြန် ငါးရာရှိမှတော၊ တောအပိုင်းအခြားအတွင်းမှာဆောက်တဲ့ ကျောင်းမှ တောရကျောင်းမည်ပါတယ်"

"ကုလလေးတာ အပြန်ငါးရာဆိုတော့ တော်တော်ဝေးမှာပေါ့နော်။ ဒါနဲ့ အရှင်ဘုရား၊ ကုလလေးတာ ဆိုတာက"

"မကြီးမငယ် ပြုလုပ်ထားတဲ့ ဆရာ့လေးလို့ ဆိုတယ် ဒကာရဲ့။ ညို့ကြိုးမတင်ခင်မှာ ငါးတောင်ရှိ သတဲ့။ ညို့ကြိုးတင်ပြီးတဲ့အခါမှာတော့ လေးတောင်ပဲ ကျန်တယ်တဲ့။ ညို့ကြိုးတင်ပြီး လေးတောင်သာကျန်တဲ့ လေးကို ကုလလေးလို့ခေါ်တယ်။ အဲဒီလေးနဲ့ ရွာတံခါး ခုံကနေပြီး တိုင်းတာရမယ်။ တံခါးမရှိရင် ပထမခဲတစ်ကျ နေရာကနေ တိုင်းတာရမယ်တဲ့။ အဲသလို တိုင်းတာလိုက် တဲ့အခါ ကျောင်းအရံ ဥပစာတိုင်အောင် အပြန်ငါးရာ ပြည့်ရမယ်။ အပြန်ငါးရာမပြည့်ရင် တောကျောင်းအဂ်ါနဲ့ မညီညွတ်ဘူး။ အဲဒီကျောင်းမှာ ခုတင်ဆောက်တည်လို့ မရဘူး"

"ရွာနဲ့မလှမ်းမကမ်း တောအုပ်ထဲမှာဆိုရင်ရော ဘုရား"

"ဒကာဆိုလိုတာက သစ်ပင်လေးတွေနဲ့ အုပ် အုပ်ဆိုင်းဆိုင်း ရှိနေတာကို တောအုပ်လို့ ဆိုလိုတာလား။ သစ်ပင်အုပ်အုပ်ကလေးတွေ ရှိရှိ၊ မရှိရှိ။ သွားရိုးလမ်း အတိုင်း တိုင်းတာလို့ ကုလလေးတာ အပြန်ငါးရာပြည့်တဲ့ အရပ်မှာ တည်ရှိနေရင် တောကျောင်းပဲ။ မပြည့်ရင် တော ကျောင်းမမည်ပါဘူး။ အဲ-လမ်းဖြောင့်ရှိပါလျက်နဲ့ အပြန် ငါးရာပြည့်ပါအောင် လမ်းဖြောင့်ကိုပိတ်ပြီး လမ်းကောက် လုပ် တိုင်းတာရင် အဲဒါ ခုတင်ခိုး တဲ့ ဒကာရဲ့"

"ကြံကြံဖန်ဖန် အရှင်ဘုရားရယ်၊ အဲသလို ခုတင်ခိုးတဲ့သူ ရှိသေးလို့လား"

"ရှိလို့ စာထဲပါတာပေါ့။ ဒကာပဲ ပြောခဲ့ပြီပဲ။ အမိဌာန်နဲ့နေတာမျိုးဆိုရင် လူတွေက ပိုကြည်ညိုဆို။ လူတွေပိုအထင်ကြီးပြီး ကြည်ညိုအောင် လုပ်တတ်တဲ့ သူတွေက ခုတင်ခိုးနိုင်တာပေါ့၊ မဟုတ်ဘူးလား"

"ဆန်းတယ်နော်အရှင်ဘုရား။ တပည့်တော်တို့ မသိနိုင်တာတွေ အများကြီးပါပဲလား"

"တောထဲမှာ တစ်အိမ်တည်းပင် ရှိသော်လည်း ဥပမာ ယာစောင့်တဲ၊ လယ်စောင့်တဲလိုမျိုးမှာ မိုးလေးလ ပတ်လုံး လူနေရင် ရွာလို့ပဲခေါ်ရတယ်။ ရွာသူရွာသား တို့ရဲ့ အသံကို ကြားပင်ကြားနေရသော်လည်း တောင်တို့ မြစ်တို့ ဆီးကာနေလို့ အဖြောင့်သွားလို့မရဘူး။အကောက် လမ်းပဲရှိတယ်။ ဥပမာ တောင်ပတ်လမ်းလိုမျိုးဆိုပါတော့၊ အဲသလိုလမ်းမျိုးပဲ ရှိနေရင်တော့ အကောက်လမ်း အတိုင်းပဲ တိုင်းတာရမယ်တဲ့။ လှေနဲ့ကူးသွားရတယ်ဆိုရင်

လည်း လေ့ကူးသွားတဲ့အတိုင်း တိုင်းပါတဲ့။ ကုလလေးတာ အပြန်ငါးရာပြည့်ရင် တောကျောင်းအင်္ဂါပြည့်စုံပါတယ်”

“တောရဆောက်တည်ထားတဲ့ရဟန်းဟာ တစ်ခါတစ်ရံ ရွာကျောင်း မြို့ကျောင်းများမှာလည်း နေကောင်းသေးသလားဘုရား။ ဥပမာ အာဂန္တုက အဖြစ်နဲ့ပေါ့”

“အရည်ကင်ဓုတင် ဆောက်တည်ထားတဲ့ တောနေရဟန်းဟာ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဋ္ဌာန်းဆရာ၊ စာသင်ပေးတဲ့ဆရာ စတဲ့ ကျေးဇူးများတဲ့ပုဂ္ဂိုလ် နာမကျန်းဖြစ်တဲ့အခါ ရွာကျောင်း မြို့ကျောင်းကိုလာပြီး ပြုစုပေးနိုင်ပါတယ်။ ဒါပေမယ့် နံနက်စောစော တောရလောက်တဲ့ အရပ်တိုင်အောင်သွားပြီး အရုဏ်တက်စေရမယ်တဲ့။ အရုဏ်တက်ချိန်မှာ ဆရာ့ရောဂါ ပြင်းထန်နေတယ်ဆိုရင်တော့ ဓုတင်ကို စင်ကြယ်အောင် မကြိုးစားပါနဲ့တော့၊ ဆရာ့ကိုသာ ဆေးဝါးပေး၍ ပြုစုလုပ်ကျွေးပါလို့ ဝိသုဒ္ဓိမဂ်ဆရာက ပြထားပါတယ်”

“အဲ-နောက်တစ်ခုရှိသေးတယ်။ ဟိုရှေးတုန်းကတော့ ဓမ္မကထိကရဟန်းများဟာ တရားနာပရိသတ်အပေါ် မူတည်ပြီး တစ်ခါတလေ ညလုံးပေါက်တရားဟောလေ့ရှိပါတယ်။ ဓမ္မကထိကရဟန်း တရားဟောကြားနေစဉ် မိမိက တရားတော်ကို နာယူနေဆဲမှာပဲ အရုဏ်တက်သွားမယ်ဆိုရင် ဓုတင်မပျက်ပါဘူးတဲ့။ အရုဏ်မတက်မီ တရားပွဲ ပြီးသွားတယ်ဆိုရင်တော့ တောရလောက်တဲ့ အရပ်တိုင်အောင် သုတ်သုတ်ပြန်ရပါတယ်။ အဲသလိုပြန်နေစဉ် လမ်းမှာ အရုဏ်တက်သွားရင်လည်း ဓုတင်မပျက်ပါဘူးတဲ့။ အဲ-တရားပွဲပြီးဆုံးလို့ တရားဟောရာ ကျောင်း(သို့)မဏ္ဍပ်ထဲမှာပဲ ‘ခဏလောက်မှေးလိုက်ပါဦးမယ်’ဆိုပြီး အိပ်လိုက်မိတာနဲ့ အရုဏ်တက်သွားတယ်ဆိုရင်တော့ အဲဒါ-ဓုတင်ပျက်သွားပြီဒကာရေ့”

“အာဂန္တုက အဖြစ်နဲ့ မနေရဘူးဆိုပါတော့”

“ဟာ-ဒကာကလည်း တယ်ခက်နေပြန်တာ ကိုး၊ ဒီမှာတရားနာပြီး ခဏလေးမှေးခိုက်မှာ အရုဏ်တက်သွားလို့ ဓုတင်ပျက်ပါတယ်ဆိုမှပဲ အာဂန္တုက အဖြစ်နဲ့ ဆိုတဲ့စကား ထည့်မပြောနဲ့တော့။ အာဂန္တုက အဖြစ်နဲ့ ရွာကျောင်း မြို့ကျောင်းမှာ ခဏတည်းခိုတယ်ဆိုရင်လည်း အရုဏ်မတက်မီ တောရလောက်တဲ့ အရပ်တိုင်အောင် သွားပြီး အရုဏ်တက်ရမှာပဲ၊ ရှင်းပြီလား”

“မှန်ပါ၊ ရှင်းပါပြီဘုရား။ တောရဆောက်တည်ရတဲ့ အကျိုးတရားလည်း မိန့်ပါဦးဘုရား”

“တောရကျောင်းမှာနေတဲ့ ရဟန်းဟာ တောဆိုတဲ့ အမှတ်သညာကို အမြဲနှလုံးသွင်းထားရတော့ မရသေးတဲ့ သမာဓိကို ရစေနိုင်တယ်။ ရပြီးတဲ့သမာဓိကိုလည်း မပျက်အောင် စောင့်ရှောက်နိုင်တယ်။ မြတ်စွာဘုရားက အင့်ုတ္တိရ၊ ဆက္ကနိပါတ်၊ နာဂိတသုတ်မှာ ‘အို-နာဂိတ၊ ထိုရဟန်း၏ ထိုသို့တောဋ္ဌေနသဖြင့် ငါဘုရားသည် နှစ်သက်ဝမ်းမြောက်တော်မူ၏။ အစွန်အဖျားကျသော တောကျောင်းဋ္ဌ နေလေ့ရှိသော ထိုရဟန်း၏ စိတ်ကို မလျှောက်ပတ်သော ရူပါရုံစသော အာရုံတို့သည် မပျံ့မလွင့်စေနိုင်ကုန်။ ထိတ်လန့်ခြင်းလည်း ကင်း၏။ အသက်ဋ္ဌတွယ်တာသော နိကန္တိတဏှာကိုလည်း စွန့်၏။ ဆိတ်ငြိမ်သောအရပ်ဋ္ဌ နေခြင်းကြောင့်ဖြစ်သော ချမ်းသာဟူသော အရသာကိုလည်း ခံစား၏။ ပံသုကူလိကဓုတင်စသည်တို့ကို ဆောင်သော ဓုတင်တစ်ဆယ့်နှစ်ရပ်သည်လည်း ထိုတောနေရဟန်းအားသာလျှင် လျှောက်ပတ်၏’ လို့ ဟောတော်မူပါတယ်။

နောက်၊ အင့်ုတ္တိရသံယုတ်ပါဠိတော်များမှာလည်း အများကြီးပဲ ချီးမွမ်းဟောကြားထားတာ ရှိပါတယ်။ သို့ပေမယ့် ဘုန်းကြီးလိုမှု စတဲ့ ယုတ်မာတဲ့ စိတ်ထားနဲ့ တောရကျောင်းမှာ နေတာဆိုရင်တော့ ဒုက္ခဋ္ဌာနတော်ကြောင်း ပညတ်ထားပါသေးတယ်။ တောရကျောင်းမှာနေတဲ့ ပုဂ္ဂိုလ်များရဲ့ ဖြည့်ကျင့်ရမယ့် ကျင့်ဝတ်တွေ၊ အာရည်ကတ္တကထာ စတာတွေကိုလည်း ဝိနည်းဒေသနာတော်နဲ့ ပညတ်ထားခဲ့ပါသေးတယ်။ တောရကျောင်းမှာ နေထိုက်တဲ့အင်္ဂါများနှင့် မပြည့်စုံဘဲနေပါကတိရစ္ဆာန်တို့နေတာနဲ့တူသတဲ့ ဒကာ”

“တောရကျောင်းမှာ နေထိုက်တဲ့အင်္ဂါ ဟုတ်လားဘုရား။ အဲဒါ ဘာတွေပါလဲ အမိန့်ရှိပါဦးဘုရား”

“အင်း-နေဦးဒကာရဲ့၊ ဘာတွေလဲဆိုတော့ . . . အဲ-အင့်ုတ္တိရ စတုက္ကနိပါတ်မှာ ဟောထားတော်မူတယ်။ အရိယာသီလတဲ့၊ အရိယာသန္တုဋ္ဌိတဲ့၊ အရိယာဂုန္ဒြိယသံဝရတဲ့၊ အရိယာ သတိသမ္ပဇညတဲ့”

“တောရဆောက်တည်နေကြတဲ့ ခုခေတ်ရဟန်းတွေက အရိယာမဟုတ်သေးဘူးလေ အရှင်ဘုရားရဲ့။ ပုထုဇဉ်ပုဂ္ဂိုလ်တွေပဲ မဟုတ်လား။အရိယာသီလဆိုတော့”

“ဟုတ်ပါတယ်၊ ပုထုဇဉ်ရဟန်းပေမယ့် မြတ်စွာဘုရား ပညတ်တော်မူတဲ့ ပါတိမောက္ခသံဝရသီလ စတာ

တွေနဲ့ ပြည့်စုံရင် အရိယာသူတော်ကောင်းများနှင့် အကျင့်သီလချင်းတူလို့ အရိယာသီလလို့ပဲ ခေါ်ပါတယ်”

“ဩော်-ဒီလိုပါလားဘုရား”

“ဟုတ်ပါတယ်၊ ပုထုဇဉ်တွေဆိုတော့ မိမိစိတ်ကို ဆုံးမပြီး အရိယာသမ္မဇညဆိုတဲ့ အရိယာသူတော်ကောင်းများရဲ့စိတ်လို မိမိစိတ်မှာ သတိသမ္မဇဉ်ဉာဏ်ယှဉ်ပြီး နေရမယ်။ အဲသလို မနေမိရင် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်များကို ကြံစည်ပြီး နေမိတတ်တယ်။ အဲသလိုနေမိတဲ့အခါ ဒုပညဇ္ဇေဇ္ဇမူဂဆိုတဲ့ ပညာမရှိ မိုက်၍ မသန့်ရှင်းသောနှုတ်ရှိသူဖြစ်နေတတ်ပါတယ်။ အဲဒီအဂ်ါလေးပါးနှင့် ပြည့်စုံနေရင်တော့ တောရကျောင်းမှာ မနေထိုက်ဘူးတဲ့။

အရိယာသတိသမ္မဇညရှိတဲ့ ပုဂ္ဂိုလ်များကတော့ နေကွမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်များနဲ့သာ ပြည့်စုံကြံစည်နေပါတယ်။ အဲဒီအခါ ပညဝါ အဇ္ဇ အနေဇ္ဇမူဂဆိုတဲ့ ပညာရှိ၍ မမိုက်မဲသည့်အပြင် သန့်ရှင်းသောနှုတ်ရှိသူ ဖြစ်လာပါတယ်။ ဒီအဂ်ါလေးပါးနှင့် ပြည့်စုံရင် တောရကျောင်းမှာ နေထိုက်ကြောင်း အရည်သုတ်မှာ ဟောထားပါတယ်။ အကယ်၍ တောရမနေထိုက်တဲ့ အဂ်ါများနဲ့ ပြည့်စုံနေရင်တော့ နတ်များက နှောင့်ယှက်တတ်ပါသတဲ့ ဒကာ။ဒါလည်း သတိထားဦးမှ။ တချို့ ကိုယ့်ကိုယ်ကို မစစ်ဆေးဘဲ တောရဆောက်တည်လို့ ရူးသွားတယ်ဆိုတာ ဒါမျိုးပြောတာ။ အဲဒါ တရားကြောင့် ရူးတာမဟုတ်ဘူး၊ ကိုယ့်အမှားကြောင့် ရူးရတာ”

“မှန်ပါ-အရှင်ဘုရားပြောပြမှပဲ တောရဆောက်တည်တာ မလွယ်လှမှန်း သိရပါတော့တယ်ဘုရား။ တပည့်တော်တို့က တောထဲနေ တောရဆောက်တည်တယ် ထင်တာကိုးဘုရား”

“တောရကျောင်းမှာ တောရဆောက်တည် နေတဲ့ ရဟန်းဟာ ကိုယ့်ကိုယ်ကို နေထိုက် မနေထိုက် အဂ်ါများနှင့် ပြည့်စုံ မပြည့်စုံဆိုတာကို စစ်ဆေးရမယ်တဲ့။ အကယ်၍ မပြည့်စုံပါက တောရကျောင်းမှ ထွက်ခွာသွားရန် ကိုယ့်ကိုယ်ကို နှင်ထုတ်ရမယ်တဲ့။ အဲသလို နှင်ထုတ်ပြီး ရဟန်းတရားကျင့်တဲ့နေရာမှာတော့ အရှင်သုဘူတိမထေရ်ကို စံထားရမယ်။ အရှင်သုဘူတိမထေရ်က-

‘အကြင်အခါ၌ ရာဂနှင့်စပ်ယှဉ်သော စိတ်သည် ငါ့အားဖြစ်ပေါ်၏။ ထိုအခါ ကိုယ်တိုင်ပင် ဆင်ခြင်၏။ ထိုရာဂစိတ်ကို ငါသည် တည်ကြည်သည်ဖြစ်၍ ဆုံးမ၏။ အဘယ်သို့ ဆုံးမသနည်းဟူမူ-

အချင်းသုဘူတိ၊သင်သည် တပ်မက်ဖွယ်အာရုံ၌လည်း တပ်မက်ဘိ၏။ ပြစ်မှားဖွယ်အာရုံ၌လည်း ပြစ်မှားဘိ၏။ တွေဝေဖွယ်အာရုံ၌လည်း တွေဝေဘိ၏။ ဤမျှရှိင်းစိုင်းသော သင်သုဘူတိသည် သူတော်ကောင်းတို့ နေရာ တောရအရပ်မှ ထွက်သွားပါလော့။

ဤ တောအရပ်သည် စင်ကြယ်ကုန်သော၊ အညစ်အကြေးကင်းကုန်သော၊ အကျင့်ရှိကုန်သော သူတော်ကောင်းတို့၏ နေထိုင်ရာတည်း။ သင်သုဘူတိသည် စင်ကြယ်သော တောအရပ်ကို မဖျက်ဆီးပါလင့်၊ တောအရပ်မှ ထွက်သွားပါလော့’လို့ အမြဲဆုံးမပြီး တရားကျင့်သုံးနေသတဲ့ ဒကာရေ၊ ဘယ့်နှယ်လဲ စံမတင်ထိုက်ဘူးလား”

“မှန်ပါ-စံတင်ထိုက်ပါတယ်ဘုရား။ အလွန်လည်းပဲ ကြည်ညိုစရာပါဘုရား”

“တောထဲ တောင်ထဲမှာ ရှိနေကြတဲ့၊ စောင့်နေကြတဲ့ နတ်ကောင်းနတ်မြတ်များဟာ သီလမစင်ကြယ်တဲ့ ရဟန်းကိုသာ နှောင့်ယှက် ခြောက်လှန့်တတ်ကြတာ မဟုတ်သေးဘူး။ သီလစင်ကြယ်တဲ့ ရဟန်းများ တစ်ခါတစ်ရံ စိတ်ကူးတွေးချော် ဝိတက်ဗျာပါဒများနှင့် ပျော်နေမိတဲ့အခါမျိုးမှာလည်း သတိသံဝေဂရ ထိတ်လန့်စေခြင်းဖြင့် သတိပေး၊ သတိတရားရအောင် စောင့်ရှောက်ကြပါသေးတယ်။

တစ်ခါက ဝေသာလီပြည်သား ဝဇ္ဇီမင်းတစ်ပါးဟာ ရဟန်းပြုပြီး တောထဲမှာနေပါတယ်။ တစ်ညမှာ တော့ ဝေသာလီပြည်တွင်းမှာ နက္ခတ်ပွဲသဘင်ဖြစ်လို့ တစ်ညလုံး တီးမှုတ်ဆူညံနေကြတယ်။ လူတွေရဲ့ပျော်ရွှင် ရယ်မောသံ၊ တူရိယာအပေါင်းတို့ရဲ့ သံစုံတီးသံ၊ သီချင်း ဆိုသံတွေဟာ ရဟန်းနေတဲ့ တောအလုံးကို လွှမ်းမိုးနေ ပါသတဲ့။ ရဟန်းနေတဲ့ တောအုပ်ကနေ ဝေသာလီပြည် ကို လှမ်းကြည့်တော့၊မြို့အလုံး မီးထိန်ထိန်ထွန်းလို့ ပျော်ကြပါးကြ၊ကခုန်သီဆိုကြတဲ့ အသံထဲမှာ ယခင်လူ့ဘဝက ပျော်ပါးခဲ့ပုံကို မျှော်မှန်းကြည့်နေမိတယ်။

ယခုလက်ရှိအနေအထားကို ကြည့်လိုက်တော့ လူသံသူသံ နတ္ထိ၊ ပုရစ်သံ၊ ပုဇဉ်းရင်ကွဲသံနဲ့ လေတိုးလို့ သစ်ရွက်လှုပ်သံ၊ သစ်ရွက်ကြွေသံမှတစ်ပါး တောအလုံး

ဟာ တိတ်ဆိတ်လို့နေပါတယ်။ ချောက်ချားစရာ လရောင်ကို အဖော်ပြုလို့ တစ်ကိုယ်တည်းအထီးတည်းနေရတယ်။ အဖော်မဲ့လျင်းပျော်စရာကင်းလို့ တွေးရင်းတွေးရင်းရဟန်းဟာ အားငယ်လာတယ်။ တောကို ငြီးငွေ့ပြီး ဝေသာလီမြို့တွင်းကိုသာ တောင့်တောင့်တတဖြစ်နေတယ်။ ဒီအခါစိတ်မထိန်းနိုင်တော့ဘူး၊ ငိုကြွေးချလိုက်တယ်။ နှုတ်ကလည်း တတွတ်တွတ်ပြောဆိုနေပါတယ်။ 'ညောင်-ငါ့မှာတော့ တောထဲမှာ အသုံးမဝင်တဲ့ သစ်တုံးဆွေးလို တစ်ယောက်တည်းနေနေရတယ်။ဒီလို သာယာလှပ ပျော်စရာကောင်းတဲ့ညမှာ ငါ့လောက်မိုက်တဲ့သူ ဘယ်သူရှိပါတော့မလဲ'တဲ့ ဒကာရဲ့၊ ရဟန်းညည်းညူလိုက်တာ"

"မှန်ပါဘုရား၊ အရှင်ဘုရားပြောနေတဲ့စကား အခုကြားနေဆဲမှာပဲ တပည့်တော်တောင် တောထဲနေချင်စိတ် ပျောက်သွားပါတယ်ဘုရား"

"အမယ်-တယ်ဟုတ်နေပါလား။ ဒကာက တောထဲနေဖို့မျှား စိတ်ကူးရှိထားလို့လား"

"ရှိတော့ မရှိပါဘူးဘုရား။ အကယ်၍မျှားဆိုပြီး တွေးကြည့်မိရုံပါဘုရား"

"အမလေး-ဖြစ်ရတယ်ဒကာရယ်။တကယ်စိတ်ကူးလေးတောင်မရှိတဲ့ စိတ်ကလေး ပျောက်သွားတာ အဆန်းလုပ်လို့ ဒကာရာ။ မရှိတာ ပျောက်တာ ပျောက်ပါစေ"

"ထားပါတော့ အရှင်ဘုရားရယ်။ အရှင်ဘုရားစကား ဆက်ပါဦး"

"အဲသလို ရဟန်းငိုသံကို တောစောင့်နတ်ကကြားတော့ ရဟန်းအပေါ် သနားသွားသတဲ့။ ရဟန်းအကျိုးစီးပွားအတွက် စောင့်ရှောက်သင့်တယ်လို့တွေးပြီး ရဟန်းအနားချဉ်းကပ်လို့ အသံပေးလိုက်ပါတယ်။ 'ရဟန်း၊ သင်ဟာ တောအုပ်ထဲမှာ အသုံးမဝင်တဲ့ သစ်တုံးဆွေးလို တစ်ယောက်တည်းနေရတယ်။ သို့သော်လည်း ငရဲသားများဟာ နတ်ပြည်သွားသူများကို အားကျတောင့်တသလို လူအများဟာလည်း သင့်ကို အားကျတောင့်တနေကြပါတယ်'လို့ ပြောလိုက်တယ်။

တောစောင့်နတ်ရဲ့ အသံလည်း ကြားလိုက်ပါရော ရဟန်းဟာ ထိတ်လန့်ပြီး သံဝေဂဉာဏ်ရသွားတယ်။ မင့်တော့ဘူး။ နံနက်မိုးသောက် အလင်းရောက်တော့ မြတ်စွာဘုရားထံသွားပြီး ညကဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို လျှောက်ထားပါတယ်။ မြတ်စွာဘုရားက-

'ရဟန်းအဖြစ်ဟာ ခဲယဉ်းတယ်၊ ရဟန်းဘဝ၌ ပျော်မွေ့ရန် ခဲယဉ်းတယ်။ အိမ်၌နေပြီး မပြီးနိုင်တဲ့ အမှုကိစ္စတွေ စုဆောင်းပြုလုပ်နေရတာ ဆင်းရဲတယ်။ အကျင့်မတူညီသူနဲ့ အတူနေရတာ ဆင်းရဲတယ်။ ထို့ထက် ဝဋ်ဆင်းရဲသံသရာခရီးမှာ အခွန့်ရှည်ကြာသွားနေရတာ ပိုလို့ ဆင်းရဲတယ်'လို့ ဟောတော်မူမှ ရဟန်းဟာ ချက်ချင်းလက်ငင်း ဒေသနာစဉ်မှာ ခန္ဓာဥဏ္ဍာအစဉ်လိုက်ပြီး တရားရှုပွားလိုက်တော့ ဒေသနာတော်ဆုံးတာနဲ့ ရဟန္တာဖြစ်သွားပါတယ်။ သိပ်အကျိုးများတယ်ဆိုတာ ထင်ရှားတယ်မဟုတ်လားဒကာ။ အဲဒါ တောရဆောက်တည်ရခြင်းအကျိုးပဲ"

"မှန်ပါဘုရား"

"တောရဆောက်တည်နေတဲ့ ရဟန်းမှာ လူတို့နှင့် မရောနှောရလို့ ဆိတ်ငြိမ်တဲ့ ကိုယ်စိတ်ရှိတယ်။ မြတ်စွာဘုရားရဲ့ စိတ်နှလုံးတော်ကို နှစ်သက်စေတယ်။ တောကျောင်းမှာ တစ်ပါးတည်းနေရခြင်းဆိုတဲ့ ငြိမ်းအေးတဲ့ ဝိဝေကသုခကို ရစေတယ်။ ဒီ ဝိဝေကသုခဆိုတဲ့ အရသာကို သိကြားမင်းတောင် မခံစားရပါဘူး။

စစ်ဝတ်ချပ်တန်ဆာကို ဝတ်ဆင်လျက် ဆင်တပ်၊ မြင်းတပ်နှင့်တကွ စင်မြေပြင်အောင်တပ်သို့ ရောက်သောမင်းသည် တစ်ဖက်ရန်သူကို အောင်ခြင်းငှာ စွမ်းနိုင်သလို ပုံ့သကူဟူသော စစ်ဝတ်ချပ်တန်ဆာဝတ်ဆင်ပြီး အရည်ကင်ဓုတင်တည်းဟူသော ဆင်တပ်၊ မြင်းတပ်နှင့်တကွ ဓုတင်ဓမ္မလက်နက်မျိုးစုံကို စွဲကိုင်ပြီး တောကျောင်းအောင်မြေစစ်တပ်သို့ ကပ်ရောက်လာတဲ့ အရည်ဝါသီယောဂီရဟန်းဟာ အနုသယဆင်တပ်၊ မြင်းတပ်ခြံရံအပ်တဲ့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို မကြာမတင် အလျင်အမြန်အောင်ခြင်းငှာ စွမ်းနိုင်ပါသတဲ့ဒကာ။ ဒါကြောင့်အရည်ကင်ဓုတင်ဆိုတာ သာမန်ပေါ့သေးသေး ဓုတင်မဟုတ်ပါဘူး။ ဆောင်နိုင်ခဲ၊ ဖြည့်ကျင့်နိုင်ခဲတဲ့ ဓုတင်ဆိုတာ ဒကာသိလောက်ပါပြီနော်"

"မှန်ပါ-သိပါပြီဘုရား။ နောက်မျှားမှာလည်း တပည့်တော် မသိတာ ဆက်လက်ရှင်းပြပေးပါဦးဘုရား"

■ အရှင်ဥဏ္ဏောဘာသ၊
အေးစေတီ၊မင်းဘူး

နေ့စဉ် မှန်ကြည့်ပြီး အလှပြင်ပါ

ရွှေလမင်း

ရုပ်တရားတွေ တိုးတက်ပြောင်းလဲနေတဲ့ခေတ်ကြီးမှာ မလှတဲ့မျက်နှာကို လှပအောင် ပြုပြင်ကြတယ်၊ နှာခေါင်း၊ ပါးစပ်၊ သွားအစရှိတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကိုလည်း မလှပတာ လှပအောင် အမြင်ဆန်းလာအောင် ခွဲစိတ်ပြီး အမျိုးမျိုးပြုပြင်နေကြတယ်။ ခုခေတ် သိပ္ပံပညာရှင်တွေ ဆေးပညာရှင်တွေဟာ ရုပ်တရားတွေကို တိုးတက်အောင် တီထွင်ကြံဆကာ ပြုပြင်ပြောင်းလဲမှု အတတ်ပညာမျိုးစုံကို တတ်ကျွမ်းနားလည်ကြတယ်၊ တတ်လည်း တတ်နိုင်တဲ့ ခေတ်ကြီးလို့ ဆိုရမှာပါပဲ။

ဒါပေမယ့် ဒီလောကီ အတတ်ပညာရှင်တွေဟာ ရုပ်ကိုသာ လှပတင့်တယ်အောင် ကြည့်ချင်စဖွယ်၊ ရှုချင်စဖွယ်ဖြစ်အောင်ပြုပြင်ပြောင်းလဲပေးတတ်သော်လည်း စိတ်ကိုတော့ လှပအောင် မပြုပြင်တတ်သေးဘူး၊ စိတ်ကိုလှပအောင် ပြုပြင်တဲ့ နည်း၊ မကောင်းတဲ့ စိတ်ဆိုး၊ စိတ်ယုတ်တွေကို ဖယ်ထုတ်ရှင်းလင်းပစ်တဲ့ နည်း သူတို့မှာ မရှိဘူး၊နည်းပညာတွေ ဘယ်လောက်တိုးတက် ခေတ်မီ နေပါတယ်ပြောသော်လည်း ဒီအတတ်ပညာ တစ်ခုကိုတော့ ပညာရှင်တွေ မသိသေး၊ မတတ်သေးတာ အမှန်ပဲ။

ဦးပဉ္စင်းတို့ ဗုဒ္ဓအဘိဓမ္မာ လို့ခေါ်တဲ့ သိပ္ပံပညာမှာ ရုပ်ကို အလှပြင်တဲ့နည်းလည်း ရှိတယ်၊ စိတ်ကို အလှပြင်တဲ့နည်းလည်း ရှိတယ်၊ပထမ ရုပ်ကို အလှပြင်နည်း တင်ပြပါမယ်။ ရုပ်ကို အလှပြင်နည်း အလှပြင်စရာ ပစ္စည်းလေးမျိုးရှိတယ်၊ ဒါတွေက တော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လို့ခေါ်တဲ့ အကြောင်းတရားလေးပါးပါပဲ၊ ကံကလည်း ရုပ်ကို လှပအောင် ပြုပြင်ပေးနိုင်တယ်။ စိတ်ကလည်း ရုပ်ကိုလှပအောင် ပြုပြင်ပေးနိုင်တယ်၊ ဥတုကလည်း ရုပ်ကို လှပအောင် ပြုပြင်ပေးနိုင်တယ်၊အာဟာရကလည်း ရုပ်ကိုလှပအောင် ပြုပြင်ပေးနိုင်တယ်။ ကောင်းတဲ့ ကံတွေကို ပြုရင် ရုပ်လှလာမယ်။ စိတ်ကောင်းကောင်းထားတတ်ရင် ရုပ်လှလာမယ်။ အချမ်းအပူစတဲ့ ဥတုကို မိမိနဲ့ မျှတအောင်နေရင် ရုပ်လှလာမယ်၊ သင့်တင့်မျှတအောင် အစာအာဟာရ ကိုစားရင် ရုပ်လှလာမယ်။

အကုသိုလ်ဒုစရိုက်လို့ခေါ်တဲ့ မကောင်းမှုတွေကို ပြုရင် ရုပ်ဆိုးမယ်၊ လောဘ၊ ဒေါသစတဲ့ စိတ်တွေနဲ့ ညစ်ထေးနေရင် ရုပ်ဆိုးမယ်၊ ဥတုဖောက်ပြန်နေရင် ရုပ်ဆိုးမယ်၊ အာဟာရချိုးတဲ့နေရင် ရုပ်ဆိုးမယ်၊ မိမိတို့ ရရှိထားသော ရုပ်တရားကြီးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပေါင်း၍ပြုပြင်အပ်သော သခ်ံတတရားဖြစ်လို့ပါပဲ။

ရုပ်ကို ပြုပြင်ပေးတဲ့ အကြောင်းတရားလေးပါးထဲမှာ ကံနှင့် စိတ်သည် ပိုအရေးကြီး၏။ ကံကလည်း မကောင်း၊စိတ်ကလည်း ထောင်းနေမယ်ဆိုရင် ဥတုဘယ်လိုပဲ မျှတကောင်းမွန်ပါစေ၊ အစာအာဟာရတွေ ဘယ်လောက်ပဲ

ကောင်းနေပါစေ ရုပ်ကို မလှပစေ နိုင်ပါဘူး။ ဒါကြောင့် စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နုလို့ ဆိုထားတာပါ။ ဒီစကားဟာ သိပ်မှန်တဲ့ စကားပါ။လောဘစိတ် ဖိစီးခံနေရသူတွေ၊ ဒေါသစိတ် ဖိနှိပ်ခံနေရသူတွေ၊သောက ပရိဒေဝမီးတွေ လောင်ကျွမ်းခံနေရသူတွေ ဒီပုဂ္ဂိုလ်တွေဟာ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်သွားကြတယ်။ ဒါတွေဟာ လက်တွေ့ မျက်တွေ့ သာဓကတွေပါပဲ။

ရုပ်ကို လှပစေနိုင်တဲ့ အကြောင်းအရာလေးပါးကို အခြေခံနမူနာထားကာ မိမိတို့၏ သတိသမ္မဇဉ် ပညာအမြော်အမြင်ဖြင့် အလှဆင်ပြုပြင်ကာ နေထိုင်သွားကြလို့ရှိရင် မိမိတို့၏ ရုပ်အဆင်းတွေဟာ ရွှေရောင်ကဲ့သို့ ဝါဝင်းလာမယ်၊ ပိုးသားကတ္တီပါ လဲဝါဂွမ်းကဲ့သို့ နူးညံ့ချောမောလာမယ်၊ မြင်သူတကာငေးလောက်တဲ့ အချောအလှပိုင်ရှင်မောင်မြန်မာ၊ မယ်မြန်မာမလေးတွေ ဖြစ်လာမှာ ဧကန်မလွဲပါပဲလို့ ရဲရဲကြီး အာမခံပါတယ်။

ဦးပဉ္စင်းတို့ ဗုဒ္ဓဒေသနာတော်နည်းအရ ရုပ်ကို အလှပြင်နည်းများကို သိရှိပြီးတဲ့အခါ၊ လောကီပညာရှင်များ ရှာဖွေဖော်ထုတ်မပြနိုင်သေးတဲ့ စိတ်အလှပြုပြင်နည်းကို ဆက်လက်တင်ပြပါဦးမယ်။

ယောနိသော ဘိက္ခဝေ မနသိကရောတော မဟာတော အတ္ထာယ သံဝတ္တတိ-ချစ်သားရဟန်းတို့၊ အရာရာတိုင်းကို မှန်မှန်ကန်ကန် အသင့်အတင့် နှလုံးသွင်းဆင်ခြင်တတ်ရင် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ရောက်နိုင်တယ်လို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူထားတယ်။

ဘယ်အရာမျိုးကိုမဆို ယောနိသော မနသိကာရစိတ်နဲ့ ကြည့်တတ်၊ မြင်တတ်ရမယ်လို့ ဆိုလိုပါတယ်။ နေ့စဉ်နှင့်အမျှ မြင်တဲ့စိတ်၊ ကြားတဲ့စိတ်၊ နံတဲ့စိတ်၊ အရသာကိုသိတဲ့စိတ်၊ အထိအတွေ့ကို သိတဲ့စိတ်၊ ကြံစည်စိတ်ကူးစိတ်တွေ အမျိုးမျိုးဖြစ်ပေါ်နေကြတယ်။မြင်စိတ်စသည် ဖြစ်ပေါ်လာတဲ့အခါ ယောနိသောမနသိကာရစိတ်ဖြင့် အသင့်အတင့် နှလုံးသွင်းဆင်ခြင်လိုက်ရင် အပြစ်မဖြစ်တော့ဘူး။ဒီလိုမဆင်ခြင်ဘဲ၊ ငါမတွေ့ချင်၊ မမြင်ချင်တဲ့လူကိုမှ တွေ့ရ မြင်ရတယ်ဆိုပြီး ဒေါမနဿတွေပွားတော့ အကုသိုလ်စိတ်တွေ ဖြစ်တယ်။ ကိုယ်ချစ်ခင်နှစ်သက်တဲ့သူကို တွေ့ရလို့ သမုဒယသံယောဇဉ်တွေ တွယ်ငြိကာ လောဘတဏှာ စိတ်ဖြစ်တော့လည်း အကုသိုလ်စိတ်ဖြစ်တာပဲ။

ဒီလိုမျိုး အကုသိုလ်စိတ်ဖြစ်ရတာ အသင့်အတင့် နှလုံးသွင်းမဆင်ခြင်တတ်လို့၊ ပါဠိလို အယောနိသော မနသိကာရကြောင့် ဖြစ်ရတာပါ၊ ကြားစိတ်၊ နံစိတ်၊ အရသာသိစိတ်၊ အထိအတွေ့သိစိတ်၊ ကြံစည်စိတ်တွေ ဖြစ်ပေါ်လာလာတိုင်းလည်း ထိုနည်းတူစွာပဲ မနှစ်သက်တဲ့ ဒေါသစိတ်၊ နှစ်သက်တဲ့ လောဘစိတ် မဖြစ်ပေါ်အောင် စောင့်ရှောက်ထိန်းသိမ်းပေးရမယ်၊ဒါကိုပဲ ယောနိသော မနသိကာရ-အသင့်အတင့်နှလုံးသွင်းဆင်ခြင်တယ်လို့ ခေါ်တယ်။

ဝိပဿနာ သဘောနဲ့ပြောရင်တော့ မြင်စိတ်ဖြစ်ပေါ်လာရင် ဖြစ်ပျက်လို့ရှု၊ ကြားစိတ်ဖြစ်ပေါ်လာရင် ဖြစ်ပျက်လို့ရှု၊ နံစိတ်ဖြစ်ပေါ်လာရင် ဖြစ်ပျက်လို့ရှု၊ အရသာကို သိစိတ်ဖြစ်ပေါ်လာရင် ဖြစ်ပျက်လို့ရှု၊ အထိအတွေ့ကို သိစိတ်ဖြစ်ပေါ်လာရင် ဖြစ်ပျက်လို့ရှု၊ ကြံစည်စိတ်ကူးစိတ်ဖြစ်ပေါ်လာရင် ဖြစ်ပျက်လို့ရှု လိုက်ပါ။

နောက်တစ်မျိုးအားဖြင့် မြင်ရင်မြင်တယ်လို့မှတ်၊ကြားရင်ကြားတယ်လို့မှတ်၊ နံရင် နံတယ်လို့မှတ်၊ စားရင် စားတယ်လို့မှတ်၊ ထိရင် ထိတယ်လို့မှတ်၊ ကြံစည်စိတ်ကူးရင် ကြံစည်စိတ်ကူးတယ်လို့မှတ်၊သည်လို ဖြစ်ပျက်စသည် ရှုမှတ်လိုက်တဲ့အခါ ယောနိသော မနသိကာရဖြစ်တယ်။ ကုသိုလ်စိတ် ကောင်းတဲ့ စိတ်တွေ ဖြစ်နေတော့ စိတ်ကလေးက လှမနေဘူးလား။ ဒါကိုပဲ စိတ်ကို အလှပြုပြင်တယ်လို့ခေါ်တယ်။

ယောနိသော မနသိကာရ ဖြစ်ဖို့ဆိုတာလည်း လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။အပြောလွယ်သလောက် သဘောခက်တယ်လို့ ဆိုရမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ ယောနိသော မနသိကာရဖြစ်ဖို့ရန် အကြောင်းအဆက်ဆက်တွေက ရှိသေးတယ်။ ဒါတွေကတော့ ပုဗ္ဗေစ ကတပုညတာ=ရှေးရှေးဘဝကကုသိုလ်ကောင်းမှုပြုခဲ့ဖူးခြင်း၊ ပဋ္ဌိရူပဒေသဝါသ=သင့်တင့်လျောက်ပတ် သူတော်သူမြတ်တို့၏ နေရာ၌ဖြစ်ရခြင်း၊ သပ္ပုရိသူပနိဿယ=မိကောင်းဘကောင်း၊ ဆွေမျိုးကောင်း ဆရာသမားကောင်းဟူသော သူတော်ကောင်းတို့ကို မှီခိုဆည်းကပ်ရခြင်း၊ သဒ္ဓမ္မဿဝန=သူတော်ကောင်းတရားကို နာကြားရခြင်း၊ အတ္တသမ္မာပဏိဓိ=မိမိကိုယ်ကိုလည်းကောင်း၊ မိမိစိတ်ကိုလည်းကောင်း စောင့်စည်းထိန်းသိမ်းနိုင်ခြင်းဟူသော အကြောင်းအဆက်ဆက် သမ္ဘတ္တိစက်တို့နှင့် ပြည့်စုံသော

သူ၏ သန္ဓာန်၌သာ မြင်စရာ၊ ကြားစရာ စသော အာရုံတိုင်း၌ ယောနိသော မနသိကာရဖြစ်ပြီး ကုသိုလ်စိတ်များ အဖြစ်များနိုင်တယ်၊သမ္ပတ္တိစက်များ အဆင့်ဆင့် ပျက်ပြားနေသူ၏ သန္ဓာန်၌ အယောနိသော မနသိကာရသာဖြစ်၍ အကုသိုလ်စိတ်တို့သာ အဖြစ်များတယ်။

ယခုပြောခဲ့တဲ့ သမ္ပတ္တိစက်တွေဟာ အဆက်မပြတ်လည်သွားတတ်လို့ စက္ကနဒ်စက်လို့ခေါ်ပါတယ်၊ လည်ပုံကတော့ ရှေးရှေးဘဝက ကုသိုလ်အထူးပြုခဲ့ဖူးသူဖြစ်လို့ သင့်တင့်လျောက်ပတ် သူတော်သူမြတ်တို့ နေရာမှာလူလာဖြစ်ရတယ်၊မိကောင်း၊ ဘကောင်း ဆွေမျိုးကောင်း ဆရာသမားကောင်းဟူသောသူတော်ကောင်းတို့ကို မှီခိုဆည်းကပ်ရတယ်။ သူတော်ကောင်းတို့ကို မှီခို ဆည်းကပ်ရသောကြောင့် သူတော်ကောင်းတရားကို နာကြားခွင့်ရတယ်၊ သူတော်ကောင်းတရားကို နာကြားရလို့ မိမိကိုယ်ကိုလည်းကောင်း၊ မိမိစိတ်ကိုလည်းကောင်း စောင့်ရှောက် ထိန်းသိမ်းနိုင်တယ်၊ ဒီလိုအကြောင်း အဆက်ဆက်တွေလည်သွားလို့ စက် လို့ခေါ်တယ်။

ဒီသမ္ပတ္တိစက်တွေထဲမှာ ပုဗ္ဗေစ ကတပုညတာစက်ခေါ်တဲ့ တရားသည် ရှေးရှေးအတိတ် ဘဝရှေ့ပိုင်းမှာ အရေးအကြီးဆုံးဖြစ်တယ်၊ ပစ္စက္ခ မျက်မှောက်ဘဝမှာ အရေးအကြီးဆုံးကတော့ အတ္တသမ္ဘာပဏိဓိစက်ပါပဲ။ အတ္တ၊ စိတ်ကို-ဝါ-ကိုယ်ကို။ သမ္ဘာ၊ ကောင်းစွာ။ ပဏိဓိ၊ ထားခြင်း၊ စောင့်ရှောက်ခြင်းလို့ အဓိပ္ပါယ်ရတယ်၊စိတ်မကောင်းသော သူ၌ ကိုယ်လည်း မကောင်း၊ နှုတ်လည်း မကောင်း၊စိတ်ကောင်းရှိသော သူ၌သာ ကိုယ်အမူအရာလည်း ကောင်း၌ နှုတ်အမူအရာ အပြောအဆိုလည်း လိမ္မာယဉ်ကျေးချိုသာတယ်။

တစ်နည်းအားဖြင့် သဒ္ဓါတရားမရှိလျှင် သဒ္ဓါတရားရှိအောင်၊ သီလမရှိလျှင် သီလရှိအောင်၊မလှူချင်လျှင် လှူချင်အောင် ပြုပြင်ပေးခြင်းကို အတ္တသမ္ဘာပဏိဓိလို့ဆိုပါတယ်။ လောကရေးနှင့် ပတ်သက်လျှင်လည်း ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည်တို့၌ ပျက်ပြားဆုတ်ယုတ်မှု မရှိအောင် ကြိုးစားအားထုတ်တာမျိုး ဖြစ်ပါတယ်။ အားလုံးကို ခြုံကြည့်ရင်တော့ ကာယကံ၊ ဝစီကံ၊ မနောကံ အမှုတို့၌ မကောင်းတာတွေ မဖြစ်အောင် စောင့်ရှောက် နေထိုင်ခြင်းကို အတ္တသမ္ဘာပဏိဓိလို့ ဆိုရမှာဖြစ်ပါတယ်။

ရှေးရှေး အတိတ်ဘဝက ပုဗ္ဗေစ ကတပုညတာစက်နှင့် ပြည့်စုံခဲ့၍ ကုသိုလ်အထူး ရှိကြသူတွေသည် ယခုဘဝမှာလည်း အတ္တသမ္ဘာပဏိဓိ-မိမိကိုယ်စိတ်နှစ်ပါးကို စောင့်ရှောက်ထိန်းသိမ်းနိုင်ခဲ့လျှင် အရာရာတိုးတက်ချမ်းသာဖို့၊ အထက်တန်းလွှာ လူဖြစ်ဖို့ မလွဲဧကန် အမှန်ပင်ဖြစ်တယ်။

ရှင်ရာဟုလာအား မြတ်စွာဘုရားသခင် ဆုံးမတော်မူသော ရာဟုလောဝါဒသုတ်မှာ၊ 'ရာဟုလာ၊ မှန်-သည် ဘာအကျိုးရှိသနည်း'ဟု ဘုရားရှင်က မေးတော်မူသောအခါ ရှင်ရာဟုလာက'ဆင်ခြင်ခြင်းအကျိုးရှိပါသည်'ဘုရားလို့ ပြန်လည်ဖြေကြားတယ်။

မှန်ကြည့်တယ်ဆိုတာ မိမိဝတ်ပုံ စားပုံ၊ ဖီးလိမ်းဆင်ယင်ထုံးဖွဲ့ပုံတွေကို အချိုးကျ မကျ၊ လှ မလှ၊ လိုက် မလိုက်သိရအောင် ကြည့်တယ်၊ မိမိမျက်နှာပေါ် ကိုယ်ပေါ်မှာ မှဲ့၊ ဝက်ခြံ အစွန်းအထင်း အပြစ်အနာရှိ မရှိ သိရအောင် ကြည့်တယ်၊ ဒါကြောင့် ရှင်ရာဟုလာက ဆင်ခြင်ခြင်း အကျိုးရှိပါသည်ဘုရားလို့ ဖြေကြားတယ်၊ အဲဒီနောက် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆက်ပြီးတော့'ရာဟုလာ၊ထိုမှန်ကြည့်သကဲ့သို့ပင် ဆင်ခြင်၍ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပြုရမည်'ဟု ဆုံးမတော်မူခဲ့တယ်။ မိမိကိုယ်နှုတ်စိတ်တို့ကို 'ပညာမှန်ပြင်တွင် ကြည့်၍'မကောင်းတဲ့ ကိုယ်၊ နှုတ်၊ စိတ်ထားများကို ဖယ်ရှားသုတ်သင်ပြီး ကောင်းအောင်ပြုပြင်ရမယ်လို့ ဆိုလိုပါတယ်။

များသောအားဖြင့် လူတွေဟာ အနည်းဆုံး တစ်နေ့တစ်ခါ လောက်တော့ မှန်ရှေ့မှာသွားပြီး မှန်ကြည့်ဖြစ်သူတွေ များပါတယ်။သက်သက် အလှပြင်ဖို့ ကြည့်သူရှိသလို လူမြင်ကောင်းအောင်တော့ နည်းနည်းပါးပါး ပြင်ဦးမှဆိုပြီး မှန်ကြည့်ကြသူတွေလည်းရှိတယ်၊ ထိုကဲ့သို့ ပကတိသော မိမိရုပ်ရည်ကို ကြည့်ချင်စဖွယ်၊ ရှုချင်စဖွယ်ဖြစ်အောင် ပကတိမှန်ရှေ့မှာ အလှအပ တန်ဆာဆင်ယင်ပြုပြင်ကြသလို နေ့စဉ်နေ့စဉ် 'ပညာမှန်'ရှေ့မှာ သွားပြီး မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကိုယ်၊ နှုတ်၊ စိတ်တို့၌ မကောင်းသော အညစ်အကြေး၊အစွန်းအထင်းများ မကပ်ငြိအောင် ဖယ်ရှားသုတ်သင်ပြီးလျှင် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံးကို လှပအောင် အလှဆင်တတ်ကြစေရန် ရည်သန်၍ ရေးသားတင်ပြအပ်ပါသတည်း။

■ရွှေလမင်း

အခြေတင့်ကာ အနေမြင့်စေဖို့ ဒဿိန

စာရေးသူ၏ ခြေလှမ်းများသည် တုံ့ဆိုင်းသွားပါ၏။

ဆွမ်းစားကျောင်းမှအပြန် စာရေးသူတို့၏ အဆောင်လှေကားကို တက်လာရင်း လမ်းမပေါ်မှ မြင်ကွင်းကို လှေကားမှန်မှ မြင်တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။ စာရေးသူသည် လှေကားကို ဆက်မတက်သေးဘဲ ခေတ္တမျှ ရပ်ကြည့်နေမိသည်။

လမ်းမပေါ်တွင်ဆင်းရဲနွမ်းပါးရှာသော သားအမိနှစ်ယောက်။ ဟောင်းနွမ်းပေရေသော အဝတ်အစားများနှင့် ညစ်ထေးသော အသွင်အပြင်သည် သူတို့၏ချို့တဲ့မှုကို သက်သေပြနေပါသည်။ ကလေးငယ်သည် အသက်ငါးနှစ်၊ ခြောက်နှစ်ဝန်းကျင်ခန့် ရှိဟန်တူသည်။ နေပူကျဲကျဲတွင် ဖိနပ်ပင် မပါရှာပါ။ သူ၏မိခင်သည် သစ်တိုသစ်စများကို ရှာဖွေစုဆောင်းကာ ခေါင်းပေါ်ရွက်ရန် ဟန်ပြင်နေသည်။ သူမတစ်ယောက်တည်း မနိုင်သဖြင့် သားငယ်ကလေးကို အကူအညီတောင်းသည်ဟု ထင်ပါသည်။ ကလေးငယ်သည် သူ၏လက်ကလေးများဖြင့် မနိုင့်တနိုင် ဝိုင်းမ ပေးလိုက်ပါသည်။ စာရေးသူ၏ တူငယ်အရွယ်သာသာ ရှိသေးသော ကလေးငယ်သည် အပူအပင်ကင်းမဲ့စွာဖြင့် ပညာသင်၊ ဆော့ကစားရမည့်အရွယ်သာ ရှိပါသေးသည်။ ယခုမူ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရရာအလုပ်ဖြင့် ပင်ပန်းကြီးစွာရှာဖွေစားသောက်နေရသော မိခင်နှင့်အတူ လိုက်ပါကူညီနေရသည်။ ခက်ခဲကြမ်းတမ်းလှသော သူတို့၏ ဘဝအခြေအနေမျိုးတွင် ကလေးငယ်သည် ပြုံးနိုင်ပါသေးသည်။ ယခုမြင်တွေ့ရသော ကလေးငယ်မျိုး မည်မျှရှိသည်ကို အတိအကျ မသိနိုင်ပါ။

ဆင်းရဲနွမ်းပါးသဖြင့်ကျောင်းမတက်နိုင်ကြရှာသော ကလေးသူငယ်များ၏ ဘဝကို မြှင့်တင်ပေးကာ သူတို့၏ဘဝ ရပ်တည်မှုရရန် ကူညီထောက်ပံ့လိုစိတ်များ စာရေးသူတွင် ပေါ်ပေါက်နေသည်မှာ နှစ်အတန်ကြာပါပြီ။ ဆင်းရဲတွင်းနက်သောကြောင့် ဘာသာခြားတို့၏ သိမ်းသွင်းမှုကို ခံရသူများကို ကယ်တင်လိုစိတ်များ မကြာခဏဖြစ်ပေါ်နေပါသည်။ ပညာရေးနှင့် အဝေးကြီးဝေးကာ အရွယ်နှင့်မလိုက်အောင် လမ်းမပေါ်တွင် စီးပွားရှာပြီးရုန်းကန်လုပ်ရှားနေရရှာသော လူငယ်ကလေးများအား စားဝတ်နေရေးထောက်ပံ့ကာ အခြေခံပညာများသင်ပေးရင်း ဗုဒ္ဓယဉ်ကျေးမှုများကိုပါ စနစ်တကျ မျိုးစေ့ချပေးခြင်းဖြင့် အမျိုးဘာသာသာသနာအတွက် တတ်နိုင်သမျှ ဆောင်ရွက်လိုစိတ်များ ပေါ်ပေါက်နေပါသည်။ စာကြည့်တိုက်ထောင်ကာ ဗုဒ္ဓသာသနာစိတ် နိုးကြားတက်ကြွစေသော စာအုပ်စာတမ်းများ အပြင် ဗဟုသုတ ရစေနိုင်သော မဂ္ဂဇင်း၊ဂျာနယ်များဖြင့် ပံ့ပိုးထောက်ပံ့ခြင်းဖြင့် သူတို့၏ ပညာမျက်စိကို ဖွင့်ပေးလိုပါသည်။ စိတ်နေစိတ်ထား ယဉ်ကျေးသိမ်မွေ့အောင် အချိန်မှန်စုပေါင်းတရားမှတ်သည့် အလေ့အထကို ပြုပေးလိုပါသည်။

ထိုသားအမိကို ကြည့်ရင်း စာရေးသူသည် ကရုဏာလည်းသက်စိတ်မကောင်းလည်း ဖြစ်မိသည်။ စာရေးသူ၏စိတ်တွင် သူတို့၏ဆင်းရဲကို ကူညီပယ်ဖျောက်ပေးလိုသော ကရုဏာအစစ်ဖြစ်သည်ကား မှန်ပါ၏။ သူတို့၏ဘဝအခြေအနေကို ကြည့်ရင်း စိတ်ဆင်းရဲမှု ဒေါမနဿကား ကရုဏာအစစ်၏ အခြားမဲ့၌ ပုန်းလျှိုးကွယ်လျှိုး လိုက်ပါလာသည်ကိုလည်း သတိပြုမိပါသည်။ လောလောဆယ်တွင် သူတို့၏ ဘဝကို ကိုယ်ထိလက်ရောက် မြှင့်တင်ပေးရန် စာရေးသူ မတတ်နိုင်သေးပါ။ ထို့ကြောင့် "သူတို့လေးတွေ အဆင်ပြေနိုင်ကြပါစေ"ဟု စိတ်ထဲမှမေတ္တာပို့နေမိ၏။ မတတ်သာသည့်အဆုံး စာရေးသူသည် "ဩော် . . ငါက သူတို့ရဲ့ လက်ရှိအခြေအနကိုပဲ မြင်နိုင်တာကိုး။ သူတို့ရဲ့ အတိတ်ကံတွေကိုမှ မမြင်နိုင်တာ။ သူတို့ကိုယ်တိုင် ပြုခဲ့တဲ့ မကောင်းကံကြောင့် ဒါမှ မဟုတ် ကုသိုလ်ကောင်းမှုတွေ မပြုဘဲ မေ့မေ့လျော့လျော့ ပျေါ့ပျေါ့ဆဆ နေခဲ့ကြလို့ အခုလို ဆင်းဆင်းရဲရဲ နေကြရတာဖြစ်မှာပဲ"လို့ စိတ်ကို ဖြေသိမ့်ရ၏။

လက်ရှိဘဝအခြေအနေသည် ရှေးအတိတ်ကံနှင့်သက်ဆိုင်သလို မျက်မှောက်ဘဝ ကြိုးစားအားထုတ်မှုနှင့်လည်း သက်ဆိုင်ပါသည်။ ရှေးဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့သော်လည်း ယခုဘဝဥာဏ်စွမ်းအား၊ ဝီရိယစွမ်းအားမထုတ်ဘဲ ပျင်းရိနေလျှင် ဆင်းရဲမွဲတေနိုင်ပါသည်။ ဓမ္မပဒအဋ္ဌကထာ မဟာဓနသေဋ္ဌိပုတ္တဝတ္ထုဠ- သူဌေးသားဇနီးမောင်နှံတို့သည် နှစ်ဖက်မိဘများထံမှ ကုဋေရှစ်ဆယ်စီဖြင့် နှစ်ဦးပေါင်း ကုဋေပေါင်း(၁၆၀)အမွေရထားသည်။ သို့သော် ဇနီးမောင်နှံနှစ်ယောက်တို့သည် ငယ်ရွယ်စဉ်အခါက လောကီစီးပွားလည်း မရှာ၊ လောကုတ္တရာ

စီးပွားလည်း မရှာ။ စည်းစိမ်ယစ်ကာ သောက်စားပျော်ပါးမှုဖြင့် အချိန်ဖြုန်း၊ ငွေဖြုန်းခဲ့ကြသည်။ နောက်ဆုံးတွင် ကုန်းကောက်စရာပင် မကျန်လောက်အောင် ဆင်းရဲမွဲတေခဲ့ကြရသည်။ အိမ်မဲ့ရာမဲ့ဖြစ်ပြီး ခွက်လက်စွဲကာ တောင်းရမ်းစားသောက်ရသော သူတောင်းစားဘဝဖြင့်ပင် ကွယ်လွန်ခဲ့ကြရသည်။သူတို့၏ဘဝကို ဆန်းစစ်ကြည့်လျှင် လောကီစီးပွားရှာလျှင် ပထမတန်းစားသူဌေး၊လောကုတ္တရာ စီးပွားရှာလျှင် အနာဂါမ်ရဟန္တာဖြစ်နိုင်လောက်သည့် အခွင့်အရေးနှင့် ကံအကျိုးပေးရှိပါလျက် မေ့လျော့ပေါ့ဆ အချိန်ဖြုန်းခဲ့သဖြင့် အချည်းနှီးအလဟဿ ဖြစ်ခဲ့ရသည်။

ယခုဘဝဉာဏ်စွမ်းအား၊ ဝိရိယစွမ်းအားရှိသမျှ စိုက်ထုတ်ကာ ကြိုးစားပါသော်လည်း အတိတ်ကပြုခဲ့သော အကုသိုလ်ကြောင့် "ကံမရှိ-ဉာဏ်ရှိတိုင်းမွဲ"လည်း ဖြစ်တတ်သည်။

မိမိဘဝ အခြေတင့်ကာ အနေမြင့်ရန်မှာ မိမိပြုသော ကောင်းမှုများပေါ်တွင် မူတည်ပါသည်။အလျှုဒါနသည် ဘဝအခြေတင့်ကာ အနေမြင့်စေရေးအတွက် အကြောင်းအချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သူတစ်ပါး၏ ချို့တဲ့မှုကို မိမိက ကူညီဖြည့်ဆည်းပေးလိုသော စေတနာသန့်သန့်ဖြင့် ရက်ရက်ရောရော လျှုဒါန်းပေးကမ်းစွန့်ကြဲမှုသာ အကျိုးများနိုင်ပါသည်။ လျှုဒါန်းရာတွင်လည်း "ပြီးပြီးရော"သဘောမျိုး မဟုတ်ဘဲ အလျှုခံအပေါ် စစ်မှန်သော မေတ္တာ ကရုဏာဖြင့် ရိုရိုသေသေ ဝမ်းမြောက်ဝမ်းသာ လျှုဒါန်းသင့်ပါသည်။ မိမိနာမည်ကြီးလိုခြင်း၊ အလျှုခံထံမှ တုံ့ပြန်မှုကို ရယူလိုခြင်းစသော ကိုယ်ကျိုးကို မမျှော်ကိုးဘဲ အလျှုခံသူ ချမ်းချမ်းသာသာ သက်သောင့်သက်သာ ဖြစ်စေရေးကိုသာ ဦးတည်လျှုဒါန်းတတ်ရန် လိုအပ်ပါသည်။ထိုကဲ့သို့ စစ်မှန်သောစေတနာ ရင်းဖြင့် ပေးလျှုသော အလျှုဒါနမျိုးသည် ယခုဘဝတွင်သာမက နောင်တမလွန်ဘဝများတွင်ပါ ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝမှု၊ လူချစ်လူခင် ပေါများမှုစသော ကောင်းကျိုးများ ထက်ထက်သန်သန် ရနိုင်ပါသည်။

မိမိပြုသောအလျှုဒါန ယခုဘဝ၌ပင် အကျိုးပေးစေနိုင်ကြောင်း အင်္ဂါလေးရပ်ကို အဋ္ဌသာလိနီ၌ "အလျှု၏ စင်ကြယ်ခြင်း"အမည် ဖြင့် ပြဆိုထားပါသည်။ သူတစ်ပါး ထံမှ ခိုးဝှက်တိုက်ခိုက် လိမ်လည်၍ မဟုတ်ဘဲ တရားသဖြင့် ရှာမှီး၍ရသော စင်ကြယ်သော လျှုဖွယ်ပစ္စည်းဖြစ်ခြင်း၊ ယုံယုံကြည်ကြည်ပေးလျှုရာတွင် စေတနာသုံးတန် ထက်သန်ခြင်း၊ အလျှုခံက ရဟန္တာပုဂ္ဂိုလ်ဖြစ်ခြင်း၊ ရဟန္တာပုဂ္ဂိုလ်ကနိရောဓသမာပတ်မှ ထခိုက်ဖြစ်ခြင်း အင်္ဂါ ၄-ချက်နှင့် ပြည့်စုံပါက ချက်ချင်းလက်ငင်း အကျိုးပေးနိုင်ပါသည်။

ပုဏ္ဏသည် အလုပ်သမားဘဝဖြင့် သုမနသူဌေး၏အိမ်နောက်ဖေးတွင် နေခဲ့ရ၏။ နောက်တစ်နေ့အတွက် ချက်စရာဆန်ပင်မရှိလောက်အောင် ဆင်းရဲကျပ်တည်းသူ ဖြစ်သည်။ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားအပြီးတွင် လယ်လုပ်ရာနားသို့ ကြွလာသော အရှင်သာရိပုတ္တရာမထေရ်အား ပုဏ္ဏသည် ဒန်ပူနှင့်သောက်တော်ရေ ကပ်လှူခဲ့သည်။သူ၏ ဇနီးသည်လည်း ပုဏ္ဏအတွက်ယူလာသော ထမင်းဟင်းကို လမ်းခရီး၌အရှင်သာရိပုတ္တရာမထေရ်အား ဆွမ်းကပ်ခဲ့သည်။ထိုအကြောင်းကို ဇနီးက ပြောပြသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။ ပုဏ္ဏတို့ ဇနီးမောင်နှံသည် စင်စင်ကြယ်ကြယ် ရှာဖွေရရှိထားသော လျှုဖွယ်ဝတ္ထုတို့ကို စေတနာရက်ရောစွာဖြင့် နိရောဓသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာမထေရ်အား ပေးလျှုခဲ့သောကြောင့် ထိုနေ့တွင်ပင် ပုဏ္ဏလယ်ထွန်ရာအရပ်တွင် မြေမှုန်မှုအစ အလုံးစုံသည် နီမြန်းသော ရွှေစင်ရွှေသားအဖြစ်သို့ ရောက်ရှိခဲ့သည်။သူတို့၏အလျှုသည် ချက်ချင်းလက်ငင်း အကျိုးပေးကာ နေ့ချင်းရက်ချင်းပင် သူဆင်းရဲဘဝမှ သူဌေးဘဝသို့ ရောက်ခဲ့ကြရသည်။

ထို့ကြောင့် တရားသဖြင့် စင်စင်ကြယ်ကြယ် ရှာဖွေထားသော လျှုဖွယ်ပစ္စည်းဖြစ်ရန်၊ စေတနာရက်ရက်ရောရောဖြင့် လျှုဒါန်းရန် အထူးအလေးပေးသင့်သည်။ ယနေ့ခေတ်တွင် ရဟန္တာအလျှုခံပုဂ္ဂိုလ်ရနိုင်ရန်နှင့် နိရောဓသမာပတ်မှ ထလာသော အလျှုခံပုဂ္ဂိုလ်ရနိုင်ရန် မလွယ်ကူပါ။ သို့သော် မြတ်စွာဘုရားဆိုဆုံးမထားသည့်အတိုင်း ကိုယ်တွင်းကိလေသာများ လျော့ပါးအမြစ်ပြတ်ရန် သီလ၊ သမာဓိ၊ ပညာအကျင့်တရားများကို နည်းလမ်းတကျ ကျင့်ကြံအားထုတ်နေကြသော ရဟန်းရှင်လူ ယောဂီသူတော်စင်တို့အား ရွေးချယ်လျှုဒါန်းနိုင်ပါသည်။

အလျှုဒါနသက်သက်မျှဖြင့် ပစ္စည်းဥစ္စာပြည့်ဝနိုင်သော်လည်း အပြုအမူ၊ အပြောအဆိုများ ရမ်းကားနေလျှင် အထက်တန်းကျသူ

မဖြစ်နိုင်ပါ။အောက်ထစ်ဆုံးအားဖြင့် အခြေခံလူသီလဖြစ်သော ငါးပါးသီလ စောင့်ထိန်းပါမှ အောက်တန်းကျသူ အဖြစ်မှ လွတ်နိုင်ပါသည်။သူတစ်ပါး အား ဖိနှိပ်ညှဉ်းဆဲ သတ်ဖြတ်မှု၊ သူတစ်ပါးဥစ္စာကို မတရားခိုးယူမှုမိမိ မပိုင်ဆိုင်သောသူများအား ကျူးလွန် ဖောက်ပြားမှုသေရည်အရက် မူးယစ် ဆေးဝါးသောက်သုံးမှု စသော ရုန့်ရင်းကြမ်းတမ်းသော ကိုယ်မှုမှ ရှောင်ကြဉ်လိုက်ခြင်းဖြင့် ကိုယ်အမူ အရာ အတန်တင့်တယ်လှပလာပါ ပြီ။ သူတစ်ပါးထိခိုက်အောင် လိမ် လည်ပြောဆိုမှုမှ ရှောင်ကြဉ်လိုက် ခြင်းဖြင့် နှုတ်အမူအရာ အတန်တင့် တယ်လှပလာပါပြီ။ အခြေခံလူသီလ ဖြစ်သော ငါးပါးသီလကို စောင့်ထိန်း ခြင်းဖြင့် ကိုယ်မှုနှုတ်မှုတို့ အတန် အပြစ်ကင်းနေပါပြီ။သူတစ်ပါးအပေါ် ရမ်းကားမှုမှ ရှောင်ကြဉ်သဖြင့် သူ တစ်ပါးကို ကာကွယ်ပေးရာလည်း ရောက်ပါသည်။

သီလဆောက်တည်စောင့် ထိန်းခြင်းဖြင့် ကိုယ်မှု နှုတ်မှုကို အပြစ်ကင်းစေသော်လည်း စိတ်အမူ အရာ အပြစ်ကင်းအောင်ကား မတတ် နိုင်ပါ။ သီလဆောက်တည်စောင့် ထိန်းခြင်းဖြင့် ကြမ်းတမ်းသော အပြု အမူ၊ အပြောအဆိုမှ ရှောင်ကြဉ်နိုင် သော်လည်း စိတ်ဖြင့်ပြစ်မှားကျူးလွန် နိုင်ပါသေးသည်။ စိတ်ထဲတွင် ကိလေသာများ ထကြွနိုင်ပါသေးသည်။ အောက်ထစ်ဆုံးအားဖြင့် သောတာ ပတ္တိမဂ်ဉာဏ်ကို မရသေးသမျှ ဆောက်တည်စောင့်ထိန်းထားသော သီလ ကျိုးပေါက်နိုင်ပါသေးသည်။

ပေါ်ဆဲ၊ ဖြစ်ဆဲသော ရုပ် နာမ်တရားတို့ကို အရှိအတိုင်း ချက် ချင်းလက်ငင်း စွဲစွဲမြဲမြဲရှုမှတ်မှု သတိ ပဋ္ဌာန်ဝိပဿနာဘာဝနာဖြင့် စိတ် အညစ်အကြေး ကိလေသာတို့ကို အချိန်ပိုင်း ကင်းဝေးစေနိုင်သည်။ စိတ်အညစ်အကြေး ကင်းစင်နေ သဖြင့် စိတ်အမူအရာ အပြစ်ကင်း သန့်ရှင်းနေသည်။ စိတ်နေစိတ်ထား လှပတင့်တယ်နေသည်။ ပေါ်ဆဲ အာရုံကို စွဲစွဲမြဲမြဲ ရှုမှတ်နိုင်လျှင် စိတ်ထဲသို့ ကိလေသာများလည်း မဝင်နိုင်။ ထိုအချိန်မျိုးတွင်မကောင်း မှု ပြုလိုစိတ်၊ ပြစ်မှားလိုစိတ် မရှိပေ။ ကိုယ် နှုတ် စိတ်သုံးပါးလုံး အပြစ်ကင်း သန့်ရှင်းနေသဖြင့် ဖြူစင်မြင့်မြတ်သူ ဖြစ်နေပါသည်။ ဝိပဿနာဉာဏ်များ အဆင့်ဆင့် ရင့်သန်ပြည့်စုံကာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် ကို ရရှိလျှင်ကား စိတ်ကူးဖြင့်ပင် ပြစ်မှားကျူးလွန်မှု မရှိတော့ပါ။ အခြေခံငါးပါးသီလ လုံးဝမကျိုးမပျက် တော့ပါ။

ထို့ကြောင့် အရိယာပုဂ္ဂိုလ် သည် မကျိုးမပျက်သော အခြေခံ သီလများနှင့် လွှမ်းခြုံထုံမွမ်းထား သည့်အပြင် အဆင့်မြင့် အရိယာ ပညာများ ရရှိထားသဖြင့် သူ၏ဘဝ တင့်တယ်လှပကာ အဆင့်အတန်း မြင့်သူအစစ်၊ အထက်တန်းကျသူ အစစ် ဖြစ်လာပါပြီ။ ဒါန၊ သီလ၊ ဘာဝနာတရားများကို ပြည့်စုံလုံ လောက်အောင် ဖြည့်ကျင့်ပါမှ အခြေ တင့်ကာ အနေမြင့်သော ဘဝကို ပိုင်ဆိုင်နိုင်ပါသည်။ သောတာပတ္တိ မဂ်ကို ရပြီးသူသည် အောက်တန်း ကျသောဘဝသို့ မည်သို့သောအခါမျှ မရောက်နိုင်တော့ပါ။

စာရေးသူတို့တစ်တွေသည် ကုသိုလ်ကောင်းမှု စုံလင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် ရရှိသော အချိန်နှင့် အခွင့်အရေးကို လက်တွေ့ ကျကျ အသုံးမချဘဲ မေ့လျော့ပျေါ်ဆ နေခဲ့ပါလျှင် ဆင်းရဲအောက်တန်းကျ သော ဘဝများသို့ ရောက်နိုင်ပါသေး သည်။ လောကီရေးရာကိစ္စ၊ ယခု တစ်ဘဝကောင်းစားရေးကိစ္စများနှင့် သာ အချိန်ကုန်ပြီး ကုသိုလ်ရေးတွင် လစ်ဟင်းပျက်ကွက်နေလျှင် အောက် တန်းနောက်တန်းကျသော ဘဝများ ရနိုင်ပါသေးသည်။ ထို့ပြင် ယခုဘဝ အဆင်ပြေကောင်းစားရေးကို သာ ကြည့်ပြီး အခြေခံငါးပါးသီလမျှကိုပင် မစောင့်ထိန်းဘဲ၊ သူတစ်ပါးအပေါ် ခိုးဆိုးသတ်ဖြတ် အနိုင်ယူညှဉ်းပန်း နှိပ်စက်နေလျှင် အဆင့်နိမ့်အောက် တန်းကျသော ဘဝများသို့ ရောက် ကြရပေမည်။ သီလလောက်သာ လုံခြုံပြီး အဆင့်မြင့် သတိပဋ္ဌာန် ဘာဝနာတရား မပွားများလျှင် မဂ် ဖိုလ်နိဗ္ဗာန် မရောက်နိုင်သဖြင့် အဆင့် မြင့်ဘဝမျိုးရရန် အာမခံချက်မရှိပါ။

ထို့ကြောင့် မိမိတို့ဘဝ အခြေ တင့်ကာ အနေမြင့်အောင် ပုံဖော်လို သူသည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မျိုးစုံအောင် ဦးစားပေးရွေး ချယ် ကြိုးစားသင့်ပါသည်။ ဆက် လက်ခရီးဆက်ရဦးမည့် သံသရာ တစ်လျှောက်တွင် ဘယ်သောအခါမျှ အောက်တန်းနောက်တန်းကျသော ဘဝမျိုး မရောက်နိုင်လောက်အောင် အာမခံချက်ပေးနိုင်သည့်အနည်းဆုံး တစ်မဂ်တစ်ဖိုလ်ရအောင် ကြိုးစား အားထုတ်သင့်ပါသည်။

■ ဒဿိနီ



ဉာဏ်မှန်နယ်ပယ် ပြောင်းကြတယ်

(ဝိပဿနာကျေးဇူး ဖော်ကျူးသံများ)

Ian Hetherington ၏
Realizing Change;
Vipassana Meditation in Action
စာအုပ်ကို မြန်မာဘာသာသို့ပြန်ဆိုသည်။

ဦးတင်ဦး (မြောင်)

(၁)

ငဲ့ကွက်တွယ်တာမှုကင်းသော မျှော်လင့်ချက်မျိုး

ကျွန်ုပ်လုပ်သမျှ အလုပ်ဆိုလျှင် တစ်နည်းနည်း ထူးခြားမှုရှိစေချင်သော ဆန္ဒသည် ကျွန်ုပ်၏ ပင်ကိုယ် စရိုက်တစ်မျိုးဟု ဆိုရမည်ထင်ပါသည်။ကျွန်ုပ်၏ ပယောဂ ဖြင့် လောကကို (နည်းနည်းကလေးပင်ဖြစ်စေ) တိုးတက်သာယာစေလိုသော အာသီသကို အရင်းခံသောဆန္ဒပင် ဖြစ်ပါ၏။ ကျွန်ုပ်သည် ပတ်ဝန်းကျင်လေ့လာထိန်းသိမ်းရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်၍ ဤအလုပ်ကို မြတ်နိုးပါသည်။ အတိအကျပြောရမည်ဆိုသော် မြေသားရွှေ့လျားပျက်စီးခြင်းကို လေ့လာ၍ ထိန်းသိမ်းရခြင်းလုပ်ငန်းပင် ဖြစ်၏။ဤလုပ်ငန်း လုပ်ရသဖြင့် နှစ်ခြိုက်မှုနှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို တစ်ရွှေ့ရွှေ့ချင်း ပိုမို၍ ပုံမှန်အနေအထားမျိုး ပြန်၍ ဖြစ်လာရေးအတွက် မိမိ၏ ပယောဂစိုက်ထုတ်မှုပါဝင်နေကြောင်းကို သိရှိခြင်း ဖြစ်၏။နောက်တစ်မျိုးမှာ တွေ့မြင်ဖူးနေကျဖြစ်၍ တကယ့် တကယ်အားဖြင့် ဘာမျှမထူးဆန်းသည့် သဘာဝ ဖြစ်စဉ်ကြီးတွင် ကျွန်ုပ်အဖို့ အံ့စရာ အကြောင်းများကို အမှတ်မထင်တွေ့မြင်ရခြင်း ဖြစ်၏။ ဥပမာအားဖြင့်မိုးရေ ဗွက်အိုင်ကလေးများထဲသို့ ရွှံ့ရေများ စီးဝင်နေကြပုံသည် ကျွန်ုပ်အဖို့ အံ့ဩစရာတစ်ရပ်ဖြစ် လေသည်။

ထိုသို့ နှစ်ခြိုက်မှုမျိုးကို ခံစားရသည်မှာ နေ့စဉ်တော့ မဟုတ်ပါချေ။ ကျွန်ုပ်စိတ်ကြည်သာ ရွှင်ပျနေသည့် နေ့မျိုးတွင်သာ ဖြစ်လေသည်။စိတ်မကြည်လင်သည့် နေ့များတွင်မူကား လွှမ်းခြုံရှုမြင်ထားသော တိုးတက်သည့် လူသားတို့၏ တိုးတက်သောကမ္ဘာကြီးအကြောင်းကို စိတ်အာရုံတွင် ထင်မြင်အောင်ကြိုးစားနေသည့်ကြားမှပင် အလုပ်ခွင်၏ မနှစ်မြို့ဖွယ်များကစိတ်ကိုဖိစီးနှိပ်စက်တတ်ပါသည်။ ကျွန်ုပ်၏ အလုပ်ခွင်သည်ကား ပညာတတ်တွေ စုမိရာဌာနကြီးတစ်ခုဖြစ်၍ သူ့သဘောသဘာဝမှာလည်း ဌာနတွင်း ဗိုလ်လုမှုများ ရှိနေမြဲဖြစ်ခြင်းကြောင့် စိတ်ပျက်ဖွယ် ကြုံရတတ်ပါသည်။ ထိုအခါမျိုးတွင် “ဒီအလုပ်ကို ငါဘာကြောင့် လုပ်နေမိပါလိမ့်” အစရှိသည်ဖြင့် လုပ်ငန်းပေါ်တွင် မကြည်မသာ ခံစားရတတ်ပါသည်။ဤသို့ စိတ်တွေနောက်ကျိုလာပြီဆိုလျှင် ဝိပဿနာအကျင့်က ကျွန်ုပ်အား စောင့်ရှောက်သတိပေးလာပါတော့သည်။ “ကိုယ်လုပ်စရာရှိတာ ကိုယ်သာ ဖြောင့်ဖြောင့်လုပ်စမ်းပါ။ ရော်ရမ်းဖမ်းဘွဲ့တွေနဲ့ စိတ်ရှုပ်ခံမနေစမ်းပါနဲ့။ ”စသည်အားဖြင့် ကျွန်ုပ်အား လမ်းမှန်ကို ပြည့်ဆွန်ပေးတတ်ပါ၏။ဘာကိုမျှ

(လောကတွင်း)ရည်မှန်းချက်မထားတတ်သော ပကတိမမ္မ၏ လမ်းညွှန်မှုနောက်သို့ ကျိုးကျိုးနွံနွံလိုက်စေရန် လမ်းပြပေးလျက်ရှိပါသည်။ ထိုသို့ ငဲ့ကွက်တွယ်တာမှုကင်းရှင်းသော တရားသမား၏ မျှော်လင့်ချက်မျိုးသည်သာ ကျွန်ုပ်၏ ကမ္မဋ္ဌာန်းအလုပ်နှင့်တကွ ကျွန်ုပ်နှင့်ပတ်သက်သမျှ အရာရာတို့ကို ဖြည့်တင်းပေးလာတတ်ပါ၏။ ရွှံ့ရေများဖြင့် ပြည့်လျှမ်းရာမှ အပြင်ဘက်သို့ လျှံထွက်လာသည့် မိုးရေများပမာ ကျွန်ုပ်၏ ဘဝအမြင်ကို ကြည်လင်စေပါသည်။ ဤအမြင်မှန်ကို စွဲကိုင်မိပြီးသည့်နောက်အဖို့မှာကား လောကတွင် စိတ်ပျက်အားလျော့မှုများ သိသိသာသာကြီး လျော့ပါးသွားပါလေတော့၏။

[Dr. David Favis - MortLock - ဒေါက် တာ ဒေးဗစ်ဖေးဗစ်မော့လော့သည် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ အောက်စဖို့တက္ကသိုလ် လက်အောက်ရှိ ပတ်ဝန်းကျင်ပြောင်းလဲရေးသိပ္ပံဌာနတွင် တာဝန် ထမ်းဆောင်သော သုတေသနအရာရှိတစ်ဦး ဖြစ်ပါသည်။]

(၂)

ကိုယ်စိတ်နှစ်ပါး ကြံ့ခိုင်ရေးအတွက် အကောင်းဆုံး လက်သုံးကိရိယာ

ကျွန်ုပ်၏ နေ့စဉ်လုပ်ငန်း၏ သဘာဝမှာ ခိုင်မာပြတ်သားစွာရပ်တည်နိုင်စွမ်း(၀ါ)တာဝန်ယူနိုင်ခြင်းအပြင် အများနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်စွမ်းတို့ကို ရရှိထားဖို့ အထူးလိုအပ်ပါသည်။ ကျွန်ုပ်သည် ငါးနှစ်ခန့်ကမှ စတင်တည်ထောင်ခဲ့သည့် လုပ်ငန်းတစ်ခု၏ ညွှန်ကြားရေးမှူးဖြစ်ပါ၏။ လုပ်ငန်းသည် လျင်မြန်စွာပင် ကြီးပွားခဲ့လေသည်။ လုပ်ငန်းစီမံကိန်းများကား အချင်းချင်း သဘာဝခြားနားပါသည်။ စီမံကိန်းကြီး ငါးခုရှိသည့်အနက် လေးခုတို့သည် အမျိုးအစားချင်း ကွဲပြားခြားနားကြရုံမျှမက လုပ်ငန်းတည်ရာဌာနများလည်း တခြားစီဖြစ်သည်။ ၎င်းတို့ကား သစ်ပင်ပျိုးခင်းနှင့် ပတ်ဝန်းကျင်သစ်ပင်အလှစိုက်ခြင်းလုပ်ငန်း၊ စားသောက်ဆိုင်နှင့် နေ့လယ်စာ ပို့ဝေခြင်းလုပ်ငန်း၊ မိသားစုရေးရာ ညှိနှိုင်းပံ့ပိုးမှုလုပ်ငန်းနှင့် အလုပ်အကိုင်ရေးရာ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်းလုပ်ငန်းများဖြစ်သည်။ အတိုင်ပင်ခံခြင်းနှင့်အကြံပေးခြင်းများ မပါဝင်သည့် ဖော်ပြခဲ့သော လုပ်ငန်းနှစ်မျိုးတို့မှာ အခြားဘယ်မှာမှ အလုပ်မရနိုင်သည့် လူငယ်များအား လုပ်ငန်းတစ်ခုခု မည်မည်ရရ ရှိသွားအောင် လေ့ကျင့်ပျိုးထောင်ပေးရခြင်းဖြစ်သည်။ လောကမှာ လျော်ကန်သင့်မြတ်သည့် အလုပ်တစ်ခုခုကို ဇောက်ချ၍ လုပ်ကိုင်နိုင်စွမ်းနှင့်တကွ လုပ်ကိုင်လိုသောဆန္ဒ ပေါ်ပေါက်လာစေရန် လျော်ရာလျော်ရာ လုပ်တတ်ကိုင်တတ်မှုများကို လေ့ကျင့်ပေးရခြင်းဟု ဆိုနိုင်ပေသည်။

ဝိပဿနာကို အစဉ်မပြတ် ကျင့်ကြံ၍နေသူဖြစ်ခြင်းကြောင့် နေ့စဉ်ကြုံတွေ့ရသည့် အလုပ်ခွင်၏ တင်းမာမှုပြဿနာတွေကို ထိရောက်စွာ ကိုင်တွယ်နိုင်ကြောင်း တွေ့ရပါသည်။ စိတ်တွင် ပေါ်ပေါက်တတ်သော မကျေနပ်မှု အစိုင်အခဲများကို ကြာကြာမထားဘဲ ပျော်ကျစေနိုင်ပေသည်။ ဆင်ခြင်တုံတရားကို လက်လွှတ်မခံဘဲ ကြုံတွေ့လာရသည့် ဆုံးဖြတ်ဖွယ် ပြဿနာများကို ထက်သန်သောဉာဏ်ဖြင့် ပို၍ထိရောက်စွာဖြေရှင်းနိုင်ကြောင်း တွေ့ရပါသည်။ ဝိပဿနာ အားထုတ်မှုသည် မိမိကိုယ်နှင့်စိတ်ကို ကြံ့ခိုင်ကျန်းမာစေရေးအတွက် အကောင်းဆုံး လက်သုံးကိရိယာကြီးဟူ၍ ဆိုနိုင်ပေသည်။

ကျွန်ုပ်သည် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ပြန်လှန်သက်ရောက်ပုံသဘောကို ပိုမိုနားလည်လာခဲ့သည့်အလျောက် မိမိ၏ စိတ်ထားပုံနှင့်တကွ ယင်းတို့၏ အကျိုးဆက်များကို မှန်ကန်စွာ စိစစ်တတ်လာသည်နှင့် အမျှ မိမိ၏ စိတ်တွင်းတုံ့ပြန်မှုတို့ကို သူတစ်ပါးအပေါ် သို့ အထိန်းအကွပ်ကင်းမဲ့စွာ သက်ရောက်စေမှုမျိုးကို ရှောင်ရှားနိုင်စွမ်း ရှိလာပါသည်။ မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးအပေါ်တွင်လည်းကောင်း ကြင်နာမှုကို ပိုမို၍ထားတတ်လာပါသည်။ဆောင်ရွက်ရန် ကိစ္စများတွင် ပြတ်ပြတ်သားသား ရပ်တည်နိုင်စွမ်း ရှိလာသည့်ပြင် ပြောဆိုရာတွင် ပွင့်လင်းခြင်းနှင့် အမှန်အတိုင်းပင် ပြောဆိုလေ့များ ရရှိလာပါသည်။ ကျွန်ုပ်သည်ကျွန်ုပ်ဦးဆောင်ရသော လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများကို တရားမျှတစွာနှင့် မှန်ကန်သော မူများကို စွဲကိုင်လျက် လုပ်ဆောင်ရေးအတွက် ရှေ့ဆောင်လမ်းပြသဖွယ် တည်ရှိနေသည်ဟူ၍ မိမိကိုယ်ကို အကဲဖြတ်မိပါတော့သည်။

[ပြောပြသူ Brende Nancarrow ဘရင်းနန်ကာရိုသည် ဩစတြေးလျှနိုင်ငံ"ကွင်းစလင်း"ပြည်နယ်တွင် နေထိုင်သူတစ်ဦး ဖြစ်ပါသည်။]

(၃)

"ငါဘယ်သူလဲ"ဟု မေးတတ်လာသူ

သီးသန့်ကျွမ်းကျင်သူ(ပရော်ဖက်ရှင်နယ်)တစ်ဦးအဖြစ်ဖြင့် အသက်မွေးရသော မိန်းမသားတစ်ယောက်အဖို့ မိမိလုပ်ငန်းခွင်၏ ပြင်ပတွင် လွတ်လပ်စွာနေထိုင်လိုပါက စိတ်၏ ဖိစီးချုပ်ချယ်မှုကို သိသိသာသာပင် ခံစားရပါ၏။ ဝိပဿနာသင်တန်း မတက်မီကဆိုလျှင် ကျွန်မသည် လုပ်ရမည့်အလုပ်များကို မည်သို့ ဦးစားပေး၍ ဆောင်ရွက်ရမည်ကို ခွဲခြားနိုင်စွမ်း မရှိခဲ့ပါ။ဘယ်အရာက မိမိအဖို့ အရေးကြီးကြောင်း ကိုယ်ပိုင်ဆုံးဖြတ်ချက် မချနိုင်ခဲ့ပါ။ စိတ်ဖိစီးသောဒဏ်ဖြင့် လူမမာကြီးလုံးလုံးဖြစ်လုဆဲအချိန်ထိပင် ကိုယ့်ကိုယ်ကို စိတ္တဇဒဏ်ရာ ဒဏ်ချက်များ မည်မျှပြင်းပြင်းထန်ထန် ထိုးနှက်ခြင်း ခံစားနေရကြောင်း စင်စစ်ပင် မသိရှိခဲ့ပါ။ ဝိပဿနာအားထုတ်မိသောအခါ စိတ်နှင့်ရုပ်တို့၏ယှဉ်တွဲဖြစ်ပေါ်ပုံသဘာဝကို သိနားလည်ခဲ့ရပါ၏။ ထိကိုင်၍ မရကောင်းသော စိတ်တွင်းလှုပ်ရှား ခံစားရချက်များသည် အာရုံငါးပါးဖြင့် ထိတွေ့ခံစားရသည့် ဝေဒနာတို့နှင့် ဆက်နွယ်ဖြစ်ပေါ်ပုံများကိုလည်း နားလည်ခဲ့ရပါသည်။ "ငါဘယ်သူလဲ"ဟု မိမိကိုယ်ကို မိမိစစ်တမ်းထုတ်ကြည့်၍ မိမိ ဘာဖြစ်ချင်သလဲဟူသော မေးခွန်းကိုလည်း ဆက်စပ်၍ တွေးတောနေမိပါသည်။ ဤသည်ကား လူ့ဘဝမှာ လူသားတစ်ဦးအဖြစ် တည့်မတ်စွာ ရပ်တည်နိုင်ရေးတွင် သေးငယ်သော "ကနဦး"ခြေလှမ်းဟုပင် ဆိုရပေမည်။

[ပြောပြသူ Nita Souhami -နီတာ ဆိုဟာမီ သည် "နယူးယောက်"မြို့တော်တွင် နေထိုင်၍ Wall Street - ဝေါစထရီမှ ဘဏ်တစ်ခုတွင် အလုပ်လုပ်ကိုင်သူတစ်ဦး ဖြစ်လေသည်။]

■ ဆက်လက်ဖော်ပြပါမည်

ညောင်တုန်းမြို့ ရွှေဟသံတောရ ကျောင်းတိုက်
အဘိဓေမဟာရဋ္ဌဂုရု
စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တ ဝိမလ ၏
ဩဝါဒရတနာ သုတပဒေသာ မှ
ကောက်နှတ်ချက်များ

လောကခံတရား သတိထား

- လှိုင်းတံပိုးသည် မြစ်ပင်လယ်၌ရှိသည်။
- လောကခံတရားသည် လောက၌ရှိသည်။
- မြစ်ပင်လယ်အတွင်း၌ လှိုင်းတွေ့ရသည်မှာ ဆန်းသောအရာမဟုတ်။
- လောကအတွင်း၌ လောကခံတွေ့ရသည်မှာ ဆန်းသောအရာမဟုတ်။
- မြစ်ပင်လယ်၌ နစ်လျှင် လှိုင်းဖိခြင်းကို ခံရမည်။
- လောကအတွင်း၌ဖြစ်လျှင် လောကခံဖိခြင်းကို ခံရမည်။
- လှိုင်းဖိလျှင် အောင်မြင်၊ မအောင်မြင် အပထား၊ ကူးခတ်ရမည့်ဝတ္တရားရှိသည်။ (ဇနကမင်းသား ဤအတိုင်း လုပ်သည်မဟုတ်လော)
- လောကခံဖိလျှင် တွန်းလှန်ရမည့် ဝတ္တရားရှိသည်။
- ဣဋ္ဌလောကခံနှင့် တွေ့လျှင် တက်ကြွစိတ်ကို တွန်းလှန်ရမည်။
- အနิဋ္ဌလောကခံနှင့်တွေ့လျှင် နိမ့်ကျစိတ်ကို တွန်းလှန်ရမည်။
- ဣဋ္ဌနှင့်ချည်း အမြဲမတွေ့၊ အနิဋ္ဌနှင့်လည်း တွေ့ရဦးမည်။
- အနิဋ္ဌနှင့်ချည်း အမြဲမတွေ့၊ ဣဋ္ဌနှင့်လည်း တွေ့ရဦးမည်။
- သစ်ရိပ်ကြိုကြား လမ်းလျှောက်သွားသူကို နမူနာထား။

သိလာဂုဟာယ လယ်တီလိုဏ်ဂူမြတ်နှင့် နိုင်ငံခြားသားရဟန်းတော်

အောင်နိုင်မောင်(မုံရွာ)



လယ်တီဆရာတော်ဘုရား တရားကျင့်ကြံခဲ့သော
သိလာဂုဟာယလိုဏ်ဂူမြတ်

(၁)

"ခုခေတ်မှာ ဘုန်းကြီး လွယ်လွယ်နဲ့ လုပ်ရမှတ်လို့"ဟူ၍ ဓမ္မကထိကဆရာကြီး ဦးလှသိန်းက သူ၏တရားတစ်ပုဒ်ထဲတွင် ယင်းကဲ့သို့ မှတ်ချက်ပြုသည်ကို နာရဖူးပါသည်။

မိမိငယ်စဉ် လေးငါးခြောက် နှစ်သားအရွယ်တွင် မိဘများက ရွာပြန်၍ ရှင်ပြုပေးပါသည်။ ရှင်မည်ခံသည့်နေ့တွင် ရွာရှိ ဦးပဉ္စင်းဉာဏ်ကျောင်း၌ ကိုရင်ဝတ်ဖြင့် တစ်ညနေပြီး နောက်နေ့တွင် မုံရွာသို့ ပြန်လာခဲ့ကြပါသည်။ မုံရွာရောက်သောအခါ နေ့လယ်(၂)နာရီခန့်ရှိနေပါပြီ။အရပ်ထဲ လှည့်လည်ရောင်းချသော"စုံတွဲကြော်"သည်လည်း၊ "စုံတွဲကြော်၊ စုံတွဲကြော်"ဟူ၍ အော်ကာရောက်လာပါသည်။

"စုံတွဲကြော်"ဟူသော အကြော်မှာ ကဏန်း (ပုစွန်လုံး)နှစ်ကောင်ကို ဆန်မှုန့်ဖြင့်တွဲကာ ကြော်ထားခြင်းဖြစ်ပါသည်။အဖိုအမတော့ ဟုတ်ဟန်မတူပါ။ ရောင်းသည့် အကြော်သည်မှာလည်း မိန်းမသားမဟုတ်ဘဲ ဆံရှည်မြီတ်ထုံးနှင့် လူကြီးတစ်ယောက်ဖြစ်ပါသည်။ထိုအကြော်သည်ကြီး၏ နောက်တစ်ခုထူးခြားချက်မှာ ပုဆိုးတစ်စကို ခါးတွင်လာညှပ်ထားသောကြောင့် သူ၏လုံချည်

ဝတ်ပုံမှာ စွန်တောင်ချထားသကဲ့သို့ ဖြစ်နေပါသည်။

မိမိက ထိုစုံတွဲကြော်ကို ယခင်က မက်မက်မောမောစားခဲ့ပါသည်။ ယခုကိုရင်ဝတ်ထားသော်လည်း ယင်း အာလယကြောင့် အကြော်သည်ကို ခေါ်သောအခါတွင် မိဘများက "ကိုရင်ဆိုတာ နေ့လွဲညစာ မစားကောင်းကြောင်း၊ဆာရင် ဘိလပ်ရည်(အချိုရည်)ဝယ်ကပ်မည်ဟု ချော့မော့ပြောသော်လည်း ကျွန်တော်ကမူ စုံတွဲကြော်မှ စုံတွဲကြော်ဖြစ်ကာ ကိုယ်ပေါ်မှ သင်္ကန်းကို အတင်းချွတ်ပြီး လူအဖြစ်နှင့် စုံတွဲကြော်ကို စားပါသည်။

ကျွန်တော်သည် သာသနာ့ဘောင်တွင် တစ်ရက်မျှနေပြီးနောက် အကြောင်းကြောင်းကြောင့် တစ်ခါမျှ သင်္ကန်းပြန်မဆီးဖြစ်တော့ပါ။ ရဟန်းဘဝသည် ရခဲသော ဒုလ္လဘ တရားမျိုး ဖြစ်ကြောင်းကိုမူ ကိုယ်တွေ့မို့ သိရပါသည်။

မိမိသာသနာ့ဘောင်သို့ မဝင်နိုင်သောအခါ ဝင်နိုင်သူများကို တွေ့ရလျှင် ဝမ်းသာကြည်နူးရပါသည်။ ကိုရင် ပေါက်စနီးပေါက်စနလေးများ မြင်ရသောအခါ ချစ်ခင်နှစ်သက်ရပါသည်။ ထို့အတူ ပျိုရွယ်သူများ ရဟန်းဘဝဖြင့် ဗုဒ္ဓစာပေများကို လေ့လာသင်ယူမှု ပြုနေသည်ကို မြင်တိုင်း ချီးကျူးစိတ်ဖြင့် အားကျရပါသည်။ သီလ၊ သိက္ခာ၊ သမာဓိဖြင့် ပြည့်စုံတော်မူသော ထေရ်ကြီး၊ ဝါကြီး ရဟန်းတော်ကြီးများ ဖူးမြော်ရတိုင်း ကြည်ညိုသဒ္ဓါစိတ် ယိုဖိတ်ရပါသည်။ ဤသည်မှာ သံဃာတော်နှင့် ပတ်သက်၍ မိမိ၏ အရိုးခံစိတ်ထားဖြစ်ပါသည်။

(၂)

မုံရွာမြို့၏ မြောက်ဘက်ခြောက်မိုင်ခန့်အကွာတွင် "အလုံ" ဟူသော မြို့လေးတစ်မြို့ရှိပါသည်။ ကင်းဝန်မင်းကြီး ဦးကောင်းမြို့ဝန်လုပ်ခဲ့သော မြို့ကလေးဖြစ်ပါသည်။ လွန်ခဲ့သည့်(၁၀)နှစ်ခန့်ကကျွန်တော်တို့ အလုံမြို့ကို Outdoor သွားကာ ပန်းချီရေးကြပါသည်။ ထိုသို့ရေးတိုင်း အလုံမြို့၏ အနောက်ဘက်ကမ်းတွင်ရှိသော ရွှေတောင်ဦးတောင်နှင့် စေတီတော်တို့ကို အဓိကမြင်ရှုခင်းအဖြစ်သာ ရေးဆွဲခဲ့ကြပြီး တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့ဖူးပါ။ အကြောင်းမှာ ကျွန်တော်တို့အဖွဲ့ထဲ၌ ရေကြောက်သောသူတစ်ဦးပါ၍ မြစ်ကူးချောင်းခြား မသွားခြင်းဖြစ်ပါသည်။

ချင်းတွင်းတံတား (မုံရွာ)ကြီး ပြီးသွားသောအခါ ရွှေတောင်ဦးက ပို၍ ထင်ပေါ်လာပါသည်။ တံတားအသစ်ကြီးကို ဖြတ်ကူးရင်း ရွှေတောင်ဦးဘုရားကို သွားရောက်ဘုရားဖူးကြသဖြင့် နေ့ချင်းညချင်း စည်ကားလာပါသည်။ယခင်က "မြင်သာမြင်၊ မကြင်ရ မောင့်ကို"စကားလို ဖြစ်ခဲ့သော ရွှေတောင်ဦးတောင်သို့ တစ်နေ့ ကျွန်တော် ရောက်သွားပါသည်။

ရွှေတောင်ဦး ဈေးတန်းတွင်ရှိသော ကိုမြင့်ဦး၏ လက်ဖက်ရည်ဆိုင်သို့ လက်ဖက်ရည်ဝင်သောက်သောအခါတွင် ဆိုင်၌ ချိတ်ထားသော ပလတ်စတစ်အကြည်စ အုပ်ထားသည့် ဓာတ်ပုံအချို့က ကျွန်တော်၏ စူးစမ်းလိုသော စိတ်ကို နှိုး ဆွခဲ့ပါသည်။ပုံများမှာနိုင်ငံခြားသားရဟန်းတော်တစ်ပါးအား ဆိုင်ရှင်က ဆွမ်းကပ်သောပုံများ ဖြစ်နေပါသည်။

ကျွန်တော်က ဆိုင်ရှင်အား

နယူးဇီလန်နိုင်ငံသား ရဟန်းတော် ဦးဝါသဝ

အဆိုပါရဟန်း ယခုရှိသေးသလား ဟု စူးစမ်းမေးမြန်းရာ၊ ပြန်သွားပြီ ဖြစ်ကြောင်း၊ အကြောင်းစုံသိလိုပါက ဂေါပကအဖွဲ့ အတွင်းရေးမှူး ကိုရွှေညွှန့်ကို မေးပါက သိနိုင်ကြောင်း နှုတ်လမ်းညွှန်ပါသည်။ သို့ဖြစ်သည့် အတွက် ဂေါပကရုံးသို့ သွားရောက်၍ မိမိကိုယ်မိမိ မိတ်ဆက်ကာ နိုင်ငံခြား

သား ရဟန်းတော်နှင့်ပတ်သက်၍ စူးစမ်းရပါတော့သည်။

"ကဲ . . အတွင်းရေးမှူးကြီးရေ၊ ကျွန်တော်က စာတိုပေစလေးတွေ ရေးနေသူပါ။ ကိုမြင့်ဦးလက်ဖက်ရည်ဆိုင်မှာ ချိတ်ဆွဲထားတဲ့ နိုင်ငံခြားသား ရဟန်းတော်နဲ့ ပတ်သက်ပြီး သိလိုတာလေးတွေရှိ လို့ လာခဲ့တာပါ"

"ဟုတ်ကဲ့၊ မေးပါဗျာမေးပါ။ ကျွန်တော်တို့ သိရသလောက် ပြောပြဖို့ ဝန်မလေးပါဘူး"

"အဲဒီနိုင်ငံခြားသား ရဟန်းတော်က ဘယ်နိုင်ငံသားလဲဗျ"

"New Zelandl (နယူးဇီလန်)နိုင်ငံကပါ။သူပေးခဲ့တဲ့လိပ်စာ အရဆိုရင်တော့ နယူးပလိုင်းမောက် (New Plymouth)မြို့ကပါ"

"သူ့ဘွဲ့က ဘယ်လိုခေါ်ပါသလဲ"

"ရဟန်းဘွဲ့က ဦးဝါသဝပါ။လူအမည်အနေနဲ့ကတော့ ဂျာရော့နီဝယ် (Jerrod Newell)လို့ ခေါ်ပါတယ်"

"ရဟန်းကို ဒီကျမ္ဘ ဝတ်တာလား"

"မဟုတ်ဘူးဗျ။ ရန်ကုန်ကတည်းက ဝတ်လာတာလို့ ပြောပါတယ်"

"သူရောက်လာပုံကလေး သိပါရစေ"

"သူ့အကြောင်း ပြန်ပြောရမယ်ဆိုရင် သူက အခုအသက်(၂၆)နှစ် ရှိပါပြီ။ အသက် (၂၄)နှစ်အရွယ်ထိ ခပ်ဆိုးဆိုး ပေပေတေတေ နေခဲ့တယ်လို့ ပြောပါတယ်။ အလုပ်ကထရပ်ကားမောင်းပြီးတော့ အိမ်သူသက်ထား ဇနီးမယားမရှိတော့ မကောင်းတာ တော်တော်များများ လုပ်ခဲ့သူလို့ သူကိုယ်တိုင် ပြောပြပါတယ်"

"အဲ . . တစ်နေ့မှာ နိုင်ငံတကာ လှည့်ပြီး ဝိပဿနာတရားစခန်းတွေ ဖွင့်နေတဲ့ ဆရာကြီးဦးဂိုအင်ကာနဲ့တွေ့ပြီး နယူးဇီလန်မှာ စ'တရားထိုင်ဖြစ်ပါတယ်။ဦးဂိုအင်ကာဆိုတာ ငွေစာရင်းမင်းကြီး ဦးဘခင်ရဲ့ တပည့်ပါ။ ဆရာကြီးဦးဘခင်ကတော့ လယ်တီဆရာတော်ကြီး မူအတိုင်း တရားစခန်းတွေ ဖွင့်ခဲ့တဲ့သူဆိုတော့ လယ်တီဆရာတော်ကြီးရဲ့ အရိပ်က ဦးဂိုအင်ကာအပေါ် မိုးနေပါတယ်။လွန်ခဲ့တဲ့ နှစ်နှစ်က(၂၀၀၂) ဆရာကြီး ဦးဂိုအင်ကာ မြန်မာပြည်ကိုလာတော့ အခုပြောတဲ့ Jerrod Newell လည်း ပါလာပါတယ်"

"ဟုတ်ကဲ့၊ ဆရာကြီးဦးဂိုအင်ကာတို့ မုံရွာဆုတောင်းပြည့် ဘုရားကြီးမှာ တရားပွဲတွေလုပ်တာကို သိရပါတယ်။ ဆရာကြီးရဲ့ အင်္ဂလိပ်လို အမေးအဖြေတရားခွေတောင် ကျွန်တော့်ဆီမှာ ရှိပါသေးတယ်"

"ဒီတော့ ဆရာကြီးဦးဂိုအင်ကာက ဒီရွှေတောင်ဦးမှာ ရှိတဲ့ လယ်တီဆရာတော်ဘုရားကြီး တရားစခန်းဝင်ခဲ့တဲ့ သိလာဂုဟာယ လိုဏ်ဂူကို အလေးအမြတ်ပြုပြီး ရွှေတောင်ဦးကို ရောက်လာခဲ့တာပါ"

"ဟုတ်ကဲ့၊ မုံရွာနားတစ်ဝိုက်မှာ ဒီရွှေတောင်ဦးမှာရှိတဲ့ လယ်တီဂူရယ်၊ လက်ပန်းတောင်းတောင်မှာ ရှိတဲ့ နေရာရယ်၊ အလုံမြို့ အရှေ့တောင်ဘက်ယွန်းယွန်းက မဟာသရဏဂုံကုန်းမြေတို့ဟာ လယ်တီဆရာတော်ကြီး တရားကျင့်သုံးခဲ့တဲ့ ဘူမိနက်သန် နေရာမှန်ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်"

"မစ္စတာနီဝယ်အနေနဲ့က အရင်တစ်ခေါက် တခြားသူတွေနဲ့ လာရတော့ လယ်တီဂူမှာ ကောင်းကောင်း တရားအားမထုတ်ခဲ့ရဘူး။ လူ (၃၀၀)လောက်ဆိုတော့ တစ်ဦးတစ်ဦးကို (၅)မိနစ်စီ ခွဲတမ်းပေးပြီး တရားအားထုတ်ရတာကိုး။ဒါကြောင့် အခုအခေါက်ကတော့ တရားအားထုတ်ဖို့ သက်သက်လာတယ်လို့ ပြောပါတယ်"

"သူလာတဲ့ရက်ကလေးတွေ တိတိကျကျသိပါရစေ"

"(၁၈-၆-၂၀၀၃)ကနေ (၂၆-၈-၂၀၀၃)ထိဆိုတော့ (၂)လကျော်ကျော် သီတင်းသုံးသွားတာပါ။ အဲ . . (၂-၉-၂၀၀၃)မှာတော့ နယူးဇီလန်ကို ပြန်သွားတယ်လို့ ဆိုပါတယ်"

"သူ့အနေနဲ့ ပြန်လာဦးမယ်လို့ ပြောခဲ့သေးသလား"

"ပြောခဲ့တာပေါ့ဗျာ။ အခုဟာက သူ့ဗီဇာရက်ကုန်လို့ ပြန်သွားရတာကိုး။ သူ့ပြောစကားများ အရဆိုရင်တော့ မြန်မာပြည်သားတွေ ကံကောင်းတယ်။ တရားစစ်၊ တရားမှန်ကို ငွေမကုန်ရဘဲနဲ့ ရနေလို့တဲ့။ သူ့အနေနဲ့ဆိုရင် ငွေကုန်ခံပြီးမှ တရားတွေ့ရတယ်လို့ ပြောပါတယ်။ ဒီလို တရားတွေ့သူတစ်ဦးအနေနဲ့ နောက်တစ်ခေါက် ပြန်လာချင်သေးတယ်တဲ့"

"သူ ဒီရောက်တော့ တရားအားထုတ်ဖြစ်သလား"

"သူက တစ်နေ့ကို လယ်တီဂူမှာ သုံးနာရီလောက် တရားထိုင်ပါတယ်။ ကျန်တဲ့အချိန်ကတော့ သူနေတဲ့ တစ်ပါးနေကျောင်းမှာပဲ

တရားအားထုတ်တာပါ။ သူတရား အားထုတ်တာက တော်တော်သမာဓိ ရှိပုံရပါတယ်။ လယ်တီဂူထဲမှာ မလှုပ်မယှက် ငုတ်တုတ်နေတာက ငြိမ်လွန်းအားကြီးလို့ တချို့ဘုရားဖူးလာတဲ့ကလေးတွေက ရုပ်တုထင်ပြီး ထိကြည့်ကိုင်ကြည့်ကြတာ၊ နောက်မှ မဟုတ်မှန်းသိရတာတဲ့”

“ဒီလိုဆိုတော့ ဦးရွှေညွှန့်ရေ၊ နိုင်ငံခြားသားတွေတောင် အလေးအမြတ်ပြု တရားအားထုတ်ရတဲ့ လယ်တီဂူဟာ ထူးခြားချက်ရှိမှာပေါ့နော်”

“ကျွန်တော်က လယ်တီဂူမှာ တရားမထိုင်ဖူးတော့ အသေအချာ ကိုယ်တွေ့မကြုံဖူးပေမယ့် ဦးဝါသဝပြောတော့ ဓမ္မဓာတ်တွေ ပိုရတယ်လို့ ပြောပါတယ်။ ဉာဏ် အမြင်လည်း ပိုထက်သန်လာတယ်လို့ ပြောပါတယ်။”

“ဖြစ်နိုင်တာပေါ့ဗျာ။ အရိယာ သူတော်ကောင်းတွေ မွေ့လျော်ခဲ့တဲ့နေရာဆိုတာ အပယိကနေရာတော့ မဖြစ်နိုင်ဘူးပေါ့ဗျာ။ သူတို့ရဲ့ စရဏကြောင့် အကျိုးအာနိသင်ရှိနေမယ်ဆိုတာ ကျွန်တော်ယုံပါတယ်”

“ကျွန်တော် ကိုယ်တွေ့ကြုံရတဲ့ ဒိဋ္ဌဓမ္မထူးခြားမှုကတော့ အရင်က ရွှေတောင်ဦးမှာ ရေရှားပေမယ့် အခုမရှားတော့ပါဘူး။ နောက်ပြီး ထွက်တဲ့ရေကလည်း (P.H 7.5 ရှိလို့)အထူးကောင်းမွန်တဲ့ သောက်ရေသန့်ပါ။ ဒါက ရွှေတောင်ဦးရဲ့ ထူးခြားမှုပါ”

“သူတရားအားထုတ်တုန်းကြောက်တာ၊ လန့်တာတွေ ကြုံရသေးသလား”

“သူ ဒီမှာတရားအားထုတ်တုန်း သူ့နားထဲမှာ ဝါသဝ ခရေဇီ (Crazy) (Crazy)လို့ အော်သံတွေ ကြားခဲ့သတဲ့။ ကျွန်တော်တို့ကတော့ ခရေဇီဆိုတာ ဘာမှန်းတောင်သိရတာ မဟုတ်ပါဘူး။ နောက်မှ အရူးလို့ဆိုတာ သိရတာ”

“တကယ်တော့ တရားကျင့်ကြံတယ်ဆိုတာက စိတ်ကို သတိနဲ့စောင့်ထိန်းထားရတော့ တစ်ခါတစ်ရံ ထင်ယောင်မြင်ယောင်တွေ ဖြစ်တတ်ပါတယ်။ ကြောက်ပါတယ် ဆိုမှ ကြောင်ကလေးနဲ့တို့ ဆိုတာ မျိုးလည်း ဖြစ်တတ်ပါတယ်။ စိတ်ပညာ သဘောအရကတော့ Hallucination လို့ သတ်မှတ်ပါတယ်။ ခရေဇီလို့ အသိကြားရတာ ကိုက သူ့အခြေခံဟာ မနိမ့်ဘူးလို့ ပြောရမှာပါ။ နို့မို့ဆိုရင်တော့ စိတ်ဓာတ်ချောက်ချားပြီး တရားအလုပ်ပျက်သွားနိုင်ပါတယ်။ ဒါထက် သူ့မိဘတွေကို ဗုဒ္ဓစာပေတွေပေးပြီး အဖတ်ခိုင်းထားတယ်လို့ ဆိုပါတယ်”

“ပြောရရင်တော့ တစ်နိုင်တစ်ပိုင် သာသနာပြုလုပ်ငန်းပေါ့ဗျာ။ ကောင်းပါတယ်။ တကယ်လို့ သူ့မိဘတွေသာ ဗုဒ္ဓဘာသာကို ကူးပြောင်းလာမယ်ဆိုရင် သူလည်း ရှင်သာရိပုတ္တရာမထေရ်ကြီးလို မိဘကျေးဇူးဆပ်ရာ ရောက်မှာမို့ သာခုခေါ်စရာပေါ့ဗျာ။ ဒါထက်ကျွန်တော့်ကို လည်း သိပ်စပ်စုတယ်လည်း မအောက်မေ့ပါနဲ့။ သူ ဗမာစကားတတ်သလား၊ ဆွမ်းကွမ်း ကိစ္စလေးလည်း သိပါရစေ”

“သူက မြန်မာစကားမတတ်ပါဘူး။ ‘ကျေးဇူးတင်ပါတယ်’နဲ့‘ဆာခု၊ ဆာခု’ဒီနှစ်ခုလောက်ပဲ ပြောသံကြားရတာပါ။ဆွမ်းကွမ်းကိစ္စအတွက် ကျွန်တော်တို့တစ်တွေကပဲဂေါ်စရဂါမ်အဖြစ် လက်ခုပ်ပင်၊ အောင်မိုး၊ စုန်းချောင်း၊ စည်သူရွာတွေကို လိုက်ပို့ပေးပါတယ်။ ကျွန်တော် သုံးကြိမ်ကပ်တဲ့ ဆွမ်းမှာတော့ သူ့ဆန္ဒအရ သက်သတ်လွတ်ပဲ ကပ်ဖြစ်ပါတယ်”

“ဒါထက် စကားမစပ် အရင်ကလည်း ဒီရွှေတောင်ဦးကို နိုင်ငံခြားသားတွေ တရားလာအားထုတ်တယ်လို့ သိရပါတယ်။ ဟုတ်ပါသလား”

“ထုတ်ဖူးပါတယ်။ကျွန်တော် သိရသလောက် အစ္စရေးရဟန်းတော်တစ်ပါးနဲ့ ပြင်သစ်သူ ယောဂီတစ်ဦးပါ”

“အေးဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့က လယ်တီဆရာတော် ဘုရားကြီးရဲ့ ဘူမိနက်သန်နေရာမှာ နေပြီး တရားအားမထုတ်နိုင်သေးပေမယ့် လယ်တီဂူ၊လယ်တီအာရာမ်တို့ကတော့ ကမ္ဘာကျော်နေပြီ။ ဘာပဲပြောပြော ဒါဟာ ဆရာကြီးဦးဂိုအင်ကာ ကျေးဇူးမကင်းတာတော့ အမှန်ပဲ။ ဒီတော့ ခင်ဗျားတို့ ကျွန်တော်တို့က တရားအားမထုတ်နိုင်သော်လည်း လယ်တီပဌာန်းဆက်မှန်သမျှ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ သူတော်ကောင်းတရားများ ပွားများနိုင်ဖို့ ဆုတောင်း မေတ္တာပို့သကြရမှာပေါ့ဗျာ။ သူတော်ကောင်း စိတ်ဆိုတာက ကမ္ဘာမြေပေါ်မှာ ဘယ်နေရာမှာပဲ ပွားပွား၊ သူတော်ကောင်း ရှိတဲ့နေရာကတော့ အေးငြိမ်းနေမှာကတော့ အသေအချာပဲ မဟုတ်လားဗျာ။

■အောင်နိုင်မောင် (မုံရွာ)

စက်ဖဝါးတော် အစုံကို ဦးခိုက်၍

ကျော်နန္ဒအောင်

(ယခင်လမှအဆက်)

ဤအရှင်၏ စကားတော်အဆုံးတွင် ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြုတော်မူလိုက်သည်။ ဘုရားရှင်၏ ခြေတော်ရင်းဆီသို့ တိုး၍ ဦးခိုက်ကာ ချဉ်းကပ်သည်။ ဖဝါးတော်အစုံကို မိမိ၏ဦးခေါင်းဖြင့် ထိပါးပွတ်သပ်သည်။ လက်နှစ်ဖက်ဖြင့် ကိုင်တွယ်ကာ ခြေဖမိုးတော်ကို ခံတွင်းနှင့်စုပ်သည်။ တအားဆုပ်နယ်သည်။ စက်တော်ရာခြေစုံကို ဦးထိပ်မှာ ရွက်တင်ပြီးထားလိုက်သည်။ ထို့နောက် ထိခြင်းငါးဖြာဖြင့် ဦးထိပ်ပန်ဆင်ကာ ကန်တော့ရင်း တဖြည်းဖြည်း နောက်သို့ဆုတ်လေသည်။ ထို့နောက် စျာန်သမာပတ်ဖြင့် ကောင်းကင်ခရီးမှ မဏ္ဍာကိနီရေကန်ရှိရာအရပ်သို့ သီတင်းသုံးရန် ကြွရောက်ခဲ့သည်။ယနေ့ဆိုလျှင် ဤအရှင် ဤအရပ်တွင် သီတင်းသုံးနေထိုင်ခဲ့သည်မှာ ဆယ့်နှစ်နှစ်ရှိခဲ့ပြီဖြစ်သည်။ မနက်ဖြန် ဘဘုရားထံတော်ကို ဖူးမြော်ရင်း မိမိ အာယုသခ်ါရလွတ်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားရပါဦးမည်။

ဤအရှင်သည် ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကောင်းကင်ခရီးမှ ဘုရားရှင်သီတင်းသုံးရာ ရာဇဂြိုဟ်ပြည်၊ဝေဠုဝန်ကျောင်းတော်သို့ မျှော်မှန်း၍ ကြွတော်မူခဲ့သည်။ အပင်ညိုညို အုပ်ဆိုင်းဆိုင်းအောက်တွင် ရှိနေသည့် ဆယ့်နှစ်နှစ်တာ သီတင်းသုံးနေထိုင်ခဲ့ရာ ကျောင်းသခ်မ်းလေး၊ ဆဒ္ဒန်ဆင်များ၊ မဏ္ဍာကိနီရေကန်၊ ဟိမဝန္တာတောင်တန်းတို့သည် နောက်ဘက်၌တရိပ်ရိပ်ဖြင့် ကျန်ရစ်ခဲ့သည်။ ကောင်းကင်ယံခရီးမှ ဆင်းသက်၍ဝေဠုဝန်ကျောင်းတော်သို့ ခြေကျင်လျှောက်၍ ကြွခဲ့သည်။

(၄)

ဤအချိန်သည် ဘုရားရှင်တရားဟောကြားတော်မူချိန် ဖြစ်သည်။ ဘိက္ခု၊ ဘိက္ခုနီ၊ တရားနာကြားမည့် လူ ဥပါသကာ၊ ဥပါသိကာများ စုံလင်စွာ ရောက်နေကြပြီဖြစ်သည်။ တရားနာပရိသတ်မှာ ကျောင်းတော်နှင့် အပြည့်ဖြစ်သည်။ အားလုံးငြိမ်သက်နေကြသည်။ ရံဖန်ရံခါ တစ်ဦးတလေ၏ အသက်ပြင်းပြင်းရှူသံမှလွဲ၍ ဘာသံမျှ မကြားရ။ မည်သူမျှ မလှုပ်ကြ။ ကျောင်းဝင်းအတွင်းရှိ သစ်ပင်လေတိုးသည့်အသံကို တစ်ချက်တစ်ချက် ကြားရတတ်သည်။ လေပြည်လေညင်းက ညင်ညင်သာသာ တိုက်ခတ်နေသည်။ အပြင်မှကြည့်လျှင် သက်ရှိလူသားတစ်ဦးတလေမျှ ကျောင်းဝင်းအတွင်းတွင် ရှိသည်ဟု မထင်ရ။ ဤမျှ ငြိမ်သက်တိတ်ဆိတ်လှသည်။

တရားဟောကြားမည့် အချိန်ရောက်နေသော်လည်း ဘုရားရှင်က တရားတော်ကို မစသေး။ဘုရားရှင်၏ အသံတော်ကို အားလုံးက အာရုံပြုနေကြသည်။ သို့သော် တရားတော်အသံတော်ကို မကြားရသေး။ တစ်စုံ တစ်ယောက်ကို စောင့်မျှော်နေသည့် လက္ခဏာရှိသည်။ တိတ်ဆိတ်သည့်အချိန်တွင် ဘုရားရှင်၏အသံတော်က ကြည်မြပီသစွာ ပေါ်ထွက်လာခဲ့သည်။ တရားတော်စတင်သည့် အသံမဟုတ်၊ တစ်စုံတစ်ယောက်ကို ဖိတ်ခေါ်လိုက်သည့် အသံတော်ဖြစ်နေသည်။

"ငါ့သားတော်ကြီး လာခဲ့ . . လာခဲ့"

မျှော်လင့်မထားသည့် အသံတော်မို့ အားလုံးမှိတ်ထားသည့် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ကြသည်။ မြင်ကွင်းက ဆန်းနေသည်။ ခါတိုင်း တွေ့မြင်နေကြ မြင်ကွင်းမျိုးမဟုတ်။ ဘုရားရှင်ထံ တရားနာနေကျ၊ဘုရားရှင်၏ အနီးအနားတွင် တွေ့မြင်နေကျ ရဟန်းတော်ပုံစံမျိုးမဟုတ်။ သင်္ကန်းတော်က ခပ်နွမ်းနွမ်း၊ ဆံတော်က လက်နှစ်သစ်ခန့် ရှည်နေသည်။ တောရ ရဟန်းတစ်ပါးပုံစံဖြစ်သည်။ အားလုံးက စူးစမ်းသောအကြည့်ဖြင့် ကြည့်ကြသည်။တောရ ရဟန်းကြီးတစ်ပါး ဘုရားရှင်ကို ဖူးမြော်လာတာ ထင်ပါရဲ့။ ဘယ်ကပုဂ္ဂိုလ်ပါလိမ့် စသည်ဖြင့် အတွေးဝင်သူများလည်း ရှိကြသည်။ အချို့သော ရဟန်းတော်များကတော့ မှတ်မိကြသည်။ဤအရှင်သည် ဘုရားရှင်နှင့်တကွ ပရိသတ်နှင့် ဝေးကွာခဲ့သည်မှာ ဆယ့်နှစ်နှစ် ရှိခဲ့ပြီ။ ဤအရှင်အဖို့ အားလုံးသည် စိမ်းနေသည်။ သက်

မြတ်စွာဘုရား တပည့်တော်အား ဆယ့်နှစ်နှစ် တာကာလကြာအောင် လုပ်ကျွေးနေကြသည့် ဆင်တို့၏ အနီးအပါးဖြစ်သော ဆဒ္ဒန်အိုင်နားမှာပင် ပရိနိဗ္ဗာန်ဝင်စံပါမည် ဘုရား . . . .

တော် ရှစ်ဆယ်ခန့်၊ အသားအရေများ ရင့်ရော်နေသည့် ရဟန်းကြီးအသွင်မို့ ထူးဆန်းနေသည်လည်း ဖြစ်နိုင်သည်။

ဤအရှင်က လက်အုပ်ချီမိုးလျက် ဘဘုရားရှင်တော်ထံသို့ ရိုကျိုးစွာ ချဉ်းကပ်သည်။ သံယာတော်များက လမ်းဖယ်ပေးလိုက်ကြသည်။ ဘုရားရှင်၏ ခြေတော်ကို လက်အစုံဖြင့် ကိုင်တွယ်သည်။ ဦးခေါင်းဖြင့်ပွတ်တိုက်သည်။ ခြေဖမိုးတော်ကို အားပါးတရနမ်းရှုပ်လိုက်သည်။ ထို့နောက် စက်ဖဝါးတော်အစုံကို ဦးခေါင်းပေါ်သို့ တင်လိုက်သည်။

ဤအရှင်သည် လူ့ဘဝတုန်းက ဝေဒပါရဂူ၊ လက္ခဏာပါရဂူတစ်ဦးဖြစ်ခဲ့သည်။ လက်ညှိုးတစ်ချောင်းတည်းထောင်၍ သုံးလောကထွတ်ထား ဘုရားစင်စစ်ကေန်ဖြစ်မည်ဟု တစ်ခွန်းတည်းသော စကားဖြင့် နိမိတ်ဖတ်ကြားခဲ့သည်ဖြစ်သည်။ မသိသေးသူများ သိသွားစေရန်၊ သံသယဖြင့် မေးခွန်းဆင်နေသူများ သံသယရှင်းသွားစေရန် ဤအရှင်က သူ့၏ အမည်တော်ကို ထုတ်ဖော်ကြေညာလိုက်သည်။ ဘုရားရှင်နှင့် တစ်ဆယ့်နှစ်နှစ် ကွဲကွာနေသဖြင့် မှတ်မိစေရန် အမည်ထုတ်ဖော်နေခြင်းမဟုတ်။ ဘုရားရှင်တို့မည်သည် သိတော်မမူသော အတိတ်ကာလ

မရှိ ဆိုသည်ကို သူသိသည်။ဤအရှင်ကို အထင်သေးတာ ကိစ္စမရှိ၊ ပြစ်မှားမိမှာကို စိုးရိမ်တော်မူရှာသည်။

"သားတော်ဟာ ကောဏ္ဍညပါ အရှင်ဘုရား"

"သားတော်ဟာ ကောဏ္ဍညပါ အရှင်ဘုရား"

ဤအရှင်၏ အသံတော်သည် ပရိသတ်၏ နားစည်သို့ ပဲ့တင်ရိုက်ခတ်သွားသည်။ကောဏ္ဍညဆိုပါလား ဆိုသည့် အသိတွေ ဝင်သွားကြသည်။ ဒီဘွဲ့တော်ကို ကြားဖူးပါတယ်။ အားလုံး ဖျတ်ခနဲသတိရသွားကြသည်။ ကောဏ္ဍညဆိုသည့် အမည်ကို ကြားဖူးနားဝရှိသူလည်း ပါသည်။ သိမီလိုက်သည့် ပုဂ္ဂိုလ်များလည်း ပါကြသည်။ သူတို့၏ အတွေးရိပ်တွင် ကောဏ္ဍညမထေရ်ကြီးနှင့် ပတ်သက်၍ ပုံရိပ်များပေါ်လာကြသည်။

- ဩော် . . အရှင်ကောဏ္ဍည မထေရ်ကြီးပေကိုး၊

- ငါးရက်သားမျှသာ ရှိသေးသည့် အလောင်းတော်ကို သူ၏ပညာရပ်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ဟောကြားခဲ့သူကိုး၊

- သစ္စာလေးပါး မြတ်တရားကို နာကြားပြီး အဦးဆုံး အရိယာဖြစ်သွားခဲ့သူပေကိုး၊

- ရတ္တညူဧတဒဂ်ဘွဲ့ထူးကြီးရဲ့ အရှင်ပေကိုး၊ မြင့်မြတ်လှပါပေတယ်၊

- မဖူးမြော်ရတာ၊ သတင်းအစအနပျောက်နေတာ ကြာခဲ့ပြီကိုး၊

- အခုမှ မမျှော်လင့်ဘဲ ပြန်လည်ဖူးတွေ့ခွင့်ရတာပါလား၊ အားကျစရာ၊ အတုယူစရာ အရှင်ကောင်း အရှင်မြတ်ပေကိုးဟူ၍ သိသွားကြသည်။ မထေရ်ကြီးကို ဦးညွှတ်၍ လေးလေးမြတ်မြတ် ဦးခိုက်လိုက်ကြသည်။

- ပရိသတ်အချို့သည် ဓမ္မစက္ကပဝတ္တနသုတ္တန် ဒေသနာတော် ဟောကြားစဉ်က အဖြစ်တွေကို ရော်ရမ်း၍ မှန်းဆကာ ကြည်ညိုမိကြသည်။

- သူ့ခမျာ ဥရုဝေလတောထဲမှာ ရသေ့ဘဝနှင့် နှစ်ဆယ့်ကိုးနှစ်လုံးလုံး ဘုရားအလောင်းတော် တောထွက်အလာကို စောင့်ခဲ့ရရှာတယ်။ဓမ္မစကြာတရား ဟောကြားတော်မူသည်အထိ ဆက်ပြီး စောင့်ခဲ့ရတာက ခြောက်နှစ်လုံးလုံး၊ စုစုပေါင်း သုံးဆယ့်ငါးနှစ်လုံးလုံး တရားဦးဒေသနာတော်ကို နာယူဖို့ စောင့်ခဲ့ရရှာတာ။ သဗ္ဗညုတ ရွှေဉာဏ်တော် ပိုင်ရှင်အဖြစ်သို့ ဘဘုရားရောက်ရှိတော်မူသောအခါတွင်လည်း ဒါမှ ဘုရားအစစ်ဟူ၍ဝမ်းသာပီတိ မည်မျှဖြစ်လိုက်လိမ့်မည်လဲ။

အားလုံး၏ အတွေးစများ သည် ဘုရားရှင်နှင့် ဤမထေရ်ကြီးတို့၏ ပုံရိပ်တော်များကို ဖော်ကျူးနေမိကြသည်။ သူတို့၏ အတွေးစကို ဤအရှင်၏အသံက ထပ်၍ လွှမ်းမိုးသွားခဲ့ပြန်သည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကျေးဇူးတော်ရှင် ဘဘုရားကို ဒုတိယနှင့် နောက်ဆုံး အကြိမ်အဖြစ် ဦးခိုက်ဖို့ သားတော် ခုလိုလာရခြင်းဖြစ်ပါတယ်ဘုရား။ တပည့်တော်၏ အာယုသခါရသည် ကုန်ပါပြီဘုရား။ တပည့်တော်သည် နိဗ္ဗာနဓာတ်စခန်းသို့ စံမြန်းပါတော့မည်ဘုရား။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဥရုဝေလတောတွင် ဒုက္ကရစရိယာအကျင့်မြတ်ကို ကျင့်တော်မူနေစဉ် အရှင်မြတ်ကို ဦးစွာဖူးမြော်ခွင့်ရခဲ့ပါသည်။ ယခု ဖူးမြော်ရခြင်းသည် နောက်ဆုံးပင် ဖြစ်ပါတော့သည် ဘုရား"

ပရိသတ်အားလုံး ငြိမ်သက်သွားကြသည်။အချို့မှာ ပုထုဇဉ်ပီပီ မျက်ရည်ဝဲရှာသူလည်း ရှိသည်။ တချို့မှာ သံဝေဂမ္မဉာဏ်ဖြင့် ဆင်ခြင်ကြသည်။ အချို့မှာ မရဏ၏သဘော၊ နိဗ္ဗာန၏သဘောကို ဉာဏ်ဖြင့်သုံးသပ်တော်မူနေကြသည်။

"ချစ်သား ကောဏ္ဍည၊သင်သည် ဘယ်အရပ်၌ ပရိနိဗ္ဗာန် ဝင်စံမည်နည်း"

"မြတ်စွာဘုရား၊ တပည့်တော်အား ဆယ့်နှစ်နှစ် တာကာလကြာအောင် လုပ်ကျွေးနေကြသည့် ဆင်တို့၏ အနီးအပါးဖြစ်သော ဆဒ္ဒန်အိုင်နားမှာပင် ပရိနိဗ္ဗာန်ဝင်စံပါမည်ဘုရား"

ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြုတော်မူလိုက်သည်။

ဘုရားရှင်ကို အရှင်ကောဏ္ဍည ဖူးမြော်ခြင်းသည် ဒုတိယနှင့်နောက်ဆုံးအကြိမ်တဲ့၊ အရှင်ဝဂ်ီသ အတွေးတွင် ဒုတိယနှင့်နောက်ဆုံးဆိုသည့် စကားတော် ဝင်ရောက်သွားသည်။

(၅)

အရှင်ဝဂ်ီသသည် စာဆိုရာတွင် သူမတူအောင် အဖွဲ့အဆိုကောင်းသည့် ဧတဒဂ်ဘွဲ့ရ ရဟန္တာပုဂ္ဂိုလ်ကျော်ကြီးဖြစ်သည်။ အရှင်ကောဏ္ဍည မထေရ်ကြီး ကြွလာသည်မှစ၍ ပြောဆိုပြုမူပုံများကို ကြည့်ကာ ပီတိဖြစ်နေ

မိသည်။ စာဆိုပီပီ စာဆိုချင်သည့်ဆန္ဒ ဖြစ်ပေါ်ခဲ့သည်။ ဘုရားရှင်ထံ လက်အုပ်ချီလျက် စာဆိုလျှောက်ထားခွင့်ကို တောင်းခံလိုက်သည်။

"ချစ်သား ဝဏ္ဏီသ၊ သင်ချစ်သား၏ ဉာဏ်ဝယ် ပဋ္ဌာဘာန်ဂါထာပုဒ်များ အလိုရှိတိုင်း ထင်စေ"ဟူ၍ ခွင့်ပြုတော်မူလိုက်သည်။

ပရိသတ်ကြီးအလယ်တွင် အရှင်ဝဏ္ဏီသက မထေရ်မြတ်သည် ကောဏ္ဍညနှင့်စပ်၍ ချီးကျူးဖွဲ့ဆိုဖွယ်ရာများကို တစ်မှုဟုတ်ချင်း လျှောက်ထားခဲ့သည်။ မထင်မှတ်ဘဲ၊အခမ်းအနားတစ်ခု ဖြစ်သွားသည်။ အရှင်ဝဏ္ဏီသမထေရ်၏ နှုတ်တော်မှ ကြည်လင်ပြတ်သားသည့် အသံတော် ပေါ်ထွက်လာခဲ့သည်။

"အရှင်ကောဏ္ဍည နာမထင်ပေါ် မထေရ်ကျော်သည် ဇမ္ဗူပေါ် နယ်တလွှားတွင် တကယ်ရှားလှသော ဘုရား(ဗုဒ္ဓါနုဗုဒ္ဓ)ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန် မထေရ်မြတ်ကြီး ဖြစ်တော်မူပါပေသည်။

- သူမတူတန် လွန်ပြင်းထန်သည့် အားအန်လုံ့လ ဥဿဟဖြင့် ဝိရိယခိုင်ဖြိုး ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။

- လူသူမနှော ဆင်တွေပေါသည့် တောကြီးအိုင်သာ မြိုင်ဟေမာ၌ ဧကစာမွေ့ သူတော်လေ့ဖြင့် ချမ်းမြေ့ကြည်ဖြူ အောင်လံထူ၍ နေတော်မူငြား မထေရ်မြတ်ကြီးတစ်ပါးလည်း ဖြစ်တော်မူပါပေ၏။

- သစ္စာလေးခိုင် ပန်းပွင့်ဆိုင်ကို အသင့်လွယ်ကူ ဦးစွာချ၍ လှမ်းယူပန်ဆင် အောင်ပွဲယင်သည့် ထေရ်အရှင်ကြီးလည်း ဖြစ်တော်မူပါပေ၏။

- ကြီးမြတ်နုဘော် တန်ခိုးတော်နှင့် သုံးဖော် ဝိဇ္ဇာပုဒိအာဟု စိတ်မှာဖြစ်ပုံ အလုံးစုံကို အကုန်သိမြင်လင်းလင်းထင်သား ဘိညာဉ်စျာန လက်ဝယ်ရပြီး မထေရ်ကြီးသည် ကြွပြီးခုခါ စောသတ္တာ၏ နှစ်မြှာအစုံ ကြာပဒုံကို နှုတ်ငုံမြတ်နိုး စုပ်နမ်းလျှိုး၍ ရှစ်ခိုးကန်တော့လျက် ရှိပါတော့သည်ဘုရား"

သာဓုသံများ ဘဝဂ်သို့ လျှံသွားခဲ့ပါသည်။ အရှင်ကောဏ္ဍညမထေရ်မြတ်သည် မြတ်စွာဘုရားရှင်ကိုမော်၍ ဖူးမြော်လိုက်သည်။ ဘုရားရှင်သည် မဟာကရုဏာတော် ရှေ့ထား၍ ရောင်ခြည်တော်ခြောက်သွယ်ကိုလွှတ်ကာ ဖြန့်ကြက်ပေးတော်မူလိုက်ပါသည်။

အဂ္ဂမဟာသာဝကကြီးနှစ်ပါးက မထေရ်မြတ်ကြီးကို ကန်တော့ပန်းဆင်ကြသည်။ ပကတိသာဝကများလည်း အားလုံးလေးလေးမြတ်မြတ် နောက်ဆုံးအကြိမ် အဖြစ် အရှင်ကောဏ္ဍညမထေရ်မြတ်ကို ရှိခိုးလိုက်ကြသည်။ ပြားပြားဝပ် ပူဇော်လိုက်ကြကုန်သည်။

အချို့ မျက်ရည်စို၊ အချို့ မျက်ရည်ယိုစီး၍ ကျသူများလည်း ရှိသည်။ ထိုစဉ် တစ်စုံတစ်ယောက်က တရားတစ်ပုဒ် ချီးမြှင့်တော်မူပါရန် ဤအရှင်ကို တောင်းဆိုလိုက်သည်။

"အို . . သူတော်စင်၊ သူတော်ကောင်းတို့၊
ကျေးဇူးတော်ရှင်ဘဘုရားပင်ဖြစ်စေ၊
တို့လို တပည့်တွေပဲဖြစ်စေ၊
ဘယ်လိုလူပဲ ဖြစ်ဖြစ်၊
ဖြစ်တိုင်း ဖြစ်တိုင်းသောသခ်ါရတရားတို့
ဟာ၊ မပျက်စီးကြတာရယ်လို့ မရှိပါဘူး။
ဒါကြောင့် . . . .
အဘဘုရားရဲ့တရားဒေသနာတော်တွေမှာ
ဘယ်တော့မှ မမေ့မလျော့ မပေါ့မဆတဲ့
အပွမာဒသတိနဲ့ ကိစ္စပြီးစီးအောင်
အားထုတ်ရစ်ကြပေတော့။ ။"

ဟောကြားဆုံးမပြီးလျှင် ကောင်းကင်ခရီးဖြင့် ပရိနိဗ္ဗာန်ဓာတ်စခန်း စံမြန်းမည့်အရပ်ဆီသို့ ကြွမြန်းတော်မူခဲ့ပါသည်။

ဤအရှင်သည် -

အခုတော့ ဘုရားရှင်၏ စက်ဖဝါးတော်အစုံ အောက်မှ ထွက်ခွာ၍ ဟိမဝန္တာတောင်တန်း၊ မဏ္ဍာကိနီ ရေကန်၊ ဆဒ္ဒန်ဆင်များ ပျော်ရာအရပ် သစ်ပင်အုပ်ဆိုင်းဆိုင်း အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း တည်ရှိနေသည့် သစ်ခက်တဲ ကျောင်းသခ်မ်းလေးဆီသို့သာ ဦးတည်ကြွမြန်းလျက် . . . ။

ကျန်းမာချမ်းသာကြပါစေ
ကျော်နန္ဒအောင်

စာကိုး- ■

၁။ ရဟန္တာအစ ကောဏ္ဍည - ဦးလှမ့်
၂။ ချမ်းသာကို ရှာဖွေခြင်း - ဦးရွှေအောင်
၃။ ဧတဒဂ်ဝတ္ထု - ဦးသော်ဇင်
၄။ ရဟန္တာပုဂ္ဂိုလ်များ၏ ထူးထွေဆန်းပြား ပရိနိဗ္ဗာန်စံရပုံများ - မြန်အောင်ဦးဘသန်း

ထွက်ခဲ့သမျှစာဓမ္မ

ဝိပဿနာသင်ပုန်းကြီးဖတ်စာ(အခြေခံအဆင့်)

- အရှင်ခေမာနန္ဒ(ဗြာဟ္မဏ)ရန်ကင်းတောရ၊
- ပထမအကြိမ်၊ မေလ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၄၀၀)ကျပ်၊
- တရားမြတ်စာပေ
  ၂၁၇၊ သိဂီ(၃)လမ်း(တောင်)၊ ၅-ရပ်ကွက်၊
  သာကေတ၊ ရန်ကုန်မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၂၆၉/၂၀၀၄ (၄)၊

ဝိပဿနာကို ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ သတိပဋ္ဌာန်တရားတော်နှင့် စိမ်းနေသေးသော လူကြီးများပါ လွယ်ကူစွာ သဘောပေါက်နားလည်နိုင်စေရန် တိုတိုကျဉ်းကျဉ်း၊ ရှင်းရှင်းလင်းလင်း ရေးသားတင်ပြထားပြီး စိတ်ဝင်စားဖွယ်ဖြစ်အောင် အမေးအဖြေ၊ ပုံပြရုပ်စုံလေးများဖြင့် တန်ဆာဆင်ပေးထားပါသည်။

စာမြည်း-

- "တရားတော့ ထိုင်ချင်ပါတယ်။ ဒါပေမယ့် အချိန်က မရှိဘူး။ ဒါကြောင့် အနည်းဆုံး အချိန်ဘယ်လောက်ကနေ တရားထိုင်တာ စ,ရင် ကောင်းမလဲ။

အချိန်(၅)မိနစ်ကနေပဲ စ,တာ ကောင်းပါတယ်။

သန်းထိုက်သူ

တစ်နေ့တာမှာ အချိန်(၅)မိနစ်လောက်တော့ သေသေချာချာပဲ ရနိုင်ပါတယ်။

- အချိန်ငါးမိနစ်ကလေး တရားထိုင်လို့ တရားတိုးတက်ပါ့မလား။ အကျိုးရော ရှိပါ့မလား။

နေ့တိုင်း အချိန်မှန်မှန် လုပ်ဖြစ်ဖို့ပဲ လိုပါတယ်။ တဖြည်းဖြည်း တိုးတက်လာမှာကတော့ ဧကန်မုချပါ။ အကျိုးလည်း ရှိလာမှာ သေသေချာချာပါပဲ။

ဒါကြောင့် တိုးတက်လည်း ထိုင်ပါ။
မတိုးတက်လည်း ထိုင်ပါ။ (တိုးတက်လာမှာပါ)
အကျိုးရှိလည်း ထိုင်ပါ။
အကျိုးမရှိလည်း ထိုင်ပါ။ (အကျိုးရှိလာမှာပါ)
တတ်လည်း ထိုင်ပါ။
မတတ်လည်း ထိုင်ပါ။ (တတ်လာမှာပါ)
အဆင်ပြေရင်လည်း ထိုင်ပါ။
အဆင်မပြေရင်လည်း ထိုင်ပါ။ (အဆင်ပြေလာမှာပါ)"

ဦးထွန်းလွင်(ဓမ္မာစရိယ၊ဘီ-အေ)အယ်ဒီတာချုပ်၊ ရတနာမွန်မဂ္ဂဇင်း၊ ရတနာ့တံခွန်မဂ္ဂဇင်းက 'အမှန်ဆိုပါရစေ၊ ကျွန်တော်တို့၏ ရင်သွေးဖြစ်သော သားငယ်မြေးပုတို့သည် ကာတွန်းစာ၊ ရုပ်ပြစာ၊ ယဉ်ကျေးမှုစာ၊ ငါးရာ့ငါးဆယ်စာ၊ ပုံပြင်စာ စသည်တို့ဖြင့် စိတ်အဆာပြေလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိနေပေပြီ။

ယခုသော် အရှင်ခေမာနန္ဒ (ဗြာဟ္မဏ)က သတိပဋ္ဌာန်ကျင့်စဉ်ဖြင့် ကလေးလောကထဲသို့ ရဲရဲဝံ့ဝံ့ကြီး ထိုးဖောက် ဝင်ရောက်လာသည်။ အရှင်မြတ်က သူ့ရည်ရွယ်ချက် အောင်မြင်ထမြောက်အောင် ကလေးကြိုက် ရုပ်ပုံကလေးများဖြင့် တီထွင်ထားပုံကလည်း ဤစာအုပ်၏ အားသာချက်တစ်ရပ် ဖြစ်ပေသည်။

ဤစာအုပ်သည် ကလေးတို့အတွက်ဆိုသော်လည်း သတိပဋ္ဌာန်နှင့် စိမ်းနေသော မိဘတွေအတွက်လည်း အသုံးဝင်ပေသည်။

အရှင်မြတ်က သတိပဋ္ဌာန်အကျင့်ကို စကားအများကြီး မပြော၊ စကားနည်းနည်းနှင့် အချိန်တိုတို အတွင်း ဘယ်အချိန်မဆို ကျင့်တတ်အောင် လူကြီးလူငယ်အားလုံးကို သတိပဋ္ဌာန်လမ်းမပေါ်သို့ ညင်ညင်သာသာကလေး တွန်းပို့ထားခြင်းဖြစ်သည်။

သို့ဖြင့် ရဟန်းရှင်လူ မည်သူမဆို လက်ဝယ်ထားရှိသင့်သော စာအုပ်ကောင်းတစ်အုပ်ဟုသာ ဆိုလိုက်ချင်ပါသည်"ဟု ဆိုပါသည်။

မြတ်သက်နှင့် လူရဟန္တာ

- တက္ကသိုလ်သျှင်သီရိ(မွှာစရိယ၊ဘီ-အေ)
- ပထမအကြိမ်၊ ဧပြီလ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၅၀၀)ကျပ်၊
- ဝင်းမော်ဦးစာပေဖြန့်ချိရေး၊
  ၆၇-၆၉၊ အနော်ရထာလမ်းနှင့် ၁၆၂-ပထပ်(ဝ)၊
  အနော်ရထာလမ်း၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၉၀/၂၀၀၀ (၂)၊

လူ့ဘဝနှင့် တရားအားထုတ်လို့ လူ့ဘဝနှင့် ရဟန္တာဖြစ်နိုင်သလား၊ ရဟန်းတွေ ဝတ်ဆင်သည့် သက်နှံသည် ဘယ်လောက်မြတ်သလဲ၊သက်နှံအဝတ်ကို မြတ်သည်၊ မမြတ်သည်ဆိုတာ ဘယ်လိုပေတံနှင့်တိုင်းပြီး ဆုံးဖြတ်မလဲ။ သက်နှံဝတ်ထားသော လူဆိုးကို သတ်ပါက သက်နှံဟူသော အကြောင်းကြောင့် ပို၍အပြစ်ကြီးပါသလား။ သက်နှံကို ကိုယ့်ဘာသာကိုယ်ယူပြီး ဝတ်ကောင်းပါသလား စသည့် ရဟန္တာနှင့်စပ်သော၊ သက်နှံနှင့်စပ်သော မေးခွန်းများကို အဖြေပေးထားပါသည်။

စာမြည်း-

"လူရဟန္တာ-လူဝတ်ကြောင်နှင့် ရဟန္တာဖြစ်လျှင် လူ၏အသွင်သည် ယုတ်ညံ့၍ မြင့်မြတ်သောဂုဏ်ကို မဆောင်နိုင်သောကြောင့် ထိုလူသည် ရဟန္တာဖြစ်လျှင်ဖြစ်ချင်း ထိုရဟန္တာဖြစ်သောနေ့မှာပင် ပရိနိဗ္ဗာန်စံဝင်ရသည်။

အတိတ်ဘဝက သက်နှံးပရိက္ခရာ လျှုဖှူးသော ကုသိုလ်ကံရှိပါက ဘုရားရှင်က ဧဟိဘိက္ခုခေါ်၍ ရဟန်းဘဝရောက်သော် အသက်ကံရှိသမျှ နေရသည်။

နတ်ရဟန္တာ-နတ်ရဟန္တာတို့တွင် ဘုမ္မစိုးနတ်ရဟန္တာဖြစ်လျှင်ကား တစ်ကိုယ်တည်းနေရာအရပ် မရှိခြင်းကြောင့် ရဟန္တာအဖြစ်ဖြင့် ကြာရှည်စွာ မတည်ဘဲ၊ ပရိနိဗ္ဗာန်စံဝင်ရသည်။

အနာဂါမ်ဖြစ်သွားပါမူ ရူပဗြဟ္မာပြည်သို့ ပြောင်းရွှေ့စံရသည်။

ဗြဟ္မာရဟန္တာ-ဗြဟ္မာရဟန္တာများသည် သက်တမ်းကုန်ဆုံးသည်အထိ နေလိုက နေနိုင်သည်။"

စာရေးသူက "ဤစာအုပ်တွင် ဘုရားရှင်၏ ရဟန်းအဖြစ် ပြုလုပ်ပေးမှု၊ သက်နှံးများဖြစ်ပေါ်မှု၊ ခွင့်ပြုမှု၊ သက်နှံး၏ အကျိုးကျေးဇူးဂုဏ်ကြီးမှု၊ လူဘဝ ရဟန္တာဖြစ်သူများသည် ရဟန္တာဖြစ်ပြီးနောက် သက်နှံးဆက်မဝတ်က ချက်ချင်းပရိနိဗ္ဗာန် စံရမှု၊ လူဘဝနှင့် ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ်ထူးများအကြောင်းကို စုံလင်စွာ ရေးပြထားပါသည်။

ရဟန်းဘဝသည် ရခဲသည်။

ရခဲသော ရဟန်းဘဝကို သက်နှံးဝတ်ရုံဖြင့် မြင့်မြတ်သည်အဖြစ်သို့ ရောက်ရသည်။ ဤသက်နှံးကို အရဟတ္တဇဟူသော ပါဠိစကားအရ မြင့်မြတ်သော တံခွန်အလံဟူ၍ တင်စားခေါ်ထားပါသည်။ ဤသက်နှံး၏ မွန်မြတ်ပုံ၊ ဤသက်နှံးကြောင့် မြင့်မြတ်သောလူ့ဘဝ ရောက်ပုံ၊ ဤသက်နှံးကြောင့် မိဘက သားကို ရှိခိုးရပုံ၊ မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ရောက်သော်လည်း ဤသက်နှံးမရှိမှုကြောင့် ပရိနိဗ္ဗာန် စံဝင်ရပုံ၊ ဤသက်နှံးကြောင့် မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ခဲ့ရပုံ အကြောင်းစုံကို စာဖတ်သူတို့ သိစေလိုပါသည်"ဟု ဆိုပါသည်။

အဖြူလမ်းက မှတ်တမ်းများ

- သာမဏေကျော်
- ပထမအကြိမ်၊ မတ်လ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၆၀၀)ကျပ်၊
- ပါရမီစာပေ
  ၂၃၀၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၅၃၂၄၆ မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၉၀၂/၂၀၀၃ (၁၂)၊

ဒါန' သီလ' ဘာဝနာ၊ သီလ' သမာဓိ' ပညာ၊ မဂ်' ဖိုလ်' နိဗ္ဗာန်တို့နှင့်စပ်၍ သိမှတ်ကျင့်ကြံဖွယ်ရာ အချက်များကို ဝိသုဒ္ဓိမဂ်-ပ၊ဒုတွဲများမှ စာပိုဒ်မှတ်စုများ ထုတ်နုတ်ဖော်ပြထားပါသည်။

စာမြည်း-

- "အစားအစာကို ခံတွင်းမှာထည့် လိုက်ရင် အောက်သွားတွေက ဆုံကိစ္စကို ပြီးစေကြတယ်။ အထက်သွားတွေက ကျည်ပွေ့ကိစ္စကို ပြီးစေကြတယ်။ လျှာက လက်ကိစ္စကို ပြီးစေတယ်။ အဲဒီခံတွင်းမှာ အဲဒီ အစားအစာဟာ ခွေးစားခွက်ထဲက ခွေးစာနဲ့တူတယ်။ အဲဒီ အစားအစာကို အထက်သွားဆိုတဲ့ ကျည်ပွေ့တွေနဲ့ ထောင်းထုကြိတ်ခြေကာ လျှာနဲ့ ပြန်လှန်ပေးလျက် ကျဲတဲ့၊ ကြည်တဲ့ တံတွေးက လူးလဲစေတယ်။ လျှာအလယ်က စပြီး ပျစ်ချွဲတဲ့ တံတွေးက လူးလဲစေတယ်။ သွားတိုက်တံ မရောက်ရာအရပ်မှာရှိတဲ့ သွားခြေးကလည်း လူးလဲစေ တယ်။ အဲဒီလို ကြေညက်စေ၊ လူးစေအပ်ပြီးတဲ့ အစာ အာဟာရဟာ အဲဒီခဏမှာပဲ အဆင်း၊ အနံ့ ကင်းမဲ့သွား တယ်။ ဒါကြောင့် ခွေးစာခွက်ထဲက ခွေးအန်ဖတ်လို အလွန်စက်ဆုပ်ဖွယ်ကောင်းတဲ့ အခြေအနေကို ရောက် သွားတယ်။ (ဝိသုဒ္ဓိမဂ်၊ပ၊၃၃၉)"

မာတိကာ၊ အမှာစာ၊ နိဒါန်းစသည့် သီးခြား အကြောင်းအရာစာများ မပါရှိဘဲ အထက်ဖော်ပြပါ စာစု ကဲ့သို့သော သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်စာစုများကို စာမျက်နှာ(၁)မှ စာမျက်နှာ(၁၅၀)အထိ တဝကြီး ဖတ်ရ မည့် စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ဆန်းကြယ်သော ကောင်းမှုအကျိုး

- ချစ်နှိုင်(စိတ်ပညာ)
- ပထမအကြိမ်၊ မေလ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၄၅၀)ကျပ်၊
- မင်းမဟာစာပေ
  အမှတ်-၄/၁၆၊ အောင်ဓမ္မရိပ်သာလမ်း၊
  လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
  ဖုန်း-၀၉-၈၀-၃၂၅၃၀ မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၁၄၉/၂၀၀၄ (၂)၊

စာစောင်၊ မဂ္ဂဇင်းများတွင် ဖော်ပြပြီးသော ဆောင်းပါးများနှင့် မဖော်ပြရသေးသည့်ဆောင်းပါးများကို စုစည်းဖော်ပြထားသည့် ဘဝ၊ လောကနှင့် ဓမ္မရေးရာ ခံစားချက် အတွေ့အကြုံ၊ အတွေးအမြင်၊ ရရှိခဲ့သည့် အသိတရားတို့ကို စာဖတ်သူတို့အား မျှဝေထားသည့် စာစုများ ဖြစ်သည်။

စာမြည်း-

- "မှန်ပေသည် ၊ အရှင်မောဂ္ဂလာန်၊



လက်ဝဲတော်ရံ အဂ္ဂသာဝကကြီး၊ ကောင်းမှုကုသိုလ် အပြုအမူတို့သည် အလွန်တရာ အကျိုးဆက်တရားကြီးမားများပြားလေ့ရှိသဖြင့် အမှန်ပင် ကုသိုလ်ကောင်းမှု ပြုလုပ်အပ်ပေသည်။အကြိမ်များစွာ အဖန်ဖန် အထပ်ထပ် ပြုလုပ်သင့်ပေသည်။ ကုသိုလ်ကောင်းမှုကို ပြုလုပ်သည့် အခါတွင်လည်း လုံ့လဝီရိယ ထက်သန်စွာ အားထုတ်၍ ပြုလုပ်သင့်သည်။ ထိုကဲ့သို့ ကောင်းမှုကုသိုလ်ကို ဆည်းပူးပြုလုပ်လေ့ရှိသူသည် ချမ်းသာခြင်းသို့ မလွဲမသွေ ရောက်ရပေ၏ဟု မြတ်စွာဘုရားသခင်က ဟောကြားတော်မူလေသည်။ ရတာ၊ မရတာ ဘာမျှစဉ်းစားနေစရာ မရှိ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကုသိုလ်ကောင်းမှုတို့ကို အကြင်သူသည် ပြုလုပ်သည်ဆိုပါက ကြီးမားများပြားလှသော အကျိုးဆက်ချမ်းသာတရားတို့ကို မုချမလွဲ ရရှိခံစားရသည်ဟု မိန့်ကြားတော်မူ၏။"

စာရေးသူက "ကုသိုလ်ကောင်းမှု၏ အကျိုးဆက်သည် ပျောက်ပျက်မသွား။ လျော့ပါးခြင်းမရှိ။

ကုသိုလ်ကောင်းမှုသည် မည်မျှပင်သေးငယ်သည်၊ နည်းပါးသည်ဖြစ်စေ၊ အကြိမ်ကြိမ်အထပ်ထပ် ပြုအပ်၏။ စိတ်အားထက်သန်စွာ ပြုထိုက်၏။

လုံ့လဝီရိယစိုက်၍ ပြုသင့်၏။ စိတ်ကောင်းစေတနာဖြင့် ပြုသူအား လူချမ်းသာ၊ နတ်ချမ်းသာတို့ကို ပြည့်စုံစေ၏။ ထို့ကြောင့် ကောင်းမှုကုသိုလ်တရားဟူသော အပြစ်ကင်းသော၊ ကောင်းကျိုးပေးသော ဒါန၊ သီလ၊ ဘာဝနာဟူသည့် အပြုအမူတို့ကို အားထုတ်ဆည်းပူးသင့်ကြပါကြောင်း ကောင်းမြတ်သော စေတနာဖြင့် တိုက်တွန်းတင်ပြအပ်ပါသည်"ဟု ဆိုပါသည်။

သြကာသနှင့် ဝိပဿနာမှန် (နိဗ္ဗာန်လမ်းပြကျမ်း)

- ဦးအေးကြည် (စာတိုက်)
- တန်ဖိုး (၅၀၀)ကျပ်၊
- မိခင်ဧရာဝတီစာအုပ်တိုက် တိုက်(၄)၊ အခန်း (၄၀၂)၊ ကျီတော်အိမ်ရာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၀၁၄၃၁ မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၃၇/၂၀၀၄ (၁)၊

သြကာသဘုရားရှိခိုးအဖွင့်နှင့်အခြေခံဝိပဿနာသိမှတ်စရာများ၊ ဝိပဿနာပွားများ အားထုတ်ရာတွင် ဆရာစစ်၊ ဆရာမှန်ရရှိရေး စသည်တို့ကို တိုတိုကျဉ်းကျဉ်းရှင်းလင်းဖွင့်ဆိုပြထားသည်။

စာမြည်း -

"သာသနာပမှာ ကုသိုလ်စရိုက်ပြုလုပ်နိုင်တာ၊ သူတော်ကောင်းဖြစ်ရတာ၊ ကံကောင်းလွန်းလို့မှတ်။

သာသနာတွင်းမှာတော့ ဆရာကောင်း ဥပနိဿယမရ၊ ဝိပဿနာတရားအားမထုတ်လို့ တစ်မဂ်တစ်ဖိုလ်မျှ မရတာ ကံဆိုးလွန်းလို့မှတ်။

သာသနာတွင်းမှာ ပစ္စည်းပစ္စယကုန်ပြီး ကိုယ်စိတ်ပင်ပန်းစေသော အဝိဇ္ဇာဦးစီးသည့် သခ်ါရကုသိုလ် ပြုလုပ်ရသည်ထက် သံသရာဝဋ်မှ လွတ်မြောက်သော ဝိပဿနာအကျင့်မြတ်က သာ၍ သက်သာလွယ်ကူ၏ ဆိုတာ သိခဲ့၏"

စာရေးသူက "သနားကရုဏာရှင်၊ အနန္တကျေးဇူးတော်ရှင် မြတ်စွာဘုရားရှင်နှင့် ဘုရားရှင်၏ သားတော်ကြီးများဖြစ်သော ကျေးဇူးရှင် စတုဂီရိတောင်လေးလုံးဆရာတော်ဘုရားကြီး၊ မန်လည်ဆရာတော်ဘုရားကြီး၊ လယ်တီဆရာတော်ဘုရားကြီး၊တတိယရွှေကျင်သာသနာပိုင် ဒီပဲရင်းဆရာတော်ဘုရားကြီးနှင့် မိုးကုတ်ဆရာတော်ဘုရားကြီးတို့အား ဓမ္မပူဇာ တရားနှင့်ပူဇော်လျက် ဤကျမ်းကို ဖတ်ရှုသူတို့အား ဝိပဿနာတရားအားထုတ်ဖြစ်ကြပါစေ။ ကမ္မဋ္ဌာန်းပြ ဆရာမှန်နှင့် လမ်းညွှန် ဝိပဿနာကျမ်းမှန်တို့မှ နည်းခံအားထုတ်နိုင်ကြပါစေရန် ဤ 'သြကာသနှင့် ဝိပဿနာမှန်' နိဗ္ဗာန်လမ်းပြကျမ်းကို ကြိုးပမ်းပြုစုပြီး အမျှပေးဝေပါသည်။ သာဓုခေါ်ဆိုနိုင်ကြပါစေ"ဟု ဆိုပါသည်။

■သန်းထိုက်သူ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်း (၅)နှစ်ပြည့် အမှတ်တရ

တောင်းဆုပတ္ထနာ ဂုဏ်ပြုလွှာ

အပ္ပမာဒ စာဓမ္မဟု ရသမယွင်း မဂ္ဂဇင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သာသို့ ရောက်ရာရောက်ကြောင်း နည်းလမ်းကောင်းကို စုပေါင်းဖော်ပြ စာစောင်လှတည့် . . . နယ်အရပ်ရပ် နေထိုင်လတ်သည့် စာဖတ်သခင် စာမှုရှင်နှင့် တီထွင်ထုတ်ဝေ ဂုဏ်သရေရှိ ဝေနေမျှားစွာ ဆွေသဟာကို မေတ္တာမနော စေတနာဇောဖြင့် အနောဒိဿ ဩဒိဿဟု ရကြပါစေ မေတ္တာဝေသည့် အေးစေအမှု ပေးဝေပြု၍ ရတုဖိုးထိုက် ဧကပိုဒ်ကို ရေးလိုက်ပါပေ ဂုဏ်ပန်းဝေတဲ့ စာပေဓမ္မ ထွန်းပြုစမှ ယုယချစ်ခင် ပိုက်ထွေးချင်ဖွယ် သန့်စင်ဆောင်းပါး စာပေများဖြင့် မြင့်မားအဆင့် လှပတင့်စွာ နှိုင်းချင့်စီစဉ် ကောင်းဖို့ပင်ဟု ရွှေတင်စာမှု ကောင်းစက္ကူသို့ ညီတူစိတ်ထား ဝိုင်းတော်သားတို့ မွေးဖွားခဲ့ရာ ငါးနှစ်တာသို့ ကောင်းစွာမမေ့ ဆောင်မြဲလေ့ဖြင့် မွေးနေ့မင်္ဂလာ ရောက်ရှိလာ၏. . . တစ်ခါရှေ့ဆက် အဘက်ဘက်မှ ကောင်းထက်ကောင်းအောင် မေတ္တာရောင်ဖြင့် ပျိုးထောင်ကြိုးစား ဝိုင်းတော်သားတို့ . . . ဘုရားမြတ်စွာ စိန္တေယျာ၏ ရောင်ဝါဘုန်းမြူး ရှင်ကျေးဇူးကို ချီးကျူးပြန်ဆပ် ပေးသည်မှတ်လော့ . . . ဆက်လက်ဖွဲ့သီ ကျမ်းအညီနှင့် ပိုသည်မရှိ လိုလျက်ရှိသည့် သတိပဋ္ဌာန် လမ်းကြောင်းမှန်က နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းဟု တစ်ကြောင်းတည်းသာ ကျင့်ကြံရာကို မြတ်စွာဗုဒ္ဓ ညွှန်ကားပြသည့် အပ္ပမာဒ ဩဝါဒအား သာဓကဆောင် မမေ့အောင်ဟု ရည်ဆောင်ထုတ်ဝေ ပေးခဲ့လေသည့် စာပေခရီး ခွန့်ရှည်ကြီးဖို့ ဇွဲကြီးခိုင်မာ ကြိုးစားရှာသည့် သဒ္ဓါထက်သန် မြသန်းစံနှင့် တစ်ဖန်မှတ်သား ဝိုင်းတော်သားတို့ . . . အများကောင်းစား စာပေများကိုကြိုးစားကြိုးစား လွန်ကြိုးစားကာ ရေးသားသင့်ကြောင်း ခွန်းဆင့်လောင်း၍ နှစ်ပေါင်းများစွာ တည်ဖို့ရာကို နှစ်ဖြာကောင်းမှု အောင်ကြောင်းပြုသည့် တောင်းဆုပတ္ထနာ ဂုဏ်ပြုလွှာတည်း။ ။

ရတုဖွဲ့သစ် စာအနှစ်ကို မှတ်ရစ်နောင်လာ ကမ္ဘည်းမှာပိမ့် သီလာနန္ဒ ဘွဲ့တော်ရ၏။

အရှင်သီလာနန္ဒ
စံကင်းမင်္ဂလာမှန်ကျောင်းတိုက်
ဓနုဖြူမြို့နယ်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး
မဟာစည် ဆရာတော်ဘုရားကြီး
သပြေကန် ဆရာတော်ဘုရားကြီး
တိပိဋက ဓရ (ယော) ဆရာတော်
ချမ်းမြေဆရာတော်ဘုရားကြီး
မဟာဟေမိမြိုင်ဆရာတော်
ဘဒ္ဒန္တ ဩဘာသာဘိဝံသ
ဝနဝါသီ အရှင် ဝါသေဋ္ဌာဘိဝံသ
အရှင် ဥာဏောဘာသ(အေးစေတီမင်းဘူး)
အရှင် သီလာနန္ဒ
အရှင် ပဏ္ဍိတ (ဗေဒါရိုဏ္ဍတောရ)
မေဓာဝီ အရှင် ပညာဇောတ
အရှင် ပါရမီ
ဘဒ္ဒန္တ ဝိမလ (ညောင်တုန်း)
ကျော်နန္ဒအောင်
ကိုရင်တန်
တော်ဝင်နွယ်
တင်အောင်သွင်
ဒဿိနီ
မြောစရိယ ဦးဌေးလှိုင်
မြောစရိယ ဦးဟောင်ဟောင်လေး
မေယောဂီ
မင်းနန် (ဟော်ကျွန်း)
ဟောင်သန္တ
မြသန်းစံ
မြဝင်း (ဒဿန)
မြင့်လွင် (ဟသ်တ)
မိုးနန္ဒာ (ခန့်မြေ)
ရွှေလမင်း
ဝဏ္ဏ (ပေါင်)
သန်းထိုက်သူ
အောင်နိုင်ဟောင် (မုံရွာ)
ဦးတင်ဦး (မြောင်)